# ဝိပဿနာနုဝတ္တကျမ်းမှပိရ

ကျေးဇူးရှင်-မိုးကုတ်ဆရာတော်

# အဂ္ဂမဟာပဏ္ဍိတ-အသျှင်ဦးဝိမလ

ဟောကြားတော်မူသည့်

# ဝိပဿနာ တရားမှတ်စု


ပြုစုသူ

မောင်အေးမောင်

စမ္မာသဘင်အစီအစဉ်။

# မာတိကာ


| အခဏ်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | စာမူပြုစုသူ၏အမှာစာ | |
| ၂။ | တရားအားထုတ်သည့် နေရာတွင် လိုက်နာ ရမည့် အဓိပတိသုံးပါး — .... — | ၁ |
| ၃။ | ဒိဋ္ဌိခွာ၍ဝိစိကိစ္ဆာသတ်ရန် — .... — | ၅ |
| ၄။ | ခန္ဓာငါးပါး အနာပျောက်ဆေးရှာနည်း | ၈ |
| ၅။ | ဒုက္ခရှင်း — .... — .... .... — | ၁၅ |
| ၆။ | ဒိဋ္ဌိပြုတ်ရန်အရေးကြီးပုံနှင့် ကိုယ့်ကိုယ်ကို စစ်ဆေးနည်း — — — — .... | ၂၁ |
| ၇။ | သားဆိုးသမီးဆိုး တရားခြောက်ဆယ့်ကိုး | ၂၈ |
| ၈။ | ကိစ္စဉာဏ်ကိုရအောင်ဟောပုံ .... — | ၄၁ |
| ၉။ | သစ္စာလေးပါး တက်ပေးပုံနှင့် မဂ်ရပုံ | ၄၉ |
| ၁၀။ | သွားရမည့်ဘဝကိုသိအောင်လုပ်ထားနည်း | ၅၉ |
| ၁၁။ | နေနည်းနှင့်သေနည်း .... — — .... | ၇၂ |
| ၁၂။ | သစ္စာညောင်ဇောင်း တက်ထားရန်နှင့်— နိဗ္ဗာန်ရောက်နိုင်သည့် အမြင်မှန်နည်းဟောပုံ | ၈၂ |
| ၁၃။ | ဖြစ်ပျက်သေသေခြာခြာလိုက်နည်း — — | ၁၀၀ |

၁၄။ အရှိုးကြီးပွါးရေးဇာတ်သိမ်းရန် .... ၁၁၀
၁၅။ ဒိဋ္ဌိကကြီးတုပ်၍ တဏှာကရေထဲမျှောပုံ ၁၂၁
၁၆။ အရိယာမျက်လုံးတတ်ပေးပုံ .... ..... ၁၃၀
၁၇။ မတင်းတိမ်ကောင်းသည့် တရားငါးပါးနှင့်
ဆပါနေ့ာပမသုတ် .... .... .... .... ၁၄၄
၁၈။ ဆပါနေ့ာပမသုတ်အဆက် — .... — ၁၆၅
၁၉။ တရားအားထုပ်သည့် ပုဂ္ဂိုလ်များ လိုက်နာ
ရမည့် အချက်ငါးချက် ..... ..... .... ၁၇၆
၂၀။ တရားနာနည်းနှင့် တရားအားထုပ်နည်း .... ၁၈၆
၂၁။ အဝိဇ္ဇာနှင့်သင်္ခါရ၏ဒါဏ်ချက် — — ၂၀၂
၂၂။ နိဂုံးချုပ် .... .... ..... .... — ၂၀၈

# စာမူပြုစုသူ၏အမှာစာ

## ပဥ္စဂုဏ် အဟံဝန္ဒာမိသဗ္ဗဒါ

မန္တလေးမြို့၊ ရွှေလှန်ရပ်မြောက်ဖျား၊ ပွဲစားကြီး ဦးချစ်ဆွေ ဒေါ်မမတို့၏ နေအိမ်တွင် သီတင်းသုံးတော်မူ၍၊ ဒကာဒကာမအပေါင်းတို့အား၊တရားရေအေးအမြိုက်ဆေးကို ညစဉ်တိုက်ကျွေးတော်မူသော၊ မန္တလေးခရိုင်၊အမရပူရမြို့၊ မင်္ဂလာကျောင်းတိုက်တွင် သီတင်းသုံးတော်မူသည့်၊ ကျေးဇူးရှင်၊ မိုးကုတ်ဆရာတော်ဘုရား(ဦးဝိမလ)၏တရားတော်မျိုးကို၊ဓမ္မမိတ်ဆွေတဦး၏တိုက်တွန်းနှိုးဆော်ချက်အရ၊ ၁၃၂၂–ခုနှစ်တပေါင်းလဆုပ်(၈)ရက် (၁၉၆၁–ခု၊ မတ်လ(၈)ရက်) နေ့ညတွင်စတင်၍ တရားနာပါသည်။

ဆရာတော်ဘုရား၏ တရားတော်ကို၊ စတင်နာကြားရသည့် ပဌမညမှာပင်၊ အင်မတန်မှတ်သားစရာကောင်းပြီး၊ ပုထုဇဉ်လူသားတို့အဘို့၊ အဘိုးမဖြတ်နိုင်သည့် တရားတော်များ ဖြစ်သည့်အတွက်၊ ရည်ရွယ်ချက်မရှိဘဲ အသင့်ပါလာသော ခဲတန်နှင့် စာရွက်ဖြင့်၊ အရေးကြီးသည့်၊ အဓိက အချက်များကို ရေးမှတ်၍ တရားနာပါသည်။

၁၆-၃ ၆၁-ခုနေ့ဟောစဉ်တွင် ဆရာတော်ဘုရားက သဿတဒိဋ္ဌိနှင့် ဉစ္ဆေဒဒိဋ္ဌိကို ရှင်း၍ပြသောအခါ၊ ငါ့မှာသဿတဒိဋ္ဌိရှိသည်ဟု၊ ချွင်းချက်မရှိ၊ ဆုံးဖြတ်ချက်ချမှတ်၍၊ ဝိပဿနာ၊ တရားကိုသာ၊ မနာယူ၊ အားမထုတ်ခဲ့လျှင်၊ သုံးဆဲ့တဘုံတွင် ကျင်လည်၍၊ အပါယ်လေးဘုံသို့ ရောက်ရမည်မှာ မလွဲသည့်အတွက်၊ သတိသံဝေဂတရားရပြီး၊ ညစဉ်မပြတ် နာကြား၍၊ သဒ္ဓါ,ဝိရိယ,ဆန္ဒ ပြင်းပြစွာ ရှိသည့်အတိုင်း၊ မတ်လ(၁၇)ရက် နေ့မှစ၍ နောက်ပိုင်းဟောတော်မူချက်များကို ရေးသားရာတွင်၊

ထိုက်သင့်သောသမာဓိတရားများ ရရှိလာသည့်အတွက်၊ ဆရာတော်ဘုရား၏ ဟောစဉ်နှင့်၊ တထပ်တည်း မကျသော်လည်း၊ တထပ်တည်းကျသလောက်နည်းနည်း ရေးသားနိုင်သည်ကို၊ အရှုတကွနာဘူးသော ဓမ္မအဆွေတော်များ သိရှိရပါလိမ့်မည်။

ဆရာတော်ဘုရား၏ ဟောတော်မူချက်များကို၊ လိုက်လံရေးသားရာ၌၊ လက်ရေးကနှေးသည့်အတွက်၊ စကားဝါကျနှင့် ဟောစဉ်များကို တလုံးမကျန်၊ ရေးသားရန် မတတ်စွမ်းနိုင်ပါသဖြင့်၊ ယခုလိုအကျယ်တဝန့် ပြန်လည်ရေးသားရာတွင်၊ အခက်အခဲပေါင်း မြောက်မြားစွာနှင့် ရင်ဆိုင်၍ရေးသားရပါသည်၊ ဆရာတော်ဘုရား၏ ဟောစဉ်ကို၊ မှီနိုင်သလောက် မှီအောင် လိုက်လံရေးသားရသည့်အတွက်၊ အချို့စာလုံးများမှာ၊ ဘတ်လို့မရ၊ အဓိပ္ပါယ်မပေါက်နိုင်သဖြင့်၊ သုံးလေးရက်ကြာအောင် စဉ်းစားဘတ်ရသော စာလုံးများလည်းရှိခဲ့ပါသည်။

လက်ရေးနှင့်မမှီသော စကားဝါကျများကို၊ ဆရာတော်ဘုရား၏၊ တရားဟောတော်မူသံကို အာရုံပြုပြီး ရေးရသည့် စကား ဝါကျများလည်း ပါရှိပါသည်။ ဆရာတော်ဘုရား ဟောကြားတော်မူစဉ်တွင် အသံခွဲ့စက်၏ ချို့ယွင်းချက်များကြောင့် အချို့အချို့သောနေရာများ၌၊ နားမလည် မကွဲပြား မရှင်းလင်းသည့် စကားဝါကျများအတွက်၊ ဆရာတော်ဘုရား၏ အဓိပ္ပါယ်အနက်၊ ရည်ညွှန်းချက်နှင့်အာဘော်ကိုမှီး၍၊ ရှေ့နောက် စကားဝါကျများကို ညှိနှိုင်းပြီး၊ စာမူပြုစုသူ၏၊ အတွေးအခေါ်၊ အသူအဆ၊ စိန္တာမယဉာဏ်ဖြင့်၊ ကြံစီမှန်းဆ၍ ဖြည့်စွက်ရေးသားချက်များလည်း ပါရှိပါသည်။

ဆရာတော်ဘုရား၏ဟောစဉ်ကို၊ စာဖြင့်ပြန်လည်ရေးသားရာတွင်၊ ဟောစဉ်အတိုင်း တထပ်တည်းကျအောင်၊ ရေးရန်မှာ မလွယ်ကူပါ၊ စကားပြောသည့် နေရာနှင့် စာရေးသားသည့် နေရာတွင်၊ အဓိပ္ပါယ်ခြင်း ကွာခြားလှပါသည်။

ဥပမာ — ဆရာတော်ဘုရားက ဒကာဒကာမများ မှတ်မိကြစေရန်၊ ဝတ္ထုတပုဒ်ကို အစမှအဆုံးထိ၊ သုံးရက်တိတိ၊ ဟောတော်မူလျှင် သုံးရက်စလုံးပြန်လည်၍ ရေးသားနေမည်ဆိုပါက၊ တရားနာသည့်နေရာတွင် နာကြား၍ ကောင်းသလောက် စာဘတ်သည့်နေရာတွင်၊ ထပ်တလဲလဲပြန်လည်ဘတ်ရှုရသည့်အတွက်၊ ဓမ္မအဆွေတော်များမှာ စာဘတ်ရင်းငြီးငွေ့လာနိုင်ပါသည်။ စာရေးသူမှာလည်း အဖန်တလဲလဲပြန်လည်ရေးသားနေသည့်အတွက် "ပုနရုတ္တိဒေါသ" လွတ်မှာ မဟုတ်သဖြင့်၊ ပြန်လည်၍မရေးတော့ပါ။

ဖေါ်ပြပါအပြစ်များမှ ကင်းလွတ်စေရန်၊ နှစ်ရက်သုံးရက် ဟောတော်မူသည့်ဝတ္ထုများကို ပေါင်း၍ရေးသားထားပါသည် ပေါင်း၍ရေးလို့မဖြစ်နိုင်လျှင်၊ ဆရာတော်ဘုရား ဟောကြားတော်မူသည့် အစီအစဉ်အတိုင်း၊ အဓိပ္ပါယ် ကွဲပြား,ခြားနားချက်များကို၊ စီစဉ်ခွဲခြား၍ တရက်စီ ရေးသားထားပါသည်။

ဥပမာ - မတ်လ(၂၇–၂၉–၃၀)ရက်နေ့များတွင် ဟောတော်မူသော၊ သဠာယတန သံယုတ်ပါဠိတော်မှ " ဆပါနောပမသုတ် " ရေးပုံနှင့် ဆရာတော်ဘုရား ဟောကြားပုံများကို၊ အဘူတကွတရားနာဘူးသော၊ ဓမ္မအဆွေတော်များ တိုက်ဆိုင်ကြည့်ပါက၊ သိသာနိုင်ပါသည်။

အထက်ဖေါ်ပြပါ အခက်အခဲပေါင်းမြောက်မြားစွာကို ကျော်လွှန်၍ ရေးသားရသည့်အတွက်၊ တိတ်ရကော်တာဖြင့် ဘမ်းယူထားသော၊ ဟောစဉ်ကဲ့သို့၊ တိတိကျကျ၊ ဖြစ်အောင် မရေးနိုင်သော်လည်း၊ အဓိကလိုရင်းအချက်နှင့် အဓိပ္ပါယ် အတိန်အနက်များမှာ တိကျမှန်ကန်ပြီး၊ ဆရာတော်ဘုရား၏၊ အာဘော်နှင့် တထပ်တည်းကျကြောင်းကို ရဲဝန့်စွာဝန်ခံလိုက် ပါသည်၊

လက်ရေးနှင့် မှီအောင်မရေးနိုင်သည့် ပါဠိများကို၊ သက်ဆိုင်ရာပါဠိတော်များမှ ကူးယူဖေါ်ပြလိုသော်လည်း၊ စေတနာ ရှိသလောက် ဉာဏ်ပညာမရောက်နိုင်သည့်အတွက်၊ ပါဠိတော် ကျမ်းအမည်နှင့် အနက်အဓိပ္ပါယ်များကိုသာ ရေးသားဖေါ်ပြ လိုက်ရပါသည်။ ညွှန်ပြထားသည့်ပါဠိတော်များတွင် ဖေါ်ပြ ပါ အနက်အဓိပ္ပါယ်များ၏ ပါဠိများကို တိုက်ဆိုင်ကြည့်မည် ဆိုပါက တွေ့ရှိနိုင်ပါသည်။

ဤဝိပဿနာတရားမှတ်စုများကို၊ ရေးသားပြုစုရာတွင် မလိုလားအပ်သည့်၊ လွဲမှားချက်များ၊ တွေ့ရှိပါက၊ မူလဟော ကြားတော်မူသော ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားနှင့် လုံးဝမသက်ဆိုင်ပါ။ စာမူပြုစုသူ၏၊ ဉာဏ်မမှီ၍ လွဲမှားချက် များသာဖြစ်ပါသည်။

သုတ်,ဝိနည်း,အဘိဓမ္မာ, တည်းဟူသော ပိဋကတ်သုံးပုံ အနက် အဘိဓမ္မာဒေသနာတော်၏ အနက်အဓိပ္ပါယ်များမှာ-မဟာ သမုဒ္ဒရာကဲ့သို့၊ အင်မတန်သိန်မွေ့, နက်နဲ, ခက်ခဲ, ကျယ်ပြန့် လှသည့်အတွက် မြတ်စွာဘုရားသခင်သည်၊မယ်တော်မိနတ်သား ကို အကြောင်းပြု၍ 'ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာ

ကတာခမ္မာ” ဟူ၍အစချီပြီး တုဿိတာနတ်ပြည်တွင်၊ ဝါတွင်း သုံးလပတ်လုံး ဟောကြားတော်မူသော ဒေသနာတော်မြတ် ဖြစ်သည့်အပြင်၊ ဘုရားရဟန္တာနှင့် အရိယာပုဂ္ဂိုလ်တို့၏၊ အသိဉာဏ်ပညာ၊ အရာသာဖြစ်သည့် အတွက်၊ လွဲမှားချက်များသည်၊ စာမူပြုစုသူ၏တာဝန်သာ ဖြစ်သည်ဟု ဝန်မခံပါရစေနှင့် ဓမ္မအဆွေတော်များ၊ခင်ဗျား။

ဟုတ်တိုင်းမှန်ရာကိုသာဖွင့်ဟဝန်ခံရလျှင်၊ စါမူပြုစုသူ၏ စာပေအသိဉာဏ်ပညာအသွင်မှင၊ စာသင်သား ကျောင်းသားငယ် တဦး၏အဆင့်အတန်းထက် ပိုမတတ်ပါသဖြင့်၊ အကယ်၍ လွဲမှားချက်များ တွေ့ရှိတော်မူကြပါက စာမူပြုစုသူ၏ အပေါ်တွင် ခွင့်လွှတ်တော်မူကြပြီး၊ သက်ဆိုင်ရာပါဠိတော်များနှင့်သါ တိုက်ဆိုင်၍၊ ပြုပြင်ဘတ်ရှုကြပါရန်၊ လေးနက်စွာတောင်းပန်၍၊ တိုက်တွန်းအပ်ပါသည်။ ။

ပြုစုသူ
မောင်အေးမောင်

၁၃၂၃—ခုနှစ်၊ ကဆုန်လဆုတ်(၃)ရက်။

၁၉၆၁—ခုနှစ်၊ မေလ(၁)ရက်နေ့။

# ကြေညာချက်။

ဝိပဿနာ တရားမှတ်စုများကို၊ မှတ်သားစဉ်အခါက၊ ပုံနှိပ်ထုပ်ဝေရန် အစီအစဉ်လုံးဝမရှိခဲ့ပါ၊ စာရေးသူတဦးတည်း အတွက်၊ ကြည့်ရှု, လေ့လာ, မှတ်သား, ပွါးများ အားထုပ်နိုင်ရန်အလို့ငှါ၊ ရေးသားထားသော တရားမှတ်စု များသာ ဖြစ်ပါသည်၊ တရားနာစဉ်တွင်၊ အတူတကွ တရားနာကြရသော၊ ဓမ္မအဆွေတော်များက မှတ်စုမိတ္တူများကို၊ တောင်းခံကြသဖြင့်၊ လုံလောက်စေ့ငှစွာ မပေးနိုင်သည့်အတွက်၊ ပုံနှိပ်ထုတ်ဝေပါရန် ဓမ္မအဆွေတော်များ၏ ကိုက်တွန်းချက် အရ " **ဝိပဿနာတရားမှတ်စု** " ဟူသော နာမပညတ် ခေါင်းစဉ်တပ်လျက်၊ ယခုကဲ့သို့၊ စာအုပ်ငယ်အသွင်ဖြင့် ပုံနှိပ်ထုပ်ဝေရခြင်းဖြစ်ပါသည်။

ဤဝိပဿနာတရားမှတ်စု စာအုပ်များကို ဓမ္မဒါနအဖြစ် အခမဲ့ဝေငှလှူဒါန်းရန် စေတနာရှိသော်လည်း စီးပွါးရေးအဆင့် အတန်းမှာ အောက်တန်းစား ဖြစ်နေသည့်အတွက် ပုံနှိပ်ခ ကုန်ကျစရိပ်များကို တိကျစွာတွက်ချက်၍ ရင်းစားရရုံလောက်သာ အတိုးနှုံးထား၍ ဝေငှဖြန့်ချီခြင်းဖြစ်ပါသည်။

ဓမ္မဒါနအဖြစ်နှင့် ပုံနှိပ်တုတ်ဝေလှူဒါန်းလိုပါက စာမူ ပြုစုသူ၏ ခွင့်ပြုချက်ကိုရယူပြီး၊ မိမိတို့စေတနာသဒ္ဓါတရားရှိသလောက် ပုံနှိပ်ထုပ်ဝေ လှူဒါန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဤဝိပဿနာ တရားမှတ်စု စာအုပ်များကို၊ စီးပွါးရေး အဖြစ်နှင့် ထပ်ဆင့်ပုံနှိပ်ထုတ်ဝေရောင်းချခြင်းကို၊ ကြပ်တည်းစွာ တားမြစ်လိုက်ပါကြောင်း....။

မူပိုင်ရှင်

မောင်အေးမောင်

မန္တလေးမြို့။

## စမ္မမိတ်ဆွေများ
## သိရှိတော်မူရန်

ဤဝိပဿနာတရားမှတ်စု၊ စာမူတခုလုံးကို ပုံမနှိပ်မီ၊ ကျေးဇူးရှင် မိုးကုတ်ဆရာတော် ဘုရားကြီး ကိုယ်တိုင်၊ ကြည့်ရှုစစ်ဆေးသုပ်သင်ပြင်ဆင်ကာ၊ အတည်ပြုလိုသော်လည်း၊ ဆရာတော်ဘုရား၏၊ ဣရိယာပုဒ်မျှတမှု များကို၊ ထောက်ထားရသည့်အတွက်၊ စာမူပြုစုသူမကဲ့ပြား၊ မရှင်းလင်းသည့် အချက်များကိုသာ၊ ဆရာတော် ဘုရားထံ၊ လျှောက်ထား ပြင်ဆင်၍၊ အတည် ပြုထားပါကြောင်း ပန်ကြားအပ်ပါသည်။

တာဝန်ခံဖြန့်ချီသူ။
မောင်အေးမောင်
မန္တလေး။

စာမူပြုစုသူ၏ အမှာစာကို ဘတ်ရှုပြီးမှ သာလျှင်၊ ဆရာတော်ဘုရား၏ ဟောစဉ်များကို၊ ဘတ်ရှုပါရန်၊ စါရှုသူ ဓမ္မအဆွေတော်များအား၊ လေးနက်စွာ တိုက်တွန်းအပ်ပါသည်။

အောင်ဇေယျ ပုံနှိပ်တိုက် ၈၄ လမ်း၊ မန္တလေး။

# ဝိပဿနာ တရားမှတ်စု

## ဓမ္မသဘင် အစီအစဉ်

နမောတဿ ဘဂဝတော အရဟတော သမ္မာ-သမ္ဗုဒ္ဓဿ။

၁၃၂၂-ခု တပေါင်းလပြည့်ကျော် (၈) ရက်

(၈-၃-၆၁)နေ့ည ဟောတော်မူချက်။

**တရားအားထုပ်သည့်နေရာတွင် လိုက်နာရမည့်အဓိပတိသုံးပါး။**

ယနေ့ညဟောမဲ့တရားကတော့ တရားအါးထုတ်တဲ့ နေရာတွင် အဓိပတိ (၃)ပါးအနက် တပါးပါးကို အဓိကထား၍ တရားအားထုပ်ရမယ်ဆိုတဲ့တရားကို ဟောပါမယ်။

အဓိပတိသုံးပါးမှာ....

၁။ မိမိကိုယ်ကို အဓိကထား၍ တရားအားထုပ်ရမယ်။

၂။ လောကကြီးကိုအဓိကထား၍ တရားအားထုပ်ရမယ်၊

၃။ တရားတော်ကို အဓိကထား၍ တရားအားထုပ်ရမယ်။

နံပါတ်(၁)၏ အဓိပ္ပါယ်မှာ ငါသည်စါးစရာမရှိလို့၊ နေစရာမရှိလို့၊ ဆေးဝါးကုသစရာ မရှိလို့မဟုတ်ဘူး၊ အိုဘေး နာဘေး သေဘေးတည်းဟူသော သံသရာဝဋ္ဋ်ဆင်းရဲတို့မှ လွတ်မြောက်နိုင်ရန်ဟု မိမိကိုယ်ကို အဓိကထား၍ တရားအားထုပ် ရမယ်။

နံပါတ်(၂)၏ အဓိပ္ပါယ်မှာ တရားအားထုပ်သည်ဟု နာမည်ခံပြီး သောဘ, ဒေါသ, မောဟ, တရားတွေ ဖုံးလွှမ်း၍

မတော်တာတွေကို လုပ်နေရင် သူတပါးကမသိသော်လဲ ကိုယ့်ကိုယ်စောင့်နတ်က သိသည်၊ အခြားသော သမာဒေဝ နတ်ကောင်း နတ်မြတ်များနှင့်တကွ၊ အဘိညာဉ်ရသော ပုဂ္ဂိုလ်များက သိသည်ဟု လောကကိုယှက်ကြောက်ပြီး လောကကြီးကို အဓိကထား၍ တရားအားထုပ်ရမယ်။

နံပါတ်(၃)၏ အဓိပ္ပါယ်မှာ၊ နိဗ္ဗာန်ရောက်ကြောင်း တရားရှိတဲ့အတိုင်းတရားတော်ကို ရိုသေလေးစား၍ ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်ရမယ်၊ တရားမမြင်ဟာဟာ တရားက မရှိလို့မဟုတ်ဘူး၊ ငါက တရားတော်ကို မလေးစားလို့သာ မမြင်တာဟု ဆုံးဖြတ်ချက်ချပြီး တရားတော်ကို အဓိကထား၍ တရားအားထုပ်ရမယ်။ ။ဒီအဓိပတိသုံးပါးတွင် တပါးပါးကို အဓိကထား၍ တရားအားထုပ်ရင် အမှန်ပင်ဝိပဿနာဉာဏ် အမြင်သန်၍ မဂ်ဉာဏ်ကို ယခုဘဝမှာပင် ရနိုင်ပါတယ်။

ဖြစ်ပျက်ကို ဝိပဿနာ ဉာဏ်ဖြင့် မြင်အောင်ကြည့်ရမယ်၊ ဝိပဿနာဉာဏ် မြင်ရင် ဝိပဿနာဉာဏ်၏ နောက်က မဂ်ဉာဏ်ဟာ အလိုလိုမြင်လာလိမ့်မယ်။

(၁) ဝိပဿနာဉာဏ်။

(၂) မဂ်ဉာဏ်

ဖြစ်ပျက် တည်းဟူသော ဝိပဿနာဉာဏ် မြင်လာရင် ဝိပဿနာဉာဏ်၏နောက်က မဂ်ဉာဏ်ဟာအလိုလိုမြင်လာမယ် ဆိုတာမှတ်ကြပါ ဒကာဒကာမတို့ ဘာမြင်ရင် ဘာမြင်လာမှာ

တဲ့လဲ ဝိပဿနာ ဉာဏ်မြင်ရင် မဂ်ဉာဏ် မြင်မှာပါတဲ့ဘုရား။ ဖြစ်ပျက် တည်းဟူသော ဝိပဿနာဉာဏ်ကိုသာ မြင်အောင် ကြိုးစားအားထုတ်ကြပါ ဒကာဒကာမတို့၊ ဝိပဿနာဉာဏ်မြင်ရင် မဂ်ဉာဏ်ဟာ အလိုလိုမြင်လာပါလိမ့်မယ်။

အမှိုက်နှင့်တူသည့် ဖြစ်ပျက်မှုအစုစုတို့ကို ဝိပဿနာ ဉာဏ်ဖြင့်စု၍ မဂ်ဉာဏ်ကမီးနှင့် ရှို့ပြစ်လိုက်တော့ အားလုံး ငြိမ်းသွားဒါပေါ့၊ လယ်တွင်းထဲမှာ အမှိုက်စုတဲ့ နေရာတွင် အမှိုက်ကျန်နေရင်တော့ စုထားတဲ့အမှိုက်ပုံကိုသာ မီးက လောင်မှာဘဲ လယ်ကွင်းထဲမှာ ကျန်နေတဲ့အမှိုက်တွေကိုတော့ မီးကလိုက်ပြီး လောင်မှာမဟုတ်ပါဘူးနော် အမှိုက်စုတတ်ဘို့ အင်မတန်အရေးကြီးပါတယ်၊ ဝိပဿနာဉာဏ်မြင်ရင် အမှိုက် တွေကျန်မှာမဟုတ်ပါဘူး၊ ဝိပဿနာဉာဏ်ကိုသာ မြင်အောင် ကြည့်ကြပါဒကာဒကာမတို့။

ဝိပဿနာ အလုပ်သည် ဉာဏ်လမ်းသာ ဖြစ်တယ်၊ ကံလမ်းမဟုတ်ပါဘူး ကံလမ်းဟုတ်ကဲ့လား, မဟုတ်ပါဘုရား၊ ဒီမှာသာကံလမ်းမဟုတ်ဘူးဆိုတယ် မြို့ထဲမှာတော့ ငါ့ကံနယ် ခေပါဘိတယ်ဆိုပြီး ထိုင်ထိုးကြတယ်မဟုတ်လား.... အော်.... စင်စစ်တော့ကံခေဒါမဟုတ်ဘူးနော်ဉာဏ်ခေဒါ ဘာခေဒါလဲ ဒကာမတို့

ဉာဏ်ခေဒါပါဘုရား။

ကဲ....ကဲ...ကဲ ဉာဏ်ခေတာဒါမှန်းသိကြရင် ဝိပဿနာ အလုပ်စခန်းကိုသာလုပ်ကြပါ ဉာဏ်ခေဒါပျောက်၍ ဝိပဿနာ ဉာဏ်ပေါက်လာပါလိမ့်မယ်၊ မလုပ်ရင်တော့ ဝိပဿနာဉာဏ်

မဖေါက်ဘူ ဆိုဒါ တထစ်ကျမှတ်ကြပါနော်...

ဝိပဿနာအလုပ်သည် ကံလမ်းလား ဈာန်လမ်းလား ဉာဏ်လမ်းလား

ဉာဏ်လမ်းပါဘုရား

ကံလမ်း မဟုတ်ကြောင်းတော့ သိကြပြီနော် ဈာန်လမ်းမဟုတ်ကြောင်းလဲသိရအောင်သုစိမပရိုက် အကြောင်းကို ဆက်ကြစို့ (နိဗ္ဗာန်ရောက်ကြောင်းတရားသည် ကံလမ်းမဟုတ် ဈာန်လမ်းလဲမဟုတ် ဝိပဿနာဉာဏ်လမ်းနှင့် မဂ်လမ်းသာဖြစ်ကြောင်း ဆရာတော်ဘုရား ဟောကြားတော်မူသည့် သုစိမပရိုက် အကြောင်းကိုပြန်ပြောင်းနှလုံးသွင်းကြပါ ဓမ္မအဆွေးတော်များခင်ဗျား) စာဖြင့်မရေးတော့ပါ အချိန်စေ့ပါပြီ၊ သာဓု—သာဓု...သာဓု။ ။

( ၉,၃,၆၁-၁၀,၃,၆၁ နေ့များတွင် မအားလပ်သည့်အတွက် တရားမနာရ၍ မရေးနိုင်ပါ၊ ၁၁,၃,၆၁ နေ့မှာသည်းနောက်ကျသဖြင့် မှီသလောက်နှင့် မှတ်မိသလောက်ကိုဘဲရေးပါမည်)။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရသည် ကံကြောင့်ဇာတိဖြစ်ရသည် ဥပါဒါန်ကြောင့်ကံဖြစ်ရသည်။

မြဲဒါဟူ၍, ဘာမှမရှိ ဝေဒနာအနိစ္စ၊ ဝေဒနာဒုက္ခ ဝေဒနာအနတ္တ ဖြစ်ဒုက္ခနှင့်ပျက်ဒုက္ခမှ အပဘာမျှမရှိပါတကား အကြောင်းအကျိုးသာရှိသည်ဟု ဝိပဿနာဉာဏ်ကမြင်သည်။ အချိန်စေ့ပါပြီ သာဓု....သာဓု....သာဓု....။

( ၁၉၆၁-ခု၊ မတ်လ၊ ၁၂-ရက်နှင့် ၁၃-ရက်နေ့ည ဟောတော် မူချက်များကို စာရေးသူ မှတ်မိသလောက်သာ ပေါင်း၍ရေးထားပါသည်၊ အရေးကြီးတဲ့ အချက်များကိုသာ မှတ်စုသဘောမျိုးဖြင့် တရားနာစဉ်တွင် ရေးသားခဲ့သည့်အ တွက် အကျယ်မရေးနိုင်ပါကြောင်း ဝမ်းနည်းစွာနှင့် တောင်း ပန်အပ်ပါသည် ဓမ္မမိတ်ဆွေများခင်ဗျား)

# ဓမ္မသဘင် အစီအစဉ်

၁၃၂၂=ခု တပေါင်းလပြည့်ကျော် [၁၂-၁၃] ရက်
(၁၂-၃-၆၁) နေ့ညဟောတော်မူချက်

## ဒိဋ္ဌိခွါ၍ ဝိစိကိစ္ဆာသတ်ရန်

သတ္တဝါအပေါင်းတို့သည် ဘဝဘဝကသံသရာတွင် ကျင် လည်ခဲ့ရဒါဟာ အယုပ်သစ္စာဖြင့်သာ လှည့်လည်ခဲ့ရသည် အ မြတ်သစ္စာမပါခဲ့ပါ အမြတ်သစ္စာဖြင့် မလှည့်ခဲ့ရပါ အမြတ် သစ္စာသည် သံသရာကို မကျင်လည်ပါ သည်လိုဒုက္ခသစ္စာ (အယုပ်သစ္စာ)တွေကိုသာဖြစ်၍ ဒုက္ခသစ္စာဖြင့်သာ မိမိတို့၏ ဘဝကိုချုပ်ခဲ့ရပါတယ်

"ဒုက္ခသမုဒရောဓေါ" ဒုက္ခတို့၏ အပေါင်းသာဖြစ်တယ် ဒုက္ခနိရောဓေါ၊ ဒုက္ခဖြင့်သာချုပ်တယ်။ ဒုက္ခဖြစ်၍ ဒုက္ခချုပ် တယ် ဒီလိုဒုက္ခဖြစ်၍ ဒုက္ခဖြင့်သာချုပ်ရသည်ကို ဝိပဿနာ ဉာဏ်ဖြင့် မြင်အောင်ကြည့်ရမယ်၊ သည့်လိုကြည့်၍ မြင်သိတဲ့ ဉာဏ်ကို ဒုက္ခေဉာဏံ၊ ဒုက္ခဝေဒနာကို သိသော ဉာဏ်လို့ ခေါ်တယ်၊ ဒုက္ခဝေဒနာကိုမြင်မှသာလျှင် "ဒုက္ခသမုဒယေဟိ ဉာဏံ" မိမိခန္ဓာကိုယ်၌ ဒုက္ခဝေဒနာဖြစ်၍ ဒုက္ခဝေဒနာ

ဖြင့်သာ ချုပ်ရသည်ကိုမြင်သောဉာဏ်၊ အတိုချုပ် "ဒုက္ခဖြစ်ကြောင်းနှင့် ဒုက္ခဖြစ်ကျိုးတွေသာ ဖြစ်တယ်" ဒုက္ခတို့၏ အပေါင်းအစု အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ် ဘဝသုံးပါးလုံးဘွင် ဒုက္ခဖြစ်၍ ဒုက္ခပျက်ခဲ့ရတယ်၊ အတိတ်ဘဝက ခန္ဓာငါးပါး ဒုက္ခပျက်ခဲ့၍၊ ယခု ပစ္စုပ္ပန်ဘဝ၌လာပြီး ခန္ဓာငါးပါးဒုက္ခဖြစ်ရတယ်၊ ယခုပစ္စုပ္ပန်ဘဝမှဒုက္ခပျက်၍၊ နောက်အနာဂါတ်ဘဝမှာ ဒုက္ခဖြစ်လိမ့်မယ်၊ အနာဂါတ် ဒုက္ခပျက်၍ နောက်တဖန် ပစ္စုပ္ပန်ဒုက္ခ ဖြစ်လိမ့်မယ်၊ ပစ္စုပ္ပန်ဒုက္ခ ပျက်၍ အနာဂါတ်ဒုက္ခဖြစ်လိမ့်မယ်၊ စသည်အားဖြင့် ပဋိစ္စသမုပ္ပါဒ်လည်နေပါတယ်၊

ဒီလိုချည့်ဘဲ ဘဝသုံးပါးတွင် လုံးချာလိုက်၍ ဘဝ၏ ဂွင်းဆက်များ ဖြစ်ခဲ့ရပါတယ်၊

ဒီလိုဘဝ၏ ဒုက္ခဂွင်းဆက်များ ပြတ်ချင်ရင်၊ ယခု ပစ္စုပ္ပန်ဘဝကမှ ဘဝ၏ဒုက္ခဂွင်းဆက်များကို ဖြတ်နိုင်ပါတယ နောက်ဘဝတွေကို အားမကိုးကြပါနဲ့တော့ နောက်ဘဝတွင် လူဖြစ်ခွင့်မှဖြစ်မှာပါ၊ ဘယ်လိုဖြတ်ရမလဲဆိုရင် ယခုပစ္စုပ္ပန် ခန္ဓာငါးပါးနောက်က ဝိပဿနာဉာဏ်လိုက်ရပါမယ် ဝိပဿနာဉာဏ်၏နောက်က မဂ်ဉာဏ်လိုက်လာပါလိမ့်မယ် ဝိပဿနာဉာဏ်နောက်၍ မဂ်ဉာဏ်ပေါက်မှသာလျှင် ဘဝ၏ဒုက္ခဂွင်းဆက်များပြတ်ပါတယ်၊

လက်ရှိဒုက္ခတွေကို မထိမ်းနိုင်ရင် လက်မဲ့ဒုက္ခဖြစ်တဲ့ အနာဂါတ်ဘဝမှာ ဒုက္ခတွေဖြစ်မှာတော့ သေချာပါတယ်နော် မသေချာဘူးလား တကာ့တကာမတို့၊

သေခြာပါတယ်ဘုရား။

ခန္ဓာငါးပါးရဒါဟာ ဘာနဲ့တူသလဲဆိုလျှင် အနာပေါက်တာနဲ့တူပါတယ် အဲဒီအနာကိုဝိပဿနာဉာဏ်ဖြင့်ကုပါ၊ စားခြင် အိပ်ခြင် လိုခြင် တာတွေဟာ အနာတွေပါဘဲ ဒါတွေကို အနာလို့ မသိမမြင်ကြတဲ့အတွက် ဒီအနာနှင့်ပင် နေခဲ့ရ၍ ဒီအနာနှင့်ပင်သေခဲ့ရတယ်၊

ဘာနဲ့သေခဲ့ရသလဲ။

အနာနဲ့ သေခဲ့ရပါတယ်ဘုရား။ ။

မွေးကတည်းက ဝ်နာပါသောခွေးဟာ ဒီဝဲနာကိုမှရပ်မနားကုတ်ဖဲ့၍ နောက်ဆုံးဒီဝဲနာနှင့်သေခဲ့ရတယ် ဒကာဒကာမတို့ဟာ ခွေးဝဲစားနှင့်မတူပေဘူးလား ခွေးဝဲစားက အိပ်ပျော်တဲ့အချိန်ကလေးမှာ အနားရခဲ့သေးတယ် ဒကာဒကာမတို့မှာတော့ အိပ်ပျော်တဲ့ အချိန်မှာတောင် အိမ်မက်မက်သဖြင့် အနားမရကြဘူးနော် အနာရှိရင် ဆေးရှိရမယ်ဆိုတဲ့ အတိုင်း ဝဲနာကုဆေးကိုရှာကြရအောင်( ဝဲနာကုဆေးအတွက် အစေတဏှ ကဿဖအကြောင်းကို ဟောတော်မူပါသည်။ ၁၄,၃,၆၁ နေ့မှ ဟောတော်မူချက်တွင်ပေါင်း၍ရေးပါမည် ) အချိန်စေ့ပါပြီ သာဓု...သာဓု....သာဓု။

# ဓမ္မသဘင် အစီအစဉ်

၁၃၂၂-ခု တပေါင်းလပြည့်ကျော် {၁၄}ရက် (၁၄-၃-၆၁)နေ့ည ဟောတော်မူချက်

## ခန္ဓာငါးပါး အနာပျောက်ဆေး ရှာနည်း။

အင်မတန်ရခဲ ကြုံကြိုက်ခဲလှတဲ့ လူ့ဘဝကိုရ့ထားပါလျက် မွေးကတည်းကအနာနှင့်မွေး၍ သေရင်လဲ ဒီအနာနဲ့ သေရရင် ဝမ်းနည်းဘွယ်ကောင်းလှပါတယ်၊ အနာပျောက်တဲ့ ဆေးကို ရှာကြစို့ ဆေးရှာနည်းကို ဆရာဘုန်းကြီးက ဟောတော့မယ် မှတ်မိ အောင်သာမှတ်ကြပါဒကာဒကာမတို့။

လူ့ဘဝရခဲပုံကို သစ္စာသံယုတ်ပါဠိတော်တွင် မြတ်စွာဘုရားသခင် ဟောတော်မူချက်မှာ အပေါက်တပေါက်တည်းပါသော ထမ်းပိုးတုံးတခုကို မြစ်တွင်မျှောလိုက်ပါ( ဥပမာ ဧရာဝတီမြစ် ) ဒီထမ်းပိုးတုံးဟာ လူမဆယ်သောင်မတင်ရင် သမုဒ္ဒရာထိမျောပါ၍ သမုဒ္ဒရာတွင် ဝဲလှဲနေတယ် ဆိုကြပါစို့ အနှစ်တရာလျှင် တကြိမ်သာ ပေါ်သော လိပ်ကန်း ကြီးသည် ဝဲလှဲနေတဲ့ထမ်းပိုးတုံး၏အပေါက်နှင့်သာ စွပ်မိရင်စွပ်မိပေမယ် လူ့ဘဝကိုတော့ဖြင့်မရနိုင်ပါဘူးလို့ ဘုရားသခင်ကဟောတော်မူပါတယ်။

လူ့ဘဝကိုရ၍ လူဖြစ်ပြန်သော်လဲ အနာကိုဆေးမကုရင် သံသရာတရှောက်လုံးမှာ အနာတွေချည်းအဆက်မပြတ် တလစပ်ပေါက်နေမှာတော့သေချာတယ်၊ မသေချာဘူးလား ဒကာဒကာမတို့

သေခြာပါတယ်ဘုရား

**အော်...** သနားစရာ ကောင်းလိုက် ပါဘိတယ်နော် လောဘ,ဒေါသ,မောဟ, အနားတွေကို ဆေးမကုတဲ့ အတွက် အပါယ်ငရဲသို့လားရလိမ့်မယ်၊ ငရဲမှလွတ်ရင်လဲ တိရစ္ဆာန်ဘုံ ရောက်၍ တိရစ္ဆာန်တို့၏သဘာဝ နိုင်ရာစားများဖြစ်ကြတဲ့ အတွက် ပါဏာတိပါတကံတွေကို ထပ်ခါထပ်ခါ ကျူးလွန်ကြ ပြန်သဖြင့် ငရဲသို့ပင်ပြန်၍ လားရပြန်ပါတယ် ငရဲမှတိရစ္ဆာန်နဲ့၊ တိရစ္ဆာန်မှငရဲ ငရဲမှတိရစ္ဆာန် အပြန်ပြန်အလှန်လှန် စုံဆန်ခါ သံသရာအပါယ်ကျောတွင်ဖြင့် မျော၍အတောမသတ်နိုင်ပါဘူး စဉ်းစားကြည့်ကြပါ ဒကာဒကာမတို့ ကြောက်စရာအင်မတန် ကောင်းပါတယ် အော်...သည်သို့ဆိုသော ယခုရထားကြတဲ့ လူ့ဘဝကို အရှုံးမခံကြပါနဲ့ လျော့ကျ၍ အရှေ့မခံကြပါနဲ့ ဘော့ ဒကာဒကာမတို့....။

လူ့ဘဝမှသျောကျ၍ မရှေ့အောင် လုပ်ရမှာကတော့ သစ္စာလေးပါးကို မြင်အောင်ကြည့်ကြဘို့ပါဘဲ၊

သစ္စာမမြင်လျှင်ငရဲနဲ့တိရစ္ဆာန်ဘုံတွင် ကျင်လည်ရပါ လိမ့်မယ်၊ သစ္စာလေးပါးကို အဝိဇ္ဇာကမမြင်အောင် ဖုံး လွှမ်းထားပါတယ်၊

ပြုပြင်တာက သင်္ခါရ၊ ပြုပြင်လို့ ပေါ်လာတာက အနိစ္စ၊ အနိစ္စဖြစ်တဲ့အတွက် ဒုက္ခသစ္စာ ဖြစ်ရတယ်။

"ဝိပရိနာမလက္ခဏံ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာ သည်။ဝိပရိနာမလက္ခဏာ၊ ဖေါက်ပြန်တတ်သည့်လက္ခဏာ ရှိ၏" ဖေါက်ပြန်တတ်သည့် သဘောသည် ဒုက္ခသစ္စာဟု မှတ်ကြပါ ဒကာဒကာမတို့။

ဒကာဒကာမတို့မှာ ဖေါက်ပြန်တတ်သည့် ဒုက္ခသစ္စာနဲ့သာဖြစ်ခဲ့ရတယ် ဖေါက်ပြန်တတ်သည့် ဒုက္ခသစ္စာနဲ့ခွဲလို့မရပါ ဒုက္ခသစ္စာဖြင့်သာနေခဲ့ရတယ်၊ ဝိပါကဝဋ်နှင့်လုံးလယ်ခတ်နေရဘယ် အမျိုးမျိုးတို့ကိုလိုချင်နှစ်သက်တောင်းတခြင်းသည် ဝိပါကဝဋ်၊ ဝိပါကဝဋ်ကြောင့် ကိလေသဝဋ်နှင့် ကမ္မဝဋ်ပေါ်ပေါက်သာတယ် ပေါက်ဖွါးပေါ်ပေါက်လာတယ်၊ "သမုဒယသစ္စာသည်မီးနှင့်တူသည်၊ ခန္ဓာကိုယ်သည်လောင်စာနှင့်တူသည်" ဒကာဒကာမတို့မှာမီးနှင့် လောင်စာသာ ဖြစ်ခဲ့ရတယ်။

ဘာဖြစ်ခဲ့ရသလဲ ဒကာဒကာမတို့

မီးနှင့် လောင်စာပါဘုရား....

သစ္စာလေးပါးအနက် နှစ်ပါးကွယ်ခဲ့ရတယ် လောင်စါနဲ့တူတဲ့ ဒုက္ခသစ္စာ မီးနဲ့တူတဲ့ သမုဒယသစ္စာ ဒီသစ္စာနှစ်ပါးဖြင့်သာ သံသရာတွင် ကျင်လည်ခဲ့ရတယ်၊ နေလနဲ့ တူတဲ့ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာ နှစ်ပါးတို့၏ အလင်းရောင်ကို လုံးဝ မမြင်ခဲ့ရပါ မှောင်နဲ့မဲမဲ အမဲနဲ့ ဆင်းရဲသာ နေခဲ့ရတယ်။ အော်....ဒါဖြင့် အတိတ်ဘဝက လောင်စာသိမ်း၍ မီးငြိမ်းဒါကို ရှာရလိမ့်မယ် မီးနဲ့လောင်စာ အဖြစ်နှင့်သာ နေပြီးသေခဲ့ရတယ် ဘာနှင့်သေခဲ့ရသလဲ ဦးခင်မောင်

မီးနှင့်လောင်စာပါဘုရား

သဿတဒိဋ္ဌိကိုပါယ်ကြစို့ " သားသမီးများ လူသားမြှောက်ရင် သေပျော်ပါပြီ သေပါစေ " စသည်ဖြင့် ပြောဆိုခြင်းများဟာ သဿတဒိဋ္ဌိဖြစ်တယ် ကဲကဲကဲ.... လောင်စာသိမ်း၍ မီးငြိမ်းတော့မယ် မီးငြိမ်းကြစို့

မြတ်စွာဘုရားသခင်သည်၊ ရာဇဂြိုဟ်ပြည်တွင် ဆွမ်းခံကြွတော်မူစဉ် အစေတကကာဿဖ ( အဝတ်မပါဘဲ ချီးခြံစွာကျင့်နေသူ အဝတ်မပါဘဲ ချီးခြံစွာကျင့်နေဒါကိုဘဲ လူတွေက ဘုရားလို့ထင်နေကြတယ် )
ဘုရားသခင်အား ရှင်ကြီးဂေါတမ ပုစ္ဆာကလေးတခု မေးပရစေလို့ လျှောက်ထားသဖြင့် ဘုရားသခင်က "ဆွမ်းခံတုံးကွ နေပါအုံး" လို့ဟောတော်မူပါတယ်၊ ယနလိုချည်းသုံးကြိမ် သုံးခါမေးပါတယ်၊ တပြန်နှစ်ပြန်သုံးပြန်လောက်ကြမှ "မေးတော့ကွာလို့" ဘုရားသခင်က ခွင့်ပြုတော်မူလိုက်တယ် ဘုရားသခင်သည်၊ အဖြေကိုရုတ်တရက်မပေးဘဲ ဆိုင်းငံ့၍ ထားတော်မူခဲ့ခြင်းမှာ အကြောင်း နှစ်ကြောင်း ရှိပါတယ် တကြောင်းက လွယ်လွယ်နဲ့ဖြေလိုက်ရင် အဖြေသည်အဘိုးမတန်မှာ စိုးဒါက တကြောင်း အစေတကကာဿဖ၏ အသိဉာဏ် ရင့်သန်လာရန်ကတကြောင်း၊ ဒီအကြောင်းနှစ်ကြောင်းကြောင့် ဘုရားသခင်သည် အဖြေကို ဆိုင်းငံ့၍ ထားတော်မူခဲ့ခြင်း ဖြစ်ပါတယ်၊ အစေတက ကဿဖသည်၊ ကျွတ်ထိုက်သောပုဂ္ဂိုလ်ဖြစ်ပြီး အသိဉာဏ်မှာလဲ ရင့်သန် လာတဲ့ အတွက် တတိယ အကြိမ်ကြမှ " မေးတော့ကွာလို့ " မေးခွင့် ပြုလိုက်ခြင်း ဖြစ်တယ်။

၁။ အစေတက ကဿဖ၏ ပဌမမေးတဲ့ပုစ္ဆာကတော့ ရှင်ကြီးဂေါတမ ဒုက္ခ(ဝိပါကဝဋ္ဋ)ဟာ မိမိပြုဒါလားလို့ မေးပါတယ် ဘုရားသခင်က မဟုတ်ပါဘူးကွာ ကိလေသဝဋ္ဋနဲ့ကမ္မဝဋ္ဋကြောင့်ဖြစ်ရတာပါလို့ဖြေတော်မူပါတယ် ဒုက္ခသစ္စာသည် ကိလေသဝဋ္ဋနှင့် ကမ္မဝဋ္ဋကြောင့် ဖြစ်ထပါ၊ ကိုယ်ပြုလို့ကိုယ်ခံရသည်မဟုတ် အဝိဇ္ဇာနှင့်သင်္ခါရ တရားတို့ကြောင့်

ဖြစ်ရတာပါ၊ ဘာ့ကြောင့်ဖြစ်ရဒါလဲ၊

အဝိဇ္ဇာနဲ့ သင်္ခါရကြောင့်ပါဘုရား၊

ကိုယ်ပြုလို့ ကိုယ်ခံရဒါ မဟုတ်ဘူးနော်၊ ကိုယ်ပြုလို့ ကိုယ်ခံရတယ်လို့ မမှတ်ကြပါနဲ့ ဒကာဒကာမတို့ အကြောင်းကြောင့် အကျိုးဖြစ်ရဒါပါ၊ ဒီနေရာတွင် သဿတဒိဋ္ဌိ ကွာတယ် ပြုတ်တယ်။

၂။ ဒုတိယပုစ္ဆာက ရှင်ကြီးဂေါတမ ဒုက္ခသူတပါးပြုဒါလားလို့ မေးပါတယ် မဟုတ်ပါဘူးကွာ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကြောင့် ဖြစ်ရဒါပါလို့ ဖြေတော်မူပါတယ် ကိလေသဝဋ်နှင့်ကမ္မဝဋ်တို့ကြောင့် ဝိပါကဝဋ်ဒုက္ခသစ္စာ (ခန္ဓာကိုယ်) ပေါ်လာရတယ်ဟုမှတ်ကြပါ၊ ဒကာဒကာမတို့ တချို့ဘာသာတွေတွင် ထာဝရဘုရား၊ ဘာဘုရား၊ ညာဘုရား၊ တွေက ဖန်ဆင်းလို့ လူဖြစ်ရတယ်လို့ ဆိုကြတယ်၊ မဟုတ်ကြောင်း ရှင်းကြပလား ဒကာဒကာမတို့

ရှင်းပါပြီဘုရား

အဝိဇ္ဇာနဲ့ သင်္ခါရတို့ကြောင့်ပါဘဲ၊ ဒီနေရာတွင်ဥစ္ဆေဒဒိဋ္ဌိပြုတ်တယ် သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ မရှိတော့ရင် ဒိဋ္ဌိ ၆၂-ပါးအနက် ကျန်တဲ့ဒိဋ္ဌိ ၆၀ ဟာ မဖြစ်ပေါ်တော့ပါဘူး ရေသောက်မြစ်က သဿတဒိဋ္ဌိနဲ့ဥစ္ဆေဒဒိဋ္ဌိဘဲ ဖြစ်ပါတယ်၊ ဒီခန္ဓာ ကိုယ်ကြီးကို သူတပါးက ပြုလုပ်ပေးလို့ ရတယ်လို့ မမှတ်ကြပါနဲ့တော့၊ ပြုသူတခြား ခံသူတခြားဆိုရင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တယ်လို့ မှတ်ကြပါ ဒကာဒကာမတို့၊ ဒီနေရာတွင် ဥစ္ဆေဒဒိဋ္ဌိပြုတ်တယ် လွတ်တယ်။

၃။ တတိယပုစ္ဆာက 'ရှင်ကြီးဂေါတမ ဒုက္ခ မိမိသူဘာပါ။ နှစ်ဦးသားပြုဒါလားလို့' မေးပါတယ်။

'မဟုတ်ပါဘူးကွာ၊ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဒုက္ခသစ္စာ ဖြစ်ရဒါပါလို့' ဖြေတော် မူပါတယ်။ အကြောင်း နှစ်ကြောင်းကြောင့် အကျိုးတခု ဖြစ်ရတယ်ဟု မှတ်ကြပါဒကာဒကာမတို့ ဒီနေရာဘွင် သဿဘာဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိထပ်မံ ပြုတ်တယ်လွယ်တယ်။

၄။ စတုတ္ထပုစ္ဆာက 'ရှင်ကြီးဂေါတမ ဒုက္ခအလိုလိုဖြစ်ပေါ်လာဒါလားလို့' မေးပါတယ်။

(နံပါတ် ၁–၂–၃ ပုစ္ဆာအဖြေအတိုင်းမှတ်ယူပါ )

လူတွေဟာမိုးပေါ်ကျလား သစ်ခေါင်းပေါက်လား

မဟုတ်ပါဘုရား

ဇိဋ္ဌ မာနဟာ မကျည်းပင်က မွေးဒါလို့ ပြောကြပါတယ်၊ တချို့တလေမှာလဲ ဘာကမွေးတယ်၊ ညာကမွေးတယ် သန္တေတဇမွေး စသည်ဖြင့် ပြောကြတယ်၊ ဘယ်လိုဘဲမွေးမွေး နောက်ဆုံးတော့ အကြောင်းနဲ့ အကြိုး တိုက်ဆိုင် လို့သာ မွေးရတယ်လို့မှတ်ကြပါ ဘာတဲ့လဲဒကာဒကာမတို့

အကြောင်းနဲ့ အကြိုး တိုက်ဆိုင်လို့သာ မွေးရဒါပါ ဘုရား

အလိုလိုဖြစ်တယ်လို့ ဘယ်တော့မှမမှတ်ကြပါနဲ့ ဒီနေရာတွင် "အဟေတုကဒိဋ္ဌိ" စင်တယ် တချို့က ဒီလိုတောင် ပြောကြသေးတယ် " သူ့ကိုလဲ မအောင်းမေ့ဘဲနှင့် မျက်စိထဲမှာ အလိုလိုပေါ်နေတယ် မြင်နေတယ်"လို့ ဒီလိုဆိုရင်တော့ အဟေတုကဒိဋ္ဌိဖြစ်နေတယ် သတိပြုကြပါဒကာဒကာမတို့

၅။ ပဉ္စမပုစ္ဆာက 'ရှင်ကြီးဂေါတမ ဒုက္ခမရှိဘူးလား' လို့မေးပါတယ်၊

ဘုရားသခင်က၊ ခန္ဓာ ကိုယ်ကို လက်ညှိုး ညွှန်၍ 'ရှိပါတယ်' လို့ဖြေတော်မူပါတယ်။ ခန္ဓာငါးပါးသည် ဒုက္ခ၊ ခန္ဓာ ရှိရင် ဒုက္ခ ရှိတယ် ဒီခန္ဓာ ကိုယ်ကြီး ကိုဘဲနေ့တိုင်း တောင်းပန်နေရတယ် မတောင်းပန်ရဘဲနဲ့ လွတ်လွတ်လပ်လပ် နေရရဲ့လား ဒကာဒကာမတို့

မနေရပါဘုရား

စားခြင်တယ်ဆိုကျွေးရတယ် ကျင်ကြီးကျင်ငယ် စွန့်ခြင် တယ်ဆိုရင်လဲ လိုက်ပို့ရသေးတယ် ဘာမဆိုအလိုလိုက်နေရဒါ ဘဲ ဒီလိုဆိုတော့ ဒကာဒကာမတို့ဟာ ဝိပါကဝဋ် ခန္ဓာရဲ့ကျွန် ခံနေရတယ်ဆိုရမှာပေါ့ မဟုတ်ဘူးလား

ဟုတ်ပါတယ်ဘုရား

ဒီလိုအသိုမလိုက် ကျွန်မခံရင်လဲ ခန္ဓာကိုယ်က ဘယ်ကို သွားမတဲ့လဲ 'ခေါင်းထဲကို သွားတော့မယ်' ခေါင်းထဲကိုသွား တော့မယ်တဲ့နော်၊ ခေါင်းထဲမသွားခင် ခေါင်းထဲမရောက်ခင် ဒိဋ္ဌိပြုတ်အောင် လုပ်ကြပါ ဒကာဒကာမတို့

၆။ ဆဋ္ဌမပုစ္ဆာက 'ရှင်ကြီးဂေါတမ ဒုက္ခမသိဘူးလား' လို့မေးပါတယ်၊

'ငါသိပါတယ်ကွာလို့' ခန္ဓာကိုယ်ကို လက်ညှိုးညွှန်၍ ဘုရားသခင်ကဖြေတော်မူပါတယ် ခန္ဓာကိုယ်ဟူသ၍ဒုက္ခသစ္စာ ဟု မှတ်ကြပါ ဒကာ ဒကာမတို့ ခန္ဓာကိုယ်၏ ဒုက္ခကို ဝိပဿနာဉာဏ်ဖြင့်ကြည့်ရင် သိမြင်ပါတယ် သိမြင်ရင် ဝိပဿ နာဉာဏ်နဲ့ သိမ်းဘို့အရေးကြီးတယ် ဝိပဿနာဉာဏ် ရင့်သန်

ရင် ခန္ဓာကိုယ်ပေါ်တွင်အပ်သွားချစရာမရှိအောင်ဒုက္ခတွေမြင်ပါလိမ့်မယ် ဒုက္ခရှင်းပုံကို နောက်ညတွင် ဟောပါမယ်။

အချိန်စေ့ပါပြီ။ သာဓု...သာဓု....သာဓု။

## ဓမ္မသဘင်အစီအစဉ်

၁၃၂၂-ခု တပေါင်းလပြည့်ကျော်(၁၅)ရက်
(၁၅-၃-၆၁)နေ့ည ဟောတော်မူချက်။

# ဒုက္ခရှင်းပုံ

ခန္ဓာကိုယ်ပေါ်တွင် ထုံဒါ၊ ကျင်ဒါ၊ နာဒါ၊ အေးဒါ၊ ပူဒါ၊ အိုက်ဒါတွေ ဟူသမျှတို့ဟာဖြင့် ဒကာဒကာမတို့ရေ.... ဒုက္ခတွေ ချည်းပါဘဲနော် ဒုက္ခသစ္စာ၏ အနက် အဓိပ္ပါယ်မှာ ဒု က, စက်ဆုတ်စရာ၊ ခ—က, အသုံးမကျဒါ၊ သစ္စာ—က, မှန်ဒါ၊ ထိုတရားစုကို ဒုက္ခသစ္စာလို့ ခေါ်ပါတယ် စက်ဆုတ်စရာအသုံးမကျဒါတွေဟာဖြင့် လူတကိုယ်လုံးမှာရှိတယ်၊ ဒီတရားတွေကို ဒုက္ခသစ္စာဟုမှတ်ကြပါ ဒကာဒကာမတို့

ယခုတရားနာပရိတ်သတ်ထဲတွင် ပုဂ္ဂိုလ်အမျိုးမျိုးများ ပါကြပေမယ် အဂ္ဂသာဝက၊ မဟာသာဝက၊ လက်ဝဲတော်ရန်၊ လက်ျာတော်ရန်၊ ဆုကြီးပန်အမျိုးမျိုးများလဲ ပါကြလိမ့်မယ် ဒီလိုဆုတွေကိုပြည့်ခြင်ရင် သို့မဟုတ်ယခုဘဝပင် နိဗ္ဗာန်မဂ်ဖိုလ်ကို လိုခြင်ကြရင် လိုက်နာကျင့်သုံးရန် အများကြီးမလိုပါဘူးတဲ့ ဘုရားသခင်က ( ပုဗ္ဗောပဒေသ ပါဠိတော်မှာ ) နှစ်မျိုးထဲဘဲ ဟောတော်မူခဲ့ပါတယ်လိုက်နာကျင့်သုံးရမဲ့နှစ်မျိုးကဘာလဲဆိုရင်

၁။ သစ္စာလေးပါး တရားကိုနာရမယ်။

၂။ သစ္စာလေးပါး တရားကို နှလုံးသွင်းရမယ်။

သစ္စာ လေးပါး တရားကို နာရမယ်၊ သစ္စာလေးပါး တရားကို ယောနိသော မနသိကာရလို့ ဟောတော် မူတဲ့အတိုင်း နှလုံးသွင်းရုံပါဘဲ ဒီနည်းနှစ်နည်းအတိုင်း ကျင့်သုံးရင် သစ္စာတရားတွေ၍ ယခုဘဝမှာပင် နိဗ္ဗာန်သို့ရောက်နိုင်ပါတယ် ဆုကြီးပန်နှင့်သာငကာ ဆုပန်သူများမှာလဲ ပါရမီဥာဏ်ပြည့်ပါလိမ့်မယ် မလုပ်ဖြစ်လို့ပါ ဝန်မလေး ပါဘူးနော်၊ ကိုယ့်ကိစ္စ ကိုယ့်ဒုက္ခကို သိမ်းခြင်ရင် ဒီနှစ်ပါး အကြောင်းတရားကိုသာ လုပ်ဘို့လိုတယ် သောတာပန် သကဒါဂါမ် ဖြစ်ဘို့ရာမခက်ပါဘူး လွယ်ပါတယ်၊နှစ်ကိစ္စနှင့်ပြီးနိုင်တယ် ကြိုးစားကြပါ၊အားထုတ်ကြပါလုပ်ကြပါလို့ ဆရာဘုန်းကြီးကတိုက်တွန်းလိုက်ပါတယ်။

မိမိကိုယ်ကို သောတာပန် တည်ပြီးကြောင်း မသိသော ကပ္ပိလဝတ်ပြည်မှ မဟာနံမင်းကြီးသည် ဆင်—မြင်း စစ်သည်တော်တွေကို ထိန်းရ-သိမ်းရ၊ ကျောင်းရတဲ့အတွက် အကယ်၍များ စစ်သည်တော်တွေကို ထိန်းကျောင်းရင်း ဆင်—မြင်းနဲ့ စစ်ရထားများ ကြိပ်မိပြီးသေရရင် မကောင်း သေခြင်း ဖြစ်ရလိမ့်မယ်ထင်၍ စိတ်မကောင်းဖြစ်ပြီး မြတ်စွာဘုရား သခင်၏ ကျောင်းတော်မှာဘဲ နေ့—ညအိပ်၍ “ တပည့်တော်သေရင် မကောင်းသေခြင်း ဖြစ်မှာလားဘုရားလို့ ” ဘုရားသခင်အား လျှောက်ထားပါတယ် “ အသင်မင်းကြီးသေရင် သင်၏ ခန္ဓာကိုယ်ကြီးမှ အသွေး အသား အကျော အရိုးတို့မှုသာလျှင် ကျီးလင်းဘအစာနဲ့ မြေဩဇာဖြစ်ပေမယ် အသင်မင်းကြီး၏ သဒ္ဓါ သီလ၊ သုတ၊ စာဂ၊ ပညာတွေက အထက်ကိုသာ ဆန်ပေမယ် အသင်မင်းကြီး မစိုးရိမ်ပါနဲ့လို့ ” ဟောတော်မူပါတယ်

ထောပတ်ဆီအိုးများ ရေထဲတွင်ကွဲရင် အိုးချမ်းပဲ့များ ကသာ ရေထဲသို့နစ်မြုတ်ပေမယ် ထောပတ်နှင့်ဆီများကတော့ ရေပေါ်မှာသာ တည်နေပေလိမ့်မယ် မိမိတို့သေရင် မကောင်း သေခြင်းမဖြစ်ရအောင် ဒကာဒကာမတို့ရေ.... စိတ်ချရဒါကို သာ လုပ်ထားရမယ်၊ နိဗ်စက်လို့သာ ဖြစ်ပျက်ရဒါပါ ဒီခန္ဓာ နာမ်ရုပ်တွေကို စွဲလမ်းမနေကြပါနဲ့ ဖြစ်ပျက်ထါကိုမြင်အောင် ကြည့်၍ ကိစ္စဉာဏ်ကိုသာ ရအောင်လုပ်ကြပါ မတွေ့ တွေ့ အောင်ရှာပါ ကြိုးစားကြပါလို့ ဆရာတုန်းကြီးက တိုက်တွန်း ပါတယ်။

သင်္ခါရကို မသိတာကအဝိဇ္ဇာ အဝိဇ္ဇာကြောင့် သင်္ခါရ ဝိညာဉ် သဠာယတန ဖဿ ခန္ဓာငါးပါးရ,ရဒါပါ၊ ဒီခန္ဓာဝင့် ဘယ်တော့မှ ကျွတ်ပမလဲ ခန္ဓဝင့်ရရင် ဒုက္ခ ဖြစ်အုံး မှာဘဲ အညာ်ရှိလို့ ရင်အုံဒါပါ၊ အညာ်မရှိရင် ရင်မအုံပါဘူး ခန္ဓာ ကိုယ်ကြီးကို ဒုက္ခတွေ ဝိုင်းအုံ နေဒါပါ၊ မိမိဒုက္ခဖြစ်ထာကို ဆွေမျိုးမကောင်းလို့ မိဘွေးမကောင်းလို့ ပထွေးမကောင်းလို့ မယားမကောင်းလို့ လင်မကောင်းလို့ သားသမီးမကောင်းလို့ အိမ်နီးနားခြင်း မကောင်းလို့ဆိုပြီး သူတပါးကို စွဲချက်မတင် ပါနဲ့ ကိုယ့်ကိုယ်ကိုစွဲချက်တင်ပါ ဆွေမျိုးသါးခြင်း အပေါင်း အဖေါ်တွေက မဆိုး ပါဘူး ကိုယ်က ဆိုးဒါပါ ဘဲ့နဲ့လဲ ဦးခင်မောင်

**ကိုယ်ကဆိုးဒါပါဘုရား**

အမှိုက်ရှိရာခွေးချီးပါဒါပါ ခွေးချီးကိုကော်ပြစ်မလား အမှိုက်ကိုဖယ်ပြစ်မလား

ခွေးချီးကိုကော်ပြစ်ပါမယ်ဘုရား

တယ်ဟုတ်မလဲဟဲ့ အမှိုက်ကို ဖယ်ပြစ်မှပေါ့ ခွေးများဟာ တလင်းပြောင်တဲ့နေရာမှာ ချီးသေးမပါဘူး အမှိုက်ရှိမှ ချီးသေးပါဒါပါ ခွေးချီးမပါအောင် အမှိုက်ကိုဖယ်ရလိမ့်မယ် အဝတ်ဝတ်တဲ့ နေရာမှာတောင် အဝတ်က ဆွေးတယ်ထင်ပြီး အထည်ဆိုင်ကို တိုက်ဆွေးတွေ ရောင်းတယ်လို့ တချို့က ပြောကြသေးတယ် အဝတ်ကမဆွေးပါဘူး မိမိကိုယ်ကထွက်တဲ့ အပုတ်ချွေးတွေက ဆွေးလို့သာ အဝတ်ဆွေးရတာပါ၊ သူတပါးကိုစွဲချက်တင်ပြီး တချို့က ဒီလိုဒုက္ခတွေ တွေ့ရတဲ့အတွက် "သေတောင်ပြစ်လိုက်ချင်သေးတယ်" လို့ ပြောကြသေးတယ် သေပြစ်လဲ ခန္ဓဝဋ်မှ မလွတ်သေးတဲ့ အတွက် ဒုက္ခကတော့ တွေ့အုံးမှာပါဘဲ မတွေ့ပေဘူးလား

တွေ့ပါတယ်ဘုရား

တချို့က ပြောကြသေးတယ် " ငယ်ငယ်တုံးက ဒုက္ခ မဆောက်ခဲ့ပါဘူးဘုရား သားသမီး သားမယား မကောင်းတဲ့ အတွက် အသက်ကြီးမှ ဒုက္ခရောက်ရဒါပါလို့ " ဟုတ်ကဲ့လား ဦးခင်မောင်ရေ....

မဟုတ်ပါဘုရား

ဟုတ်သာမဟုတ်တယ် ပြောတော့သည်လိုဘဲ ပြောနေကြဒါဘဲနော် အမိဝမ်းတွင်းကတည်းကစ၍ ငယ်ငယ်တုံးကလဲ ဒုက္ခသစ္စာနဲ့သာ နေခဲ့ရပါတယ်၊ အော်.... ဒါဖြင့် ဒုက္ခ၏ ရေသောက်မြစ်က ဘာပါလိမ့်

အဝိဇ္ဇာ—သင်္ခါရပါဘုရား

ဒီရေသောက်မြစ်ကို မဖြတ်ရင် ခန္ဓာငါးပါး ပြန်ရလိမ့်မယ် ခန္ဓာငါးပါးပြန်ရရင် ဒုက္ခဖြစ်အုံးမှာဘဲ ကံမကောင်း အကြောင်းမသင့်လို့မဟုတ်ဘူးနော်— အဝိဇ္ဇာနဲ့ သင်္ခါရသည် ၎င်းတို့ ကိန်းအောင်းရာ ပုဂ္ဂိုလ်ကို နှိပ်စက်ကြတယ်၊

အဿတ္ထိမြင်းသည် အမိ၏ ဝမ်းပိုက်ကို ဖေါက်၍ ထွက်တယ် ဆိုးတဲ့ မြွေပွေးမျိုးဟာလဲ အမိ၏ဝမ်းပိုက်ကို ဖေါက်၍ ထွက်ကြတယ် ဤမိခင်နှစ်ဦးတို့မှာ သူတပါးတို့က သတ်ကြဒါ မဟုတ်ပါဘူး သူတို့၏ ဝမ်းတွင်းမှာ ကိန်းအောင်းနေကြတဲ့ သန္ဓေသားတို့ကသာ သတ်ကြဒါပါနော် အဝိဇ္ဇာနဲ့ သင်္ခါရတို့ဟာလဲ သည်အတိုင်းပါဘဲ သူတို့ ကိန်းအောင်းရာ ပုဂ္ဂိုလ်ကို အမြဲနှိပ်စက်ကြဒါပါ ဒီလောက်ဒုက္ခပေးနေတဲ့ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီးကိုဘဲ မိမိရန်သူလို့ မမြင်ကြဘဲ ခင်မင်နေကြတယ် အမြဲချော့နေရတယ် မချော့ရဘူးလား ဒကာဒကာမတို့

ချော့ရပါတယ်ဘုရား

သူစားချင်ဒါ ဝတ်ချင်ဒါကို မရရအောင် ရှာကျွေး၍ မလှ လှအောင်လဲ မှန်ထဲမှာ ကြည့်ပြီး နေ့စဉ်နဲ့ အမျှ အလှပြုပြင်လို့ပေးရတယ် နေဆိုင်မကောင်းလို့ရှိရင်လဲ ဒီအချိန်မှာ သုံးစွဲရန်အတွက် ဆေးကုဘိုပိုက်ဆံကို ကြိုတင်၍စုထားပြီးပါ ပြီလို့ ခန္ဓာကိုယ်ကြီးကို ချော့နေရတယ်၊ အစား အစာကိုလဲ ဝအောင် ကျွေးရတယ် အစာ မကျွေးဘဲ ခုနှစ်ရက်လောက်

ထားကြည့်ပါသါး ခန္ဓာကိုယ်ကြီးက ဘယ်ကိုသွားတော့မတဲ့လဲ ခေါင်းထဲကို သွားတော့မယ် ခေါင်းထဲကို သွားတော့မယ်တဲ့ ခေါင်းထဲမသွားရအောင် သူ့အလိုလိုက်၍ ပူအိုက်ဘယ်ဆိုရင် ယပ်ခက်၍ချော့ရတယ် မချော့ရပေဘူးသား ဒကာဒကာမတို့

ချော့ရပါတယ်ဘုရား

ယပ်ခပ်ချော့တော့ အအေးပတ်အပူရှပ်သဖြင့် ဆရာဝန်ခေါ်၍ ဒီခန္ဓာကိုယ်ကြီး ကြည့်ရုံလေးနဲ့ ဆရာဝန်ကို ကြည့်ခ ၃၂၀– ပေးလိုက်ရတယ်

မနေ့သကအဆက် အစေလက ကဿဖ အကြောင်းကို ပြန်ဆက်ကြစို့ ဒီနေ့ပါဆိုရင် သုံးရက်ရှိပြီ ဒီနေရာဟာ အရေးကြီးတဲ့ နေရာဖြစ်ဘဲ့အတွက် မှတ်မိအောင် ယခုလိုထပ်တလဲလဲ ဟောရဒါပါ မှတ်မိအောင်မှတ်ကြပါ ဒကာဒကာမတို့

(ထပ်မရေးတော့ပါ အစေလက ကဿဖ အကြောင်းကို ၁၄-၃-၆၁ နေ့ညဟောတော် မူချက်တွင် တရက်တည်းပေါင်း၍ ရေးသားထားပါသည်)

အချိန်စေ့ပါပြီ သာဓု....သာဓု....သာဓု

## ဓမ္မသဘင်အစီအစဉ်
၁၃၂၂-ခု တန်ဆောင်မုန်းလဆန်း(၁)ရက်
(၁၆-၁၀-၆၁)နေ့ည ဟောကြားတော်မူချက်။

# ဒိဋ္ဌိပြုတ်ရန် အရေးကြီးပုံနှင့် ကိုယ့်ကိုယ်ကို စစ်ဆေးနည်း

ယခုနေ့ဟောမဲ့ တရားကတော့ ဒိဋ္ဌိပြုတ်ရန် အရေးကြီးတဲ့တရားကို ဟောပါမယ်၊

ဒိဋ္ဌိပြုတ်ရန် အရေးကြီးပါတယ်၊ အရေးကြီးလို့လဲ မြတ်စွာဘုရားသခင်က သံယုတ်ပါဠိတော်မှာ ဟောတော်မူခဲ့ပါတယ်၊ မြတ်စွာဘုရားသခင်တို့ မည်သည်မှာ အရေးမကြီးရင် ဟောတို့ နေနေသာသာ, ပြုံးတောင် မပြုံးပါဘူး၊ မြတ်စွာဘုရားသခင်က ဟောတော်မူတယ် ဆိုတော့ အရေးကြီးလို့သာ ဟောတော်မူတယ်လို့ မှတ်လိုက်ကြပါ ဒကာ,ဒကာမတို့၊

ဘယ်လောက် အရေးကြီးသလဲဆိုရင် "ရင်ဝလှံစိုက် ဦးခေါင်းမီးလောင် ဒိဋ္ဌိရှိရင်အမြန်ရှောင်"လို့ ဘုရားသခင်က ဟောတော်မူပါတယ် ရင်ဝမှာ လှံစိုက်နေပါစေ ခေါင်းမှာ မီးလောင်နေပါစေ ဒိဋ္ဌိ မပြုတ်သေးရင် ဒိဋ္ဌိကို အရင် ပြုတ်အောင် ဖြုတ်ပါအုံး ဒိဋ္ဌိကို အရင်ပယ်ပါအုံး ပြီးတော့မှ လှံကိုနုတ်၍မီးကိုငြိမ်းပါ ဒိဋ္ဌိမပြုတ်ဘဲနဲ့ သေရင် အပါယ် ရောက်မှာ သေချာပါတယ် ဒိဋ္ဌိပယ်ရင် အပါယ်လွတ်တယ် ဒိဋ္ဌိမပယ်ခင် အပါယ်မလွတ်သေးဘူးလို့ မှတ်ကြပါ ဒိဋ္ဌိ မပယ်ရင် ဘာဖြစ်မလဲ ဒကာ ဒကာမတို့

အပါယ်မလွတ်သေးပါဘုရား



၉၈၄၄

သောတာပန် မတည် သေးရင် စိတ်မချရ သေးပါ၊ သောတာပန် တည်အောင်လုပ်ကြပါ ဒိဋ္ဌိပြုတ်ရင် သောတာပန်တည်ပါတယ် သောတာပန် တည်ရင် ဒိဋ္ဌိ ပြုတ်ပါတယ် ဘုန်းကြီးတို့ ဗုဒ္ဓဘာသာမှာ ဒိဋ္ဌိမပြုတ်နိုင် သောတာပန်မတည်နိုင်တဲ့ တခြားဘာသာတွေ၏ အကျင့်ဆိုးမျိုးတွေ မရှိပါဘူး ဒိဋ္ဌိမှာ (၆၂)ပါးရှိပါတယ် ဒိဋ္ဌိ (၆၂)ပါးဆိုဒါဟာ စာဖွဲ့ထားဒါပါ ရေသောက်မြစ်ကတော့ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိပါဘဲ သူတို့နှစ်မျိုးပြုတ်ရင် ကျန်တဲ့ဒိဋ္ဌိ(၆၀)ဟာ ဒိဋ္ဌိမျိုးပြုတ်၍ အပါယ် လွတ်ပါတယ် သဿတ ဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ တခုခုရှိနေသေးရင် အပါယ်မလွတ်သေးဘူးလို့ တသွေမတိမ်းမှတ်ကြပါ ဒကာဒကာမတို့ သောတာပတ္တိ မဂ်ရမှသာလျှင် ဒိဋ္ဌိပါယ်မယ် ဒိဋ္ဌိပါယ်မှ အပါယ်လွတ်မယ်

ဒိဋ္ဌိ ပါယ်မှ အပါယ် လွတ်မည် ဖြစ်သဖြင့် ငါဟာ သဿတဒိဋ္ဌိရှိသလား ဥစ္ဆေဒ ဒိဋ္ဌိရှိသလား ကိုယ့်ကိုယ်ကို စစ်ဆေးကြည့်ကြပါ ကိုယ့်ကိုယ်ကို အကဲခတ်ကြပါ သူများကို အကဲမခတ်ပါနဲ့ သူများအကဲခတ်ထာကတော့ လွယ်ပါတယ်၊ ကိုယ့်ကိုယ်ကိုကြတော့ ရှော့ခတ်တတ်တယ် မြှင့်ခတ်တတ်တယ် ရှော့လဲမခတ်ပါနဲ့ မြှင့်လဲမခတ်ပါနဲ့ အမှန်အတိုင်းသာ အကဲခတ်ကြည့်ရင် ကိုယ့်ကိုယ်ကို ဘာဒိဋ္ဌိရှိတယ်ဆိုဒါ သိပါလိမ့်မယ်

ကဲကဲကဲ.... ကိုယ့်ကိုယ်ကို စစ်ဆေးနည်း အကဲခတ်နည်းကို ဟောတော့မယ် ကြိုးစားပြီး မှတ်မိအောင် မှတ်ကြပါ

နားထောင်ကြပါ သဿတဒိဋ္ဌိရှိသောပုဂ္ဂိုလ်သည် ဘုရားနဲ့ တွေ့၍ ဟောချတ်သော်လည်းကျွတ်ခဲသည် ကျွတ်ဘို့ဝေးသည် ထို့ကြောင့်နိဗ္ဗာန်နဲ့ဝေးသည် သို့သော်အပြစ်တော့သေးတယ် သဿတဒိဋ္ဌိ၏စွမ်းရည်သတ္တိဟုမှတ်ပါ

ဥစ္ဆေဒဒိဋ္ဌိ ရှိသောပုဂ္ဂိုလ်သည် ဘုရား ရဟန္တာနဲ့ တွေ့၍ ဟောချတ်ချင် ကျွတ်တန်း ဝင်နိုင်တယ်၊ ထို့ကြောင့် နိဗ္ဗာန်နဲ့နီးတယ် သို့သော်အပြစ်ကြီးတယ် ဥစ္ဆေဒဒိဋ္ဌိ၏ စွမ်းရည်သတ္တိဟုမှတ်ပါ အသေးစိတ် ရှင်းကြဦးစို့....

### သဿတဒိဋ္ဌိဟူသည် –

(၁) ဟိုဘက် လောက ဒီဘက် လောက ( ရှေ့ဘဝ နောက်ဘဝ ) ရှိသည်ဟု ယုံကြည်တယ်
(၂) ကုသိုလ်ရှိတယ် အကုသိုလ်ရှိတယ်လို့ ယုံကြည်တယ်။
(၃) ကုသိုလ် များများ ပြုတယ် အကုသိုလ် ပြုရမှာကို ကြောက်တယ်။
(၄) ဝဋ်ကိုသာယာတယ် (ဘဝကိုသာယာသည်)
(၅) ဘုရားဘဲဖြစ်ဖြစ် တပည့် သာဝကဘဲဖြစ်ဖြစ် တရား ဟောသော်လဲကျွတ်ခဲတယ် ဒါ့ကြောင့်အပြစ်သေး၍ နိဗ္ဗာန်နဲ့ ဝေးတယ်လို့မှတ်ပါ

ဒီအတိုင်း သဿတဒိဋ္ဌိ၏ စိတ်နေ သဘောထားကို အကဲခတ်ကြပါ သဿတဒိဋ္ဌိ မလွတ်သေးရင် အပါယ်ရောက် အုံးမှာဘဲ ကုသိုလ်လဲပြုကြပါ ပြုလို့ရတဲ့ဝဋ်ကိုလဲ မသာယာ ကြပါနဲ့ ဝဋ်မသာယာမှ သဿတဒိဋ္ဌိ ငြိမ်ပါမယ် သဿတ

ဒိဋ္ဌိကိုပြုတ်အောင်ဖြုတ်ကြပါ သဿဘာဒိဋ္ဌိပြုတ်မှသာလျှင် အပါယ်ဘေးမှ ကင်းဝေးပါမယ်။

ဥစ္ဆေဒဒိဋ္ဌိဟူသည်....

(၁) ဟိုဘက် လောက ဒီဘက် လောက ရှိသည်ဟု ယုံကြည်တယ်။
(၂) ကုသိုလ်ရှိတယ် အကုသိုလ်ရှိသည်ဟု ယုံကြည်တယ်။
(၃) အကုသိုလ်ကို များများပြုတယ်(နိုင်ငံခြား တခြား ဘာသာများကို ကြည့်ပါ။)
(၄) ဝဋ်ကို မသာယာယာပါ။
(၅) ဘုရားသော်ငြင်း တပည့်သာဝကသော်ငြင်း တွေ့လို့ သစ္စာလေးပါး တရားကိုဟောရင် ဘုရားဆု တပည့် သာဝက ဆုကိုပင်ပန်၍ ကျွတ်တမ်း ဝင်နိုင်တယ် ဒါ့ကြောင့်အပြစ်ကြီး၍ နိဗ္ဗာန်နဲ့နီးတယ်လို့မှတ်ပါ။

ဒီအတိုင်း ဥစ္ဆေဒဒိဋ္ဌိ၏ဝိတ်နေသဘောထားကိုအကဲ ခတ်ကြပါ ဥစ္ဆေဒဒိဋ္ဌိ မပြုတ်သေးရင် အပါယ်မလွတ်သေး ဘူးလို့မှတ်ကြပါ ဒကာဒကာမတို့

ဆရာဘုန်းကြီး ဟောတဲ့အတိုင်း ကိုယ့်ကိုယ်ကို အကဲ ခတ်ကြပါ အိမ်ကြမှအကဲခတ်ထာပေါ့ ဦးခင်မောင် ဒကာ ဒကာမတွေလဲ အိမ်ကြမှ အကဲ ခတ်ကြ တာပေါ့ ဒီမှာတော့ မှတ်မိအောင်သာမှတ်ကြပါအုံး

ဒီဒိဋ္ဌိနှစ်ပါးအနက် ဘယ်ဒိဋ္ဌိရှိရှိ မဂ်လမ်းဖိုလ်လမ်း မမြင်နိုင်ပါ အထက်ရောက်မယ် ကျွန်ရင်း "ဒိဋ္ဌိကဆွဲချရင်းဘဲ"

ဒီအချက်ကို မှတ်မိအောင် မှတ်ကြပါ ဒကာ ဒကာမတို့၊

ဒိဒိဋ္ဌိနှစ်ပါးကြောင့်သာ ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူကြတဲ့ ရှေးရှေးက ဘုရားအဆူဆူတွေနဲ့လွဲခဲ့ကြ၍ ဘုန်းကြီးတို့ ဒကာ ဒကာမတို့ဟာ ကျွတ်တမ်း မဝင်နိုင်ခဲ့ဒါလို့ ဆိုရလိမ့်မယ်၊ ဒိဒိဋ္ဌိနှစ်ပါး မပြုတ်သေးရင် ယခုလဲလွဲအုံးမှာဘဲ နောင်ဘုရားတွေပွင့်တဲ့အချိန်မှာလဲ လွဲအုံးမှာဘဲလို့ မှတ်ကြပါ ဒကာ ဒကာမတို့၊

သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ မပြုတ်သေးရင် ယခု ဂေါတမမြတ်စွာဘုရားသခင်၏ သာသနာတွင်းမှာလဲ ကျွတ်တမ်း မဝင်နိုင်ပါဘူး နောင်ပွင့်မဲ့ ဘုရားအဆူဆူတွေနဲ့လဲ လွဲအုံးမယ်ဆိုတာ ဦးခင်မောင်ရေ....ရှင်းလောက်ပါပြီ....။

ကိုင်း....ကိုင်း....ကိုင်း.... မနေ့ကအဆက်အစေလက ကဿဖ အကြောင်းကို မမေ့ကြရအောင် ဆိုစမ်းပါအုံး အဝိဇ္ဇာကြောင့် ဘာဖြစ်သလဲ၊

သင်္ခါရ ဖြစ်ပါတယ်ဘုရား၊

သင်္ခါရကြောင့် ဝိညာဉ်—နာမ်ရုပ်—သဠာယတန-ဖဿ ခန္ဓာငါးပါး ဒုက္ခသစ္စာဖြစ်ရပါတယ်ဘုရား။

အဝိဇ္ဇာ—သင်္ခါရ—ဝိညာဉ်—လောဘ (တဏှာ) ဥပါဒါန် ကံကြောင့် ဒုက္ခသစ္စာပြန်ပေါ်မယ် ဒါ့ကြောင့် ဒကာ ဒကာမတွေမှာ ဝဋ်နှစ်ထပ်လည်၍ ဝဋ်သင့်နေဒါပါဘဲနော်။

ထန်းလျက်ရေ သောက်ရင် ပျောက်နိုင်တဲ့ ရောဂါရှိသူမှာ မရင့်သေးတဲ့ ထန်းလျက်ရေကို သောက်ရင် မနူးမနပ်ဆေးဖြစ်သဖြင့်ရောဂါမပျောက်နိုင်ပါ၊ ထန်းလျက်ရေမှာ မရင့်ကျက်သေးတဲ့ ထန်းလျက်ရေ ရင့်ကျက်တဲ့ ထန်းလျက်ရေ ရယ်လို့နှစ်မျိုးနှစ်စားရှိပါတယ် ရင့်ကျက်တဲ့ ထန်းလျက်ရေကို သောက်မှသာလျှင် ရောဂါပျောက်နိုင်ပါတယ်၊ ဒါ့ကြောင့်မို့ ဘုရားသခင်သည် အစေလက ကဿဖ၏ဉာဏ်မှာ၊ ပဌမအကြိမ်ထက်၊ ဒုတိယအကြိမ်တွင်ရင့်ကျက်၍ ဒုတိယအကြိမ်ထက်၊ တတိယအကြိမ်မှာပိုမို၍ရင့်ကျက်စေရန် အမေးပုစ္ဆာများကိုဆိုင်းငံ့ထားခဲ့ပြီးအစေလက ကဿဖ၏ဉာဏ်မှာ ရင့်ကျက်မှန်းသိတော့မှ မေးခွန်းကို မေးခွင့်ပြုလိုက်ခြင်းဖြစ်ပါတယ်။

သဗ္ဗေသင်္ခါရာအနိစ္စာ–ဟူသော ဘုရားဟောတော်မူချက်အတိုင်း ဒကာ ဒကာမတို့သည် မိမိတို့ခန္ဓာကိုယ်၏ဖြစ်ပျက်မှုတို့ကို မမြင်ကြသေးသည်မှာ ပါရမီမရှိလို့ဟုမမှတ်ကြပါနဲ့ မရင့်ကျက်မှီ အကြည့်မမှန်သေးလို့ပါ၊ ဒကာ ဒကာမတို့၏ ဉာဏ်မှာ ရင့်ကျက်၍ အကြည့်မှန်ရင် ဆရာဘုန်းကြီးက နည်းပေးထားဒါနဲ့– သဗ္ဗေသင်္ခါရာအနိစ္စာ–လို့ ဘုရားသခင်၏ ဟောတော်မူချက်အတိုင်း တစိတ်ချုပ်ပြီးမှ တစိတ်ဖြစ်တယ်၊ တဝေဒနာဖြစ်ပြီးမှ တဝေဒနာ ဖြစ်တယ်ဆိုဒါ သိမြင်ကြရပြီး မိမိတို့၏ ခန္ဓာကိုယ်ပေါ်တွင် အပ်သွားချစရာ မရှိအောင် ဖြစ်ပျက်ထာကိုမြင်ကြပါလိမ့်မယ် ဒကာ ဒကာမတို့၊

ယခုတရားနာရင်း ခေါင်းပေါ်က ပန်ကာများကြောင့် ဒကာ ဒကာမတို့မှာ အေးတဲ့ ဝေဒနာကို ခံစားနေရဒါဟာ

တဝေဒနာ ချုပ်ပြီးမှ တဝေဒနာ ခံစားရဒါပါ ပန်ကာက တချက်ခတ်မှ တချက်အေးဒါပါနော် ပန်ကာတချက်ရပ်ရင် ဝေဒနာတခု ပြတ်မှာပါဘဲ၊ အစဉ်သဖြင့် အမြဲအေးနေဒါ မဟုတ်ပါဘူး၊ အမြဲအေးနေတယ်လို့ မမှတ်ကြပါနဲ့ သတိနဲ့ စောင့်ကြည့်ရင် တဝေဒနာ ချုပ်ပြီးမှ တဝေဒနာဖြစ်တယ်ဆိုဒါ မြင်ကြပါလိမ့်မယ် ဒကာ ဒကာမတို့၊

အဝိဇ္ဇာက ပြုလို့သင်္ခါရ ဖြစ်ရတယ် သင်္ခါရက ပြုလို့ ဒုက္ခသစ္စာ ဖြစ်ရတယ် အဝိဇ္ဇာ သင်္ခါရက ပြုပြင် စရာတရား (ပါယ်ရန်) ဒုက္ခသစ္စာက ခန္ဓာငါးပါးလို့ မှတ်ကြပါ ဒကာ ဒကာမတို့ ကမ္မသကတ ဉာဏ်၏တန်ခိုးဖြင့် လူ့နတ်ဗြဟ္မာတို့၏ ချမ်းသာကိုမြင်ဒါပါ ဒီလိုမြင်ဒါနဲ့ အားရတင်းတိမ်မနေကြပါနဲ့ ဒကာဒကာမတို့ ဘဝသာယာရင် ဝဋ်ထဲသာ လည်နေပါလိမ့်မယ် ဘဝသာယာရင် ဘာဖြစ်မလဲ ဦးခင်မောင်

ဝဋ်ထဲလည်ပါမည်ဘုရား

ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်တယ် ဒီအကြောင်းတော့ရှိတယ် ဒီအကျိုးမကောင်းဘူးဆိုရင် ကမ္မသကတ သမ္မာဒိဋ္ဌိဘဲဖြစ်တယ်။

ကမ္မသကတ ဉာဏ်၏ စွမ်းရည် သတ္တိဖြင့် မြင်ကြတဲ့ ကုသိုလ်ကိုလဲ လက်မလွှတ်ကြနဲ့ ရတဲ့အကျိုးတရား တွေကိုလဲ မသာယာကြပါနဲ့ မသာယာမည့်အကြောင်း ဝိပဿနာဉာဏ် ပေါ်အောင်လုပ်ကြပါ ဒကာဒကာမအပေါင်းတို့....

( ရှေ့ကိုဆက်လက်၍ အစေလက ကဿဖ အကြောင်းကို ဟောပါသည် ထပ်မရေးတော့ပါ )

အချိန်စေ့ပါပြီ သာဓု - သာဓု....သာဓု

ဓမ္မသဘင်အစီအစဉ်
၁၃၂၂-ခု တန်ဆောင်မုန်းလဆန်း(၂)ရက်
(၁၇-၁၀-၆၀)နေ့ည ဟောတော်မူချက်။

**သားဆိုးသမီးဆိုး တရားခြောက်ဆယ့်ကိုး**

ပုထုဇဉ်မှာ သာသနာပ ပုထုဇဉ် သာသနာတော်တွင်း ပုထုဇဉ်ရယ်လို့ နှစ်မျိုး နှစ်စား ရှိတယ် သာသနာပ ပုထုဇဉ်များမှာ ကမ္မဿကတ သမ္မာဒိဋ္ဌိကိုသာရတယ် သာသနာတွင်း ပုထုဇဉ်များကတော့ ကမ္မဿကတ သမ္မာဒိဋ္ဌိနဲ့ သစ္စာအနုလောမိက သမ္မာဒိဋ္ဌိပါ နှစ်မျိုးစလုံးကိုရတယ် ကမ္မဿကတ သမ္မာဒိဋ္ဌိသည် အဘဒ္ဒဋ္ဌိဖြစ်နေသဖြင့် သာသနာပ ပုထုဇဉ်တို့မှာ အပါယ်ကို မလွတ်နိုင်ကြပါ၊ သာသနာတွင်း ပုထုဇဉ်များမှာ သစ္စာအနုလောမိက သမ္မာဒိဋ္ဌိကိုရအောင် အားထုတ်ရင် အပါယ်လွတ်နိုင်ပါတယ်။

သာသနာပအချိန်တွင် ထမင်း ရေ့ချောင်းစီးအောင် လှူဒါနဲ့ သာသနာတော်တွင်းမှာ ဆွမ်းတဇွန်းလှူဒါနဲ့ မတူပါဘူး အကြိုး ပေးတဲ့ နေရာတွင် တန်ဘိုးခြင်းမှာ မနိုင်း ယှဉ်လောက်အောင် ကွာခြားလှပါတယ်။

ဒီနေ့အလုပ်စခန်းနဲ့ပါတ်သက်လို့ ဟောပါမယ် တရားနာပရိသာတ်များသည် ကမ္မဿကတဉာဏ်ကတော့လုံလောက်ပါပြီ သစ္စာအနုလောမိကဉာဏ်ကို မရသေးတဲ့ ပုဂ္ဂိုလ်များက ရအောင် အားထုတ်ကြပါ ရပြီးတဲ့ပုဂ္ဂိုလ်များကလဲ အထက်မဂ်ရအောင် ဆက်လက်၍ ကြိုးစားကြပါ "ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ, အနဉ္ဇာဘိသင်္ခါရ" တို့ကိုတော့ သိပြီးသားလို့ ထားပါတော့၊

ခန္ဓာငါးပါးသည် တပြိုင်နက်ဖြစ်တယ် ခန္ဓာဖြစ်ပျက်ထာကိုမြင်ရင် သစ္စာအနုလောမိကဉာဏ်ကို ရပါတယ်၊

ကဲကဲကဲ….ဒီဉာဏ်ကိုရအောင် အစေလက ကဿဖ အကြောင်းတွင် ဒုက္ခ ဖြစ်ပျက်ပုံနှင့် ဒုက္ခရှင်းပုံကိုဆက်ကြစို့ ဦးခင်မောင်။

မနေ့ညကလဲ ဒီနေရာကိုကျဉ်းခဲ့ကြသေးတယ် အရေးကြီးတဲ့အပိုင်းဖြစ်သဖြင့် မှတ်မိအောင် ထပ်ခါထပ်ခါ ဟောနေရဒါပါ၊ ဒကာ ဒကာမတို့ကလဲ မှတ်မိအောင် မှတ်ကြပါ၊

အစေလကကဿဖ၏ ဆဋ္ဌမပုစ္ဆာက "ရှင်ကြီးဂေါတမ" "ဒုက္ခမသိဘူးလားလို့" မေးပါတယ် "ငါသိပါတယ်ကွာလို့" ဘုရားသခင်က ဖြေတော်မူပါတယ် "ရှင်ကြီးဂေါတမ—ဒုက္ခသိရင် ဟောစမ်းပါ ပြောစမ်းပါလို့" အစေလက ကဿဖက လျှောက်ထားပါတယ်၊

ကဲ….ဒုက္ခဆိုတာဘာလဲ မှတ်မိကြရဲ့လား ဒကာ ဒကာမတို့၊

မှတ်မိပါတယ်ဘုရား၊

ခန္ဓာငါးပါးသည် ဒုက္ခသစ္စာပါဘုရား၊

ဘာ့ကြောင့် ဒုက္ခသစ္စာဖြစ်ရဒါလဲ၊

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရပါတယ်ဘုရား၊

သင်္ခါရကြောင့် ဝိညာဉ်-နာမ်ရုပ်-သဠာယတန-ဖဿ, ခန္ဓာငါးပါး ဒုက္ခသစ္စာ ဖြစ်ရတာပါဘုရား၊

"ဒီဒုက္ခသစ္စာ ဒုက္ခချုပ်ငြိမ်းရင် နိဗ္ဗာန်ကို ရောက်ပါတယ် " ဟု အစေလက ကဿပအား ဘုရားသခင်က ဟောတော်မူပါတယ်၊

သင်္ခါရကိုမသိဒါကအဝိဇ္ဇာ အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်ရတယ်၊ သင်္ခါရကြောင့် ဝိညာဉ်-နာမ်ရုပ်-သဠာယတန-ဖဿ, ခန္ဓာငါးပါး ဒုက္ခသစ္စာဖြစ်ရတယ် ယခုတရားနာနေရတါဟာလဲ ဒုက္ခသစ္စာ၏ ဖြစ်ပျက်မှုကို သိအောင် တရားနာရတဲ့အတွက် ဒုက္ခသစ္စာပါတဲ့နော်။

ဒုက္ခသစ္စာ၏ အဓိပ္ပါယ်ကဘာတဲ့လဲ····

ဒု-က, စက်ဆုပ်စရာ၊ ခ-က, အသုံးမကျဒါ၊ သစ္စာ-က, မှန်ဒါ၊ စက်ဆုပ်စရာ အသုံးမကျဒါ အမှန်ပါဘုရား၊

သူ့မှာ ခင်မင် တွယ်တာစရာများ ရှိရဲ့လား ဒကာ ဒကာမတို····

မရှိပါဘုရား၊

ဒုက္ခသစ္စာဟာ ခင်မင် တွယ်တာစရာ မရှိမှန်း သိရင် ဒုက္ခသစ္စာ၏ အကြောင်းကို ရှေ့ဆက်ပြောအုံးမယ်၊

" ဒုက္ခဿ ပီဠနဋ္ဌော၊ ဒုက္ခဿ၊ ဒုက္ခသစ္စာသည်။ ပီဠနဋ္ဌော၊ အမြဲနှိပ်စက်တတ်၏။ "

ဒုက္ခသစ္စာသည် အမြဲ နှိပ်စက်တတ်တယ် ဘာတဲ့လဲ····

ဒုက္ခသစ္စာသည် အမြဲနှိပ်စက်တတ်ပါသည်ဘုရား၊

ဒီဒုက္ခသစ္စာတရားဟာ သူ့ကို ခင်မင်တဲ့ ပုဂ္ဂိုလ်ကိုမှ နှိပ်စက်ထာပါ၊ မခင်မင်တဲ့ပုဂ္ဂိုလ်ကို မနှိပ်စက်ပါဘူး၊ လူတွေက သူ့မှာ ခင်မင်တွယ်တာစရာ မရှိဘဲနဲ့ ခင်မင်တွယ်တာကြတယ် မခင်မင်ဘူးလား ဦးခင်မောင်—

ခင်မင်ပါတယ်ဘုရား၊

အစစအရာရာမှာ ဒုက္ခ၏အလိုကို လိုက်ကြရတယ်၊ ဒုက္ခက ခင်ဗျားတို့အလိုကို လိုက်ကြရဲ့လား—

မလိုက်ပါဘူး၊

အလိုမလိုက်တဲ့အပြင် နှိပ်စက်နေဒါပါဘဲ၊ ဒုက္ခ၏အလိုကို ဒကာဒကာမတို့က လိုက်ရဒါကတော့ ပြောလို့တောင် မကုန်နိုင်ပါဘူးနော်.... ရေခဲရေ သောက်ချင်တယ် ဆိုရင် ရေခဲသေတ္တာထဲကရေကို တိုက်ရ၊ ရေအိုး အဟောင်းထဲက ရေက ပူတယ်ဆိုလို့ ဈေးကိုပြေးပြီး အိုးသစ်ကို ဝယ်ပေးရ၊ ဒါဟာနှိပ်စက်ထာပါဘဲ၊ ထမင်းဆာတယ်ဆို ထမင်းကျွေးရ၊ မုန့်စားခြင်တယ်ဆို မုန့်ကျွေးရ၊ အစားလဲ ကောင်းကောင်းမှ စားခြင်တယ်၊ အဝတ်လဲ ကောင်းကောင်းမှ ဝတ်ခြင်တယ်၊ ဆေးလိပ်တောင် ရိုးရိုးဆေးလိပ်မသောက်ခြင်ဘူး စီးကရက်မှ ဆိုလို့ စီးကရက်ကို ဝယ်ပေးရတယ်၊ ခေါင်းက ဆံပင်ကို ဆီလိမ်းပြီး ဆံထုံး ထုံး၍ ပန်းပန်ပေးရတယ်၊ မျက်နှာကို သနပ်ခါးလိမ်း၍ နှုပ်ခမ်းနီ ပါးအို့နီနဲ့ လက်သဲ ဆိုးဆေး

တောင်ဆိုးကြသေးဘယ်၊ တချို့က လံချီ အင်္ကျီဝတ်တဲ့နေရာမှာ အကောင်းစား နိုင်လွန်တွေမှ ဝတ်ခြင်ကြတယ်၊ ဒီဘဝတော့ ထားပါတော့လေ နောက်ဘဝတွင် ခွေးဖြစ်ရရင် ဘာကိုဝတ်ကြမလဲ၊

" ဒီအချက်ကို စဉ်းစားကြပါ ဒကာ ဒကာမတို့ " အဲဒါတွေဟာ ပိုက်ဆံရှိလို့ဟုမထင်ကြနဲ့ ခန္ဓာကိုယ်ကနှိပ်စက်နေဒါပါ သဘောပေါက်ကြရဲ့လား ရိပ်မိကြပလား ဒီနေရာမှာ သိင်မျက်စိလည်တယ်နော် ငါပိုက်ဆံရှိလို့ဆိုပြီး ဂုဏ်ယူနေတတ်ကြတယ် ဂုဏ်မယူကြပါနဲ့ သတိပြုကြပါ၊

ခန္ဓာကိုယ်ကတော့ ကျွေးရှင် မွေးရှင် ကျွေးဇူးရှင်ရယ်လို့ ငဲ့ညှာမှာမဟုတ်ပါဘူး ငဲ့ရဲ့လား ဒကာ ဒကာမတို့…

မငဲ့ပါဘုရား၊

မငဲ့ပါဘူး နှိပ်စက်မြဲ နှိပ်စက်မှာပါဘဲနော်…. ဒကာ ဒကာမတို့ကသာ မျက်စိမလည်ကြပါနဲ့ မမြင်ဒါကိုမြင်အောင်ကြည့်ကြပါ မမြင်ဒါကအဝိဇ္ဇာ စွဲလမ်း ခင်မင် တွယ်တာဒါက တဏှာဥပါဒါန်, ဥပါဒန်ကြောင့် ကံကိုရအောင်အားထုပ်တော့ ကံကိုရတယ် ကံကိုရတော့ ဒကာဒကာမတို့ရေ… အပါယ်ဇာတိဖြစ်ရလိမ့်မယ် ဘာဇာတိလဲ ဦးခင်မောင်

အပါယ်ဇာတိပါဘုရား

ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးမှာ ဘာများခင်မင်စရာ ရှိသေးသလဲ

မရှိပါဘုရား

မရှိပါဘူး မရှိဒါကို အရှိလုပ်ပြီး ခင်မင်ရင် ဒကာဝရေ အပါယ်ဇာတိ ဖြစ်ရလိမ့်မယ် ခင်မင်စရာ မရှိမှန်း သိလျက်နဲ့ ဒကာ ဒကာမတို့က ဒီခန္ဓာကိုယ်ကြီးကို ခင်မင် တွယ်တာ နေကြမယ်ဆိုရင် ဒကာဒကာမတို့ရေ ကိုက်တတ်တဲ့ ကျားကို ခင်မင်နေဒါနဲ့ မတူပေဘူးလား

တူပါတယ်ဘုရား

ကျားကိုက်ခံ၍ ငိုပွဲမဆင်ခြင်ရင် ကိုက်တတ်တဲ့ကျားကို မခင်မင်ရုံပေါ့ ဒီအပြင် ဘာလုပ်ကြအုံးမှာတုံး ကျားကိုက်ခံ ၍ ငိုပွဲမဆင်ခြင်ရင် မခင်မင်ရုံဘဲရှိတာပေါ့ ဒကာဒကာမတို့

ခင်ဗျားတို့က ဒီခန္ဓာကိုယ်ကြီးကိုဘဲ ခလုပ်မထိ ဆူး မငြိပါစေနဲ့လို့ အိမ်ရာဝင်တွင် ဆုတောင်းကြပြီး "ပိုးမွေး သလို မွေးရပါတယ်ဘုရား"လို့ ပြောကြသေးတယ် မမွေးရ ဘူးလား ဦးခင်မောင်....

မွေးရပါတယ်ဘုရား၊

မမွေးကြနဲ့ မမွေးကြနဲ့ အဲဒါ ခင်ဗျားတို့ကို နှိပ် စက်နေဒါပါနော်.... ရေချိုးခြင်တယ်ဆို ရေချိုးပေးရ၊ ကျဉ်ကြီး ကျဉ်ငယ်စွန့်ခြင်တယ်ဆို လိုက်ပို့ရ၊ အို....မဖြစ်ဘူး လေ ဒါက ကျန်းမာရေးလို့ တောင် ပြောကြသေးတယ် အိပ်နေရင်းလဲ ဒီဘက်စောင်းခြင်တယ်ဆို ဒီဘက်စောင်းပေးရ ဟိုဘက် စောင်းခြင်တယ်ဆို ဟိုဘက် စောင်းပေးရ၊ ဦးခင် မောင်ရေ.... ဒါဘာဖြစ်ထာတုံး

အဲဒါနှိပ်စက်ထာ နှိပ်စက်ထာ….ဝေဒနာက နှိပ်စက်သဖြင့် ဒီဘက်ကကျင်ပါပြီ ဟိုဘက်လှည့်ပါအုံး၊ ဟိုဘက်ကထုံပါပြီ ဒီဘက်လှည့်ပါအုံးလို့ ဝေဒနာက နှိပ်စက်တော့ ရုပ်ကလဲ နှိပ်စက်ထာပါဘဲ….

သဘောပေါက်ကြရဲ့လား ရိပ်မိကြပလား ခန္ဓာငါးပါးဟာ တခုနဲ့တခု အလိုမတူဘူးနော် ရုပ်ကအိပ်ခြင်ရင် စိတ်က မအိပ်ခြင်ဘူး ကစားခြင်တယ် လည်ခြင်တယ်၊ သညာကလဲ ပညာသာမရှိရင် (ဝိပဿနာပညာ)သူ့အပြင်ဗိုလ်မထားပါဘူး အကုန်လုံး လိုက်ကပ်နေဒါပါဘဲ၊ ထိနမိဒ္ဓက အိပ်ခြင်ရင် ခန္ဓာကိုယ်ကြီးက ကျဉ်ကြီး့ကျဉ်ငယ်စွန့်ဘို့ လိုက်အပို့ခိုင်းတယ် အိပ်ရေးဝအောင်မအိပ်ရရင် ရုပ်ကလဲ အိပ်ရေးပျက်တယ်ဆိုပြီး ဖျားပြစ်လိုက်တယ် ခန္ဓာ ငါးပါးဟာ တခုနဲ့ တခု အလို တူရဲ့လား၊

မတူပါဘုရား၊

အလိုမတူ စားကျက်မတူတဲ့ ဒီငါးဦးကို ပေါင်းရဒါဟာ မလွယ်ပါဘူး၊ သားဆိုးကိုထိန်းရဒါထက် ခက်ပါတယ်၊ ခင်ဗျားတို့ဟာ ဘဝဘဝက ခန္ဓာငါးပါးရဲ့ ခန္တိပါရမီရှင်ကြီးတွေမို့ ယခုလို နေ့တိုင်းတဲ့အောင် ပေါင်းနိုင်ဒါလို့ ဆိုရင် ဦးခင်မောင်ရေ…. မှားမယ် မထင်ဘူးနော် သဘောပေါက်ကြရဲ့လား ရိပ်မိကြပသား၊

ခန္ဓာငါးပါး၏ နှိပ်စက်ပုံကို မမြင်ကြရင် တရားနာပရိသတ်များသည်၊ အရှုးတွင်မကဘဲ အံ့အတွေဖြစ်ကြလို့သာ မမြင်ကြဒါဘဲလို့ ဆိုရလိမ့်မယ်၊

အော် .... နိဗ္ဗာန်ကို ဘာဖြစ်လို့ မရကြပါလိမ့် သစ္စာအနုလောမိကဉာဏ်ကို မမြင်ကြလို့ သာနိဗ္ဗာန်ကိုမရကြဘဲ ဘုရားအဆူဆူတွေနဲ့ လွဲခဲ့ကြဒါလို့မှတ်ကြပါ ဒကာ ဒကာမတို့၊

ဦးခင်မောင်တို့ ဒကာ၀တို့ရေ အရေးကြီးတဲ့ အချက်တွေကိုပြောနေပါတယ် ကြိုးစားပြီးမှတ်မိအောင် မှတ်ကြပါ သားဆိုးတွေနဲ့ တူတဲ့ခန္ဓာငါးပါးကို အသေးစိတ်၍ အကျယ်ချဲ့လိုက်ရင် ရုပ်က—၂၈၊ စိတ်က—၈၉၊ စေတသိက်က--၅၂။ ပေါင်းလိုက်ရင် ဘယ်လောက်ရသလဲ....

၁၆၉-ပါ ဘုရား၊

သားဆိုး သမီးဆိုး ၁၆၉ ယောက်ဟာ တယောက်နဲ့ တယောက် အကြိုက်တူ၍ စားကျက်ခြင်းကောတူကြရဲ့လား

မတူပါဘုရား

မတူပါဘူး တယောက်ကအစါစါးခြင်တယ် အစါစါးပြီး ရေသောက်ခြင်တယ်၊ ရေသောက်ပြီး ကျဉ်ကြီး ကျဉ်ငယ် စွန့်ခြင်တယ်ဆိုလို့ အိမ်သာကို (ကုဋိ)လိုက်ပို့ရတယ် အိမ်သာ (ကုဋိ)က ပြန်လာတော့ နားမှ မနားရသေးဘူး ပူအိုက်တယ်ဆိုပြီး ရေချိုးခိုင်းတော့ ရေချိုးပေးရတယ်

အော်.... သားတယောက် အတွက် ဒီလောက်တောင် အလုပ်ကိစ္စတွေများနေရင် သားဆိုးသမီးဆိုး ၁၆၉ ယောက်အတွက်ဆိုရင် ခင်မင်တွယ်တာတဲ့မိခင်တယောက်မှာ ဦးခင်မောင်ရေ—အားသပ်ခွင့် ရနိုင်ပါအုံးမလား

မရပါဘုရား

တယောက်က အိပ်ခြင်တယ် ပြောလို့ အိပ်သိုက်တော့ အိပ်လို့မှ မကြာသေးဘူး ဟော့ကောင် ထအုံးကွ ချီး၊ သေး ရှိခြင်တယ် လိုက်ပို့ပါအုံးလို့ နိုးကြတယ်၊ ထိုနမိဒ္ဓကို အပြန်ကြမှ အိပ်ပါလို့တောင်းပန်ပြီး ချီးသေး လိုက်တယ်ပေးရဘယ် ထိုနမိဒ္ဓကို မတောင်းပန်ရဘူးလား ဒကာပ

**တောင်းပန်ရပါတယ်ဘုရား**

ဒီလိုချည်းတောင်းပန်ပြီး ၁၆၉ ယောက်သော သားဆိုး တွေရဲ့ ဝတ်ကြီးဝတ်ငယ်ကိုပြု၍ သားဆိုးများရဲ့ အနှိပ်စက်ကို ခံနေဒါဟာဘယ်သူလဲ သိကြရဲ့လား ဒီသားဆိုးတွေကို ခင်မင်နေတဲ့ မိခင်တယောက်ထဲပါ ဒိပြင်လူကို မနှိပ်စက် ပါဘူး ဒီလိုနှိပ်စက်လါခဲ့ဒါဟာ ဒီဘဝမှမဟုတ်ပါဘူးနော်— ဘဝတိုင်း ဘဝတိုင်းကလဲဒီလိုချည်းဘဲနှိပ်စက်သါခဲ့ဒါပါဒီသားဆိုးသမီးဆိုး တွေရဲ့ အနှိပ်စက်ကို ခံခဲ့ရဒါဟာ သစ္စာကို မမြင်ကြလို့ပါဘဲ အနှိပ်စက် မခံခြင်ရင် သစ္စာကိုသာ မြင်အောင် ကြည့်ကြပါ၊ သစ္စာကိုတော့မမြင်ကြဘူး နှိပ်စက်နေတဲ့သားဆိုးသမီးဆိုး ၁၆၉ ယောက်ကိုဘဲ သူငယ်နာ ဝမ်းပျက်ကလေးတွေလို့ မြင်ပြီး ပိုဘောင်ချစ်ခင်ကြသေးတယ် ဒကာဒကာမတို့၏အမြင်က တယ်ဆိုးပါသားနော်.... သူငယ်နာဝမ်းပျက်က ဘယ်နှစ်ယောက်လဲ ဦးခင်မောင်

၁၆၉ ယောက်ပါဘုရား

ပြုစုံရတဲ့သူကကော

ခင်မင်တဲ့ မိခင်တယောက်ထဲပါဘုရား

ပြုစုတဲ့မိခင်က တယောက်ထဲဆိုတော့ သားတယောက်က ရေတောင်းလို့ ရေခပ်းရ နောက်တယောက်ကလဲ သူငယ်နာဝမ်းပျက်မို့ ခံတွင်းပျက်တယ်ဆိုပြီး မြင်မြင်တကာစားချင်၍ အစာတောင်းလို့ အစာကျွေးရ၊ နောက်တယောက်ကို ဆေးတိုက်ရ၊ အနှိုးလျှော်ရ၊ သူငယ်နာဝမ်းပျက် ကလေးတွေက ၁၆–ယောက်ဆိုတော့ အနှီးတွေတောင် ချောက်မယ်မသင်ဘူးနော်၊

သူငယ်နာဝမ်းပျက် ကလေးတွေကို ပြုစုနေရတဲ့အတွက် မိခင်ဖြစ်သူမှာ "အိပ်ကောင်းချင်းလဲမအိပ်ရ၊ စားကောင်းချင်းလဲ မစားရ၊ ဝတ်ကောင်းချင်းလဲ မဝတ်ရ" အဲဒါကို မြင်အောင်ကြည့်ရလိမ့်မယ် ဦးခင်မောင်ရေ....

နှိပ်စက်ထာကိုမြင်မှ နိဗ္ဗာန်ရောက်မှာပါ နိဗ္ဗာန်ရောက်မှ ဒီဒုက္ခတွေငြိမ်းမှာပါနော်....ဘဲနဲ့လဲ သဘောပေါက်ကြပလား ဒကာဒကာမတို့၊ သဘောမပေါက်လို့ မဖြစ်ဘူးနော်....တချို့က ထိုင်တဲ့နေရာမှာတောင် စပရိန်ကလေးနဲ့မှ ထိုင်ခြင်တယ်ဆိုလို့၊ စပရိန်ပါတဲ့ ဖင်ထိုင်ခုံကို ဝယ်ပေးရတယ်၊ ဒါလဲ ပိုက်ဆံရှိလို့မဟုတ်ပါဘူး၊ ခန္ဓာကိုယ်က နှိပ်စက်ထာပါဘဲ၊ နှိပ်စက်တဲ့ခန္ဓာချုပ်မှ သစ္စာလေးပါးကို မြင်မှာပါ၊ သစ္စာလေးပါးမြင်မှ အပါယ်မရောက်မှာ နော်....ဘာမြင်မှ အပါယ်လွတ်မှာလဲ ဒကာဝ—

သစ္စာလေးပါးမြင်မှ အပါယ်လွတ်မှာပါဘုရား၊

နှိပ်စက်ထားကို မမြင်အောင် အဝိဇ္ဇာက ဖုံးလွှမ်းထား တာ နှိပ်စက်ထားမမြင်တော့ သူ့ဝတ်ကိုပြုကြဒါပေါ့ ဝတ် ပြုတော့ကံကိုရတယ် ကံကိုရရင် ဒကာ ဒကမတို့ရေ ...အပါယ် ကိုရောက်အုံးမှာဘဲ။

အပါယ်ဘုံသည် "သစ္စာလေးပါးကို မသိသူတို့၏အိမ်" လို့ အဋ္ဌကထာဆရာက ဆိုထားပါတယ်၊

အပါယ်ဘုံသည် ဘာတဲ့လဲ ဒကာ ဒကမတို့....

သစ္စာလေးပါးကို မသိသူတို့၏ အိမ်ပါတဲ့ဘုရား၊

ဒီအိမ်ကို မပြန်ခြင်ရင် ဒီဉာဏ်ကို ရအောင်လုပ်ကြပါ ဒီဉာဏ်ကိုမရရင်ဖြင့် ဒီအိမ်ကိုဘဲ ပြန်ရအုံးမှာပါဘဲ အိမ်ကို မပြန်ခြင်ရင် ဒီဉာဏ်ကို ရအောင် အားထုပ်ကြပေါ့ အား ထုပ်မယ်ဆိုရင် ယခုတရားနာရင်းလဲ ဒီဉာဏ်ကိုရနိုင်ပါတယ်၊ အိမ်ကို ပြန်ခြင်ကြပလား.... ပြုံးပြုံး တုံးတုံး လုပ်မနေ ကြပါနဲ့၊

(ဤနေရာတွင် တရားနာပရိသတ်အချို့က ပြုံးနေ ကြပါသည်)

ပြုံးနေစရာမဟုတ်ပါဘူး ကဲကဲကဲ .. ဆိုဆိုဆို၊

ဒီဉာဏ်သို မရရင် ဒီအိမ်ကို မပြန်ပါ ဘုရား.... ၃။

မှတ်မိအောင်မှတ်ကြပါ မှတ်မိကြပလား....

ဒီဥာဏ်ကိုမရရင် ငရဲရောက်အုံးမှာဘဲ ငရဲရောက်ရင် ကျွတ်ဘို့ရာ အင်မတန်ခဲရင်းပါတယ်၊ ငရဲမှာသွားပြီး ဘယ်ဘုရားမှ တရားဟောတယ်လို့မရှိခဲ့ပါဘူး၊ တရားဟောလို့လဲ မဖြစ်ပါဘူး ဘုရားပွင့်တဲ့အချိန်နဲ့ ငရဲပြည် ရှင်မောဂ္ဂလန် အလည်သွားတဲ့အချိန်ကလေးမှာဘဲ ခေတ္တငရဲမီး ငြိမ်းခဲ့တယ်၊

ဒကာ ဒကာမတို့ကသာ ခန္ဓာကိုယ်ကြီးကို ချစ်ခင်လို့ ပေါင်းနေကြတယ်၊ သူကတော့ပြန်ပြီး ချစ်ခင်ရဲ့လား.....

မချစ်ခင်ပါဘုရား၊

မချစ်ခင်ပါဘူး မချစ်ခင်တဲ့သူကို ချစ်ခင်ပြီး ပေါင်းနေကြရင် ဆိုးတဲ့လင်ကို ချစ်ခင် ပေါင်းသင်း နေကြတာနဲ့ မတူပေဘူးလား.....

ဆိုးတဲ့လင်ကို ချစ်ခင်ပေါင်းသင်းနေတဲ့ သူများမှာ သူ့ပစ္စည်း သူ့ဥစ္စာလဲမပါဘဲနဲ့ အရက်သောက်၍ အိမ်ပြန် လာပြီး မိန်းမကိုထုလိုက် ရိုက်လိုက်နဲ့ အမြဲနှိပ်စက် ကြိမ်း မောင်းနေဒါဘဲ၊ ဒါလဲလင်ကိုမခွဲနိုင်ပါဘူး ထမင်းတောင်း ဟင်းကောင်းကလေးနဲ့တောင် ချက်ပြုတ်၍ကျွေးရသေးတယ် ယောကျ်ားက ကွာဘို့ပြောထားတောင် မခွဲနိုင်သို့မကွာနိုင် ပါဘူး၊ ဘယ်ခွဲနိုင်ပမလဲလေ..... မျက်နှာ မများခြင်းပါဘူး ဆိုပြီး စွဲလမ်းနေဒါကို ဒီခန္ဓာကိုယ်ကြီးမှာ စွဲလမ်းစရာများ ရှိကြရဲ့လား ဒကာဒကာမတို့

မရှိပါဘုရား၊

မရှိရင် မစွဲလမ်းကြ ပါနဲ့တော့ ခန္ဓာ ကိုယ်ကြီးကို စွဲလမ်းနေကြရင် အနေဆိုး၍ သေခြင်းဆိုးကြမှာပါဘဲနော် သေခြင်းဆိုးနဲ့ သေရင် ဒီလူ့အတွက် ပရိတ်လဲ မရွတ်နဲ့ ဆွမ်းလဲမကျွေးနဲ့တော့၊ ဆွမ်းကျွေး ပရိတ်ရွတ်နေလဲ ပိုနေဒါပါဘဲ ငရဲရောက်မှာ သေချာတယ် ငရဲမရောက် ခြင်ရင် နိုပ်စက်ထာကို မြင်အောင် ကြည့်ကြပါ၊

နိုပ်စက်လို့ ဖြစ်ပျက်ထာကို မြင်ရင် ကိစ္စဉာဏ် ရောက်ပါလိမ့်မယ်၊ ကိစ္စဉာဏ်ရောက်မှ မဂ္ဂင်ဉာဏ် ပေါက်၍ နိဗ္ဗာန်ရောက်ပါမယ်၊ ခန္ဓာကိုယ်ကနိုပ်စက်၍ ဖြစ်ပျက်ထာကိုမမြင်ရင် ကိစ္စဉာဏ်မရောက်သဖြင့် မဂ္ဂင်ဉာဏ်မပေါက်ဘဲ ခုနကပြော ခဲ့တဲ့ ဒုက္ခ တွ ပြန်ရောက် အုံးမှာပါဘဲ ဒကာ ဒကာမတို့ အချိန် စေ့ပါပြီ နောက်နေ့မှ ဆက်ကြစို့….

သာဓု—သာဓု….သာဓု။

## ဓမ္မသဘင်အစီအစဉ်

၁၃၂၂-ခု တန်ဆောင်မုန်း(၃)ရက်
(၁၀-၃-၆၁)နေ့ည ဟောတော်မူချက်။

## ကိစ္စဉာဏ်ကိုရအောင်ဟောပုံ

မနေ့ညက ကိစ္စဉာဏ်နဲ့ ပါတ်သက်၍ဟောခဲ့ပြီး ဖြစ်သဖြင့် ယနေ့ညကိစ္စဉာဏ် မရ ရအောင် ဟောရပါလိမ့်မယ် ဒကာ ဒကာမများကလဲ မရ ရအောင် ကြိုးစား၍ မှတ်ကြပါ အားထုတ်ကြပါ ဒကာ ဒကာမတို့၊

ဒုက္ခသစ္စာကို မြင်ရင် ပုဂ္ဂိုလ်သတ္တဝါလို့ မထင်တော့ပါဘူး ပုဂ္ဂိုလ် သတ္တဝါမထင်ရင် ဒိဋ္ဌိပြုတ်ပါတယ်၊ ဒိဋ္ဌိပြုတ်ရင် အပါယ်လေးပါးမှ ကင်းပါပြီ သစ္စာလေးပါးကို မသိတာက အဝိဇ္ဇာ၊ အဝိဇ္ဇာရှိလို့ သစ္စာလေးပါးကို မသိတဲ့ သူများဟာ ဘာနဲ့တူသလဲဆိုရင် မျက်စိကန်း လမ်းသွားတာနဲ့ တူပါတယ်၊ မျက်စိကန်းတဲ့ သူများဟာ တောင်ရောက် မြောက်ရောက် ချောက်ရောက် ကျင်းရောက် သွားမိသွားရာကို သွားကြတယ်၊

သစ္စာလေးပါးကိုမသိရင် "ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနဉ္စာဘိသင်္ခါရ" လို့ ဆိုတဲ့အတိုင်း ရောက်လိုရာ သွားလိုဘဲ့ဘုံကိုရောက်မယ်၊ ဒီဘုံတွေ ရောက် တော့ကော ခန္ဓာငါးပါး ဒုက္ခသစ္စာ လွတ်ကြရဲ့လား မလွတ်ကြ ပါဘူး နော်...အဲဒီလက ကသဿပအကြောင်းကိုဆက်ကြစို့၊

အစေလက ကဿပ၏ ပဌမပုစ္ဆာက ဒုက္ခမိမိပြုတာလားဆိုတာ ဖြေကြစမ်းပါအုံး —

မိမိပြုတာ မဟုတ်ပါဘုရား၊

အဝိဇ္ဇာ သင်္ခါရကြောင့် ဝိညာဉ်သဠာယတန၊ ဖဿ၊ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဖြစ်ရတာပါဘုရား၊

ကိုယ်ပြုလို့ မဟုတ်ဘူးနော်···· အကြောင်း ကြောင့် အကျိုးဖြစ်ရတာပါ ဒီအထဲ ငါပါသလား····

မပါပါဘုရား၊

ငါမပါရင် သဿတဒိဋ္ဌိစဉ်ပါပြီ၊

ရူပက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ လို့ ပေါင်းလိုက်ရင် ခန္ဓာငါးပါး ဖြစ်ပါတယ်၊ (အရင့် အရင်နေ့များက အကျယ်ကို ရှင်းခဲ့ပြီး ဖြစ်သဖြင့် အကျယ်ကို မရှင်းတော့ပါ၊)

ဒုတိယပုစ္ဆာက၊ ဒုက္ခသူတပါး ပြုတာလားတဲ့····

မဟုတ်ပါဘုရား၊

ပြုသူတခြား၊ ခံရသူတခြားဆိုရင် ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ် မဟုတ်မှန်းသိရင် ဥစ္ဆေဒဒိဋ္ဌိစဉ်ပါပြီ၊ အင်္ဂုတ္တရ ပါဠိတော်မှာ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်သောပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာကို ပယ်သည်ဟု ဟောပါတယ်၊

တတိယပုစ္ဆာက၊ ဒုက္ခမိမိ, သူတပါး နှစ်ဦးသား ပြုတာလားတဲ့····

မဟုတ်ပါဘုရား၊

မဟုတ်မှန်းသိရင် သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိစဉ်ပါပြီ၊

စတုတ္ထပုစ္ဆာက ဒုက္ခအလိုလို ဖြစ်ထားသလားတဲ့....
မဟုတ်ပါဘုရား၊
မဟုတ်မှန်းသိရင် အဖြေတုက ဒိဋ္ဌိစဉ်ပါပြီ၊

ပဥ္စမပုစ္ဆာက ဒုက္ခမရှိဘူးလားတဲ့....
ရှိပါတယ်ဘုရား၊
ဒုက္ခရှိမှန်းသိရင် ဒုက္ခကို မြင်အောင် ကြည့်ရလိမ့်မယ်လို့ မှတ်လိုက်ကြပါ ဘာတဲ့လဲ....
ဒုက္ခကို မြင်အောင်ကြည့်ပါတဲ့ဘုရား၊
"ဝိပဿနာအလုပ်တခုလုံး၏အချုပ်မှာ ဒီအလုပ်ပါဘဲ" မှတ်မိအောင် မှတ်ကြပါ ဒကာ ဒကမတို့။

ဆဋ္ဌမပုစ္ဆာက ဒုက္ခမသိဘူးလားတဲ့....
သိပါတယ်ဘုရား၊
ဒုက္ခကိုသိရင် ဒကာ ဒကမတို့ အပါယ် လွတ်ပါပြီ၊ ပါးစပ်က သိပါတယ်ဘုရားလို့ ပြောရုံလေးနဲ့တော့ အပါယ် မလွတ်သေးပါဘူးနော်... တကယ့်ကိုသိမှ မြင်မှ အပါယ် လွတ်မှာဘာလို့ ထင်ဆင့်၍ မှတ်လိုက်ကြပါအုံး၊

ကိုင်းဒါဖြင့်အပါယ်လွတ်မလွတ် ကိုယ့်ကိုယ်ကိုသိရအောင် ကိစ္စဉာဏ် တက်ပေးလိုက်မယ် နိုပ်စက်ထားမြင်မှ ကိစ္စဉာဏ် မြင်မယ် ကိစ္စဉာဏ်မြင်မှ မဂ်ဉာဏ်ရောက်၍ နိဗ္ဗာန်သို့ ရောက်သဖြင့် အပါယ်လွတ်မယ် ပါးစပ်ပြောနဲ့တော့ အပါယ် မလွတ်ဘူးဆိုတာ သဘောပေါက်ကြပါ၊ အပါယ်လွတ်အောင် ကျိုးစားကြပါ အားထုပ်ကြပါလို့ ဆရာဘုန်းကြီးက တိုက်တွန်းပါတယ်။

ခန္ဓာငါးပါးကို အကျဉ်း ခြုံးလိုက်ရင် ရုပ်နဲ့ နာမ်ဘဲ ရှိပါတယ် ရုပ်နာမ်ကို မြင်မှ သစ္စာ လေးပါး မြင်မှာဘာ ဦးခင်မောင်ရေ.... ဒုက္ခသစ္စာဆိုတာ ဘာပါလိမ့်

ရုပ်နာမ်ပါဘုရား

ရုပ်နာမ် မမြင်၍ ဒုက္ခသစ္စာ မသိခဲ့ရင် ခေါင်းနဲ့ ကိုယ် အိုးစား ကွဲကြရလိမ့်မယ်၊ ဒကာဒကာမတို့ ဒါကြောင့်မို့ ဂရု စိုက်ပြီး ကျိုးစား၍ မှတ်မိအောင် မှတ်ကြပါ။

ရုပ်နာမ်သည် အကန်း-အကျိုးနဲ့တူပါတယ် ရုပ်တရား သည် ခြေလက်တော့ ပါဘာ၏၊ သို့သော် မျက်စိနဲ့တူသော နာမ်တရား မပါတဲ့အတွက်ကြောင့် လမ်းမသွား နိုင်ပါ၊ ဒါကြောင့် ရုပ်တရားသည် အကန်းနဲ့တူပါတယ် ရုပ်တရား သည် အကန်းနဲ့တူတယ်ဆိုဒါ သဘောပေါက်ကြပလား....

နာမ်တရားသည် မျက်စိတော့ ပါဘာ၏ သို့သော် ခြေလက်နဲ့တူသော ရုပ်တရား မပါတဲ့အတွက်ကြောင့် လမ်း မသွားနိုင်ပါ ဒါကြောင့် နာမ်တရားသည် အကျိုးနဲ့တူ ပါတယ် နာမ်တရားသည် အကျိုးနဲ့တူတယ် ဆိုဒါကော သဘော ပေါက်ကြပလား....

ဒကာ ဒကမဘို့၏ခန္ဓာကိုယ်ဘွင် ဘာများရှိပါလိမ့်။

အကန်းနဲ့ အကျိုးရှိပါတယ်ဘုရား၊

မိမိတို့၏ ခန္ဓာကိုယ်တွင် အကန်းနဲ့ အကျိုးမှအပ ဘာများရှိပါသလဲ....

မရှိပါဘုရား၊

အကန်းနဲ့ အကျိုးမှအပ မရှိမှန်းသိပါလျက်နဲ့ ဒီခန္ဓာကိုယ်ကြီးကို ခင်မင်တွယ်တာနေကြရင် အမယ်လေး.... ကိုယ်ကျိုးနဲ့ ရချည်ရဲ့ ဒကာ ဒကာမတို့၊

ဒီခန္ဓာကိုယ်ကြီးကို ဆက်လက် ခင်တွယ် နေကြမယ်ဆိုရင် အကန်းနဲ့အကျိုးသည် အမွှာပူး မွေးထားတဲ့ ခင်ဗျားတို့၏ သားနှစ်ယောက်နဲ့ မတူပေဘူးလား—

တူပါတယ်ဘုရား၊

ခင်ဗျားဘို့၏သားကြီးဖြစ်တဲ့ နာမ်တရား ကျိုးကလဲ ဝမ်းတွင်းကတည်းက ဝမ်းတွင်းရူး ရောဂါ ပါလာတယ်၊ သားငယ်ဖြစ်တဲ့ ရုပ်တရားကန်းကလဲ ဝမ်းတွင်းကတည်းက သူငယ်နာဝမ်းပျက် ပါလာတယ်၊ သူငယ်နာဝမ်းပျက် ကန်းနှင့် ဝမ်းတွင်းရူး ကျိုးတို့သည် သူတို့ကိုခင်တဲ့ ပုဂ္ဂိုလ်ကို ဉာတာမဖက် အမြဲနှိပ်စက်ပါတယ် ဉာတာမဖက် အမြဲနှိပ်စက်နေတာကို မမြင်ကြသဖြင့် ကန်းနှင့် ကျိုးအတွက် နတ်ပြဟ္မာဖြစ်တောင် ကောင်းနိုးနိုးထင်ပြီးဆုတောင်းကြတယ် မဆင်ကြပါနဲ့ နတ်ပြဟ္မာဖြစ်လဲ ဒီကန်းနှင့် ကျိုးကတော့ ခင်တဲ့ပုဂ္ဂိုလ် ဉာတာမဖက်အမြဲနှိပ်စက်အုံးမှာဘဲလို့မြင်ကြပါ ဒကာ ဒကာမတို့၊

နှိပ်စက်ထာကိုမကြည့်ရင် သူခင်ပါလိမ့်မယ်၊ နှိပ်စက်ထာသိရင် မလိုခြင်တဲ့ဉာဏ်ဟာ မဂ်ဉာဏ်ပါဘဲ၊

သူငယ်နာ ဝမ်းပျက်, ကန်းကလဲ အိမ်သာချည်း ခဏခဏအသွားခိုင်းနေဒါဘဲ ဒါဟာ "ကန်းက နှိပ်စက်ထာလို့မှတ်ပါ' ဝမ်းတွင်းရူး ကျိုးကလဲ ဒီဘာမကြိုက် ဟို

ဟာမှာကြိုက်တယ် အချိုးချိုး အဖုံဖုံ ဝမ်းတွင်းရှုးပီပီ အာရုံကို မျိုးစုံအောင် အရှာခိုင်း၍ ခင်တဲ့ပုဂ္ဂိုလ်ကို ညာတာမဖက် အမြဲနှိပ်စက်တယ် အရှာခိုင်း၍ မနှိပ်စက်ပေဘူးလား,

နှိပ်စက်ပါတယ်ဘုရား၊

သဟဇာတဖြစ်သဖြင့်ခွဲ၍မရဘဲ ကေန်းနဲ့ ကျိုးကိုအမွှာပူး မေ့မိဘဲ့ဒီအမေသည် သါးနှစ်ယောက်ကိုထိန်းလို့မနိုင်ဘဲနိုင်စက် ထာကိုမမြင်သဖြင့် ကေန်း ကျိုးတွေကိုသာ မွေးပါရစေလို့ ဝတ်ပြု၍ဆုတောင်းကြတယ် ဒါဘာ့ကြောင့်လဲ သစ္စာလေးပါး ကို မသိကြလို့ပေါ့ မြတ်စွာဘုရားသခင်လဲ မသိခင်က သူတို့၏ အနှိပ်စက်ကို ခံခဲ့ရပါတယ် နောက်ဆုံး ပရိနိဗ္ဗာန် ဝင်ခါနီးမှာ တောင်ဝက်ကျိုသားစား၍ ကုဋ္ဌိအိမ်ကို ခဏခဏအသွားခိုင်း ၍ နှိပ်စက်ကြတယ် သဥပါဒိသေသ နိဗ္ဗာန်သည် ခန္ဓာကိုယ် ရှိနေသေးသဖြင့် သူတို့၏အနှိပ်စက်ကို မလွတ်နိုင်သေးပါ။

ကေန်း,သူငယ်နာဝမ်းပျက်နဲ့ ကျိုး,ဝမ်းတွင်းရှုးတို့ ၏ ညာတာမဘာက် အမြဲနှိပ်စက်မှုကို ခံနေရပါလျှက် နောက် ထပ် ခင်ပွန်းထီး ခင်ပွန်းမ များရှာ၍ ကျိုး ကေန်းတွေကို အမွေးခိုင်းကြသေးတယ် ဦးခင်မောင်.... ဒါဘာဖြစ်ထာလဲ

ရှုးတာပါဘုရား

ခင်ဗျားလဲ မရှုးခဲ့ဘူးလား

ရှုးခဲ့ပါတယ်ဘုရား ယခုတော့ သိပါပြီဘုရား

သားနှင်ယောက်ကနှိပ်စက်လို့လဲသေလှုပြီ ဒါလဲနောက် ထပ် အမွေးခိုင်းကြသေးတယ် သာမညရှုးလို့တော့ မဟုတ် ဘူးနော်.... တော်တော့်ကိုရှုးကြလို့ ကျွန်သဘောက်ဆုံကို

တောင်းကြဒါတဲ့၊ မင်္ဂလာဆို၍ သပြေပန်းတောင် ထိုးကြသေး တယ် သပြေပန်းလန်းတုံးတော့ ထားပါတော့လေ သပြေပန်း ညှိုး၍ ချောက်ဘာခဘောင် မင်္ဂလာလို့ ထင်ကြသေးတယ်.... အမယ်လေး — ဒကာဒကာမတို့၏အမြင်က ဆိုးလှချည့်လား....

ညှာတာမဖက် အမြဲနှိပ်စက်နေတဲ့ သားနှစ်ယောက်ကို နေ့ဒက်များ ရချင်ကြသေးလား မရခြင်ကြပါနဲ့တော့ ယခု တရားနာရ ဒါဟာလဲ သူတို့၏ဝဋ်ကြောင့်ပါဘဲ နှိပ်စက်ထာကို မြင်ရင် ဝဋ်သုံးပါး ( ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် ) လုံး လွတ်ပါမယ် ထွက်ရပ်လမ်း လုပ်ခွင့်ရတုံးကို လုပ်ကြပါ၊ နောင်ဆိုရင် ဒီသားနှစ်ယောက်က ထွက်ရပ်လမ်းကို ပိတ်ကြ ပါလိမ့်မယ်။

ငကန်းနဲ့ ငကြိုးဘို့သည်၊ ခင်တဲ့ ပုဂ္ဂိုလ်ညှာတာ မဖက် အမြဲနှိပ်စက်သာတာကတော့ ဘဝများစွာ မရေတွက် နိုင်ပါဘူး အိပ်ခြင်လို့ အိပ်လိုက်ရင် သွားစရာကိစ္စ မသွားဘူး လားလို့ နာမ်ကခိုင်းတော့ ရုပ်ကသွားရပြန်တယ် ပြန်လာလို့ အိမ်ရောက်တော့လဲ ဟော့ကောင်မအိပ်နဲ့ မင့်ပစ္စည်းတွေ လူခိုး ကုန်လိမ့်မယ်လို့ သတိခဏခဏ ပေးနေပြန်သဖြင့် အိပ်ရေး ဝ အောင်လဲမအိပ်ရပါဘူး ဒီဝဋ်တွေကိုကြောက်ကြပါ မကြောက် ကြလို့သာ ဘုရားအဆူဆူတွေနဲ့ လွတ်ခဲ့ရတယ် ဒီဝဋ်တွေကို မြင် လာရင် ကိစ္စညာဏ်ကိုရပါပြီ ဒီဝဋ်တွေကိုမမြင်ကြလို့ တချို့က “ ကိုယ့်အရိုး ကိုယ်ချီနိုင်တဲ့အချိန်တွင် သေပရစေလို့ ” ခွေးဆုကို တောင်းကြတယ်၊ ခွေးဆုကို တောင်းတယ်ဆိုတော့

ရှိင်းပါတယ်လေ.... မတောင်းကောင်းတဲ့ဆုကို ဆုတောင်းပြည့်ဘုရားများ ရှာကြအုံးမှာလား ဒကာဒကာမတို့။

ဒီခန္ဓာကိစ္စဉာဏ်ကို မရ,ရအောင်ပြောရလိမ့်မယ် ဒကာဒကာမတို့ကလဲ မရ,ရအောင်ကျိုးစားကြပါ ဒီခန္ဓဝဋ်ကိုသည်ပိုးရဒါဟါ မြင်းမိုရ်တောင်ကြီးထက်လေးလှပါတယ်လို့ရှင်သါရိပုတ္တရာက ငြိးတော်မူပါတယ် မြင်းမိုရ်တောင်သည် နေ့နှစ်စင်းသုံးစင်းလောက် ထွက်ရင် အရည်ပျော်ပါတယ် ဒီခန္ဓဝဋ်ကတော့ အရည်မပျော်ပါဘူး ပြဟ္မပြည်မှာ တက်နေရပါတယ်ဒါ့ကြောင့်မို့ မြင်းမိုရ်တောင်ထက် လေးဒါပါလို့ မှတ်ရလိမ့်မယ် ခန္ဓဝဋ်ကို မြင်ရင် ကိစ္စဉာဏ်ကို ရပါမယ် ကိစ္စဉာဏ်ရရင်ကတဉာဏ်ကို အလိုလိုရပါတယ်

"ဝိပရိဏာမလက္ခဏံ ဒုက္ခသစ္စံ, ဒုက္ခသစ္စံ—ဒုက္ခသစ္စာသည် ဝိပရိဏာမလက္ခဏံ ဖေါက်ပြန်တတ်သည့် လက္ခဏာရှိ၏ဒုက္ခသ ပိဠနဋ္ဌော ဒုက္ခသ ဒုက္ခသစ္စာသည် ပိဠနဋ္ဌော ခင့်တဲ့သူကို အမြဲနှိပ်စက်တတ်၏ ခန္ဓာကိုယ်၏ ဖြစ်ပျက်မှု တို့ကိုဖေါက်ပြန်၍ နှိပ်စက်ပြန်ပြီလို့ မှတ်ကြပါ ဘာတဲ့လဲ

ဖေါက်ပြန်၍ နှိပ်စက်ပြန်ပြီပါ ဘုရား

ဖြစ်ပျက်သမျှ-သင်္ခါရ-ဒုက္ခသစ္စာမှတ်
သင်္ခါရတွင်-ငါကောင်ထင်-ခင်မင်သမုဒယမှတ်

ဒီလင်္ကာနှစ်ပုဒ်ကို ရအောင် ကျက်သားကြပါ ဒကာဒကာမတို့ ရှေ့ပုစ္ဆာက ရှုစရာ နောက်ပုစ္ဆာက ပါယ်စရာဖြစ်ပါတယ် ကဲအချိန်စေ့ပါပြီ နောက်နေ့မှ ဆက်ကြစို့

သာဓု....သာဓု....သာဓု

ဓမ္မသဘင်အစီအစဉ်

၁၃၂၂-ခု တန်ဆောင်မုန်းလဆန်း(၄)ရက်
(၁၉-၁၀-၆၀)နေ့ည ဟောတော်မူချက်။

## သစ္စာလေးပါး တက်ပေးပုံနှင့်မဂ်ရပုံ

မနေ့ညက **ကိစ္စဉာဏ်ကို** ဟောခဲ့ပါပြီ ယနေ့ည သစ္စာလေးပါးကို တက်ပေးပါမယ်၊ ရုပ်နာမ် နှစ်ပါးတို့၏ ချုပ်ငြိမ်းမှု ဖြစ်ပျက်မှုတို့ကို သစ္စာဖြင့် သိအောင်လုပ်ကြပါ သစ္စာဖြင့် သိမှ သာလျှင် ဖြစ်ပျက်မှုကိုမြင်ပြီးရုပ်နာမ်ချုပ်၍ နိဗ္ဗာန်ကိုရမှာပါ

**သစ္စာလေးပါးကိုမသိဘဲနဲ့ နိဗ္ဗာန်ကိုရတယ်လို့ပြောရင်** မယုံကြပါနဲ့ သစ္စာမသိဘဲနဲ့ နိဗ္ဗာန်ကို ရတယ်ဟု ပြောရင် တိုင်မထူဘဲနှင့်ကောင်းကင်ကိုတက်ပြီး ဒိုင်းတွေ မျှားတွေတင်၍ အမိုးတွေမိုးခဲ့တယ်လို့ ပြောဒါနဲ့အတူတူပါဘဲ၊ သစ္စာမသိရင် မိုးပေါ်ကိုမြှောက်တဲ့ဒုတ်လို ဒေါင်လိုက်ကျမယ် ပြားလိုက် ကျမယ်ဆိုဒါ မသိရပါဘူး၊ နွေဦးပေါက်အချိန်တွင် မကျည်းရွက်များကို လှုပ်ချလိုက်ရင် အောက်သို့ ကျခြင်သလို ကျပါတယ်၊ မကျည်းပင် အောက်မှာ ချောင်းရှိ ချောင်းထဲကျ မြောင်းရှိ မြောင်းထဲကျ တွင်းရှိတွင်းထဲကျ အမှိုက်ပုံရှိအမှိုက်ပုံတချို့ မြေကြီးပေါ်တချို့ ကျခြင်သလိုကျကြပါတယ် တိုတိုပြောရရင် မကျည်းရွက်တွေဟာ ဘရန်းဘတာ ဘေးသင့်တာပါဘဲ ဒကာ ဒကမတို့မှါလဲ သစ္စာကိုမသိရင် သေတဲ့ အခါမှါ မကျည်းရွက် တွေလို ဘရန်းဘတာ ဘေးသင့်၍ ကျခြင်ရာကျ ရောက်ခြင်ရာ ရောက်ကြလိမ့်မယ် ဆိုဒါတော့ ဆရာဘုန်းကြီးက သတိပေးနေပါတယ်၊

သစ္စာလေးပါးရရန် ဆရာဘုန်းကြီး အနေနဲ့ကတော့ နားချည် တပ်းပေးရုံပါဘဲ သစ္စာအကြောင်းကို သိဘို့ကတော့ ဒကာဒကာမတို့ဆီမှာပါ အပြောက ဘုန်းကြီးတာဝန်ပါ သစ္စာ ရအောင်အားထုပ်ဘို့ကတော့ ဒကာဒကာမတို့၏ တာဝန်ပါ။

အော်.... ဒီလိုဒုက္ခတွေကို တွေ့ရဒါက ဘာဖြစ်သို့လဲ ဆိုရင် ရုပ်နာမ်နှစ်ပါးတို့၏ နိုပ်စက်ထာကို မမြင်ကြလို့ပါဘဲ၊ ခွေးဖြစ်ရဘည်၊ မိဖုရားကြီးမှာ နောက်ချီးပိုး ဖြစ်ရတယ်၊ ဦးတိဿကြီးတို့များ သန်းဖြစ်ရတယ် ဆိုတာတွေဟာ ဘာဖြစ် လို့ပါလိမ့် အော် ... သစ္စာမသိကြလို့ ဘချန်းဘတာ ဘေး ဘွေ သင့်ကြဒါပါဘဲနော်....၊

ဒကာဒကာမတို့ရေ.... သစ္စာကို မသိကြရင်ဖြင့် အခု ပြုံးသလောက် နောင်မှဲ့ရမည့် ကိစ္စတွေလာလိမ့်မယ်လို့ မှတ် ကြပါ သစ္စာသိရင်ဖြင့် တောက်လျှောက် ပြုံးရ ပါလိမ့်မယ်၊ ရုပ်နာမ် နှိပ်စက်ထာသိမှ သစ္စာမြင် သစ္စာမြင်မှ နိဗ္ဗာန်ရ ပါမယ်။

သစ္စာသိခြင်ရင် အဝိဇ္ဇာကို ဝိဇ္ဇာပြင်ရလိမ့်မယ် အဝိဇ္ဇာ ကို ဝိဇ္ဇာပြင်ဘို့ကတော့ ရူပက္ခန္ဓာ ဝေဒနက္ခန္ဓာ သညက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဒီခန္ဓာငါးပါးကိုပေါင်းလိုက်တော့ ရုပ်နဲ့နာမ် ဒီရုပ်နာမ်အကြောင်းကိုသိဘို့ပါဘဲရုပ်နာမ်အကြောင်း ကို မသိတော့ ဝတ်ပြု ဝတ်ပြုတော့ရတယ်။

နာမ်ကအကျိုး, ဝမ်းတွင်းရှူး၊ ရုပ်ကအကန်း, သူငယ်နာ ဝမ်းပျက်လို့ မနေ့ညကလဲ ဟောခဲ့ပါပြီ နာမ်တရားက မျက်စိ တော့ပါဘား၏ ဒါပေမဲ့ ဝမ်းတွင်းရှူးရောဂါ ပါလာ သဖြင့် ထင်မိထင်ရာ မြင်မိမြင်ရာတွေကို စွဲလမ်းပြီး လိုက်အပြုနိုင်းတော့ ဒါပါဘဲ ခင်ဗျားတို့အမှားပူး မွေးထားတဲ့ ဒီသားနှစ်ယောက်၏ ဝတ်ကိုပြုရဒါ ဘယ်တော့များ အားကြသေးသလဲ ဘဝဘာက သားဆိုးနှင့်ယောက်တို့၏ ကျွန်သဘောက် တွေချည်းသာ ဖြစ်ခဲ့ရတယ်။

“ဒုက္ခသ ပိဠနဋ္ဌော” ဒုက္ခသ၊ ဒုက္ခ သစ္စာသည်။ ပိဠနဋ္ဌော၊ ခင်တဲ့သူကိုအမြဲနှိပ်စက်တတ်၏၊ “ဝိရာဂေါ မဂ္ဂေါ” ဝိရာဂေါ၊ မခင်ရင်။ “မဂ္ဂေါ၊ မဂ်” ရုပ်နာမ် နှစ်ပါးတို့၏ နှိပ်စက်ထာကိုမြင်၍ မခင်ရင် မဂ်ပါဘဲ၊ ခင်တာနဲ့ဘာလုပ် နေရတုံး၊ ဝတ်ပြုနေရတယ် ဘယ်သူ့အတွက်များ ပါသလဲ.... မှပါပါဘူး၊

အော် - တော်တော် နှိပ်စက်ပါတယ်၊ နှိပ်စက်ပါက လား သူတို့နှိပ်စက်ထာဟာ ဘယ်တော့မှရပ်မှာတုံး၊ မခင် တဲ့နေ့ ရပ်မှာပါဘဲ မခင်ဘို့ အရေးကြီးပါတယ် တချို့က ဒီရုပ်ကြီးကိုဘဲ ကျန်းကျန်း မာမာနဲ့ ရထားဒါ တော်ပါ သေးတယ်လို့ ပြော၍ ခင်ကြသေးတယ်၊

အိမ်ဆောက်ထားလို့ အိမ်ပေါ်မနေရ မအိပ်ရ ထမင်းလဲ မစားရ ဘယ်ဧာရမလဲ ဟော့ကောင် ထမင်းမစားနဲ့အုံး

အလုပ်ကိုပြီးအောင် လုပ်ပါလားလို့ နာမ်ကခိုင်းစေတဲ့အတိုင်း ထမင်းမစားတဲ့ အလုပ်ကို ပြီးအောင်လုပ်ရတယ်။

ခန္ဓာငါးပါးအနက် ဝေဒနက္ခန္ဓာက ဒီဟာဖြင့် မခံစါးခြင်တော့ဘူး ဟိုဟာဖြင့် မခံစါးခြင်တော့ဘူးနဲ့ သူ့အကြိုက်ကို လိုက်ရွေးလိုက်ထား ကုန်ဘဲမကုန်နိုင်ပါဘူးနော် နောက်ဆုံး သူစါးခြင် ခံစားခြင်ဒါကို မစား, မခံစားရဘဲနဲ့ တဏှာလေးမှာပျက်စီးသွားရတယ် " ဖြစ်ပျက်သမ္မ သင်္ခါရ ဒုက္ခသစ္စာ " ဟု မှတ်ပါ၊ သစ္စာကိုလိုခြင်တဲ့ စိတ်ဘဲပေါ်ပေါ် ဒုက္ခသစ္စာဘဲ ဖြစ်ပါတယ်။

သံသုတ်ပါဠိတော်ကြီးများမှာ သစ္စာလေးပါး တရားကို ဟောမဲ့သူများရှိရင် နာကြပါလို့ မြတ်စွာဘုရားသခင်က ဟောတော်မူခဲ့ပါတယ်၊

အကယ်၍ သစ္စာလေးပါး ဟောမဲ့သူက သစ္စာတရားကိုနာခြင်ရင် မနက် လှုန်အချက်,၃၀၀၊ နေ့လည်,၃၀၀ ညနေ-၃၀၀ လှုန်အချက်-၉၀၀,အဆိုးခံပြီးမှဟောမယ်ဆိုရင် လှုန်အချက်—၉၀၀ကို အထိုးခံလိုက်ပါတဲ့၊

သစ္စာလေးပါးကို မသိဘဲနဲ့သေရရင် ဘဝဘဝသံသရာ တခွင်တွင် အထိုးခံရမဲ့ လှုန်အချက်များမှာ ကိုးသောင်း, ကိုး သိန်းလဲ က,မှာမဟုတ်ပါဘူး၊

ဒါကြောင့်မို့ လုန်အချက် ကိုးရာကို အထိုးခံ၍ သစ္စာလေးပါးတရားကို နာပါလို့ သံယုတ် ပါဠိတော်ကြီးများတွင် ဟောတော် မူခဲ့ပါတယ်။

ဒါကြောင့် ဆရာဘုန်းကြီးကလဲ သစ္စာသိအောင် လုပ်လိုက်ကြပါဆိုဒါ သဘောပေါက်ကြပလား။

အနံ့တခုကို ရှူရှိုက်မိရင် အရူးစိတ် ပေါက်သော၊ ဃာနဝိညာဉ်စိတ်နဲ့ ဃာနပသာဒ ရုပ်တို့သည် ပုရေနဲ့ပုစ္ဆာဘဲ (ရှေ့-နောက်) နှာခေါင်းထဲမှာသေကြတယ် ဖေါက်ပြန် ပျက်စီးတာပေါ့။

နာမ်ကိုဘဲရှုရှု,ရုပ်ကိုဘဲရှုရှု,ကိုယ်ရှုခြင်ရာကိုရှုနိုင်ပါတယ် တဲ့ပြီးတော့ မရှုရပါ ဘာဘဲရှုရှု ဖြစ်ပျက်ကို မြင်စေခြင်တယ်၊ " ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာမှတ် " ဖြစ်ပျက်ကိုမြင်ရင် မကြာတော့ဘူး ခရီးပေါက်တော့မယ်။

" သင်္ခါရတွင် ငါကောင်ထင် ခင်မင်သမုဒယမှတ် " သမုဒယသည်, လောဘတဏှါ လောဘတဏှါကြောင့် ဥပါဒါန် ဥပါဒါန်ကြောင့်-ကံ၊ ကံကြောင့်ဇာတိကို ရပြန်တယ် ဇာတိကို ရပြန်ရင် ဒုက္ခနယ် ဆင်းရအုံးမယ်လို့ မှတ်ကြပါ၊ ဒကာ ဒကာမတို့၊

ဒါကြောင့် သမုဒယ သူပေါ်လာရင် ဦးခင်မောင်ရေ ဘာစကွင်းဆက်ထာပါဘဲ

ဒကာဒကာမတို့သည် သခ်ါရတွင်ငါအောင်ထင်၍ ခင်မင်ယုယ အမှုဒယ ဖြစ်ကြပြီး အစစအရာရာမှာ ငါနဲ့ချည်းတွဲ၍ ငါချည်းထင်နေကြတယ် အစစအရာရာမှာ ငါနဲ့တွဲ၍ငါချည်း ထင်နေကြရင်ဖြင့် အမယ်လေး.... ဒကာဒကာမတို့ရယ် သေရင်ဘာရှန်းဘာတာဘေးတွေ သင့်ကြပါလိမ့်မယ်။

ထို့ကြောင့် မဖြစ်ကောင်းဒါကို ပါယ်ရမဲ့ တရားပါ၊ မှတ်မိအောင်မှတ်ကြပါ ဒကာဒကာမတို့ ဘာတဲ့လဲ

မဖြစ်ကောင်းဒါကို ပါယ်ရမဲ့တရားပါဘုရား

ဦးခင်မောင်ရေ ခင်ဗျားဘေးနားက ကလေးဘာတော် သလဲမေးရင်"တပည့်တော်ရဲ့ သားပါလို့"ပြောမှာဘဲ ဟုတ်မှ ဟုတ်ကဲ့ လားလို့ ဆင့်မေးရင် ဟုတ်ပါတယ် ဆိုပြီး ဟုတ်ကြောင်း ထင်ရှားအောင် ဘယ်နှစ်, ဘယ်လ, ဘယ်ရက်, ဘယ်အချိန်က မွေးဒါပါဘုရားလို့ ရက်ချုပ်ဇာတာကိုတောင် ပြောအုံးမှာဘဲ

မွေးစားဒါလာ်းလို့ မေးရင်လဲ ကြိုက်မှာ မဟုတ်ဘူး လူတိုင်းလူတိုင်းဟာ"ဒီအတိုင်းပါဘဲဒါကတပည့်တော်ရဲ့ခင်ပွန်း ဇနီးသားသမီးပါဘုရား" ဟုတ်မှဟုတ်ကဲ့လါးလို့ထပ်ဆင့်မေးရင် မိုးကြိုးပြစ်တောင် ကြိမ်မှာသေခြာတယ် ဒါဟာဒိဋ္ဌုပါဒါန်ဖြစ်ပြီး ကံမြောက်သွားဒါပါဘဲ ခင်ဗျားတို့ကို မမေးဝန့်ပါဘူးဗျား မတော် ကံမြောက်သွားရင် ဘဲ့နဲ့လုပ်ပ။

( ဒိဋ္ဌုပါဒါန် ဒိဋ္ဌိ-ဥပါဒါန် အယူမှားကို စွဲလမ်းခြင်း ယုံကြည်ခြင်း )

တချို့ဒကာမများက "ကျုပ်တို့အိမ်မှာနေပြီး အကုသိုလ် ဘာမျှမလုပ်သဖြင့်ငရဲမရောက်ပါဘူး" လို့တောင်ပြောကြသေးတယ် အကုသိုလ် မလုပ်ဘူးလို့သာဆိုတယ်၊ ခုနက ပြောခဲ့တဲ့ ငါတွေက အကုသိုလ်တွေချည်းဖြစ်တဲ့အတွက် ခင်ဗျားတို့ဒိပြင် အကုသိုလ် ဘာမှလုပ်နေစရာမလိုပါဘူး၊ အလိုလိုငရဲရောက်မှာ သေခြာပါတယ်လို့ မှတ်လိုက်ကြပါ ဒကမများတို့။

ငရဲသွားတဲ့ပုဂ္ဂိုလ် ဘယ်လောက်များပါသလဲ ဘုရားလို့ ညီတော်အာနန္ဒာက မေးလျှောက်သဖြင့် မြတ်စွာဘုရား သခင်သည် လက်သဲတော် ပေါ်တွင် မြေကြီးတင်၍ မဟာပထဝီ မြေကြီးနဲ့ ဥပမာပြုပြီး ငရဲသွားသောပုဂ္ဂိုလ်သည် မဟာပထဝီ မြေကြီးလောက် များပြားကြောင်း နခသိခသုတ္တန် ဒေသနာ တော်တွင် ဟောတော်မူခဲ့ပါတယ်။

အော်— ဒါဟာ ဘာ့ကြောင့်ပါလိမ့် သစ္စာမှသိကြလို့ သတ္တဝါတွေ မကျည်းရှက်များလို ဒုရန်းဘတာဘေးတွေ သင့် ကြဒါပါဘဲလို့ မှတ်ကြပါ ဒကာဒကမတို့။

မွေးတဲ့ အချိန်ကစပြီး သေတဲ့ အချိန်ထိ မြင်မြင်သမျှ သခ်ါရတို့တွင် ငါတောင်လို့ထင်ကြပြီး မိမိတို့၏ဘဝ ကျွတ်ရေး လွတ်ရေးတို့ လုံးဝမပါကြဘဲ ခန္ဓာကိုယ်ကတော့ အသေဘက်ကို ပြေးနေတယ် ဘယ်ကိုပြေးနေသလဲ

အသေဘက်ကိုပါ ဘုရား

အသေဘက်ကို မပြေးပါနဲ့လို့နောက်ကိုကော တလှမ်း ဆုတ်ထားလို့ ရရဲ့လား

မရပါဘုရား

နောက်ကိုဆုတ်ထားလို့မရမှန်းသိရင် ဒကာဒကာမတို့မှာ သုဿန်ကို သွားရင်းနဲ့ဘဲ သစ္စာလေးပါးကို သိအောင် အပြေးအလွှားလုပ်ရလိမ့်မယ် ဘယ်ကိုသွားရင်းနဲ့ လုပ်ရမှာလဲ

သုဿန်ကို သွားရင်းနဲ့ပါဘုရား

သုဿန် သွားရင်းနဲ့ သစ္စာသိအောင် အပြေးအလွှား လုပ်ရမှာ သေချာကြပလား

သေချာပါပြီဘုရား

သေချာရင် သံသရာတခွင်တွင် အနေမကြာကြာရအောင် ဖြစ်ပျက်ကို မြင်အောင်ကြည့်ကြပါ ဖြစ်ပျက်ကိုမမြင်၍ နှိပ်စက်ထာ မသင်ရင် ဘရုန်းဘသာဘေးတွေ သင့်ကြပါလိမ့်မယ်။

အခွင့်အခါရှိတုန်း ကြိုးစားကြပါ ဒကာဒကာမတို့ ယခု ဘုန်းကြီး တရားဟောနေတာကကော ဘယ်သွားရင်းနဲ့လဲ

သုဿန်သွားရင်းနဲ့ဘဲ ဒကာဒကာမတို့ တရားနာနေတာ ကကော ဘယ်သွားရင်းနဲ့လဲ

သုဿန်သွားရင်းနဲ့ပါဘုရား

ဇနီးမောင်နှံ သားသမီး သူငယ်ချင်းများနဲ့ စကားပြော ကြဒါကကော ဘယ်သွားရင်းနဲ့ ပြောနေကြဒါလဲ

သုဿန်သွားရင်းနဲ့ပါဘုရား

" ဟော့ကောင်မရေ နေပါအုံးအော့ စကားတခွန်း နှစ်ခွန်းလောက် ပြောပရစေလို့ " ဆိုဒါကကော ဘယ် သွားရင်းနဲ့လဲ

သုဿန် သွားရင်းနဲ့ပါဘုရား

သုဿန်သွားရင်းဆိုဒါ သိကြပြီနော်

သိပါပြီဘုရား

သိကြရင် ဒီခဏလေးရတဲ့ အချိန်ကို မလွန်ကြပါစေနဲ့ ဖြစ်ပျက်ကို မြင်အောင်ရှုကြပါ ဒကာဒကာမတို့။

မနေ့ညကဟောလိုက်တဲ့ ရှေ့ပုစ္ဆာကရှုစရာ နောက်ပုစ္ဆာ က ပါယ်စရာဖြစ်ပါတယ် ရှေ့ပုစ္ဆာကို ဆိုကြမေးပါအုံး

ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာမှတ်ပါဘုရား

နောက်ပုစ္ဆာကကော

သင်္ခါရတွင် ငါကောင်ထင် ခင်မင်သမုဒယမှတ်ပါဘုရား

ဒီအထဲမှာ ငါပါသလား

မပါပါဘုရား

ငါမပါရင် ငါဘာဖြစ်ပါလိမ့်လို့ ငါမဖက်ကြစေနဲ့၊ ငါမဖက်ဘို့သတိပြုကြပါ ငါမပါဘဲ ဖြစ်မှု ပျက်မှုတွေ မြင်လာရင် "ဥဒယဗ္ဗယဉာဏ်ပါဘဲ" ဘာဖြစ်လို့ ဘာဉာဏ် မြင်တယ် ဆိုဒါသိရအောင် မှတ်ကြပါအုံး ရုပ်နာမ်နှစ်ပါးသုံး ပျောက်ကွယ်သွားရင် နိဗ္ဗာန်ပါဘဲ

" ရုပ်နာမ်အားလုံး ဖြစ်ပျက်သုံး ချုပ်ဆုံးနိဗ္ဗာန်မှတ် " ချုပ်ဆုံးသလို နိဗ္ဗာန်မြင်တဲ့ဉာဏ်ဟာ မဂ်ပါဘဲ (အဆင်းတခုကို မြင်လို့သိတဲ့အသိဉာဏ်မျိုး မဟုတ်ပါဘူး ရုပ်နာမ်အားလုံး ပျက်သုံး သွားတဲ့ဟာကို သိလိုက်တဲ့ အသိဉာဏ်ကိုသာ မဂ်ဟု ခေါ်ပါတယ်၊ အားမထုပ်လျှင် မရနိုင်ပါ)

" ချုပ်ဆုံးမှုတွင် ဉာဏ်သက်စင် သိမြင်မဂ်ဟုမှတ် " ဒီလင်္ကာနှစ်ပုဒ်ကို မှတ်မိအောင်မှတ်ထားကြပါ ဒကာဒကမတို့

အစေလက ကဿဖ အကြောင်းတွင် သဿတဒိဋ္ဌိနဲ့၊ ဥစ္ဆေဒဒိဋ္ဌိများ ခွါခဲ့သဖြင့် ဆရာ ဘုန်းကြီး ဟောတဲ့ အတိုင်း အားထုပ်ကြရင် ဒီဉာဏ်တွေကို မြင်ကြပါလိမ့်မယ် ရကြပါလိမ့်မယ် ဒကာဒကမတို့ အချိန်စေ့ပါပြီ

သာဓု....သာဓု .. သာဓု၊

ဓမ္မသဘင်အစီအစဉ်
၁၃၂၂-ခု တန်ဆောင်မုန်းလဆန်း(၅)ရက်
(၂၀-၁၀-၆၀)နေ့ည ဟောတော်မူချက်။

## သွားရမည့်ဘဝကိုသိအောင်လုပ်ထားနည်း

ယနေ့တရားနာလာကြတဲ့ ဒကာ ဒကာမများအားလုံး စဉ်းစားကြပါ၊ ကိုယ့်ကိုယ်ကို စစ်ဆေးကြည့်ကြပါ ခင်ဗျား တို့ ဘယ်ဘဝကလာကြဒါတုံး.....

မသိပါဘုရား၊

ဘယ်ဘဝသွားကြမှာတုံး...

မသိပါဘုရား၊

ဘယ်တော့ သေကြမှာတုံး.....

မသိပါဘုရား၊

သေရမှာကော သိကြရဲ့လား....

သိပါတယ်ဘုရား၊

ဒါဖြင့် ခင်ဗျားတို့ဟာ မသိတဲ့ဆီကလာပြီး မသိတဲ့ အချိန်သေ၍ မသိတဲ့ဆီသွားကြမှာပေါ့....

မှန်ပါတယ်ဘုရား၊

မသိဒါမှုလိုပေါက်ပြီး မသိဒါတွေက များလှချည်း လား ဒကာဒကာမတို့၊ ခက်ကြပြီ..... မသိပါဘူးဆိုတဲ့ စကား လောက် အရှုပ်ဆိုးဒါတော့ ဦးခင်မောင်ရေ..... ရှိမယ် မထင်ပါဘူး....

မရှိပါဘုရား၊

ဒါဖြင့် ဘယ်နှယ်လုပ်ကြမလဲ စဉ်းစားကြ စမ်းပါ၊ လာခဲ့ရတဲ့ဘဝနဲ့ သေရမဲ့အချိန်ကို မသိရင်နေပါစေ၊ ကိုယ်သွားရမဲ့ ဘဝကိုတော့ဖြင့် သိဘို့ ကောင်းပါတယ်၊ သိဘို့ မကောင်းဘူးလား ဒကာ ဒကာမတို့—

သိဘို့ကောင်းပါတယ်ဘုရား။

ယခုတော့ခင်ဗျားတို့က သေရမှာတော့သိတယ် သွားရမဲ့ဘဝကိုတော့ မသိပါဘူးဆိုရင် ကောင်းနိုင်ပမလား ဆရာဘုန်းကြီးကတော့ မပြောလိုပါဘူးလေ ကိုယ့်ကိုယ်ကိုသာ မေးကြည့်ကြပေါ့ ဦးခင်မောင်ရေ အဖြေမှန်ကဘယ်လိုထွက်ပါလိမ့်

သိဘို့ကောင်းပါတယ်ဘုရား၊

ယခုလိုမေးရခြင်းမှာ ကိုယ်သွားရမဲ့ဘဝကို သိသောယက္ကန်းသည် ဝတ္ထုကိုထောက်၍ ဆရာဘုန်းကြီးက မေးရခြင်းဖြစ်ပါတယ်၊

ဒကာဒကာမတို့မှာ ဘယ်သွားရမယ်ဆိုဒါ သိအောင်လုပ်ထားကြရင် ယက္ကန်းသည်လို သွားရမည့်ဆီကို သိနိုင်ပါသေးတယ်၊

အရင်က လုပ်မထားတဲ့အတွက် ယခုလိုမသိဒါ၊ မှိုလိုပေါက်ပြီး မသိဒါတွေ များရဒါပါလို့ ဆရာဘုန်းကြီးက သတိပေးပါတယ်၊

" တမ္ပိအနိစ္စံ—တမ္ပိဒုက္ခံ—တမ္ပိအနတ္တံ " လို့ရှိတဲ့ အတိုင်း စိတ္တသူကြွယ်သည်၊ နိစ္စ နိဗ္ဗာန်ကို သိသွားပါတယ်၊ မသိဒါ သိအောင်လုပ်ရင် မသိဒါတွေ စဉ်သွားမယ်။

" သိနိုင်တဲ့နည်း ရှိသေးသားဘဲလို့ " အောင်းမေ့ရ လိမ့်မယ် သိတဲ့နည်း လုပ်မထားကြတဲ့အတွက် ယခုလိုမသိဘာ တွေ များနေဒါပါနော် သိအောင်လုပ်ရင် ရှင်းပါတယ်။

စိတ္တသူကြွယ်သည်၊ သေခါနီးအချိန် စိတ်အာရုံထဲတွင် သူ့ကိုတင်ယူကြမဲ့ ရထားတွေက များနေသဖြင့် ဘယ်ရထားကို လိုက်ရမှန်းမသိပါဘူး

" ဒီရထားကလဲ ဒီမှာစီးလှဲ့ပါ ဟိုရထားကလဲ ဟိုမှာ စီးလှဲ့ပါလို့ " ဝိုင်းခေါ်နေကြသဖြင့် ဘယ်ရထား စီးရမှန်း မသိကြောင်း ပါးစပ်ကဖွင့်ဟပြောလိုက်တဲ့အတွက် အနားမှာ ရှိကြတဲ့ သားသမီးများက " ကတောင်ကတန်း မပြောပါနဲ့ အဖေရယ်လို့ " တောင် ပြောကြသေးတယ်၊

စိတ္တသူကြွယ်သို သေခါနီးအချိန်တွင် ရထားတွေ လာ ကြိုရအောင် ဒါနတွေလဲ လုပ်ရလိမ့်မယ် သီလကိုလဲ မြဲအောင် စောင့်ထိမ်းရလိမ့်မယ် ဘဝတွေ မကျင်လည်ရအောင် ဝိပဿနာ ကိုလဲ အားထုပ်ရလိမ့်မယ်လို့ မှတ်ကြပါ။

လူတွေဟာ ကိုယ်သွားမဲ့ဆီကို သိအောင်လုပ်မထား, မစဉ်းစားကြတဲ့ အတွက်ကြောင့် ဒီအလုပ်တွေကို ( ဝိပဿနာ အလုပ် ) ရဲရဲ မလုပ်ကြတာပါ၊ ဒါဟာ ခင်ဗျားတို့ရဲ့ မှားပြစ်ကြီးပါဘဲ။

သေရမဲ့အချိန်ကတော့ အနည်းငယ်သာ လိုတော့တယ် ဒါလဲ ဘ၀၏ လွတ်ရေး ကျွတ်ရေး တရားတွေကို တွင်တွင် ကြယ်ကြယ်မလုပ်ကြဘဲ မိုက်မြဲမိုက်နေကြတယ်။

ဒါကြောင့်မို့ဆရာဘုန်ကြီးက ဒီသံဝေဂလင်္ကာလေးကို ပေးလိုက်ပါတယ် " ငါသည်မုက္ခသေရမည် အချိန်ပိုင်းသာ လိုတော့သည် " ဘာတဲ့လဲ

ငါသည်မုက္ချသေရမည် အချိန်ပိုင်းသာ လိုတော့သည်၊ ပါတဲ့ဘုရား

မှတ်မိအောင် မှတ်ထားကြပါ မနေ့ညက ဟောခဲ့တဲ့ အတိုင်း လူကြီးရော လူငယ်ပါ သုဿန်ကို သွားနေကြ ရဒါပါနော်

သေမင်း ကတော့ လူကြီး—လူငယ် လူမိုက်—လူလိမ္မာ သူဌေး-သူကြွယ် ဆင်းရဲသား-မင်းစိုး ရာဇာရယ်လို့ မျက်နှာ မလိုက်ပါဘူး အချိန်စေ့လို့ အလှည့်ကျရင် တနေ့ခေါ်မှာပါ ဘဲလို့ မှတ်လိုက်ကြပါ ဒကာ ဒကာမတို့။

တိုတိုပြောရရင် ဘယ်အဆင့်တန်းက ဘာဘဲဖြစ်ဖြစ် သေမင်းလက်ကိုခေါင်းစင်း၍ အပ်ရမဲ့ဘ၀တွေကများလွန်းလို့ ဒကာ ဒကာမတို့ရေ စိတ္တသူကြွယ်လို သွားရမဲ့ဆီကို သိအောင် လုပ်ကြပါလို့ ယနေ့ဟောပါတယ်။

တရားဟောတဲ့ ဘုန်းကြီးကလဲ အချိန်ပိုင်းသာလိုတော့ တယ်၊ ပျံတော်မူတော့မှာဘဲ ဒကာဒကာမတို့ကကော

အချိန်ပိုင်းသာ လိုတော့ပါတယ်ဘုရား

ဆင်ခြေလဲဘို့ လိုသေးသလား

မလိုပါဘုရား၊

မနေ့ညကဟောခဲ့တဲ့ ပြုံးသေအတွက် ယခုလိုသတိပေး နေဒါပါ၊ သဘော ပေါက်ကြရဲ့လား သိကြပလား.....

သိပါပြီဘုရား၊

ခုနက လက်ာကလေးကို ပြန်ဆိုလိုက်ကြမေ်းပါအုံး....

ငါသည်မုချသေရမည်၊ အချိန်ပိုင်းသာ လိုတော့သည် ပါဘုရား၊

သွားရာလမ်းခရီးတွင်ရထားတွေဝိုင်း၍ ဦးခင်မောင်ရေ လားရာသိဘို့ ဟောနေဒါပါနော်၊ မှတ်မိအောင် မှတ်ကြပါ ယခုလောက် ဆိုရင် ကိုယ်သွားရာ သိဘို့လိုတဲ့ အစိပ္ပါယ် မောင်ကိုတို့ရေ... ရှင်းလောက်ပါပြီ၊

တရားသဘောအတိုင်းဆိုရင် အသက်ကြီးတဲ့ သူများ သည်၊ အသက်ငယ်ရွယ်သူတို့အရင် သေရမှာ သေခြာပါတယ် သေရမှာ ကတော့ အချိန်ပိုင်းသာလိုတော့တယ် ဒါပေမဲ့ သေခါနီးကြီးတွေက သေခါ ဝေးလေးတွေကို ငဲ့နေဒါက ခက်တယ်၊

မငဲ့ဘူးလား ဦးခင်မောင်....

ငဲ့ပါတယ်ဘုရား၊

အမယ်လေး...ဒကာဒကမတို့ သေခါနီးကြီးတွေက၊ သေခါဝေး ကလေးတွေကို ငဲ့နေခြင်းသည် အမိုက်တချိုး ပိုနေတယ်လို့ လိုက်ဆိုခြင်တယ် သည်လိုဆိုလို့မနာကြပါနဲ့ သေခါနီးကြီးတွေ က ကိုယ့်အလုပ် ဝိပဿန အလုပ်ကို မလုပ်ကြလို့ ဆိုရဒါပါ၊

ဥပမာပြရရင် မရဏာခရထဲ ရောက်နေတဲ့ သေခါနီး ကြီးတွေသည် ကိုယ်ကတော့ မရဏာရေထဲတွင် ဝါကိုယ်လုံး စုန်းစုန်းမြုတ်တော့မယ်၊ ကုန်းပေါ်တွင်ပြေးလွှားနေကြတဲ့ သေခါဝေးကလေးတွေအတွက် အမယ်လေ..... ဘယ်လိုနေ ရမယ် ဘယ်လိုထိုင်ရမယ် ဘယ်သိုစားရမယ်ဆိုတဲ့ အရေး တွေကို တွေးပြီး လည်ပင်းတွင်ပေါ်တဲ့ မရဏာရေထဲမှ လက် ကလေးပြ၍ ပူပင်သောက ရောက်နေဒါနဲ့ မတူပေ ဘူး လား ဒကာဒကာမတို့ ...

တူပါတယ် ဘုရား၊

ဒီလိုဆိုရင် အမိုက်တချိုးပိုတယ်ဆိုဒါ နာခရာမလိုပါ ဘူးခနော် ...

ဦးခင်မောင်ရေ ဥပဒေနဲ့ ကြည့်ရင်လဲ အရူးပိုသေး တယ်လို့ ပြောချလိမ့်မယ် .. အမယ်လေး ဒကာ ဒကာမတို့ရဲ့ သံယောဇဉ်က ဆိုးလှချည်းသား။

ဆရာဘုန်းကြီးက ယခုလို ဟောနေစဉ်တော့ ဒကာ ဒကာမတို့မှာ တရား အားထုတ်ခြင်ဂိတ်တွေ ရှိပါရဲ့. ဘုန်းကြီး ပြောဒါတော့ ဟုတ်သားပေါ့ ဒီကလေးတွေနေရေး ထိုင်ရေး စားသောက်ရေးဘွေ ဘယ့်နှယ် လုပ်မလဲ ဘယ်သူက ပြုစု စောင့် ရှောက်မလဲလို့. တကျော့ဘုန်းကြီးက တရားဝင်ဟော နေတယ် ခင်ဗျားတို့ကသဲ ဟုတ်ပါတယ်လေ ဘုန်းကြီးဟောဒါ နောက်မှဘဲ ဖြေးဖြေးလုပ်ရမယ်၊ တကျော့ဘုန်းကြီး ဟောဘာ အဘုတ်သ ဘဲဆိုပြီး တကျော့ဘုန်းကြီ ရဲ့ တရားကိုဘဲ နာနေ ကြဒါပါဘဲ၊ ဒီတော့ ဘုန်းကြီးကဘဲ လက်မြှောက်ရမလား၊ တကျော့ဘုန်းကြီးကဘဲ လက်မြှောက်ရမလားမသိဘူး ဘုန်းကြီး

က လက်မြှောက်ရမှာသေချာပါတယ်။

တဏှာဘုန်းကြီးက ဟောတဲ့အတိုင်း ပြောဆိုလုပ်ကိုင်နေကြရင် ဘါသံထွက်ပါလိမ့် စေါစေါကပြောခဲ့တဲ့အရူးသံတွေပေါ့နော်

အရူးသံထွက်၍ ဒီလူသေရင် အရူးမသာဘဲ ဖြစ်မှာပေါ့ မသာဖြစ်ရတဲ့အပြင် အရူးမသာ ဖြစ်နေပြန်တော့ လူပုံလို့မှ တော်ပမလား ဦးခင်မောင်တို့

မတော်ပါဘုရား

ဒါဖြင့် ခင်ဗျားအရူးမသာ မပို့ဘူး ဘူးလား

ပို့ဘူးပါတယ်ဘုရား

ဟောဗျာ... ဒီတခါမှခက်ကုန်ပြီ ဘယ်လိုလုပ်ကြမလဲ ဒီပြင်နည်းတော့ မရှိတော့ပါဘူးနော် တဏှာဘုန်းကြီးဟောတဲ့ တရားကို မနာရုံဘဲလို့ မှတ်ကြပါ ဒကာဒကမတို့

အိမ်ကြလို့ ရှိရင် တဏှာဘုန်းကြီး ဟောတဲ့ တရားကို မနာကြပါနဲ့ သူဟော ပြောတဲ့ စကား တွေဟာ အင်မတန် ကောက်ကျစ်စဉ်းလဲပြီး ထိပ်လန့်စရာတွေ ဖြစ်ပါတယ်။

ထိပ်လန့်အောင်လုပ်ထားပါ၊ ဘုန်းကြီး ဟောဒါတွေက အမှန်တွေသာ ဖြစ်ပါတယ် ထိပ်လန့်စရာလဲ မပါပါဘူးနော်

ဟုတ်မဟုတ်သိခြင်ရင် တဏှာဘုန်းကြီးပြောတဲ့အတိုင်း အိမ်ရောက်တော့ သားသမီးကလေးတွေ၏ နဖူးကို လက်နဲ့ စမ်းကြည့်ပါ နဲနဲကလေးများ နွေးတေးတေး တွေ့ရင် နှလုံးတုံပြီး ရင်ထဲတွင် ထိပ်ခနဲဖြစ်သွားပါလိမ့်မယ်။

ဒါ့ကြောင့်မို့ တကျာဘုန်းကြီးကထိပ်အောင်လန့်အောင် လုပ်တတ်ပါဘယ် ဆိုဒါ သဘောပေါက်ကြလား သဘော ပေါက်ကြရင် တရားပွဲအပြန်တွင်မထိန့်မလန့်ကြရအောင် ဆရာဘုန်းကြီး က ဖြစ်ပျက်ဆိုတဲ့အသိဉာဏ်နဲ့ အိမ်ပေါ်တက်ကြပါလို့ အိမ်ပေါ်တက်နည်း ပေးလိုက်ပါ့မယ်။

ဒီအသိဉာဏ်နဲ့သာ အိမ်ပေါ်တက်ရင် တကျာဘုန်းကြီးက အိမ်ပေါ်အတက်ခံမှာ မဟုတ်ဘူးနော်

အိမ်ပေါ် အတက်ခံဦးတော့ ငါ့သား ကလေး ငါ့သမီးကလေး နေမှ ကောင်းရဲ့လား ဆိုပြီး နဖူးကိုလက်နဲ့ ချောက်စမ်းကြည့်လိမ့်မယ်။

" တို့တော် တရားနာက ပြန်လာပြီ သူကခုတောင် အိမ်မရောက်သေးဘူး ဘယ်များသွားနေပါလိမ့် " စသည်ဖြင့် ပုတီး မစိတ်ကောင်းဒါတွေကို ပုတီးစိပ်ကြတယ်၊

ယခုလို သေခါနီးကြီးတွေက သေခါ ဝေးလေးတွေ အတွက် မငဲ့ကွက်ရအောင် သဥ္ဇာယတန သံယုတ် ပါဠိတော်မှ ပေါက်ပင်ကို အကြောင်းပြုပြီး မြတ်စွာဘုရားသခင်ဟောတော်မူတဲ့ဝတ္ထုကို နမူနာပြု၍ ယနေ့ညဟောပါမယ် ဒီဝတ္ထုအတိုင်း နမူနာယူပြီး ဒကာဒကမတို့ကလဲ အားထုပ် ကြရလိမ့်မယ်လို့ မှတ်ကြပါ

ရဟန္တာကြီး လေးပါးထံ "အရှင်ဘုရားတို့ နိဗ္ဗာန်ကို ဘယ်လိုနည်းနဲ့ ရကြပါသလဲ ဘယ်လိုနည်းနဲ့ မြင်ကြပါသလဲ တပည့်တော်အား အမြင်မှန်ကို ဟောပြ စမ်းပါဘုရားလို့" ပုထုဇဉ် ရဟန်းတပါးက မေးပါတယ်။

ရဟန္တာကြီး လေးပါးတို့က၊ အမြင်မှန်ကို အသီးသီး ဟောပါလိမ့်မယ် နားထောင်ကြပါ။

ဒါပေမဲ့ ပုထုဇဉ်ရဟန်းကတော့ ရဟန္တာကြီးလေးပါး လုံးက အမြင်မှန်ကိုဟောကြပေမဲ့ အမြင်မှန်တော့ ရမှာမဟုတ် ပါဘူး

နောက်ဆုံး ဘုရားထံကိုရောက်မှ ပါဘဲ ပုထုဇဉ်ရဟန်း က အမြင်မှန်မရသော်လဲ ဒကာ ဒကမများက အမြင်မှန်ရကြ ရအောင် ရဟန္တာကြီးလေးပါးတို့၏ အမြင်မှန်ဟောကြားပုံကို ဆရာဘုန်းကြီးက တဆင့်ဟောပြပါမယ်။

ရဟန္တာကြီး လေးပါးတို့၏ကိုယ်စား ဟောနေရသဖြင့် ဆရာ ဘုန်းကြီးကို ပဌမ ရဟန္တာကြီးလို့ သဘောထားလိုက် ကြပါ

ပဌမ ရဟန္တာကြီးက အမြင်မှန်ဟောပုံမှာ "အာယ တန ခြောက်ပါးကိုရှု၍ ဖြစ်ပျက်မြင်ရင် နိဗ္ဗာန်ကိုမြင်ပါတယ် လို့" ဟောလိုက်ပါတယ် အကြွယ်ကိုရှင်းကြဦးစို့

ရူပါရုံတခုကိုမြင်လျှင် စက္ခုပသာဒရုပ်နဲ့ စက္ခုဝိညာဉ် စိတ်တို့သည် ပုရေနဲ့ပစ္ဆာ(ရှေ့-နောက်)ဘဲ မျက်လုံး ထဲတွင် ဖြစ်ပျက်၍ ပျက်စီးကြတယ်။

သဒ္ဒါရုံတခုကိုကြားရင် သောတပသာဒရုပ်နဲ့ သောတ ဝိညာဉ်စိတ်

ဂန္ဓာရုံ အနံ့တခုကို ရှူရှိုက်မိရင် ဃာနပသာဒရုပ်နဲ့ ဃာနဝိညာဉ်စိတ်

အရသာတခုခုကိုစားမိရင် ဇိဝှါပသာဒရုပ်နဲ့ ဇိဝှါဝိညာဉ်စိတ်

ဖောဋ္ဌဗ္ဗရုံ အတွေ့အထိ တခုခုကို တွေ့ထိမိရင် ကာယပသာဒရုပ်နဲ့ ကာယဝိညာဉ်စိတ်

အာရုံတခုခုကို စူးစမ်းဆင်ခြင်ရင် ဓမ္မာရုံဓမ္မာယတနနဲ့ မနော ဝိညာဉ်စိတ် အသီးသီးတို့သည်၊ ၎င်းတို့ တည်ရှိရာတွင် ပင် ပုရေနဲ့ပစ္ဆာ (ရှေ့–နောက်)ဖြစ်ပျက်၍ ပျက်စီးကြတယ်၊

ဆရာဘုန်းကြီးဟောပြောတဲ့ တရားစါကိုဖတ်ရှုမှတ်သားတယ်ဆိုရင်လဲ ဓမ္မာနုပဿနာဘဲ ဖြစ်ပါတယ်။

"အာယတနခြောက်ပါးတို့၏ ဖြစ်ပျက်ကိုရှု၍ ဖြစ်ပျက်ဆုံးရင် နိဗ္ဗာန်ကိုမြင်ရပါတယ်ကွာလို့" ပဌမ ရဟန္တာကြီးက အမြင်မှန်ကို ပြောသော်လဲ ပုထုဇဉ်ရဟန်းကတော့ အမြင်မှန် မရသေးပါဘူး

ပုထုဇဉ်ဆိုဒါ အင်မတန် ရှာရှေတယ် ဒကာဒကမတို့ရဲ့ သူ့ကို ချွင်းချက်နဲ့ ဟောတယ်ထင်ပြီး ဒုတိယရဟန္တာကြီးထံ အမြင်မှန်ဟောရန် လျှောက်ပြန်ပါတယ်။

"ခန္ဓာ ငါးပါး၏ ဖြစ်ပျက်ကိုရှု၍ ဖြစ်ပျက် ဆုံးရင် နိဗ္ဗာန်ပါဘဲကွာလို့" ဒုတိယရဟန္တာကြီးက ဟောပါတယ်

ပုထုဇဉ်ရဟန်း၏ စိတ်ထဲဘွင် ပဌမ ရဟန္တာကြီးကတော့ အာယတန ခြောက်ပါးလို့ ဟောဘယ် သူ့ကြတော့ ခန္ဓာငါးပါးလို့ ဟောပြန်တယ် ဆိုပြီး သူ့ကို ချွင်းချက်နဲ့ဘဲ ဟောပြန်ပြီလို့ထင်၍ အမြင်မှန်မရပါဘူး။

ရဟန္တာကြီးများကတော့ ဖြစ်ပျက်ကို အဝိကထား၍ ဟောတာပါ ပုထုဇဉ်ရဟန်းက ဖြစ်ပျက်ကိုမမြင်လို့ သူ့ဖြင့် ခြောက်ငါး ရှုပ်ထာနဲ့ သေရချည်ရဲ့ ဖြစ်ပျက်ကိုတော့ မမြင်ပါ၊ ရဟန္တာကြီးများက ဘာကိုအဝိကထား ဟောပါ သလဲ.....

ဖြစ်ပျက်ပါဘုရား၊

ဒါကြောင့်မို့ ဒကာ ဒကာမတို့ကလဲ ဘာကိုဘဲရှုရှု ဖြစ်ပျက်မြင်စေခြင်တယ် ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ကို မြင်ပါတယ်၊ ဒကာဒကာမတို့မှာ ပြုံးသေးလေးဖြစ်စေခြင်လို့ ဒီလောက် ပြောဟောရခြင်း ဖြစ်ပါတယ် သေသေ ခြာခြာ လုပ်ကြပါ၊ အော်.......... ဒါဖြင့် ဖြစ်ပျက်တရားကို ရှုပါ၊

အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန် ရယ်လို့ သန္တာန် နှစ်ပါးရှိတဲ့အတိုင်း ကိုယ့်ခန္ဓာကိုယ်ဘဲရှုရှု ဘာဘဲရှုရှု ကိုယ့် ဉာဏ်နဲ့ ကိုက်အောင်လုပ်ပါ ယထာဘူတဉာဏ်နဲ့ ဖြစ်ပျက် ကို မြင်နိုင်ပါတယ်။

ပုထုဇဉ်ရဟန်းက ဒုတိယ ရဟန္တာကြီးနဲ့ အမြင်မှန် ရသေးသဖြင့်၊ တတိယရဟန္တာကြီးထံ လျှောက်ပြန်တယ်၊

"ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ဟု-ဆိုသော ဓါတ်လေးပါး၏ ဖြစ်ပျက်ကို မြင်ရင် နိဗ္ဗာန် မြင်ပါတယ် ဘုရာလို့" တတိယ ရဟန္တာကြီးက ဟောပါတယ်၊

(ဘူတရုပ်လေးခု)

ပထမ ခြောက်ပါး၊ ခြောက်ပါးက ငါးပါး၊ ငါးပါးက ယခုလေးပါးကို ရှုပါလို့ ဆိုပြန်တော့ ပုထုဇဉ် ရဟန်း၏ စိတ်ထဲတွင် နကိုကမှ ချင်းချက်နဲ့ ဟောတယ်ထင်၍ ပိုပြီး မရှင်းဒါပေါ့၊ ဖြစ်ပျက်ကို အဓိကထား၍ဟောဒါကို သူကမမြင် သဖြင့် ပုခန်းသားလို ဖြစ်နေပြီ၊

ချီပါသားတယောက် ပုခန်းသားအိမ် အလည်ရောက် တော့ "မင်းချီပါသားလို့ပြောတယ် ငါ့ကိုလိမ်စမ်းကွာလို့" ပြောတော့ "နေပါအုံးကွ ထမင်းမစားခဲ့ရသေးလို့ ထမင်း ချက်ကျွေးပါအုံး ထမင်းစားပြီးတော့ လိမ်တာပေါ့လို့" ချီပါ သားက ပြောလိုက်ပါတယ်၊

ထမင်းလဲချက်ကျွေးပြီးရော "ကဲလိမ်လကွာလို့ ပုခန်း သားကပြောပါတယ် "ဒါလိမ်တာဘဲလို့"ချီပါသားက ပြော သော်လဲ ပုခန်းသားက သူ့ကိုယ်သူ အလိမ်ခံလို့ ခံရမှန်း မသိဘူးတဲ့၊

ယခုလဲပုထုဇဉ်ရဟန်းဟာ သည်လိုဘဲဖြစ်နေပြီ ပုထုဇဉ် ဟာ ထူတယ် အ တယ် အင်မတန်ရှာရွေတယ်ဆိုဒါ သဘော ပေါက်ကြပလား ရိပ်မိကြပလား

ရဟန္တာကြီးများထံ လိုက်မေးရလို့ သူ့ဖြင့်အမေဘသာ ဆိုက်မယ် ဦးခင်မောင်ရေ— အမြင်မှန်တော့ မရပါဘူးနော်

ဆရာဘုန်းကြီးက ဒီလောက်ဟောလို့မှ ဒကာဒကာမ တို့မှာ အမြင်မှန် မရဒါဟာ ကြောင်တောင်ကွယ်လို့ ဆိုရ မှာဘဲ

ပုထုဇဉ်ဟာ ရှာရှေတယ်လို့ ပြောခဲ့တဲ့အတိုင်း ကိုယ်တော်နဲ့တော့ မဖြစ်သေးပါဘူး အမြင်မှန် ပြောနိုင်တဲ့ ပုဂ္ဂိုလ် ရှိပါသေးသလားလို့ မေးသဖြင့် ရဟန္တာကြီးက "ဟိုအနားမှာရဟန္တာတပါး ရှိပါသေးတယ်လို့" ပြောလိုက်သဖြင့် စတုတ္ထ ရဟန္တာကြီးထံ အမြင်မှန် လျှောက်ပြန်တယ်၊ "ဘာမဆို ဖြစ်ပျက် မြင်ရင် နိဗ္ဗာန် မြင်ပါတယ်ကွာ လို့" စတုတ္ထ ရဟန္တာကြီးက ဟောလိုက်ပါတယ်၊

သည်လို ဟောလိုက်တော့ ပုထုဇဉ်ရဟန်းမှာ ပိုပြီး နားမလည်ဒါပေါ့၊ သူကဖြစ်ပျက်ဆိုဒါကိုမှ သဘောမပေါက်ထာကိုး။

ဒကာ ဒကာမတို့ကလဲ ပုထုဇဉ်ရဟန်းလို မဖြစ်ကြပါစေနဲ့၊ ပုထုဇဉ်ရဟန်းလို ဖြစ်ကြရင်ဖြင့် ဘုရားဟောဒါတွေလဲ မှန်နာမရောက် ထပ်ဆင့်ဟောပြောရတဲ့ ဆရာဘုန်းကြီးမှာဘဲ နားမလည်လဲပျက် ကိုယ်လဲ ကြောင်တောင် ကွယ်ရှုံကန်းရာရောက်ပါတယ်ဆိုဒါ မှတ်သိုက်ကြပါ ဒကာ ဒကာမတို့၊

ပုထုဇဉ်ရဟန်းက ရဟန္တာကြီး လေးပါးတို့၏ အမြင်မှန် ဟောပုံကို ချွင်းချက်နဲ့ ဟောကြတယ်ထင်ပြီး ဘုရားထံ လျှောက်ပါတယ်၊ ဘုရားထံ လျှောက်ခမ်းကိုမနက်ဖြန်ကြမှ ဆက်ကြစို့ အချိန်စေ့ပါပြီ သာဓု—သာဓု—သာဓု။

## ဓမ္မသဘင်အစီအစဉ်

၁၃၂၂-ခု တန်ဆောင်မုန်းလဆန်း(၆)ရက်

(၂၁-၃-၆၁)နေ့ည ဟောတော်မူချက်။

## နေနည်း နှင့် သေနည်း

ယခုတရားနာလာကြတဲ့ ဒကာဒကာမများတို့ ယနေ့ည ဟောလိုက်တဲ့ တရားသည် မလွဲ မရှောင်သာလို့ ကျင့်သုံး အားထုတ်ရမဲ့ တရားလား သို့မဟုတ် **ဇာတိပိဇရာ, ဗျာဓိပိ မရဏာ**,ဆိုတဲ့အတိုင်း **ပဋိသန္ဓေ** နေရခြင်းဆင်းရဲ၊ အိုရခြင်း ဆင်းရဲ၊ **နာ**ရခြင်းဆင်းရဲ၊ **သေ**ရခြင်းဆင်းရဲတို့မှ ကင်းဝေး နိုင်သဖြင့် မကျင့်သုံး အားမထုပ်ချင် မဖြစ်နိုင်တဲ့ တရား လားဆိုဒါ ဒီမှာတော့ မစဉ်းစားပါနဲ့အုံး နားလည်အောင် မှတ်သားကြပြီး ကိုယ့်အိမ်ကိုရောက်တော့မှအိပ်ရာဝင်တွင်နဖူး ပေါ်လက်တင်၍ စဉ်းစားကြည့်ကြပါ ဒကာဒကာမတို့။

"အဖြစ်တကာအဖြစ်တွင် ဘယ်အဖြစ်ဟာ အကြီးဆုံး ပါလဲ..... အဖြစ်သိအောင် ဟောတော်မူပါ ဘုရားလို့" ရှင်သာရိပုတ္တရာက မြတ်စွာဘုရားသခင်အား လျှောက်ထား သဖြင့်"ချစ်သားသာရိပုတ္တရာ၊ ယခုရထားတဲ့ ခန္ဓာကိုယ်ကြီး သည် မအို မနာ မသေရလို့ တားလို့ရရဲ့လား".....

"မရပါဘုရား"

ဒါဖြင့် "ဒီခန္ဓာ ကိုယ်ကြီးကို အမှန်း တင်ဘို့လား, ဖြစ်ဘို့လား".....

"ဖြစ်ဘို့ပါဘုရား"

ဘာတဲ့လဲ.....

ပြစ်ဘို့ပါဘုရား၊

အမွန်းတင်ဘို့မဟုတ် စွန့်ပြစ်ဘို့ ရှ,ထားတဲ့အတွက် တပါးသော ခန္ဓာကိုယ်ကို စွဲလမ်း၍ နောက် ခန္ဓာကိုယ် ရရှ,ခြင်းသည် အပြစ်ကြီးသင့်ပြီး အပြစ်နှင့်တကွ ဖြစ်တယ် လို့ ဘုရားသခင်က ဟောတော်မူပါတယ်၊

နောက် ခန္ဓာကိုယ် ရခြင်းသည် ဘုရားက ဘယ်လို ဟောပါသလဲ –

အပြစ်ကြီး သင့်ပါသတဲ့ဘုရား၊

" သာဝဇ္ဇောတိဝဒါမိ " "ခန္ဓာကိုယ် ရခြင်းသည်၊ အပြစ်ကြီး သင့်ဒါပါဘဲလို့ ဟောပါတယ်"

"ဇာတိပိဒုက္ခာသစ္စံ, ဇရာပိဒုက္ခာသစ္စံ, ဗျာဓိပိဒုက္ခာသစ္စံ မရဏာပိဒုက္ခာသစ္စံ, ပဋိသန္ဓေနေရခြင်း, အိုရခြင်း, နာရခြင်း သေရခြင်း,တို့ဟာ ဒုက္ခာသစ္စာတွေဘဲ ဖြစ်ပါတယ်"

နောက်ခန္ဓာကိုယ် ရတာနဲ့တပြိုင်နက်၊ ဒီဒုက္ခတွေဟာ ဖြင့် ပုခုံးပေါ် ပြန်ရောက် လာကြဒါပါဘဲလို့ မှတ်လိုက်ကြပါ၊ ဘုန်းကြီးဟောဒါ ယုံကြရဲ့လား ဘုရားကဟောခဲ့လို့ ဘုန်း ကြီးက ကျမ်းဂန်များမှတဆင့်ထုတ်၍ ဟောရဒါပါ မယုံစရာ မရှိပါဘူး ဒကာဒကာမတို့၊

ဘဝကူးဒါကို ဘုရားကမကြိုက်ပါဘူးနော် – ဘုရားမကြိုက်တဲ့ ဘဝကူးဒါကိုဘဲ ခင်ဗျားတို့လုပ်ကြမလား၊ ဒီလိုဆိုရင် ဘုရားဟောတာကို မယုံကြည်ရာ ရောက်ပါလိမ့်မယ် ဒကာ ဒကာမတို့၊

ကိုယ်ပိုင်ဉာဏ်ကို အသုံးမပြုကြပါနဲ့၊ ကိုယ်ပိုင်ဉာဏ်က တဏှာ ဖုံးလွှမ်းထားသဖြင့် ဘုရားဟောဒါကိုဘဲ အမှန်ထားရပါလိမ့်မယ်၊ ဘုရားစကားကို ပြစ်ပါယ်ရာ မရောက်အောင် သတိပြုကြပါ ဒကာ ဒကာမတို့၊

ဘုရားစကား မယုံကြည်ရင် ဒကာဒကာမတို့မှာ အပြစ်ကြီး နှစ်ခါ သင့်ကြပါလိမ့်မယ် အပြစ်ကြီးနှစ်ခါ သင့်လိမ့်မယ်ဆိုဒါကိုကော သဘောပေါက်ကြရဲ့လား....

သဘောပေါက်ပါတယ်ဘုရား၊

သဘောပေါက်ကြရင် ဘုရားစကားကို ပြင်းပြင်း ထန်ထန်ယုံကြည်၍ ဘဝကူးကောင်းအောင်နဲ့ ဘဝဘွေ ဆက်ခါဆက်ခါ မကူးကြရအောင် ဝိပဿနာအလုပ်ကို ကျိုးစား၍ ဖြစ်ပျက်ကိုမြင်အောင် ရှုကြပါ ကြည့်ကြပါ ဒကာ ဒကာမတို့၊

မိမိတို့ အလုပ်ကိုမကျိုးစားကြရင် ဇာတိပိဇရာ,ဗျာဓိပိမရဏာ,ဆိုတဲ့ အပင်တွေ ပြန်ပေါက်လာရင် အမယ်လေး........ ဒကာ ဒကာမတို့ရယ်....ဒုက္ခသစ္စာတွေနဲ့ ရင်ဆိုင်ရအုံးမှာပါဘဲ၊

ဘုရားတပည့်တော် တပည့်တော်မတို့မှာ သားရေး, သမီးရေး, စီးပွါးရေး, ကြီးပွါးရေး, တွေက များလွန်းလို့ ဝိပဿနာအလုပ်ကို တွင်တွင် ကျယ်ကျယ် မလုပ်နိုင်သဖြင့် ဘယ်လိုသေမှ "ဘဝကူးကောင်းမှာပါလဲဘုရားလို့" သေနည်းကို မေးကြရင် ဘာနည်းတဲ့လဲ....

သေနည်းပါဘုရား၊

ဘုန်ကြီးအနေနဲ့ကတော့ သေနည်းကိုမဟောခြင်ပါဘူး ဒကာ ဒကာမတို့ကကော သေတဲ့တရားကို နာခြင်ကြသလား ...

မနာခြင်ပါဘုရား၊

သည်လိုတော့လဲသေရမှာ အကြောက်ကြသားဘဲ မသေခင် လုပ်ထားကြပါလို့ ဟောတော့ သားရေး, သမီးရေး, ဘာရေး ညာရေးနဲ့ အရေးတွေကိုပြပြီး ဆင်ခြေတွေပေးနေကြတယ်၊ ဒါ့ကြောင့်မို့ မနာခြင်ပေမဲ့ ဟောရပါလိမ့်မယ်ဗျာ မှတ်မိရအောင်သာ မှတ်ထားကြပါတော့၊

မသေခင် နေရတဲ့အချိန်မှာသာ ကိုယ့်ကိုယ်ကိုစိတ်ချရအောင် လုပ်ထားစေခြင်ပါတယ်၊ ဘုရားကလဲသည်အတိုင်းဘဲ အလိုရှိတော်မူပါတယ်၊

ဒါပေမဲ့ ဝေနေယျ သတ္တဝါအပေါင်းတို့အား သနားကျင်နာလှသဖြင့် အင်္ဂုတ္တရပါဠိတော်မှာ ညီတော် အာနန္ဒာအားအကြောင်းပြု၍ ဟောတော်မူခဲ့သည့် သေနည်းကို ဆရာဘုန်းကြီးက ထပ်ဆင့်၍ ဟောပါမယ်၊

ယခုလို တရားဘူး တရားမြတ် တွေကိုတော့ နာရပါရဲ့ သို့သော် စောစောက ပြောခဲ့တဲ့ အရေးတွေကြောင့် ဘဝ၏ ကျွတ်ရေး လွတ်ရေးတွေမလုပ်နိုင်ခဲ့ရင် သေခါနီး အချိန်တွင် ယခုနာရတဲ့ တရားထူး တရားမြတ်၏ သဒ္ဒါတရား များကို အာရုံပြုပြီး မိမိ၏ ခန္ဓာကိုယ်ကို ဖြစ်ပျက်နေတဲ့ ဒုက္ခတွေ ပါလား၊ အနတ္တတွေ ပါလား-လို့ ပစ္စဝေက္ခဏာ တင်၍ "အဖြစ်၊ အပျက်တွေကိုသာ ဆင်ခြင်ပြီး, သေလိုက်စမ်းပါ" ဘာတဲ့လဲ....

အဖြစ် အပျက်ကို ဆင်ခြင်ပြီး သေပါတဲ့ဘုရား။

ခင်ဗျားတို့ကို တရားဟောရဒါဟာ တော်တော့ကို ခက်ပါတယ်၊ မသေခင် လုပ်ကြပါ ဆိုတော့လဲ မလုပ်ကြ၊ သေတဲ့အထိ ခေါင်းရင်းကထိုင်ပြီး တရားဟောရပုံ ရနေပြီ ဘုန်းကြီးကလဲ ခင်ဗျားတို့သေတဲ့အချိန် ရှိခြင်မှရှိတော့မှာပါ ဒီတော့ ဒီသေနည်းကိုသာ မှတ်မိအောင်မှတ်ထားကြပါ ဒကာ ဒကမတို့၊

ပြန်ဆိုကြစမ်းပါအုံး....

"သေခါနီးအချိန်တွင် အဖြစ် အပျက်ကို ဆင်ခြင်ပြီး သေပါတဲ့ဘုရား"

ကဲမှတ်မိလောက်ကြပါပြီနော်၊ ယခုလို ဆင်ခြင်ပြီးသေရင် တပါးသော ခန္ဓာကိုယ်ရတော့ ရပါရဲ့ ဒါမေမဲ့ ဘဝကူး ကောင်းပါသေးတယ် ကျိုးစားပြီး ဆင်ခြင်ရင် သေခါနီး အချိန်တွင် သောတာပန်ဖြစ်နိုင်ပါတယ်။

သောတာပန်ဖြစ်ရင်၊ ခုနှစ်ဘဝနေပြီး နိဗ္ဗာန်ရောက်ပါတယ်။

သေခါနီးရင် ဝေဒနာ တနုခုတော့ ဖြစ်ပါတယ်၊ ဖြစ်လာတဲ့ ဝေဒနာကို အနိစ္စ-ဒုက္ခ-အနတ္တလို့ ရှုပါ ရုပ်နာမ်တွေ အားလုံး ချုပ်အောင်ကြည့်ရင် (ရှုရင်) နိဗ္ဗာန်ပါဘဲ။

သေတယ်ဆိုဒါဘာပါလိမ့်

" နောက်ဆုံးပိတ်အလုပ်ပါဘုရား "

ဒါတော့ အသိသားဘဲ မျှော်လင့်ချက် မရှိတော့တဲ့ ဒီနောက်ဆုံးပိတ် အချိန်ကလေးမှာ ကျိုးစားပြီး ဖြင့်ပျက်ကို မြင်အောင်ကြည့်ရင် " **သောတာပန်၊ သကဒါဂမ်၊ တည်နိုင်တယ်လို့ ဘုရားသခင်က ဟောတော်မူခဲ့ပါတယ်** "

အင်မတန် အဘိုးတန်ပြီး အရေးကြီးတဲ့ စကားနှစ်လုံး ဖြစ်သဖြင့် မှတ်မိအောင် မှတ်ကြပါ ဒကာဒကာမတို့။

တရားဟောဒါ ကတော့ နာရီဝက် ရှိသွားပြီ စကားကတော့ နှစ်လုံးထဲဘဲရှိသေးတယ်။

ပဌမစကားက " နောက်ခန္ဓာကိုယ်ကို ရခြင်းသည် အပြစ်ကြီး သင့်သည် "

ဒုတိယ စကားက " တရားထူး တရားမြတ် ဟောမဲ့ ဆရာတွေလဲ လက်လွတ်ကုန်ပြီ ငါကလဲ ဒီသောင်က တက်မှာ မဟုတ်တော့ဘူးဖြစ်သဖြင့် ကိုယ့်ကိုယ်ကို ပစ္စဝေက္ခဏာတင်၍ ဆင်ခြင်ပြီးသေပါ "

ဒီစကား နှစ်ခွန်းကို မှတ်မိအောင် မှတ်ထား ကြပါနော်

ဒီအချိန်မှာ မကျိုးစားပါနဲ့ ဆိုလို့ ကော ရပါအုံးမလား

မရပါဘုရား

မရနိုင်းသိရင် ကျိုးစား လိုက်ကြပါနော်၊ လုပ်စရာ ကကော များသလား

မများပါဘုရား

မများပါဘူး ဖြစ်ပျက်မှတ်ရုံပါဘဲ

အပြစ်ကြီး သင့်တယ်ဆိုဒါကကော ဘာပြစ်ပါလိမ့်

ဒုက္ခသစ္စာပါဘုရား

ဦးခင်မောင် ဆန်အိပ် တလုံး ပိုးရာကနေပြီး နောက် တလုံးထပ်ပိုးရရင် ဘဲ့နဲ့နေမလဲ

အင်မတန် ဆင်းရဲပင်ပန်း လှပါတယ်ဘုရား

ဝေနေယျသတ္တဝါများအတွက် "နေစာ-သေစာအတွက်" ဘုရားသခင် ဟောတော်မူခဲ့တဲ့ ဒီစကားနှစ်လုံးကို နားလည်၍ ရှင်းကြပြီနော်

ရှင်းပါပြီဘုရား

ကိုင်းဒါဖြင့် မနေ့ညက ဟောခဲ့တဲ့ ပေါက်ပင် အ ကြောင်းကို ဆက်ကြစို့

ပဋ္ဌမဟောတဲ့ ရဟန္တာကြီး၏ နိဗ္ဗာန်မြင်တဲ့ အမြင်မှန် နည်း ကကော မှားသလား

မမှားပါဘုရား

မမှားပါဘူး အာယတန (၆)ပါးတို့တွင် တပါ ပါး၏ တစ်နာမ်ကို နှစ်နာမ်နဲ့ကြည့်ရင် ဖြစ်ပျက်မြင်ပါတယ် ဘာက, ဘာကိုကြည့်ရမှာတဲ့လဲ

တစ်နာမ်ကို နှစ်နာမ်နဲ့ ကြည့်ရမှာပါဘုရား

ဒါဖြင့် ပုထုဇဉ် ရဟန်းက မကျေနပ်သော်လဲ ဒကာ ဒကာမတို့က ကြေနပ်လိုက်ကြပါ ပဌမရဟန္တာကြီး ဟောတဲ့ နည်းကလဲ အမှန်ဘဲလို့ မှတ်ကြပါ။

နောက်ခန္ဓာ မရကြရအောင် ကျိုးစားကြပါ၊ နောက်ခန္ဓာရရင်ပါတဲ့လဲ

အပြစ်ကြီးသင့်ပါသတဲ့ဘုရား

ဒီလိုအပြစ်ကြီး မသင့်ရအောင် ဘုရားသခင်က ဟောခဲ့တဲ့အတိုင်း ဆရာဘုန်းကြီးကလဲ "နေတတ်-သေတတ်အောင် သင်ခဲ့ပါပြီ" မှတ်မိကြပလား သေခြာကြပလား

မှတ်မိပါပြီဘုရား

ကိုင်းဒါဖြင့် နောက်ခန္ဓာ မလာဒါဟာ အပြစ်အကြီးဆုံးမှ ဒကာဒကာမတို့မှာ လွတ်ကြပါပြီ မရှုရင်တော့လွတ်မည် မဟုတ်ပါ ကိုယ်ရဘို့အရေးကြီးပါတယ် သူများရလို့ ကိုယ်မရပါဘူး ရကြရဲ့လား

မရပါဘုရား

ခင်ဗျားတို့ဟာ ပြောရတာအားကို မအားပါဘူး ဆရာဘုန်းကြီးကိုလဲ အားနာကြပါအုံး

ပုထုဇဉ်ရဟန်းက မကျေနပ်လို့သာ မကြေနပ် ထာပါ ဖြစ်စဉ်ကတော့ စုံပါတယ် ခင်ဗျားတို့ကကော ကြေနပ်ရဲ့ကြရဲ့လား

ကြေနပ်ပါတယ်ဘုရား

ဒုတိယရဟန္တာ၏ " ခန္ဓာငါးပါးရှုကြည့်၍ ဖြစ်ပျက်မြင်ရင် အမြင်မှန်ပါဘဲတဲ့ " ဒီနည်းကကော မှားသလား

မမှားပါဘုရား၊

ခန္ဓာငါးပါးဘင် ဘာရှုရှု "ဧကောခမွာ" ဆိုဘဲ့ အတိုင်း အမြင်မှန်ရဒါပါဘဲ ဒုတိယရဟန္တာ၏ နည်းကတော မှားသလား

မမှားပါဘုရား

ပုထုဇဉ်ရဟန်း၏ စိတ်ထဲတွင် ကြေနပ်ကဲ့လား

မကြေနပ်ပါဘုရား၊

ပုထုဇဉ်ရဟန်းက မကျေနပ်သော်လဲ ဒကာဒကာမတို့က ဒီနည်းကိုလဲ ကြေနပ်ကြပါ

တတိယရဟန္တာ၏ "ဓါတ်လေးပါးကိုရှုလို့ ဖြစ်ပျက်မြင်ရင် အမြင်မှန်ပါဘဲ" တဲ့ ဒီနည်းကတော မှားသလား

မမှားပါဘုရား

ပုထုဇဉ်ရဟန်းက အမြင်မှန်ရပလား

မရသေးပါဘုရား

သူကချင်းချက်နဲ့ ဟောဘာဿထင်ပြီး ဝေဖန် နေဒါကို ဝေဖန်ပြန် များရင်လဲ အမြင်မှန် မရနိုင်ပါဘူး ဒကာဒကာမ တို့ကတော ဝေဖန်စရာလိုသေးသလား

မလိုပါဘုရား

မလိုပါဘူး ဘုရားကလဲဟော ဆရာဘုန်းကြီးကလဲ ဟော နေပါလျှက်နဲ့ ဝေဖန်ရင် ခင်ဗျားတို့၏ အမှားပေါ့နော်....

စတုတ္ထရဟန္တာ၏ " ဖြစ်ပျက်မြင်ရင် နိဗ္ဗာန်မြင်ပါတယ် ဘာဘဲကြည့်ကြည့် ဖြစ်ပျက်မြင်ရင် အမြင်မှန်ပါဘဲကွာလို့ " ဟောလိုက်တဲ့ နည်းကတော မှားသလား

မမှားပါဘုရား

မမှားပါဘူး ဒကာဒကာမတို့မှာလဲ ဖြစ်ပျက်ပေါ်လာဘို့ အင်မတန် အရေးကြီးပါတယ် ဖြစ်ပျက်ပေါ်လာရင် နိဗ္ဗာန်နဲ့ မဝေးတော့ပါဘူး။

နိဗ္ဗာန်ဆိုတာ နိစ္စနိဗ္ဗာန် ဓုဝနိဗ္ဗာန် သုခနိဗ္ဗာန်ရယ်လို့ သုံးမျိုးရှိပါတယ်။

မြဲတဲ့နိဗ္ဗာန် ခိုင်မြဲတဲ့နိဗ္ဗာန် ချမ်းသာတဲ့နိဗ္ဗာန်လို့ မှတ်ပါ။

အမြင်မှန်ဆိုတာ " ဖြစ်ပျက်လို့ဘဲ မှတ်လိုက်ကြပါ ဒကာဒကာမတို့ "

ကိုင်းအချိန်စေ့ပါပြီ သာဓု....သာဓု....သာဓု၊

## မွေ့သဘင်အစီအစဉ်

၁၃၂၂-ခု တန်ကူးလွှန်း(၇)ရက်
(၂၂-၃-၆၁)နေ့ည ဟောတော်မူချက်။

## သဋ္ဌာညောင်ဇော်၊ တက်ထား၊ရန်နှင့် နိဗ္ဗာန်ရောက်နိုင်သည့် အမြင်မှန်နည်း ဟောပုံ

ယနေ့ည တရားနာလာကြတဲ့ ဒကာဒကာမ အပေါင်း တို့အား ဆရာဘုန်းကြီးက သတိပေးလိုက်ပါမယ်။

ဒီသတိပေး စကားကို တသက်လုံး မှတ်မိအောင် မှတ် ထားကြပါ ဒကာဒကာမတို့၊

မြတ်စွာဘုရားသခင်သည်၊ လေးဆဲ့ငါးဝါအတွင်းတွင် ဟောတော် မူခဲ့တဲ့ ပိဋကတ် သုံးပုံကို အကျဉ်း ချုံးလိုက်ရင် ထောင့်ခုနှစ်ရာ့ ကိုးဆယ့်နှစ်ကြိမ် (၁၇၉၂) ဟောတော်မူခဲ့ ပါတယ်လို့ ဆရာ့ဆရာများက မှတ်သား ထားခဲ့တဲ့ အတွက် သိရပါတယ် ဘယ်နှစ်ကြိမ်တဲ့လဲ

၁၇၉၂ ကြိမ့်ပါဘုရား

ဘုရားက ၁၇၉၂ ကြိမ်တိုင်တိုင် ဟောခဲ့တယ်ဆိုတော့ သာမညအ ရေးကြီးလို့တော့ မဟုတ်ဘူးနော် အလွန့်အလွန် အရေး ကြီးလို့သာ ဟောတော် မူတယ်လို့ မှတ်ကြပါ ဘာဘဲ့လဲ

အလွန့်အလွန် အရေးကြီးလို့သာ ဟောတော် မူခဲ့ ပါတယ်တဲ့ဘုရား၊

ဟောတော် မူချက်များတွင် ဘုရားသခင်၏အတွက်မပါ အများ ဝေနေယျသတ္တဝါ အပေါင်းတို့၏ အတွက်သာ ဟော တော်မူခဲ့သဖြင့် ခန္ဓာဇာတ်မသိမ်းသေးကြဘဲ ပုဂ္ဂိုလ် (ရဟန်း ရှင်, လူ ) များအတွက် ချောင်ခြာခြာ လုပ်နေဘို့ မသိုပါ ဘူးနော်

ချောင်ခြာခြာလုပ်နေကြရင် ဘုရားသခင်၏စကားတော် ကို နားမထောင်ရာ ကြသဖြင့် အို.... ဒကာဒကာမ အပေါင်း တို့ရဲ့ တော်ပမလား

မတော်ပါဘုရား

တော်သါမတော်တယ် ခင်ဗျားတို့ကတော့ ချောင်ခြာခြာ ဘဲ လုပ်နေကြတယ် အမယ်လေး ... ဒကာဒကာမတို့ရဲ့ စဉ်းစါး ကြပါအုံး

သူများ အတွက်ကို မစဉ်းစားကြပါနဲ့, ကိုယ့်အတွက် ကိုသာ စဉ်းစားကြပါ သူများအတွက်ကို စဉ်းစါးကြဒါကတော့ များလှပါပြီနော်

မလိုလားအပ်တဲ့ စိတ်ကူးယာဉ် အစီအစဉ် များကို ရပ်ကြပါတော့ မရပ်တော့ကော ခင်ဗျားဘို့၏ အစီအစဉ် စိတ်ကူးယာဉ်အတိုင်းဖြစ်ကြရဲ့လား ဦးခင်မောင်တို့ ဒကာဝတို့ ဖြစ်ကြရဲ့လား

မဖြစ်ပါဘုရား

မဖြစ်မှန်းသိရင် ဒီစိတ်ကူးယာဉ်တွေ ကို ရပ်လိုက်ကြပါ ်တော့ ဒကာဒကာမတို့

သတိမပေးရင် တော်မယ်မထင်လို့ ခုနှစ်ရက် တကြိမ် ဆိုသလို ဆရာ ဘုန်းကြီးက သတိပေးရတာပါ ကိုယ့်ကိုယ်ကို ပြန်၍ စဉ်းစားကြပါ ဘာတဲ့လဲ

ကိုယ့်ကိုယ်ကို ပြန်၍ စဉ်းစားပါတဲ့ဘုရား

**ဆရာဘုန်းကြီး၏ သတိပေးချက်သည်၊**

သမီးအိမ်ထောင် ချထားရေး သားအိမ်ထောင် ပြုရေး၊ သားသမီး ကျောင်းထားရေး စီးပွါးရေး ကြီးပွါးရေးတို့ထက် အင်မတန် အရေးကြီးပါတယ်၊ ဆရာဘုန်းကြီး၏ သတိပေး စကားကို မေ့မနေကြပါနဲ့ စဉ်းစားကြပါ

အော်........ တော်တော် အရေးကြီတဲ့စကား တော် အောင်နေကြရင် တော်မလား မတော်ပါဘူး ဒကာဒကာမ တို့ရယ်၊

ယခုလို အချိန်ရသေးတဲ့အခါတွင် သစ္စာညောင်ဇောင်း တက်မထားကြရင် သေရာ ညောင်ဇောင်း တက်တဲ့အခါကျမှ မျက်ရေမကျနဲ့....

သေရာညောင်ဇောင်း တက်တဲ့အခါတွင် မျက်ရေမကျ ကြရအောင် သစ္စာ ညောင်ဇောင်းကို ယခုကပင် တက်ထား ကြပါလို့.... ဆရာဘုန်းကြီးက သတိပေးပါတယ် ဒကာဒကာမ တို့၊

သစ္စာညောင်ဇောင်း တက်မထားရင် သေရာ ညောင် ဇောင်း တက်တဲ့အခါတွင် ဦးခင်မောင်ရေ........ မျက်ရေ မကျဘူးလား

ကျရပါတယ်ဘုရား

သစ္စာညောင်ဇောင်း တက်မထားရင် သေခါနီးအချိန်တွင် မျက်ရေတွေကျရမယ်လို့ မှတ်သိုက်ကြပါ၊ ဘာတဲ့လဲ

သစ္စာညောင်ဇောင်း တက်မထားရင် သေခါနီးအချိန်တွင် မျက်ရေတွေ ကျရမှာပါတဲ့ဘုရား၊

သမီးအိမ်ထောင် ချထားရေး၊ သားအိမ်ထောင် ပြုရေး၊ စီးပွါးရေး၊ ကြီးပွါးရေး တွေကိုသာ အရေး ပေး၍ သစ္စာညောင်ဇောင်း တက်မထားသူများမှာ

သေခါနီး စေါခစေါအချိန်တွင် ခွေးနက်ကြီးတွေ ငရဲမီးအိုးကြီးတွေကို မြင်ရသဖြင့် မျက်ရေကျတယ်လို့ အဋ္ဌကထာဆရာများက ဟောခဲ့ပါတယ် ဒီအချိန်မှာ သေပလား

မသေသေးပါဘုရား၊

မသေခင် မြင်ရတဲ့ နိမိတ်တွေ ပါနော်..... ပြိတ္တာဘုံရောက်မဲ့ သူများမှာတော့ ချောက်ကမ္ဘား တောင်ကြားကြီးတွေကို မြင်ရပါတယ်၊ တိရိစ္ဆာန်ဘုံ ရောက်မဲ့သူများမှာတော့ တောတောင်ကြီးတွေကို မြင်ရပါတယ်။ ဒီနိမိတ်တွေကို ဘယ်အချိန်မြင်ရဒါလဲ

မသေခင် မြင်ရတာပါဘုရား၊

မသေခင်မြင်ရရင် အမယ်လေး ... ဒကာဒကာမတို့ရဲ့.... ဒီနိမိတ်တွေကို မြင်ခြင်ကြ သေးသလား မမြင်ခြင်ကြပါနဲ့၊ ကိုယ့်ကိုယ်ကို ဆင်ခြင်ကြပါ ဒကာဒကာမတို့

သစ္စာညောင်ဇောင်း တက်ထားရန် အင်မတန် အရေးကြီးတာကို သာမညလို့ ဆိုကြမလား၊ မဆိုကြပါနဲ့၊ နတ်ဘုံသွားမဲ့သူများမှာတော့ နတ်သမီးနတ်သားတွေကို မြင်တွေ့ရသဖြင့် ပြုံးပြုံးလေးဘဲ သေရပါတယ်။

သေခါနီး မျက်ရေတွေ ကျတယ်ဆိုဒါကို ဘုန်းကြီးက ချောက်ပြီး ဟောခနေတာလို့ မအောင်းမေ့ကြပါနဲ့ ဘုရားက ၁၇၉၂-ကြိမ် ဟောဒါဟာ ခြောက်ထာလားဗျာ ချောက်ထာလို့ ထင်ချင် ဒကာဝရေ.... မျက်ရေကျဒါသာပြင်ပါ၊

" ငါတော့ဖြင့် လူ့ဘဝ တရှောက်လုံးတွင် အနေဆိုး အသေဆိုးနဲ့မို့ အမယ်လေးကိုယ်ကြိုးတော့နဲ့ပေါ့လို့ " အနှါးမှါရှိတဲ့ ဆွေမျိုးသါးခြင်းများကို မှာခဲ့ပြောခဲ့ခြင်သော်လဲ အါစေးတွေ ကထည့်ပြီး မေးခိုင်နေသဖြင့် မပြောနိုင်ခဲ့ပါ ပြောနိုင်ရဲ့လား

မပြောနိုင်ပါဘုရား

ဒါ့ကြောင့်မို့ ကယ်နိုင်ယူနိုင်တဲ့ အချိန်ရှိတုံး ကိုယ့်ကိုယ်ကို ကယ်ထားကြပါလို့ ဆရာဘုန်းကြီးက သတိပေးနေရပါတယ်

လမ်းသွားရင်း ကင်းတွေလို့ခုံတာ ချော်လဲမှါကြောက်လို့ ခြေတဘက်နောက်ကို ဆုတ်ထာတွေဟာ မလွဲမရှောင်သာ ကယ်တာပါ အပါယ် မရောက်အောင် ကယ်ဒါဟုတ်ကဲ့လား

မဟုတ်ပါဘုရား၊

ကဲဒါဖြင့် ကိုယ့်ကိုယ်ကို အပါယ် ကယ်နိုင်တဲ့နည်းသာ လုပ်ကြပါ ဒကာဒကာမတို့

အပါယ်ကင်းတဲ့နည်းကို ဘော်လှန်ခြင်ကြသေးသလား အို..... မလုပ်ကြပါနဲ့ မတော်ပါဘူးနော် ဆရာဘုန်းကြီးက ချောက်လှန့် ပြောဒါမဟုတ်ပါဘူး ခင်ဗျားတို့ ကြက်တွန့်တက်ပြီး ကိုယ့်ကိုယ်ကို မကယ်ဘဲ ထားကြတော့မှာလား

အမယ်လေး..... ဒကာဒကာမတို့ရယ် မကယ်ဘဲ မထား ကြပါနဲ့ အပါယ်ဆိုတာ အင်မတန် ကြောက်စရာ ကောင်း ပါတယ်။

ကြောက်စရာ ကောင်းကြောင်း အဌကထာချဲ့၍ ဟော စရာမလိုပါဘူး အလိုလိုသိကြပါ

သေခါနီးခေါင်းအုံးပေါ် မျက်ရေမကျ ကြဲစေနဲ့ ဆိုတဲ့ အဓိပ္ပါယ် ရှင်းကြပလား သဘောပေါက်ကြပလား မလုပ်ဘဲ နေရင် မျက်ရေကျမှာ သေချာ တယ်နော်၊ ဘုရား ဟောခဲ့တဲ့ ၁၇၉၂–ကြိမ်ထဲတွင် သူများအရေးပါ သူ့အရေးမပါပါဘူး၊ ဝေနေယျတို့အရေးတွေပါ။

“ ကိုယ့်ကိုယ်ကို ကယ်တင်တဲ့အရေးကို အရေးအကြီး ဆုံးထား၍ လုပ်လိုက်ကြစမ်းပါ” ဘာတဲ့လဲ

ကိုယ့်ကိုယ်ကို ကယ်တင်တဲ့အရေးကို အရေးအကြီးဆုံး ထား၍ လုပ်ပါတဲ့ဘုရား၊

“ ပေါ့ပေါ့ တန်တန် စကားရယ်လို့ မယူကြပါရန် အထူးသတိပေးပါတယ် ဒကာဒကာမတို့ရယ်။ ”

ပရပိုက်ရဟန်းက သုခ ဒုက္ခခွဲခြားပေးပါရန် ရှင်သာရိ ပုတ္တရာအား မေးတော်မူသဖြင့် “ နောက်တဖန် ဘဝပြန်၍ မရခြင်းသည် သုခ ” “ နောက်တဖန် ဘဝပြန်ရခြင်းသည် ဒုက္ခလို့ ” ဖြေတော်မူပါတယ် ရှင်သာရိပုတ္တရာ ဖြေတော်မူတဲ့ စကားသည်၊ တိုပင်တိုသော်လဲ အဓိပ္ပါယ် အင်မတန် ပြေ့ဝ ပါတယ်။

နောက်တဖန် ဘဝပြန်၍ မရနိုင်တဲ့နည်းကို လုပ်မထားကြရင် ဇုဒ်-ပါးသော မသာအဖြစ်နဲ့ သံသရာတွင် ကျဉ်လည်ရမဲ့ ဘဝတွေဟာဖြင့် ဦးခင်မောင်တို့ဒကာဝတို့ရေ.... ရေတွက်လို့ ဆုံးနိုင်ပါ့မလား

မဆုံးနိုင်ပါဘုရား

ဆရာဘုန်းကြီးက လမ်းမသိတဲ့ ပုဂ္ဂိုလ်တွေကို ပြရပါတယ် ဟောရပါတယ်၊ နောက်တဖန် ဘဝပြန်မရ ရအောင် ကယ်တင်ရပါ့မယ်

ကိုယ့်ကိုယ်ကို ကယ်တင်ကြပါ ကိုယ့်ကိုယ်ကိုကယ်တင်မှသာလျှင် ကိုယ့်ကိုယ်ကို ချစ်ခင်ကျင်နာရာ ရောက်ပါတယ်။

ခန္ဓာကိုယ်သည်ဘာလဲ

ဒုက္ခသစ္စာပါဘုရား

ဒုက္ခသစ္စာမှန်း သိပါလျှက်နဲ့ ဒကာ ဒကာမ တို့က ကိုယ့်ကိုယ်ကို မကယ်တင်ကြလို့ တပ်ခါထပ်ခါ ဟောရဒါပါ ကိုယ့်ကိုယ်ကို မသနား လို့ရှိရင် ဆရာ ဘုန်းကြီးကို ဆင်ခြေလဲရာမရောက်ဘူးလား

ရောက်ပါတယ်ဘုရား

ဒါဖြင့်ကိုယ့်ကိုယ်ကို သနားကြပါ ကိုယ့်ကိုယ်ကို ကယ်တင်ကြပါ ကိုယ့်ကိုယ်ကို မသနားရင် တဏှာက ပြောဒါကိုလဲ လုပ်ရာ မရောက်ပေဘူးလား

ရောက်ပါ တယ်ဘုရား၊

တဏှာကပြောဒါကို မလုပ်ကြပါနဲ့ ပညာကပြောဒါကိုသာ လုပ်ကြပါ၊ တဏှာသည် ရန်သူ ပညာသည် မိတ်ဆွေ ဖြစ်ပါတယ်။

နောက်ပဋိသန္ဓေ မနေရရင် သုခ၊ နောက်ပဋိသန္ဓေနေရရင် ဒုက္ခ၊ ဒုက္ခသစ္စာမှ ကင်းငြိမ်းပြီး နောက်ပဋိသန္ဓေမနေကြရအောင် မနေ့ညက ဟောလိုက်တဲ့ ပေါက်ပင် ဝတ္ထုကို ဆက်ကြစို့.

ဝိပဿနာအလုပ်ဆိုဒါ ဘာပါလိမ့်

ကိုယ့်ကိုယ့်ကို ကယ်တင်တဲ့ အလုပ်ပါဘုရား နဲ့နဲ့တော့ စကားထပ်ပါတယ် စကားထပ်လိုလို့တော့ မဟုတ်ပါဘူး ကိုယ့်ကိုယ်ကို ကယ်ဘို့ ဟောရဒါပါ။

ပဌမ ရဟန္တာကြီး၏ အမြင်မှန် ဟောပုံကို ပြောကြစမ်းပါအုံး

" အာယတန ခြောက်ပါးကို ရှုလို့ဖြစ်ပျက် မြင်ရင် နိဗ္ဗာန်ပါဘဲဘုရား "

ဒကာဒကာမတို့ အထဲတွင် ပဌမရဟန္တာ၏ အမြင်မှန် ပြောတဲ့ အတိုင်း တိုက်ဆိုင်လို့ ကြိုက်တဲ့ ပုဂ္ဂိုလ်ပါကြရင်လဲ ဒီနည်းအတိုင်းဘဲ ရှုကြပေါ့ အမြင်မှန်ရ၍ ဖြစ်ပျက်ကို မြင်နိုင်ပါတယ်။

ဖြစ်ပျက်ရှိလို့ ဖြစ်ပျက်မြင်ရတာ ဖြစ်ပါတယ် အာယတန ခြောက်ပါးလုံးတွင် မြဲဒါများ ရှိရဲ့လား

မရှိပါဘုရား၊

မြဲဒါမရှိလို့ ဖြစ်ပျက်ထာလို့ မှတ်လိုက်ကြပါ။

ရဟန္တာကြီး ပြောဒါကို ရုပ်နာမ်ဘဲပါတယ် စေတသိတ် မပါဘူးထင်တယ် ခန္ဓာငါးပါး မစုံဘူးလို့ဆိုပြီးပုထုဇဉ်ရဟန်းက ကြေနပ်ရဲ့လား

မကြေနပ်ပါဘုရား

မကြေနပ်သဖြင့် စုံစမ်းတဲ့သဘောမျိုးနဲ့ "အရှင်ဘုရားလို ပုဂ္ဂိုလ် ဘယ်မှာ ရှိပါသေးသလဲလို့ " ကြက်တွန့် တက်ပြန်ပါတယ်၊

ကြက်တွန့်တက်၍ ဒုတိယ ရဟန္တာထံ ရောက်ပြန်သဖြင့် " ခန္ဓာငါးပါးကို ရှုကြည့်လို့ ဖြစ်ပျက်မြင်ရင် အမြင်မှန်ပါဘဲ ကွာလို့ " ကာယနုပဿနာ သတိပဋ္ဌာန်ကို " ဒုတိယ ရဟန္တာက ဟောပြန်တယ် ပုထုဇဉ်ရဟန်းက ကြေနပ်ရဲ့လား

မကြေနပ်ပါဘုရား၊

ပုထုဇဉ်ရဟန်းက မကြေနပ်ပြန်သဖြင့် တတိယရဟန္တာ ထံ လျှောက်ပြန်ပါတယ် " ဓါတ်လေးပါးကိုရှုလို့ ဖြစ်ပျက် မြင်ရင် အမြင်မှန်ပါဘဲလို့ " ဟောလိုက်ပါတယ်။

ပုထုဇဉ်ရဟန်းက ထုံးစံအတိုင်းမကြေနပ်ပါဘူး ဒကာ ဒကာမတို့ကတော့ ကြေနပ်ကြပါ ခန္ဓာကိုယ်ပေါ်ကို ဉာဏ်စိုက် ကြပါ ခန္ဓာကိုယ်က ပြောပါလိမ့်မယ်။

" ခန္ဓာကိုယ်က လေးလေးနက်နက် သတိပေးရင်းနဲ့ဘဲ ဒီနေ့ဟောနေပါတယ် " လမ်းသွားရင်း လုပ်ရှားတဲ့ဝါယော ဌာမ်တဲ့ရုပ်လဲဖြစ်ပြီး ပျက်းစီးသွားပါတယ် တတိယရဟန္တာ၏ နည်းကကော မှားသလား

မမှားပါဘုရား

မမှားပါဘူး အမြင်မှန်ဖြစ်တဲ့ ဖြစ်ပျက်ပါဘဲ ဒါနဲ့ ပုထုဇဉ်ရဟန်းက မကြေနပ်ပြန်သဖြင့် စတုတ္ထရဟန္တာထံ သွား ပြန်တယ်၊

" ဖြစ်တဲ့တရား ပျက်ထာဘဲ ရှိပါတယ်ဘုရားလို့ "စတုတ္ထ ရဟန္တာ ကြီးက ဟောလိုက် ပါဘယ် ဒကာ ဒကာမတို့ရေ တရားကတော့ စုံ၍ကုန်နေပြီ ဒါလဲ့ ပုထုဇဉ် ရဟန်းကတော့ အမြင်မှန်မရသေးပါဘူး၊ တရားနာလာကြတဲ့ ဒကာဒကာမတို့ အထဲတွင် ရဟန္တာကြီးလေးပါးတို့၏ အမြင်မှန်ပြောတဲ့အတိုင်း တိုက်ဆိုင်မှုရှိကြတဲ့ ပုဂ္ဂိုလ်များလဲ ပါရင်ပါကြ ပါလိမ့်မယ်၊ တိုက်ဆိုင်မှုရှိကြပါက တိုက်ဆိုင်မှု ရှိတဲ့နည်းအတိုင်း ဆက်လက် အားထုတ်ကြပါ အမြင်မှန်ရ၍ ဖြစ်ပျက်ကိုမြင်ကြပါလိမ့်မယ်

ပုထုဇဉ်ရဟန်း၏ စိတ်ထဲတွင် ချင်းချက်နဲ့ ပြောတယ် ထင်၍ မကျေနပ်သဖြင့် " အရှင်ဘုရားတို့ " ဒိနည်းဒိဉာဏ် တွေကို ကိုယ်တိုင် ထိုးထွင်းပြီး သိကြဒါလား ဘယ်ကရဒါလဲ အရှင်ဘုရားတို့၏ ဆရာ ရှိပါသေးသလား " လို မေးသဖြင့် " ထိုးထွင်း၍ သိဒါမဟုတ်ပါဘူးကွာ ဘုရားသခင်၏ အဆုံး အမဖြင့် ဒိနည်းဒိဉာဏ်တွေကို ရရဒါပါလို့ " ပြောလိုက်တဲ့ အတွက် ပုထုဇဉ်ရဟန်းသည် ဈေးသည်နှင့်ဈေးဝယ်လို သဘော ထားပြီး လက်ကား ဖေါက်သည်ကို ဝယ်လို့ မဖြစ်သေးပါဘူး ဈေးပေါပေါနဲ့ရအောင် ပင်ရင်းကိုလိုက်မှဘဲဆိုတဲ့ စိတ်သဘော ထား၍ ဘုရားထံကို ရောက်သွားပါတယ်။

မြတ်စွာဘုရား သခင်သည် " သဗ္ဗညုတ " ဆိုတဲ့ အတိုင်း ချင်းချက်မရှိအလုံးစုံကို သိပြီးဖြစ်သဖြင့် ပဌမရဟန္တာ ၏ "အာယတနခြောက်ပါး" ဒုတိယရဟန္တာ၏ "ခန္ဓာငါးပါး" တတိယ ရဟန္တာ၏ " ဓါတ်လေးပါး " စတုတ္ထ ရဟန္တာ၏ " အသုံးစုံ ဖြစ်ပျက်မှုအဆုံးမှာ နိဗ္ဗာန်ရှိဘယ် " ဆိုတဲ့ နည်း များဟာ အားလုံးမှန်ပါတယ်

ဘယ်သူ့နည်းကမှ မမှားပါဘူး " သင်ပုထုဇဉ်ရဟန်းက အထင်မြင် လွဲမှားမှုသာဖြစ်ပြီး မင်းဖျင်းလို့ အမြင်မှန်မရတာ ကွလို့ " ဟောလိုက်ရင် ပုထုဇဉ်ရဟန်း၏ စိတ်ထဲတွင် တမျိုး တမည် ဖြစ်သွားမှာစိုးသဖြင့် ဘုရားသခင်က မဟောရက်ပါ

မင်းဖျင်းလို့ဆိုဒါ မဟောသင့်ဘူးလား ဦးခင်မောင်....

ဟောသင့် ပါတယ်ဘုရား

ဒါပေမဲ့ မြတ်စွာဘုရားသခင်သည် အများ ဝေနေယျ သတ္တဝါ အပေါင်းတို့အား သနားကြင်နာလှသဖြင့် ပေါက်ပင် ကို ဥပမာပြု၍ ပုထုဇဉ်ရဟန်းကို ဟောတော်မူပါတယ်။

တရားနာ ဒကာ ဒကာမတွေ နားလည်အောင် ဆိုပြီး ဟောလိုက် ရဒါ ဦးခင်မောင်ရေ..... ပေါက်ပင်ကို ဒီနေ့မှဘဲ ရောက်တော့တယ် ပေါက်ပင်ရောက်ဘို့ရာ သုံးရက် လောက် ဝေးခဲ့ရတယ်

ဒီဝတ္ထုကို ထောက်သော အားဖြင့် ပုထုဇဉ်တွေဟာ နားမလည်နိုင်ဘူး ထူတယ် အတယ်ဆိုတာ သဘောပေါက်ကြ ပလား ရိပ်မိကြရဲ့လား

ဘုရားသခင် ဟောတော်မူပုံမှာ ..... တိဘိ(ပန်းနာ) ရောဂါရှိသူ လူမမာ တယောက်သည်၊ တိဘိ ရောဂါကု ဆေးဆရာကြီးထံ သွားရောက်၍ ဆေးတောင်းရာ ဆရာကြီးက " ဒီဆေးကိုယူသွား၊ အိမ်ကြရင် ပေါက်သားနဲ့ကြို၍ သောက်ပါ မင့်ရောဂါ ပျောက်ပါလိမ့်မယ်လို့ " မှာလိုက်ပါတယ်။

“ ကျနော်က ပေါက်ပင်ကို မသိမမြင်ဘူးသဖြင့် ပြောပြပါအုံး ဆရာကြီးရယ်လို့ ” ပြန်မေးတဲ့အတွက် “ ငါ့ဆေးသောက်၍ တီဘီရောဂါ ပျောက်တဲ့လူများမှာ အရပ် လေးမျက်နှာတွင် ရှိပါတယ် မင်း သွားမေးရင် ပေါက်ပင်အကြောင်း ပြောပြကြပါလိမ့်မယ် မင်းမေးလိုတဲ့ အရပ်ကိုသာ သွားမေ.ပါတော့ဟု” ဆရာကြီးကလဲ သူ့ဆေးကောင်းကြောင်း ထင်ရှားအောင် လူမမာများထံ သွားရောက် မေးမြန်းရန် မှာကြားလိုက်ပါတယ်။

ဒီနေရာတွင် ပုထုဇဉ်တို့ အယူသီး၍ သက္ကာယဒိဋ္ဌိရှိပုံ သက်ကြီးစကား သက်ငယ်ကြား၍ မဟုတ်မဟတ် တာတွေ အယူမှားကြပုံ လမ်းလွဲပုံများ ကြက်တွန့်တက်၍ အချိန်ဆွဲပုံများကို သိရတော့မယ်။

အလှူလှူတဲ့နေရာတွင် ရက်ရာဇော ပြဿဒါး ရက်ပုပ် ရက်သိုး ရက်ကန်းရယ်လို့ လူမဲ့ရက်ကို ရွေးချယ် နေခြင်းမှာ ဘုရားဟောနဲ့ အင်မတန်ဆန့်ကျင်၍ အယူသီးလှပါတယ်။

“ ဒါနဉ္စ ဓမ္မစရိယာ ” လို့ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ တရားတော်တွင် မြတ်စွာ ဘုရားသခင်က အလှူပေးခြင်းနှင့် သူတော်ကောင်းတရားကို အားထုတ်ခြင်းတို့သည် မြတ်သော အကျင့်ဖြစ်တယ်လို့ ဟောတော် မူထားပါလျက် ရက်ပုတ် ရက်သိုးရက်ကန်းတွေကို ရွေးချယ်နေကြခြင်းမှာ ဘုရားသခင်၏ စကားတော်ကို မယုံကြည်ရာ မရောက်ပေဘူးလား

မိမိကလေကာ အလှူရက်တွေ ရွေးချယ်နေချိန်တွင် မသေပါဘူးလို့ ဘယ်သူကတာဝန်ခံရဲပါသလဲ အလှူရက်တွေရွေးရင်း အလှူဒကာ ဒကာမနဲ့ ရှင်လာမလောလောင်းတွေ သေကြတဲ့ အသုဘတွေဟာလဲ မနည်းပါဘူး ဒီအသဲကလဲ ဆက်လက်ပြီ တော့ ရက်ရွေးကြသေးဒါဘဲနော် — ဘော်တော့ကို အသူသိးကြပါကလား ဒကာဒကာမတို့

ဒီသိအောင် အယူ သိးနေကြရင်ဖြင့် တော်မသ်မသင်ပါဘူးနော် အသူ မသိးကြပါနဲ့တော့ မြတ်စွာဘုရားသခင်ဟောတော် မူခဲ့သည့်အတိုင်း မိမိတို့ အလှူပေးသော နေ့နဲ့ သူတော်ကောင်းတရားကို အားထုတ်သောနေ့တို့သည် ရက်မြတ်မင်္ဂလာလို့မှတ်ကြပါတော့ ဒကာဒကာမ ကို့ ကြေနပ်ကြပလား ကြေနပ်ကြပါတော့။

"သုနက္ခတ္တံ သုမင်္ဂလံ၊ သုပဘာတံ သုဟုဋ္ဌိတံ၊ သုခဏော သုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရီသု" လို့ ပရိတ်ကြီးမှာလဲ ဟောတော်မူခဲ့ပါတယ်။

သုနက္ခတ္တံ ကောင်းသော နက္ခတ်သည်၎င်း၊ သုမင်္ဂလ ကောင်းသော မင်္ဂလာသည်၎င်း၊ သုပဘာတံ ကောင်းသော မိုးသောက်ခြင်းသည်၎င်း၊ သုဟုဋ္ဌိတံ ကောင်းစွာ ထချခြင်းသည်၎င်း ဟောဘု ဖြစ်စေသတည်း။

သုခဏော ကောင်းသော ခဏသည်၎င်း သုမုဟုတ္တောစ ကောင်းသောမုဟုတ်သည်၎င်း၊ ဗြဟ္မစာရီသု မြတ်သော အကျင့်ကို ကျင့်လေ့ရှိသော ပုဂ္ဂိုလ်အား သုယိဋ္ဌံ ကောင်းစွာ ပူဇော်ခြင်းသည်၎င်း၊ ဟောတု—ဖြစ်စေသတည်း။

ဒီနေ့အရှေ့အရပ်က ငွေလာယူလှဲပါ့လို့မှာတာကို ဒီနေ့တော့ ပြဿဒါးနေ့မို့ မနက်ဖြန်မှဘဲ သွားယူတော့မယ်လို့ အယူသီးနေခြင်းသည် အေကန်တငွေမရဘဲ့အယူသီး မှားတာဘဲလို့ မှတ်ကြပါ ဒကာဒကာမတို့

ဆရာဘုန်းကြီးက ဝိပဿနာ အလုပ် နိုင်းဘာကိုကော ရက်ရာဇာ ရွေးနေကြအုံးမှာလား မရွေးကြပါနဲ့ အကာယ်၍ ရက်ရွေးနေတဲ့ ကြားထဲမှာ သေသွားရင် ကိုယ်ကျိုး နဲ့ရ ချည်ရဲ့

တရားနာတုံးတော့ ဝိပဿနာအလုပ်ကို လုပ်ပမယ်လေလို့ ဆုံးဖြတ်ပြီး အိမ်ကြတော့မှမိန်းမကအော်လိုက် ယောကျ်ားက ရောင်ခြာခြာဖြစ်လိုက် ယောကျ်ားကအော်လိုက် မိန်းမက ရောင်ခြာခြာဖြစ်လိုက်နဲ့ ဖြစ်နေရင် သက္ကာယဒိဋ္ဌိ မပြုတ်သေးလို့ဘဲမှတ်ကြပါ။

ကြွေနပ်ကြရဲ့လား သဘောပေါက်ကြရဲ့လား ဒီလိုသါ ရောင်ခြာခြာလုပ်နေကြရင် ဆရာဘုန်းကြီးကပေးသော နိဗ္ဗာန်သွားဘို့ ခရီးစရိတ်ဖြစ်တဲ့ ဝိပဿနာ အလုပ် တည်းဟူသော ငွေထုတ်ကြီးကိုဖြင့် လက်လွှတ်မှာသေခြာပါတယ်လို့ မှတ်လိုက်ကြပါတော့ ဒကာဒကာမတို့။

ရက်ရွေးမနေကြပါနဲ့ မိမိတို့ သူတော်ကောင်းတရားကို အားထုပ်သော နေ့သည် ရက်မြတ်မင်္ဂလာဖြစ်ပြီး မိမိတို့အိမ်မှာလဲ ကြက်သရေမင်္ဂလာ အပေါင်းနဲ့ ပြည့်စုံသော အိမ်ဖြစ်ပြီးလို့ မှတ်ကြပါ ဒကာဒကာမတို့။

ကဲကဲကဲ ပန်းနာရောဂါသည် အကြောင်းကို ဆက်ကြဦးစို့… ။

ဆေးဆရာ၏ညွှန်ကြားချက်အတိုင်းအရှေ့ရပ်ကပန်းနာ ရောဂါပျောက်ကင်းသူထံ ပေါက်ပင်ကိုသွားရောက် မေးမြန်းရာ အရှေ့ရပ်က ပန်းနာသည် ပေါက်သား သွားခုတ်စဉ် အခါက ပေါက်ပင်သည် အရွက်ချချိန်တွင် တွေ့ရှိခဲ့သဖြင့် " မိတ်ဆွေ ပေါက်ပင်ဆိုဒါ အရွက်အလက်တွေမရှိဘဲ မီးလောင်ငုတ်တိုလို မဲမဲကြီးကွလို့ " ပြောလိုက်ရာ " ဟင်၊ မီးလောင်ငုတ်တိုလို မဲမဲကြီး ကြက်သရေမရှိတဲ့ အပင်၏အသားကိုဖြင့် ကျွှမသောက် ခြင်ပါဘူး " ငါ့ရောဂါ မပျောက်ခြင်ရင် နေပါစေ ဆိုတဲ့ စိတ်ကိုထားပြီး ပေါက်ပင်စုံစမ်းတဲ့ သဘောမျိုးနဲ့ မြောက် အရပ်ကလူ့ဆီ ပေါက်ပင်အကြောင်းကို ဆက်လက် မေးမြန်း ပါတယ်။

မြောက်အရပ်ကလူ ပေါက်သား သွားခုတ်စဉ်အခါက ပေါက်ပင်ပွင့်ချိန် ဖြစ်သဖြင့် " သူငယ်ခြင်းရေ ပေါက်ပင်ဆိုဒါ တပင်လုံးနီရဲနေတဲ့ အပင်ဟာ ပေါက်ပင်ပါဘဲကွလို့ " ပြော လိုက်ရာ " ဟင်၊ နီနီရဲရဲအပင်ကြီး၏ အသားကိုဖြင့် မသောက် ခြင်ပါဘူး " ငါ့ရောဂါမပျောက်ချင်ရင် နေပါစေဆိုပြီး အ နောက်ရပ်ကလူ့ဆီကို ဆက်လက်မေးမြန်းပါတယ်၊

အနောက်အရပ်ကလူ ပေါက်သါး သွားခုတ်စဉ်အခါက ပေါက်ပင်သည် အသီးသီးချိန် ဖြစ်သဖြင့် " ကိုယ့်လူရေ ပေါက်ပင်ဆိုဒါ သံလျက်လို တွဲလောင်းကြီး သီးနေတဲ့အပင်ဟါ ပေါက်ပင် ပါဘဲ ကွလို့ " ပြောလိုက်ရာ " ဟင်၊ သံလျက်လို တွဲလောင်းကြီးသီးတဲ့ အပင်၏အသားကိုဖြင့် ကျွ၍ မသောက် ခြင်ပါဘူး " ငါ့ရောဂါ မပျောက်ခြင်ရင် နေပါစေ ဆိုပြီး ပေါက်သါးရှါလိုက်ထါသွားလို့ဆုံးနိုင်ပမလါးဒကာဒကမတို့။

ဘုရားက ပေါက်သားညှန့်တဲ့လူလေးယောက် ဟောထားလို့ လေးခါ စေ့အောင်တော့ သွားပရစေ ဦးခင်မောင်ရေ....

တောင်အရပ်က လူ့ဆီ ပေါက်ပင်အကြောင်းကို ဆက်လက်မေးမြန်းပါတယ်။

တောင်အရပ်ကလူ ပေါက်သား သွားခုတ်စဉ်အခါက ပေါက်ပင်သည် အရွက်ဖါးတဲ့ အချိန်ဖြစ်သဖြင့် " မိတ်ဆွေ ပေါက်ပင်ဆိုဒါဟာ အရွက်တွေဖါးပြီး ညောင်ပင်လို ဝိုင်းနေတဲ့ အပင်ဟာ ပေါက်ပင်ပါဘဲကွလို့ " ပြောလိုက်ရာ " ဟင်, ညောင်ပင်လို ဝိုင်းပြီး အရွက်ဖါးကြီးတွေနဲ့ အပင်၏ အသားကိုဖြင့် ကြို့မသောက်ခြင်ပါဘူး " ငါ့ရောဂါ မပျောက်ခြင်ရင် နေပါစေလို့ ဆုံးဖြတ်ချက်ချ၍ နေတယ်။

ဒီလူဘာဖြစ်မလဲ ဒကာ ဒကာမတို့၊ ရောဂါ ကျွမ်း၍ သေရုံဘဲရှိတော့တာပေါ့ ဒကာဒကာမတို့လဲ ဒီလူလိုအယူသီးကြရင်ဖြင့် သူလိုဘဲရောဂါကျွမ်း၍ သေလိမ့်မယ်ဆိုတာကိုတော့ ဆရာဘုန်းကြီးက အထူးသတိပေးလိုက်ပါတယ်။

" ကြက်သရေ မင်္ဂလာမရှိတဲ့ အပင်တွေ၏ အသားကိုဖြင့် ကြို၍မသောက်ခြင်ပါဘူး ငါ့ရောဂါမပျောက်ချင်ရင် နေပါစေဆိုတဲ့ ပေါက်ပင်ရှာမတွေ့သော ပန်းနာရောဂါသည်လို သင်ပုထုဇဉ် ရဟန်းလဲ ဖြစ်နေပြီလို့ " မြတ်စွာ ဘုရားသခင်က ဟောတော်မူပါတယ်။

ပေါက်သား ရှာသောသူသည်၊ ပေါက်ပင်ချည့်အတူတူ ဖြစ်ပါလျက် ပေါက်သားထဲက ဩဇာကိုရဘို့ အဓိကမထားဘဲ ပေါက်ပင် အရွက် ချချိန် အပွင့်ပွင့်ချိန် အသီးသီးချိန်နှင့် အရွက် ဖါးချိန်များကိုသာ အမျိုးမျိုး ဝေဖန်နေတဲ့ အတွက် ပေါက်သားကိုရှာ၍ မရရတာပါ။

" ရဟန္တာကြီး လေးပါးတို့၏ အမြင်မှန်နည်း ပြောပုံများတွင် ဖြစ်ပျက်ကို အဓိကထား၍ ပြောပါသဖြင့် ပေါက်သားထဲက ဩဇာကိုသာ ရဘို့လိုသလို သင်ပုထုဇဉ်ရဟန်းကလဲ အမြင်မှန်နည်းပြောပုံများတွင် ဖြစ်ပျက်အဆီကိုသာထုတ်ယူဘို့ အရေးကြီးပါတယ်၊ မျိုးမတူ ဦးရေ နဲ့ပါးပုံနှင့် များပြားပုံများကို ဝေဖန်နေစရာမလိုပါဘူး ချစ်သားပုထုဇဉ်ရဟန်းလို့ " မြတ်စွာဘုရားသခင်က ဟောတော်မူလိုက်သဖြင့် ပုထုဇဉ်ရဟန်းမှာ သောတာပန်တည်ပါတယ်။

တရားနာဒကာဒကာမ အပေါင်းတို့သည် ရဟန္တာကြီး လေးပါးတို့၏ အမြင်မှန်ဟောပုံများတွင် မိမိတို့ကြိုက်နှစ်သက်ရာ သန်ရာကို ဝိပဿနာ ဉာဏ်ဖြင့် ရှုနိုင်ရန် ယခုလို ဆရာဘုန်းကြီးက နည်းပေး လမ်းညွှန်ရတာပါ

သို့သော် — ပေါက်ပင် ရှာသောသူသည် ပေါက်သားထဲကဩဇာကိုသာ ရဘို့အရေးကြီးသလို ရဟန္တာကြီးလေးပါးတို့ကအဓိကထား၍ဟောသော ဖြစ်ပျက်တည်းဟူသော အဆီကိုသာ ထုတ်ယူကြပါ။

ဖြစ်ပျက်ထာကို သိတဲ့ဉာဏ်ဟာ ဥဒယဗ္ဗယ ဉာဏ်ပါဘဲ၊

ဖြစ်ထာကို သိသောဉာဏ်ကို ဥဒယဉာဏ်လို့ ခေါ်ပါတယ်။

ပျက်ထာကို သိသော ဉာဏ်ကို ဝယဉာဏ်လို့ ခေါ်ပါတယ်။

ဒီဉာဏ်နှစ်ခုကို ပေါင်းလိုက်တော့ ဥဒယဗ္ဗယဉာဏ်လို့ ခေါ်ပါတယ်။

ယခုအချိန်အခါတွင် အနည်းဆုံးဉဒယဗ္ဗယဉာဏ်ကို တက်ထားကြပါက သေရာညောင်စောင်း တက်တဲ့အခါတွင် မျက်ရေကျစရာ မလိုတော့ပါဘူး ဖြစ်ပျက်ကိုမြင်အောင် ရှုကြပါလို့ ဆရာဘုန်းကြီးက တိုက်တွန်းပါတယ် ဒကာဒကာမတို့။

ဖြစ်ပျက် သေသေချာချာ လိုက်ပုံကို မနက်ဖြန် ကြမ္မဟောပါမယ်။

အချိန်စေ့ပါပြီ သာဓု....သာဓု... သာဓု၊

မွေသဘင်အစီအစဉ်
၁၃၂၂-ခုတန်ဆောင်မုန်းလဆန်း(၈)ရက်
(၂၃-၃-၆၁)နေ့ည ဟောတော်မူချက်။

## ဖြစ်ပျက်သေသေချာချာလိုက်နည်း

အားလုံး တရားနာ လာကြတဲ့ ပုဂ္ဂိုလ် အပေါင်းတို့၊ ကိုယ့်ကိုယ်ကို သံသရာဝဋ်ဆင်းရဲ အပေါင်းမှ ဆွဲတင်တဲ့နည်းကို ယနေ့ဖြင့် ရရှိပြီလို့ မှတ်ကြပါ။

ယခုတရားနာလာရခြင်းသည် ကိုယ့်ကိုယ်ကို သုခဘက် ဆွဲတင်တဲ့အလုပ်ဘဲလို့ သိပြီးသကာလ နည်းတော့ရပဟာဆိုပြီး ကိုယ့်ကိုယ်ကို ဆင်းရဲဘက်မှသုခဘက်သို့ မရ ရအောင် ဆွဲတင်မယ်လို့ ဆုံးဖြတ်လိုက်ကြပါ ဒကာဒကာမတို့။

ဖြစ်ပျက်အလုပ် အားထုပ် နေခြင်းဟာ ကိုယ့်ကိုယ်ကို ဆွဲတင်နေတဲ့အလုပ်ဖြစ်သဖြင့် ဖြစ်ပျက်ဆုံးရင် "ကိုယ့်ကိုယ်ကို ကယ်တင်ပြီး ဆုံးပြီလို့" မှတ်ကြပါဒကာဒကာမတို့။

ဆရာဘုန်းကြီးဟောတဲ့ တရားကိုနာပါ ဉာဏ်က ခန္ဓာ ကိုယ်ဘက်ကို လှည့်ပါ တရားနာရင်းပင် ဉာဏ်ရင့်သန် လာပြီး မိမိကိုယ်ကို ကယ်တင်တဲ့အလုပ်ကို သုပ္ပဗုဒ္ဓတို့လို ပြီးဆုံးနိုင် ပါတယ်။

တရားနာရင်းသဲ ဉာဏ်ရင့်လာနိုင် ပါတယ် ဒီဉာဏ်စဉ် ဖြင့် ဖြစ်ပျက်အဆုံးရောက်ရင် သောတာပန်ဖြစ်ပါတယ်။

တရားနာရင်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရရန် အဋ္ဌကထာ ဆရာများ၏ ဟောတော်မူချက်မှာ " နားကသိမှတ်တဲ့ သဘောထား၍ ဉာဏ်က ခန္ဓာကိုယ်ပေါ်တွင် ဖြစ်ပျက် ရှိတဲ့ ( ထုံကျင်ကိုက်ခဲတဲ့နေရာ ) နေရာသို့လွှတ်ပေးပါ " လို့ ညွှင်ပြမိန့်ဆိုကြပါတယ်၊ ဖြစ်ပျက်သိပြီးမှ ဒုက္ခဆုံးပါတယ်။

ရုပ်နာမ်သည် သဟဇာတဖြစ်သဖြင့် ညာဏ်ထက်ရ ရသ မြင့်မြတ်တဲ့ ဉာဏ်ဖြစ်လာပြီး တရား နာပြီးတဲ့ အဆုံးတွင် သောတာပန် သကဒါဂါမ် အနာဂါမ်နှင့် ရဟန္တာများ ဖြစ်နိုင်ကြောင်း အဋ္ဌကထာ ဆရာများက မိန့်ဟတော် မူခဲ့ ကြပါတယ်၊

အဋ္ဌကထာ ဆရာများ၏ ညွှန်ကြား မိန့်ဟတဲ့အတိုင်း တရားနာရင်း တရားအားထုပ်နေသည်ဖြစ်သဖြင့် ခန္ဓဝန်ချတဲ့ နေရာရောက်တယ်သို့ မှတ်ကြပါ၊ ဒီအတိုင်းသာ တရားနာရင် မရ မရှိပါဘူး ရနိုင်ပါတယ်

သူတပါးကိုကယ်တင်ခြင်းရင် မိမိကိုယ်ကို အရင်ကယ်တင်ပါအုံး မြတ်စွာဘုရားသခင်သည် သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီး နိဗ္ဗာန်တည်းဟူသော ဤမှာဘက် ကမ်း တဘက်သို့ ရောက်ရှိ၍ ဘုရားဖြစ်တဲ့ အချိန်ကြမှသာလျှင် " ဗုဒ္ဓေါ ဗောဓေယျံ မုတ္တော မောစေယျံ တိဏ္ဏော တာရေယျံ "ဟူသော ဂါထာကို ကြုံးရင့်တော်မူ၍ သတ္တဝါအပေါင်းတို့အား ကယ်တင်တော့မယ်လို့ ကြိမ်းဝါးတော် မူပါသည်။

ဒကာဒကာမတို့ ကိုယ့်ကိုယ်ကိုဖြင့် ကာမေါဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃတို့မှ မလွတ်သေးလို့ရှိရင် ခင်ဗျားတို့ စွဲလမ်းခင်မင်နေတဲ့ သားသမီးဆွေမျိုးများကို ဘယ်လိုလုပ်ပြီးတော့ ကယ်တင်ကြမှာလဲ

ကိုယ့်ကိုယ်ကို ဒီခန္ဓာဝန်မှ လွတ်အောင် လုပ်ပါအုံး ကိုယ့်ကိုယ် ကို ကယ်တင်ပါအုံး ကိုယ်ကမှ မလွတ်သေးရင် သူများကို ကယ်တင်လို့ မဖြစ်ဘူးဆိုဒါ သဘောပေါက်ကြပလား။

ခန္ဓာကိုယ်သည် ဝန်ထုတ်ကြီး နာမည်ရှိတဲ့ ပုဂ္ဂိုလ်က ထမ်းသမား ကိုယ့်ကိုယ်ကို ဝန်ကြီးထမ်းဆိုဒါ သဘောကြပလား နာမည်ရှိတဲ့ပုဂ္ဂိုလ်က ဘာတဲ့လဲ

ဝန်ထမ်းသမားပါဘုရား

ဒီဝန်ကြီးကို ထမ်းနေရတယ်လို့ မသိတဲ့ပုထုဇဉ်ဟာ စုံလုံးကန်းနေတယ်လို့ဆိုချင်ရင်လိမ့်မယ် မဆိုရပေဘူးလား ဦးခင်မောင်

ဆိုရပါတယ်ဘုရား

ဒီခန္ဓာ ဝန်ကြီးကို ထမ်းနေရတာ မသိဘူး ဆိုရင် အမယ်လေး..... ဒကာဒကာမတို့ရဲ့ မျက်စိက ကြောင်တောင်ကွယ်တွေလား....

ဝန်ထမ်းသမား အသုဘ ဘဝနဲ့ နေရတယ် သေရတယ် ဆိုတာမသိလို့ မရှက်ကြတာပေါ့၊ ခင်ဗျားတို့က ဒွန်းစဏ္ဍားမျိုးတွေမို့လား

ဒွန်းစဏ္ဍားလို့ဆိုတာမနာကြပါနဲ့ သူတို့ကပိုက်ဆံရပြီး ရုပ်တွင်ထမ်းရတာပါ ခင်ဗျားတို့ကပိုက်ဆံမရတဲ့ပြင် ရုပ်နာမ်ပါ ထမ်းရသဖြင့် သူတို့ထက် အမိုက်ပိုပါသေးတယ်။

ခန္ဓာကိုယ်သည်ဘာလဲ
ဒုက္ခသစ္စာပါဘုရား၊
အသုဘကကော
ဒုက္ခသစ္စာပါဘဲဘုရား၊

ဒါဖြင့်တရားနာလာတုံးကလဲ ဒီအသုဘကြီးကိုပိုးလာပြီး ပြန်တော့လဲ ဒီအသုဘကြီးကိုဘဲ ပိုးပြီးပြန်ကြအုံးမှာပေါ့ အိမ်ကြရင်ဒီအသုဘကြီးတွေ ဘယ်ထားကြမှာတုံး

တရားနာရင်း ဖြစ်ပျက်ကိုမြင်ရင် ရုပ်ကိုရှုတဲ့ပုဂ္ဂိုလ်က နာမ်တွင်ဘဲ ထမ်းရပါတယ် နာမ်ကိုရှုတဲ့ပုဂ္ဂိုလ်က ရုပ်တွင်ဘဲ ထမ်းရပါတယ်။

ဒီအသုဘကောင်ကြီးကို ထမ်းမပြန်ခြင်ရင် ဖြစ်ပျက်ကို မြင်အောင် ရှုလိုက်ကြစမ်းပါဒကာဒကာမတို့

ကိုယ့်ကိုယ်ကို အသုဘ ဝန်ထမ်းသမားကြီး ဖြစ်နေပါလျက် ဒီအထဲက ဒကာဒကာမတို့၏ သဏ္ဍာန်မှာ သွီးမွှေး ဒီအပေါ် ထပ်ဆင့် သားမွှေး ဒီအပေါ် ထပ်ဆင့် မြေးမွှေး ဒီအပေါ် ထပ်ဆင့်နေကြသဖြင့် အမယ်လေး.... ဒကာဒကာမတို့ရယ် ဘူးလေးရာဖရုံဆင့်တဲ့ပုံ မရောက်ပေဘူးလား

ရောက်ပါတယ်ဘုရား၊

သားသွီးကျောင်းထားရေး စီးပွါးရေးကြီးပွါးရေးတွေ အလိုကျ မပြည့်စုံနိုင်အောင်တဏှာနဲ့ဒိဋ္ဌိက ဝန်တွေထပ် တင်ပေးနေတာကို သေသေခြာခြာ မကောင်းဘူးဆိုတာ သေခြာကြပလား

တကျော့က တစ်ပေးလိုက်တဲ့ ဝန်ကိုမမြင်ကြရင် ဒကာ ဒကာမတို့ရယ် ဘူးလေးရာ ဖရုံဆင့်တဲ့ပုံကို အားပေးရာ မရောက်ပေဘူးလား

ရောက်ပါတယ်ဘုရား

ဒီအသုဘ ဝန်ထုတ်ကြီးကို ထမ်းပြီးသွားရတာ ကြက်သရေမရှိပါဘူး ဒကာဒကာမတို့၊ ဘုရားနဲ့ ဆရာဘုန်းကြီးက ဝန်ထမ်းချတဲ့နည်း ပေးရတယ်၊ အနိစ္စဝန်ကိုသိအောင် ခိုင်းရတယ်။

လူပုဂ္ဂိုလ်များ မိုက်လိုက်ပုံကဖြင့် မပြောပါနဲ့ ကိုယ့်ကိုယ်ကို ဝန်ထမ်းသမားဘဝမှ ကျွတ်လွှတ်ရန် စိတ်မကူးကြတဲ့ အပြင် နေပူမိုးရွာခလုပ်ကင်းမဲ့တဲ့ ၉၆–ပါးသော ခရီးလမ်းကြမ်းမှာ မနိုင်ဝန်ထမ်းပြီး သွားနေကြတယ်။

နားရက်ကယ်မမြင် လမ်းစဉ်ကမဆုံး အို—— ဒကာ ဒကာမတို့ရဲ့ ဘယ်တော့ နားကြမှာတုံး

လူတွေနှင့်တကွ ပုဂ္ဂိုလ်များမှာ ဝန်ပိသောဘဲ့ နွားလို ဝန်ထမ်းသမားအဖြစ်နဲ့ ဝန်ပိမသေရအောင် ဖြစ်ပျက်ကို မြင်အောင်ရှုကြပါ။

ဖြစ်ပျက်ဆုံးလျှင် အမောပြေနား၍ နေနိုင်ပါပြီ ဖြစ်ပျက်ကို မရှုကြရင် ဝန်ထမ်းသမားအဖြစ်နဲ့ အနေဆိုး အသေဆိုးဖြင့် ဝန်ပိလို့သေ ရတယ်ဆိုရင် ကြောက်စရာ လန့်စရာ ရှက်စရာ အငဲမဘန် ကောင်းပါတယ်။

သေခါနီး ကမ္မနိမိတ်တွေမြင်မှ ခေါင်းအုံးပေါ် မျက်ရေကျ၍ အမယ်လေး…. ကိုယ်ကျိုးတော့ နဲပေါ့လို့၊ ယခု ပြုံးသလောက်မက မဲ့ရပါလိမ့်မယ်။

ဒကာဒကာမတို့၊ ကြိုတင်၍ ကိုယ့်ကိုယ်ကို ကယ်တင်ထားကြပါ။ ဝိပဿနာအလုပ်ဆိုဒါ ကိုယ့်ကိုယ်ကို ကယ်တင်တဲ့ အလုပ်ပါဘဲ၊ ကိုယ့်ကိုယ်ကို ကယ်တင်တဲ့နည်းကို ဆရာဘုန်းကြီးက ပြပါမယ်။

သူများကို ကယ်တင်မယ်ဆိုရင် ကိုယ့်ကိုယ်ကို အရင်ကယ်တင်ပါအုံး ကိုယ့်မျက်စိမှာလဲ တိမ်ကြီးနဲ့ သူ့မျက်စိမှာလဲ တိမ်ကြီးနဲ့ဆိုရင်၊ ဘယ်လိုလုပ်ပြီး ကယ်တင်ကြမလဲ သဘောပေါက်ကြပလား၊ ရိပ်မိကြရဲ့လား။

" အဟ -အကျွန်ုပ်သည်၊ အဝေရော ရန်မရှိသည်၊ ဟောမိ ဖြစ်ရပါလို၏ " ဆိုတဲ့ သမထလေးလောက်နဲ့တော့၊ အားမရကြပါနဲ့။

ဟပ်ထိုးလဲပြီး အသေခိုင်းတဲ့ တဏှာကိုသတ်ပြီး ဘုရား၏ တပည့်သာဝကအဖြစ်နဲ့၊ ကိုယ့်ကိုယ်ကို ကျွတ်တန်း ဝင်ရမယ်ဆိုတာ ကိုယ့်ကိုယ်ကိုမေးတဲ့ပုဂ္ဂိုလ်က သိပါလိမ့်မယ်။

ကိုယ့်ကိုယ်ကိုကယ်တဲ့ အလုပ်စကြစို့၊
ဒုက္ခဆိုတာ ဘာပါလိမ့်
ဒုက္ခသစ္စာပါဘုရား၊
ဒုက္ခသစ္စာဆိုတာ ဘာပါလိမ့်၊
ခန္ဓာကိုယ်ပါဘုရား၊
ဒီခန္ဓာကိုယ်ထဲ ဘာများရှိပါလိမ့်၊
သခါရများ ရှိပါတယ်ဘုရား၊

" သင်္ခါရတရားတို့သည်၊ နိရုဇ္ဈန္တိ ဖြစ်ပျက်၍ ပျက်စီးပြီ လို့ " မှတ်ကြပါ၊ ဘာတဲ့လဲ
ဖြစ်ပျက်၍ ပျက်စီးပြီပါတဲ့ဘုရား။

ယခုဆရာဘုန်းကြီး ဟောတဲ့ တရားသံကို ကြားသော သောတပသာဒရုပ်နဲ့ ကြားဘယ်လို့သိသော သောတဝိညာဉ် စိတ်တို့ဟာ၊ ဖြစ်ပျက်၍ ပျက်စီးပြီလို့ မှတ်ကြပါ၊ ဘာတဲ့လဲ
ဖြစ်ပျက်၍ ပျက်စီးပါပြီတဲ့ဘုရား၊

ခန္ဓာကိုယ်ကယားရင်၊ ယားတဲ့စိတ်ကလေးနဲ့ ယားတဲ့ ရုပ်ကလေးဟာ ဖြစ်ပျက်ပြီး ပျက်စီးပြီလို့၊ မှတ်ကြပါ။

ထုံတယ်—ကျင်တယ် ဆိုရင်လဲ ထုံတဲ့—ကျင်တဲ့ စိတ် ကလေးနဲ့ ထုံတဲ့ ကျင်တဲ့ ရုပ်ကလေးတို့သည်၊ ဖြစ်ပျက်၍ ပျက်စီးပြီလို့မှတ်ကြပါ။

ထမင်းစားခြင်လို့ မီးဖိုထဲသွားရင်၊ ထမင်းစားခြင်တဲ့ စိတ်ကလေးနဲ့ ထမင်းစားခြင်တဲ့ ရုပ်ကလေးတို့သည် ထမင်း မစားရဘဲနဲ့ မီးဖိုထဲ မရောက်ခင် လမ်းမှာပင်၊ ဖြစ်ပျက်၍ ပျက်စီးပြီလို့မှတ်ကြပါ။

အစစအရာရာတွင် ဒီအတိုင်းဘဲ အာယတနခြောက်ပါး လုံးကို မှတ်ယူကြပါတော့ ဒကာဒကာမတို့ (ရုပ်နှင့်နာမ်တွဲပြီး မရှုရ ကြိုက်ရာကိုရှုပါ )

ဒကာဒကာမတို့ကသာ မသိလို့ပါ၊ ခန္ဓာကိုယ်ကတော့ " ဟေိပဿိကော သံဒိဋ္ဌိကော " ဖြစ်ပျက်မှုတို့ကို ကိုယ်ထိုင် မြင်အောင် ဒီမှာရှုပါ ဒီမှာကြည့်ပါလို့ ဖိတ်ခေါ်လျက်ရှိပါ တယ်

ခန္ဓာကိုယ်ကပြောတဲ့အတိုင်း၊ ကိုက်မကိုက် ကိုယ်တိုင်မြင်အောင် လိုက်ကြည့်ရ မဟော့နော်လို့ ကိုယ့်ကိုယ်ကိုမှတ်ချက်ချလိုက်ကြပါ၊ ဒကာဒကာမတို့။

ခန္ဓာကိုယ်ကပြောတဲ့အတိုင်း ဖြစ်ပျက်ကိုလိုက်ကြည့်လို့ ကိုယ်တိုင်မြင်၍ ဖြစ်ပျက်ဆုံးရင်၊ ကိုယ့်ကိုယ်ကို ကယ်တင်လို့ အမောပြေတဲ့နေရာ ရောက်နေပြီလို့ မှတ်လိုက်ကြပါ။

ကျိုးစားကြပါ၊ လုပ်ကြပါ၊ မလုပ်တတ်စရာ ဘာမျှ ရှိသေးတုံး မရှိတော့ ပါဘူးနော်၊ ပဋ္ဌမမဂ်ရရင် အပါယ်လေးပါးမှ ကယ်တင်ပြီးဖြစ်ပါတယ်။

၁။ ဖြစ်ပျက်မြင်တာ၊ ဥဒယဗ္ဗယဉာဏ်။
၂။ ဖြစ်ပျက်မှုံးရင်၊ နိဗ္ဗိန္ဒာဉာဏ်။
၃။ နိဗ္ဗိန္ဒာဉာဏ်ရရင် နိဗ္ဗာန်ပါဘဲ။

ပါရမီမရှိလို့ ဒီဉာဏ်တွေကို မရနိုင်ပါဘူးဆိုပြီး၊ မလုပ်ဘဲ မနေကြပါနဲ့၊ အလုပ်နဲ့တိုကြည့်မှ သိရမှာပါ၊ အလုပ်နဲ့ မတိုသေးဘဲနဲ့၊ ဒီဘဝတွင် မရနိုင်ပါဘူးလို့ မဆုံးဖြတ်ကြပါနဲ့၊ အလုပ်နဲ့တိုကြည့်ကြပါ

ဒီဘဝမရရင်လဲ နောက်ဘဝကျရင်၊ ရမှာပါလို့ အားတင်းပြီးကျိုးစားကြပါ၊ ဒီဘဝတွင်လဲ ရနိုင်ပါတယ်။

ဆရာ ဘုန်းကြီးက၊ မေတ္တာ ရှေ့ထားပြီး ဟောပြောနေတဲ့အတွက်၊ အလုပ်လုပ်တဲ့ နေရာမှာ ဆရာ ဘုန်းကြီးကို မေတ္တာပွါး၍အလုပ်လုပ်ကြရန် မမေ့ကြပါနဲ့၊ ဆရာဘုန်းကြီးကလဲ မေတ္တာပွါးလျက် ရှိပါတယ်။

" ကိုယ့်ကိုယ်ကို ကယ်တင်တဲ့အလုပ်ကို မလုပ်သော သူသည် သူ့ယုတ်မာတယောက်လို့ " ဦးဇော်ရင်တို့၊ ဒကာဝတို့၊ ဟောထိုက်, မဟောထိုက်,

ဟောသိုက်ပါတယ်ဘုန်း၊

ဒုက္ခဘာပါလိမ့်

ဒုက္ခသစ္စာပါဘုရား၊

ဒုက္ခသစ္စာကို မသိဒါက ဘာပါလိမ့်၊

အဝိဇ္ဇာပါဘုရား၊

အော်.... အဝိဇ္ဇာကြောင့် "ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ" ဆိုတဲ့ ဆုတောင်းတွေကို တောင်းမိတဲ့အတွက် ဦးခင်မောင်ကြီး ထမ်းသမားပါလား

သစ္စာမသိကြလို့ ဦးညွန့်၊ ဦးစန် မောင်ကို၊ ကိုမြရွှေ တို့က အလောင်းထမ်းသူများအဖြစ်သို့၊ ရောက်နေကြပြီ ဆွမ်းကျန်,ပန်းကျန်ကို စားနေကြတဲ့ ဒွန်းစဏ္ဍားများနဲ့ ဘာထူးသေးသလဲ၊

ဟိုပုဂ္ဂိုလ်များကမှ ရုပ်တွင်ထမ်းရတာပါ၊ ကျုပ်တို့က ရုပ်နာမ်ပါ ထမ်းရသဖြင့်၊ ပိုက်ဆံတောင် ပိုပေးဘို့ကောင်းတယ်။

နိဒါနဝဂ္ဂ၊ သံယုတ်ပါဠိတော်ကြီးများတွင်၊ "အနိစ္စာ ဝတသင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ တေသံ ဝူပသမောသုခေါ"လို့ ဟောတော် မူတဲ့အတိုင်း သူလဲသင်္ခါရတရားလို့ ဆိုကြစို့။

ခန္ဓာကိုယ်ကဘာတဲ့၊

ဖြစ်ပျက်ပါတဲ့ဘုရား၊

ဖြစ်ပျက်ဆိုရင်၊ အသုဘကောင်နဲ့မထူးဘဲအတွက်၊ အလောင်းထမ်းသမားလို့ဆိုဒါ မှားနိုင်ပမလား၊

မမှားနိုင်ပါဘုရား

အလောင်းထမ်းသမားဘဝမှ၊ ကျွတ်လွတ်ရန် ကျိုးစားကြပါလို့ ဆရာဘုန်းကြီးက၊ တိုက်တွန်းပါတယ်။

(ရှေ့ကိုဆက်လက်၍၊ ပေါက်ပင်ဝတ္ထုကို ဟောပါသည်၊ ဖတ်ရှုပြီးစီးခဲ့သော ၂၂-၃-၆၁ နေ့ည၊ ဟောတော်မူချက်တွင် ပေါင်း၍ရေးသားထားပါသဖြင့်၊ ထပ်မံမရေးတော့ပါ)

အချိန်စေ့ပါပြီ၊ သာဓု...သာဓု—သာဓု၊

## ဓမ္မသဘင်အစီအစဉ်
၁၃၂၂-ခုတန်ဆောင်မုန်းလဆန်း(၉)ရက်
(၂၄-၁၀-၆၀)နေ့ည ဟောတော်မူချက်။

## အရိုးကြီးပွားရေးဓာတ်သိမ်းရန်

ယနေ့ည တရားနာ ပဏ္ဍိတ်သတ်အပေါင်းတို့၊ မှတ်သားကြရန်မှာ၊ ကပ်တရာလျှင် တကပ်ရှိတယ်လို့မှတ်ပါ။ ဇာတိဝုတ်ပါဠိတော်မှ ဟောတော်မူချက် ဖြစ်ပါတယ်။

ဘဝများစွာသံသရာကို ခရီးတွက်လို့ မရပါ၊ တကပ်လျှင် သတ္တဝါတဦးတယောက်၏ အရိုးတွေကို၊ မဆွေးမမြေ့ဘဲနဲ့ စုပုံထားလို့ ရရင်၊ မန္တလေးတောင် စစ်ကိုင်းတောင်လောက်မကပါဘူး။

ဒါဟာ.... ဘုရားသခင်၏ အမြင်နဲ့ ဟောတာပါနော်မယုံစရာမရှိပါဘူး၊ သတ္တဝါတွေဟာ အရိုးပေါ်အရိုးဆင့်ကြပြီး သေထုကြီးတယ်ဆိုတာ မသိရဘူးလား ဦးခင်မောင်....

သိရပါတယ်ဘုရား၊

သတ္တဝါတဦးတယောက်ရဲ့ အရိုးတွေဟာ တောင်လိုပုံပြီး ဘေးကလဲတောင်လိုရန်ထားတာပါ၊ အရိုးတွေ ဘာဖြစ်လို့ သလောက်များရတာလဲဆိုတာသိရအောင် အရိုးလုပ်တဲ့အရိုးလက်သယ်ကို ရှာကြစို့။

ဒကာဒကာမတို့က မတွေးတတ်လို့ပါ၊ အရိုးကြီးပွါးရေး လုပ်နေတာက၊ အဝိဇ္ဇာနဲ့ တဏှာပါ၊ လက်သယ်ကိုဖမ်းလိုက်တော့ အဝိဇ္ဇာနဲ့တဏှာ၏၊ စွမ်းရည်သတ္တိကြောင့်အရိုးတွေ တောင်လိုပုံရတယ်ဆိုတော့ အော်..... အဝိဇ္ဇာနဲ့တဏှာဟာ တယ်လုံဆိုးပါကလားနော်.....

သူတို့ကို မသတ်လို့တော့ဖြင့် တော်မယ် မထင်ပါဘူး ဒကာဒကာမတို့။

ဆရာဘုန်းကြီးက ယခုလိုပြောရတာဟာ ဖြစ်စဉ်လဲဖြစ်ပါသဖြင့် သံဝေဂရအောင် ပြောတယ်ဆိုရင်လဲမှန်ပါတယ်။

အဝိဇ္ဇာနဲ့ တဏှာကို မသတ်သမျှကာလပါတ်လုံး သေပွဲကြီးပွဲ့ါးရေး၊ နာပွဲကြီးပွဲ့ါးရေး၊ အိုပွဲကြီးပွဲ့ါးရေး၊ ပဋိသန္ဓေနေပွဲကြီးပွဲ့ါးရေးတွေကို ဆက်လက်လုပ်နေမှာ သေချာပါတယ် မသေချာဘူးလား ဒကာဒကာမတို့။

သေချာပါတယ်ဘုရား၊

လက်သယ် မပေါ်ခင်တုံးကတော့ ထားပါတော့ ယခု လက်သယ် ပေါ်လာတဲ့ အချိန်မှာ ဒီကြီးပွဲ့ါးရေး ပွဲတွေကို မသိမ်းချင်ဖြစ်ပမလား ဦးခင်မောင် —

မဖြစ်ပါဘုရား၊

မဖြစ်တော့ပါဘူး ဒကာဒကာမတို့၊ တဏှာက ရောက်ရာ ဘုံဘဝတွေကို လိုချင်တယ်၊ မသိဒါက အဝိဇ္ဇာ လိုချင်တာက တဏှာ၊ တဏှာကလိုချင်လို့ရတဲ့ ခန္ဓာငါပါးထဲမှာဖြင့်၊ ဒကာ ဝရေ... အရိုးပါရလိမ့်မယ်၊ **သာမညမဟုတ်ဘူးနော်.... အရိုးတွေက တောင်လိုဘေးကရန်ပြီးကြီးတာပါ** ဒီအထဲမယ် နတ်လို အကောင်ပျောက်ထာမထဲ့ပါဘူး တကပ်တကပ်ရဲ့ အရိုးတွေပါ သတိထားပြီး နားထောင်ကြပါ ဒကာဒကာမတို့။

တဏှာကလိုချင်တော့ ကံကကျိုးစား၊ ကျိုးစားတော့ အရိုးပါတဲ့ ခန္ဓာကိုယ်ကြီးကိုရတယ်၊ တဏှာ၏လက်အောက်ခံကကံပါ။

ဦးခင်မောင်ကြီးကို ခန္ဓာသစ်လို့ ထင်မနေကြပါနဲ့၊ အရိုးခေပ၊ အရိုးဆင့်ထားတာပါ၊ တရားနာဒကာဒကာမတို့သည်၊ ဆွေမျိုးမဘော်ဘူးသည် ရှိမှာမဟုတ်သဖြင့် မေတ္တာရှေ့ထား၍ အရိုးကြီးပွါးရေးနဲ့ အရိုးဇာတ်သိမ်းရေး ဘယ်ဟာ လုပ်ကြမလဲလို့ ဒီမေးခွန်းကိုမေးရပါလိမ့်မယ်။

ဒကာ ဒကာမများက စဉ်းစားကြပါ၊ ဒီအရေးသည်၊ အဖေအမေ ကယ်နိုင်သော အရေးမဟုတ်ပါ၊ ဉာဏ်ဘဲကယ်နိုင်ပါတယ်။

အကြောင်း အကျိုးတော့ ဆက်မိပြီနော် အဝိဇ္ဇာနဲ့ တဏှာအုပ်ချုပ်တဲ့ ကံတွေကြောင့် အရိုးကြီးပွါးရေး လာဖြစ်ရတယ်။

အဖြေမှန်ပြီ ဆိုတာဖြင့် သေချာကြ ပလား၊ ဒကာ ဒကာမတို့။

သေချာပါပြီဘုရား။

သေချာရင် " သံသရာရှေ့လိုက်ထာကွာ သတ္တဝါအစ ငါတောင်မမြင်ဘူး " သို့သော် သူလုပ်တဲ့လက်သယ်ကိုတော့ ငါမြင်တယ် ' အဝိဇ္ဇာနဲ့တဏှာဘဲဖြစ်ပါတယ်လို့ " ဘုရားသခင်က ဟောတော်မူပါတယ်

ဒကာဒကာမတို့ ခေါင်းဆောင်ဖြုတ်ရင် အလုပ်လုပ်လို့ ဖြစ်ပမလား၊

မဖြစ်ပါဘုရား

မဖြစ်မှန်းသိရင် ခေါင်းဆောင်ဖြုတ်၍ အရိုးပွဲသိမ်းကြ ရအောင်၊ သဘောတူကြပလား။

သဘောတူပါတယ်ဘုရား။

ယခုလိုသာသနာတွင်း နေလထွန်းပနေတဲ့ အချိန်အခါ ဓမ္မခန္ဓာ ရှစ်သောင်းလေးထောင် ပေးနိုင်တဲ့ ပုဂ္ဂိုလ်ကိုတွေ့ရ ကုံရ ပြန်တယ်။

ဒကာ ဒကာမတို့က၊ ဘာအရိုးမှ မဖြစ်စေခြင်ပါနဲ့၊ ခါဘ်တော်အဖြစ်သာ လိုခြင်ပါတယ်ဆိုရင်၊ ကံကျသူ့ဖါသါသူ နေရစ်ရတယ်။

ခုနကပြောခဲ့တဲ့ အဝိဇ္ဇာနဲ့တဏှာကို ဉာဏ်မဖက်ရင်၊ အရိုးကြီးပွါးမှာတော့ သေခြာပါတယ်။

ဘယ်ခန္ဓာမှ ဆုမဒေတာင်းကြပါနဲ့တော့၊ အရိုးချည့်သာ ဖြစ်ပါတယ်၊ ကိုယ့်ကိုယ်ကိုမျက်လုံးက ဒီနေ့ဟိုနေ့လောက်ဘဲ မြင်တယ်။

ကုသိုလ်လုပ်တဲ့အခါမှာ ဝဋ္ဋကုသိုလ်တွေကို မလုပ်ကြပါနဲ့၊ ဝိဝဋ္ဋကုသိုလ်ကိုသာ လုပ်ကြရမယ်၊ ဝိဝဋ္ဋကုသိုလ်ဆိုရင် အဝိဇ္ဇာကကဝိဇ္ဇာဖြစ် တဏှာ (လောဘ)က၊ အလောဘ ဖြစ်ရမယ်။

အလောဘဆိုတာ မဂ်ပါဘဲ၊ " ဝိရာဂေါ မဂ္ဂေါ " ဝိရာဂေါ မလိုခြင်ရင်၊ မဂ္ဂေါ မဂ်ပါဘဲ။

အဝိဇ္ဇာနဲ့တဏှာကို ဇာတ်သိမ်းရင် နောက်ထပ် အရိုး မဆင့်ရတော့ပါဘူး၊ ဘာများ လုပ်မလို့လဲမေးရင် ဘယ်သို့ လျှောက်ကြမလဲ၊

" အရိုးကြီးပွါးရေး ဇာတ်သိမ်းဘို့ပါဘုရား "

ဦးခင်မောင်, ဒီအသံ စောစောကနဲ့ မတူ တော့ဘူး၊ အတော့ကိုကြီးလာပြီ (ဤနေရာတွင် ၀ံရားနာ ပရိသတ် အားလုံးလိုလိုပင် လျှောက်ကြပါသည်)

ဒီအသံမျိုး မထွက်ဘူးပါဘူး၊ ခမျှော်မှန်းလို့ တောင်မှ မပြော ဘူးပါဘူး။ ခေါင်းဆောင်ကြီး အ၀ိဇ္ဇာနဲ့ တဏှာကို ချုပ်အောင်လုပ်ရင်၊ အာသ၀ေါတရား လေးပါးလုံး ကုန်ပါ တယ်။ အာသ၀ေါတရားလေးပါး ကုန်ရာသည်ဘာလဲ ဒကာ ဒကာမတို့

နိဗ္ဗာန်ပါဘုရား။

အရိုးကြီးပွါးရေးဇာတ်ကို ဦးခင်မောင်တို့ ဒကာ၀တို့ မသိတဲ့အရင်အချိန်က လုပ်ခဲ့ကြတယ်၊ ယခုတော့ဆရာဘုန်းကြီး က ဟောလို့ သိရပါပြီ

အရိုးကြီးပွါးရေး ဇာတ်သိမ်းတဲ့အလုပ်ကို "လုပ်ကြစို့ ဟေ့ — လုပ်ကြရအောင်" ဆိုရင်၊ လေးပုံတပုံကို အ၀ိဇ္ဇာက ပါယ်ခဲ့တယ် အ၀ိဇ္ဇာက ပါယ်လို့သာ ၀ိပဿနာ အလုပ်ကို တွင်တွင်ကျယ်ကျယ် မလုပ်ကြတာပေါ့၊ အ၀ိဇ္ဇာက ပါယ်မှန်း သိရင်၊ အပါယ်မခံကြပါနဲ့တော့။

သောတာပန် တည်တယ်ဆိုရင်၊ ခုနစ်ဘ၀၏ အရိုးဘဲ ဆင့်ရပါတော့မယ်၊ ခုနစ်ဘ၀၏အရိုးဆိုရင် အမြင့်ဟာ ရှစ် လက်မထက်မြင့်ဘို့ ခဲယဉ်းပါတယ်။

၀ိပဿနာအလုပ်ကို လုပ်ထားဟာ ကုသိုလ်ရခြင်းလို့လား အရိုးကြီးပွါးရေး ဇာတ်သိမ်း ခြင်းလို့လား၊ ကုသိုလ်ရရန်ကို အဓိကမထားကြပါနဲ့ ကုသိုလ်ကပေါ်ပါတယ်၊ အရိုး ဇာတ် သိမ်းရေးကိုသာ အဓိကထားကြပါ ဒကာဒကာမတို့။

မသိတာက အဝိဇ္ဇာ၊ မသိလို့အားထုပ်တော့ ကံကို ရတယ်၊ ကံကိုရတော့ အရိုးနဲ့ခန္ဓာကိုယ် ဝိပါကဝဋ်ကိုရတယ်၊ အဲဒါတွေဖြင့် ဆိုးဝါးလှတယ်ဆိုတာ မှတ်ကြပါ။

( မသိတာက အဝိဇ္ဇာ၊ အားထုပ်တာက ကံ၊ အရိုးနှင့် ခန္ဓာကိုယ်က ဝိပါကဝဋ် )

ဒုက္ခသိမှသာလျှင် ရုပ်ဓမ္မတွေဆို့ရုပ်၊ နာမ်ဓမ္မတွေဆို့ နာမ်ဘဲ၊ သွားတွေ့တယ်ဆိုတာ ပေါ်လာကြပလား။

ခန္ဓာကိုယ်ဆိုတာ ဘာပါလိမ့်၊

ရုပ်နာမ်ပါဘုရား။

ရုပ်ကအရိုး၊ အရိုးတို့ပမာဖြူတယ်၊ ကောင်းပြီတာဖြင့် အရိုးပါလို့အရိုးပုံတယ်ဆိုတာ သိကြပလား၊

သတ္တဝါ တဦးသည်၊ မသေဘူးတဲ့နေရာ မမြုတ်ဘူးတဲ့ နေရာ၊ အရိုးမရှိဘူးတဲ့နေရာရယ်လို့ မရှိဘူးခဲ့သဖြင့် ဘုန်းကြီး တို့ ဒကာ ဒကာမတို့မှာ၊ သူများအရိုးနဲ့ ကိုယ့်အရိုး တို့က၊ မြေသြဇာဖြစ်ပြီး ဒီမြေကြီးပေါ်မှာသီးကြတဲ့၊ အသီးအနှံတွေကို စားနေကြတယ် ဆိုရင် မှားပမလား၊ ကျုပ်တို့ဖြင့် သံသရာ လည်လိုက်ရတာ မနဲပါလားနော်....

မြတ်စွာဘုရားသခင်သည်၊ လေးသင်္ချေနှင့်ကမ္ဘာတသိန်း ရှစ်သင်္ချေနှင့်ကမ္ဘာတသိန်း တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာ တသိန်း၊ ပါရမီ ဖြည့်ကျင့်တော် မူပြီးမှ ရရှိတော် မူသော၊ သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ကြည့်၍ ဟောတော် မူတာကို ကျင့်သုံးလိုပါက၊ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်၍၊ တဏှာ(လောဘ)က အလောဘ ဖြစ်အောင်လုပ်ရင် နောက်ခန္ဓာ မလာတော့ပါဘူး၊ နောက်ခန္ဓာမလါရင် အရိုးလဲမပေါ်တော့ပါဘူး ဒကါဒကမတို့။

ကိုယ့်ကိုယ်ကို သနားရင်၊ အရိုးကြီးပွါးရေး ဇာတ်ကို သိမ်းကြပါ။ နောက်ထပ်ဘာအရိုးဆင့်ပွဲများ လုပ်နေခြင်ကြပါသေးသလဲ၊

ဈေးသည်နဲ့ ဈေးဝယ်လို ဈေးကိုင်၍ဈေးဆစ် မနေကြပါနဲ့တော့၊ အရိုးကြီးပွါးရေးဇာတ်ကို သိမ်းကြပါ။

ဘုန်းကြီးက ဈေးသည်ကို ဟောနေတာ မဟုတ်ပါဘူး၊ ဈေးသည်ကိုဟောဘယ်လို့ဆိုခြင်ရင်လဲဆိုကြပေါ့၊ ဈေးရောင်းတာလား၊ အရိုးကြီးပွါးရေး လုပ်နေတာလား။

ဘုန်းကြီးက ဖြစ်ပျက်မှတ်ပါလို့ ဟောပေမဲ့ ကိုယ့်ဆိုင်ရှေ့ ဈေးဝယ်တယောက်လာရင်၊ သူကတော့ဝယ်နေကြဘဲ သူကတော့ ဝယ်မှာဘဲထင်ပြီး ထိုင်ပါကြိုက်ထာကို ရွေးပါလို့ လောဘဇောတိုက်၍ ပြောတာဟာ လောဘ့တဏှာ့ဉပါဒါန်တွေဖြစ်တဲ့အတွက် ဈေးရောင်းတာမဟုတ်ဘဲ အရိုးကြီးပွါးရေး လုပ်နေတာမကြဘူးလား။

ဘုန်းကြီးဟောတဲ့ ဝိပဿနာ အလုပ်ကိုတော့ ရသေ့စိတ်ဖြေ လောက်ဘဲ၊ မှတ်ကြတယ်၊ ဒီလိုမလုပ်ကြပါနဲ့။

နုတ်ဉာဏ်ကို ရင့်လာအောင် လုပ်ကြပါ၊ ခင်ဗျားတို့ ဈေးရောင်းတဲ့နည်းနဲ့ဆိုရင်၊ ဈေးမရောင်းဘဲ ငတ်သေတာကမှ ကောင်းပါသေးတယ်။ ငတ်သေဘယ်ဆိုဟဲ့အသုဘာလဲမရှိတဲ့ အတွက်၊ တဏှာ့ဉပါဒါန် များမဘက်ဘဲ ဈေးရောင်းရင်း၊ ဝိပဿနာဉာဏ်ရင့်လာအောင် လုပ်ကြပါ ဒကာဒကာမတို့။

တဏှာဥပါဒါန်ဖြင့်ဈေးရောင်းရင်၊ ယခုပစ္စုပ္ပန်ဘဝက အရိုးမချရသေးဘူး၊ နောက်ဘဝဖြစ်မဲ့အရိုးကို ဆင့်နေတာနဲ့ မဘူပေဘူးလား၊

တူပါတယ်ဘုရား။

ဒီအရိုး မချရခင်၊ ဟိုအရိုးဆင့်တဲ့ အလုပ်ကို မလုပ်ကြပါနဲ့တော့။

ယခုပစ္စုပ္ပန်ခန္ဓာကိုယ်ပေါ်၌၊ ပဋိစ္စသမုပ္ပါဒ်ဖြင့်သေသေခြာခြာ ဆက်ပြလိုက်ထာ၊ အရိုးဆင့်တဲ့ အဓိပ္ပါယ် ရှင်းကြပလား။

" မောင်ကိုတို့ ဘာလုပ်ကြတာတုံးကွ " လို့မေးရင် အရိုးဆင့်တာပါဘုရားဆိုရင် မကောင်းပါဘူး၊ ဦးခင်မောင် ဘာအရိုးများဖြစ်ခြင်သေးတုံး။

မဖြစ်ခြင်ပါဘုရား။

ဒကာဒကာမတို့၊ ဘာအရိုးမှမဖြစ်ခြင်ကြပါနဲ့တော့။

ယနေ့ည သဋ္ဌာယတန သံယုတ်ပါဠိတော်မှ၊ ဝိနောပမသုတ်ကို ဟောပါ့မယ်။ ( စေါင်းထဲအသံရှာတဲ့သုတ် ) စေါင်းထဲမှာအသံရှာရင် တွေ့ပမလား။

မတွေ့နိုင်ပါဘုရား။

စေါင်းထဲမှာအသံရှာလို့မတွေ့ပါဘူး၊ အသံဟာ တီးသူရှိမှ မြည်တာပါ၊ စေါင်းထဲအသံရှာရင်၊ မောသာမောမယ် မတွေ့ပါဘူး။

ဒကာ ဒကာမတို့ကလဲ စေါင်းထဲ အသံရှာသလိုပါဘဲ ဈေးဝယ်တယောက်လာချင် သူ့အပြောလေးက သိပ်ချိုတယ်၊ ရုပ်ကလေးကလဲ ချောတယ်၊ ငွေလက်ငင်း ပေးတယ်ဆိုဒါ တွေဟာ စေါင်းထဲအသံရှာတာနဲ့ မတူပေဘူးလား။

မရှိတာကိုအရှိလုပ်ပြီး ဒကာဒကာမတို့က တကျာ ဥပါဒါန်တွေ လုပ်ကြတယ်၊ ကဲ့ စေါင်းထဲ အသံရှာတယ်ဆိုတာ ရှင်းကြပလား သဘော ပေါက်ကြပလား၊ ဒီသုတ်ကို ဟော ခြင်လို့ ရှေ့ပိုင်းခင်းခဲ့ရတာပါ။

ဒီအရိုးမချရသေးဘူး ဟိုအရိုးတွေကို နေ့တိုင်းဆင့်နေ တယ်ဆိုတော့၊ ဒီအလောခ်းမချခင်၊ ဟိုအလောင်း ထမ်းနေ တာနဲ့ မတူပေဘူးလား၊

တူပါတယ်ဘုရား။

တာဖြင့်ခင်ဗျားတို့က ဒွန်းစဏ္ဍားမျိုးတွေလား၊ ဒွန်း စဏ္ဍားလို့ဆိုတာ မနာကြပါနဲ့၊ ဘုန်းကြီးက ဖြစ်စဥ်ကို ဟော တာပါ။

ဘာလုပ်နေတာလဲဆိုရင် အရိုးရှာတာပါဘုရားပေါ့နော် အရိုးဆင့်တဲ့အလုပ်ကို အတော့ကိုကျဉ်လည်ပြီလို့ ပြောရမှာဘဲ အရိုးဆင့်တော့ဆင့်တတ်တယ် အရိုးသိမ်းပွဲတော့ မလုပ်တတ် ကြဘူး ဘာမလုပ်တတ်တာတုံး

အရိုးသိမ်းပွဲပါဘုရား

အရိုးသိမ်းပွဲလုပ်တတ်အောင် ဆရာဘုန်းကြီးက ဟော တော့လဲ

လုပ်လက်စကမပြတ်သေးလို့ပါဘုရား ဘာလုပ်လက်စ တုံးဆိုရင် အရိုးဆင့်လို့ပါဘုရား၊

အရိုးဆွင့်တယ်ဆိုတာ ကြွက်သရေမရှိပါဘူး ရှက်စရာ ကောင်းပါတယ်။

ဘုန်းကြီးက ဝိပဿနာလုပ်ဘို့ တရားဟောပေမဲ့ ခင်ဗျားတို့ကမလုပ်ရင် " နေစမ်းပါအုံးဘုရား လုပ်လက်စ အလုပ် ပြီးမှ လုပ်ပရစေ" ဆိုတဲ့ သဘောမျိုး မရောက်ပေဘူးလား

ရောက်ပါတယ်ဘုရား။

အရိုးဆင့်လို့ မပြီးသေးဘူးဆိုတော့ အတော့်ကို တရား ဟောရတာခက်နေတယ် မျိုးရိုးမိဘများလက်ထက်က ထားခဲ့ တဲ့အမွေဘဲဆိုပြီး မဖြုတ်နိုင်ကြလို့ မိဘကိုတောင် ဒွန်းစဏ္ဍား အမျိုးထဲထည့်ကြသေးတယ်။

ဒကာဒကာမတို့ တရားအကွက်ကျလို့သာ ဟောလို့ ဖြစ်ထာပါနော်၊ တရားသာအကွက်မကျရင်၊ ဟောလို့မဖြစ် ပါဘူး၊ တရားသာအကွက်မကျရင် ဘုန်းကြီးက ကြွက်သရေမရှိ မင်္ဂလာမရှိတဲ့တရားတွေကို ဟောနေတယ်လို့ထင်ကြပါလိမ့်မယ် တရားအကွက်ကျလို့ ထင်နိုင်ကြရဲ့လား

မထင်နိုင်ပါဘုရား။

ဒါဖြင့်ဘာမျိုးပါလိမ့်—

တပည့်တော်တို့အမျိုးက အရိုးဆင့်တဲ့ ဒွန်းစဏ္ဍားမျိုးပါ ဘုရား။

အရိုးဆင့်တဲ့အမျိုးကျ,မကျ ဒကာ၀,

ကျပါတယ်ဘုရား

ကျမှန်းသိရင် အရိုးဇာတ် သိမ်းတဲ့အခါ စောင်းထဲမှာ အသံမရှိတာကိုမရှာကြပါနဲ့တော့ လက်ခတ်နဲ့စေါင်းပေါင်းမှ သာသျှင် အသံထွက်တာပါ။

ဝိပဿနာဉာဏ်နဲ့ ဒုက္ခသစ္စာမြင်အောင် ကြည့်ကြပါ စိတ်ကဝေဒနာကို မြင်ပါလိမ့်မယ် မမြင်ဘူးလား၊

မြင်ပါတယ်ဘုရား။

ဝေဒနာကိုဖြစ်ပျက်ရှုလို့ ပျက်စီးသွားမှန်းသိရင် လိုခြင်သေးသလား။

မလိုခြင်ပါဘုရား။

မလိုခြင်ရင် ဒီအရိုးဓါတ်တော်ဖြစ်ရမှာ မသေခြာဘူးလား ဒကာဒကာမတို့

သေခြာပါတယ်ဘုရား။

ရဟန္တာမွေးတယ်လို့ ထုံးစံရှိရဲ့လား။

မရှိပါဘုရား။

ဝိပဿနာအလုပ်ကိုလုပ်ကြလို့ နောက်မှဖြစ်ကြတာပါ ယခုအရိုးဓါတ်တော်ဖြစ်ရင် နောက်အရိုး မလာတော့ပါဘူး အရိုးကို ဓါတ်တော်ဖြစ်အောင် ကြိုးစားကြပါ ဒကာဒကာမတို့ ကဲအချိန်စေ့ပါပြီ။

သာဓု....သာဓု....သာဓု၊

မေမွသဘင်အစီအစဉ်
၁၃၂၂-ခုတန်ဆောင်မုန်းလဆန်း(၁၀)ရက်
(၂၅-၁၀-၆၀)နေ့ည ဟောတော်မူချက်။

## ဒိဋ္ဌိက ကြိုးတုပ်၍ တဏှာက ရေထဲမျှောပုံ။

တရားနာ လာကြတဲ့ ဒကာ ဒကာမတို့သည်၊ ဘာဖြစ်လို့ တရားနာလာကြပါလိမ့်ဆိုရင်၊ ကိုယ့်ကိုယ်ကိုကယ်တင်ဘို့ တရားနာလာကြတယ်ဆိုရင် အမှန်ပါဘဲ တပည့်တော် တပည့်တော်မတို့မှာ, ဘာများဖြစ်နေကြပါသလဲဘုရားလို့ လျှောက်ကြရင် ဒိဋ္ဌိကကြိုးနဲ့တုပ်ထားတယ်လို့ ဟောရလိမ့်မယ်။

မြင်တဲ့အတိုင်း ဘယ်နေရာများ ကြိုးတုပ်လပ်တဲ့နေရာရှိသေးရဲ့လား၊ ငါ့ဆံပင်, ငါ့ကိုယ်, ငါ့သွား, ငါ့အရိုး ငါ့အသားနဲ့ လူတကိုယ်လုံး ငါတွေ ဖုံးထားသော၊ ဒိဋ္ဌိရဲ့ ကြိုးတုပ်တွေဟာဖြင့်၊ အပ်သွားချစရာပင် ရှိသေးရဲ့လား။

ဦးခင်မောင်ရေ သွားတချောင်း၊ ဆံတပင်ကလဲဒိဋ္ဌိရဲ့ ကြိုးတုပ်များပါဘဲနော်။ ဒိဋ္ဌိကကြိုးတုပ်၍· တဏှာက ရေထဲမျှောလိုက်ပါတယ်၊ တဏှာကအရှာခိုင်း၍ အသွားခိုင်းဒါဟာ ရေထဲမျှောတာပေါ့ အနားယူသော ကိုယ်ပိုင်ဉာဏ်နဲ့ တွေးကြည့်ရင် အကြီးအကျယ်နှိပ်စက်ထာကို တွေ့ရပါလိမ့်မယ်။

တခါတလေများ အိမ်ပေါ်ကတောင် ဆင်းလို့မရပါဘူးနော် ဘယ်ဆင်းလို့ရမလဲ ဒိဋ္ဌိကကြိုးနဲ့ချီ၍ တဏှာလောဘက ငါ့ပစ္စည်းတွေဆိုပြီး စွဲလမ်းနေတာကိုး၊ စားဘို့သောက်ဘို့က၊ လိုသေးတယ်၊ အပြင်ထွက်ပြီး ရှာပါအုံးလားသို့၊ တဏှာက၊ ခိုင်းတော့လဲ အပြင်တွက်၍ ရှာရပြန်တယ်။

ဒကာဒကာမတို့ရေ— ကိုယ်ကျိုးတော့နဲ့ကြပြီ ဘဲ့နဲ့ လုပ်ကြမလဲ၊ ဉာဏ်မျက်စိနဲ့ မြင်အောင်ကြည့်ကြပါ။ ဆံဖျားမှ ခြေဖျားအထိ၊ တကိုယ်လုံး အပ်သွားချစရာမရှိ၊ မသွားနိုင်၊ မလာနိုင်အောင် ဒိဋ္ဌိကကြိုးတုပ်၍၊ တဏှာက ဝဲထဲမျှောလိုက်တယ်။

တရားနာက၊ ပြန်လာတယ် ဆိုရင်ဘဲ၊ မင့်သားလေး၊ သမီးလေး လည်ရာက အိမ်ပြန် မရောက်သေးဘူး၊ လိုက်ရှာပါ တော့လားလို့တဏှာကရေထဲကိုမျှောလိုက်တယ်၊ ဦးခင်မောင် ရေ ဘယ်လိုများပါလိမ့်။

လိုက်ရှာရပါတယ်ဘုရား။

ဒကာဒကာမတို့ ပေါင်တိုကိုရေထဲမျှောတာကမှတော်သေး တယ်နော် ခက်ထာဘဲ့ ခင်ဗျားတို့ဟာက ကြိုးတုပ်ပြီးရေထဲ မျှောတော့ အာရုံ(၆)ပါးတည်းဟူသော ဝဲထဲမှာလှည့်ရတယ်၊ ငွေရစရာ ရှေ့ရေးကိုတွေးတာက မမှာရုံပေါ့၊ ကျန်တဲ့အာရုံ (၅)ပါးဝဲလှည့်တာကတော့ ထင်ရှားပါတယ်၊ ကြိုးတုပ်ထာက ဒိဋ္ဌိ, ရေထဲမျှောတာကတဏှာ, ဝဲလှည့်တာက, အာရုံ(၆)ပါး လို့မှတ်ကြပါ။

တဏှာရေဆိုတာ အင်မတန်ရေစီးသန်ပါတယ်၊ ဒကာဒကာမတို့ သားဆီ၊ သမီးဆီ၊ မြေးဆီ၊နဲ့ အကြံပေးဉာဏ်ပေးများဆီ သွား တာကို ဘယ်လိုဆိုရပါလိမ့် ဝဲလှည့်ဘို့တဏှာရေက၊ မျှောတာ လို့ ဆိုရမှာပေါ့နော်။

တရားနာ လာတုံးကတော့ နှေးနှေးဘဲ လာကြတယ် အပြန်ကြတော့ မြန်မြန်သွားကြတယ်။ ဒါ ဘာဖြစ်လို့ပါလိမ့် အိမ်ကြတော့ ဝဲလှည့်ရမှာကိုး၊ ဟိုရောက်တော့ ဝဲမလှည့်ရမှာ စိုးလို့ တကျောရေက အစီးသန်ပေးတာပါနော်။ ဘုန်းကြီးက ရွဲ့ပြောနေတာမဟုတ်ပါဘူး၊ တဲ့တဲ့ကိုပြောနေတာပါ၊

ဝဲလှည့်နေတယ်ဆိုတာ ဘယ်လိုပါလိမ့်—

ရုပ်ရှင်ဖလင်လိုပါဘုရား။

ရုပ်ရှင်ဖလင်လိုဆိုရင် ဆရာဘုန်းကြီးကလဲ ကယ်တင် ခြင်လို့ ဟောရတာပါ၊ ရုပ်ရှင်ဖလင်လို ဝဲလှည့် နေတာကို ကယ်တင်ခြင်ဘယ်ဆိုတော့ ဒီဘုန်းကြီးနဲ့ ဒီဒကာဒကမတွေ့တဲ့ တာအံ့သြပါတယ်ဗျာ။

ခင်ဗျားတို့ ဝဲလှည့်နေရတာက၊ ရိုးရိုးလှည့်နေရတာ၊ မဟုတ်ပါဘူး၊ လှန်အထိုးခံနေရရင်း ဝဲလှည့်နေရတာပါ၊ "ဟဲ့သိမ်း နေကောင်းရဲ့လား" မေးတာဟာ ညီးလှန်အထိုးခံခြင်လို့ မေး တယ်ဆိုတာ မရောက်ပေဘူးလား။ လှန်အထိုးခံခြင်လို့မရ ရ မအောင် မေးနေတာမို့လား။

မြုံ့မနေကြပါနဲ့ ဆရာဘုန်းကြီးက ဖြစ်စဉ်ကိုဟောနေ တာပါ(ဤနေရာတွင်တရားနာပရိသတ်ကအနည်းငယ်ငြိမ်သက် နေပါသည်) သိမ်းဖြစ်သူက "နေလို့ သိပ်မကောင်းဘူး အမေ ရယ်" လို့လဲပြောလိုက်ရော၊ နှလုံးတုံပြီး ထိပ်ခနဲဖြစ်သွား တာဟာ လှန်အထိုးခံလိုက်ရတာပါဘဲ၊ ဒီလိုလှန်လှန်ပြီး လှန် အထိုးခံနေရဘာဟာ အမယ်လေး… ဒကာ ဒကာမတို့ရယ် လှန်ချက်တွေက များလှပါပြီ။

ဦးခင်မောင်ရေ လမ်းသွားရင်း ကားကလေးများပျက်ရင် မြန်မြန်လုပ်ပါဟာဆိုတာဟာ၊ အိမ်ရောက်တော့ ဝဲနဲ့လှည့်၍ လှန်အထိုးခံခြင်လို့ ကားကိုမြန်မြန် အပြင်နိုင်းတာမို့လား

ဟုတ်ပါတယ်ဘုရား။

ကြိုးတုပ်၍လှန်က (၆)ချက်တောင် ထိုးလွှတ် လိုက်တော့ မူးမိုက်လို့သာ နေရမယ်၊ ဧလှည့်ရာတွင်လဲ ရောက်ရာအရပ်က လှန်ချက် များကြောင့်၊ အပါယ်လေးပါး မြုတ်ရတော့တယ်။

ဒကာဝတို့မောင်ကိုတို့၊ ဖြစ်စဉ်ကိုအမှန်ဟောနေတာပါ မှတ်မိအောင် မှတ်ကြပါ၊ ရန်သူနဲ့တွေ့ရင် ထောင်မလှန်နိုင်အောင် ကြိုးတုပ်လိုက်တဲ့ဒိဋ္ဌိကြောင့် သေရတယ်ဆိုရင် အပါယ်မြုတ်ရတော့မယ်။ ဘုန်းကြီးတို့ဒကာဒကာမတို့မှာ ဘုရားအဆူဆူတွေနဲ့ မကျွတ်ခဲ့ရတာဟာ ကြိုးတုပ်၍လှန်ချက်ဖြင့် အပါယ်မြုတ်ရတဲ့ဘဝနဲ့ကြုံခဲ့ရလို့ပါ။

ဝဲကလဲလှည့် ရောက်ရာအရပ်က လှန်ချက်ကလဲ အထိုးခံနေရတယ်ဆိုတာ မသိ့သိအောင်ပြောတော့မှ ပေါ်လာပြီမို့လား၊ ဒါကြောင့်မြုတ်ရတယ်ဆိုတာ၊ သံသယရှိသေးသလား။

မရှိပါဘုရား။

ကိုင်းတာဖြင့် ပဋ္ဌမချီလိုက်တဲ့ လူကိုဖြုတ်ရ လိမ့်မယ်။ ကြိုးဖြေပြီ ရေနှားမသွားရင်၊ တဏှာကမျှောနိုင်ပါအုံးမလား

မမျှောနိုင်ပါဘုရား။

အော်..... ဒကာဒကာမတို့ကို ကြိုးဖြေပေးမဲ့တရားပါလား ကြိုးဖြေမခံခြင်ကြဘူးလား၊

ခံခြင်ပါတယ်ဘုရား။

ကြိုးဖြေပြီးချင် ရေနား သွားသော်လဲ၊ တဏှာက၊ မမျှောနိုင်တော့သဖြင့်၊ ရောက်ရာအရပ်က လှန်ချက်တွေရော၊ အထိုးခံရပါအုံးမလား။

မခံရပါဘုရား။

အဲဒါနဲ့ ကိုက်ပြီး ဟောဒါ မောင်ကိုရ။ ဒကာ ဒကာမတို့ ဘုန်းကြီးဟောဒါမမေ့ကြရင်၊ သုတမယဉာဏ်ဖြင့်ပင် အပါယ်ကို မမြူတ်နိုင်တော့ပါဘူး။ ခန္ဓပဋိစ္စသမုပ္ပါဒ် နားလည်ရင် ဒိဋ္ဌိပြုတ်ပါတယ်။

ခန္ဓပဋိစ္စသမုပ္ပါဒ်လှည့်ပုံကိုမပြရင်၊ ဒိဋ္ဌိပြုတ်မှာ မဟုတ်သဖြင့်၊ ကကြီးခကွေးကစ၍၊ ခန္ဓပဋိစ္စသမုပ္ပါဒ် လှည့်ပုံကို၊ ဟောကြစို့၊ ပဌမပိုင်းသည်၊ မှတ်သားစရာ ကောင်းတယ်လို့ မှတ်ကြပါ၊ ယခုဟောမဲ့ ဒုတိယပိုင်းကလဲ မမေ့အပ်တဲ့ တရားများဟု မှတ်ကြပါ ဒကာဒကာမတို့။

ရုပ်တရားကြီးသည်၊ နာမ်ကဆွဲဆောင်ရာကို လိုက်ပါရပါတယ်။ ရုပ်ကအနွေးသမား၊ နာမ်ကအမြန်သမား၊ ဒကာ ဒကာမများ လမ်းသွားရင်းလှဲ့ရတာဟာ၊ အမြန်ဆိုတဲ့ နာမ်တရားက ဆွဲသလောက်၊ အနွေးဆိုတဲ့ ရုပ်တရားကမှီအောင် မလိုက်နိုင်တဲ့အတွက်၊ လှဲ့ရတာပါနော် ဖွတွေ့အုံတွေ လုပ်မနေကြပါနဲ့။

ကံမကောင်း အကြောင်းမသင့်လို့လဲ မဟုတ်ပါဘူး။ ရုပ်ကမှီအောင်မလိုက်နိုင်လို့လှဲ့ရတာပါ၊ ဒီတရားကိုသာ အားမထုပ်ဘဲ၊ သမထတရားကိုသာ အားထုပ်နေကြရင် အလဲနဲ့ အကွဲဘဲရမယ်ထိုဒါကော သဘောပေါက်ကြပလား။

သဘောပေါက်ပါပြီဘုရား။

သဘောပေါက်ကြရင် ဒိဋ္ဌိကြီးချီတဲ့နေရာကို မသွားကြနဲ့ပေါ့။ ဒီနေရာတွင် ခြေထောက်ဆူးစူးသလို အပ်နဲ့ထွင်လို့ မရပါဘူးနော်၊ ခန္ဓပဋိစ္စသမုပ္ပါဒ်နားလည်မှ ဘာနားလည်မှုလဲ

" ခန္ဓပဋိစ္စသမုပ္ပါဒ်နားလည်မှုပါဘုရား "

ဦးခင်မောင် ဒီတလုံးမသေးဘူးနော်။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ၊ ပဋိစ္စက အကြောင်းကိုစွဲ၍ သမုပ္ပါဒက ဖြစ်ထာပါ။ အကြောင်းကိုစွဲ၍ ဖြစ်တယ်လို့မှတ်ကြပါ။

ယခုခန္ဓာကိုယ်ယခုရှိနေတဲ့ ပစ္စုပ္ပန်၊ ခန္ဓပဋိစ္စသမုပ္ပါဒ်ကိုပြပါမယ်။ သိရင် ဒိဋ္ဌိပြုတ်ပါတယ်။ အသိနဲ့ပြုတ်ရင် အကြောင်းကိုစွဲ၍ဖြစ်ထာ ဘာခန္ဓာလဲ။

ပစ္စုပ္ပန်ခန္ဓာပါဘုရား။

ပဋိစ္စသမုပ္ပါဒ်ဘုရင်ကြီးကို ရှင်းတော့မယ်ဆိုတာ မှတ်ကြပါ။ ကိုယ့်သားသမီးကို အရိပ်ကြည့်ရင်း ဖေဖေ-မေမေရဲ့မျက်လုံးနဲ့သွားတဲ့သဖြင့် မြင်ရုပ်ပေါ်မှာ (စက္ခုပသာဒရုပ်) ဖြူ၊နီ၊ကြောင်ကျားဖြစ်တဲ့ သားသမီးများ၏ အဆင်းကိုမြင်လို့ မြင်စိတ်ပေါ်တာပါ။

လက်နှစ်ဘက် ရှက်ပြီးရိုက်တော့ လက်ခုတ်သံထွက်ပါတယ်။ ဘယ်လက်မှာ လက်ခုတ်သံ ရှိပါသလဲ ဘယ်လက်မှ လက်ခုတ်သံမရှိပါဘူး။ ထိခိုက်ချက်နာလို့ အသံထွက်ရတာပါ။ (ဤနေရာတွင်ဆရာဘုန်းကြီးက လက်ခုတ်သံကိုတီးပြပါသည်) သားသမီးကလေးများက ကဗျာကယာ ပြေးလာလို့ လဲ့ရင်မြင်ရုပ်နဲ့ မြင်စိတ်ဟာ ထိခိုက်ချက်နာလို့ ငါ့သားသမီးလေးလဲ့တယ်ဆိုတဲ့အသိစိတ် ထွက်ပေါ်လာတာပါ။

သိဘဲ့စိတ်နဲ့ မြင်တဲ့စိတ် ( စက္ခုဝိညာဉ်စိတ် ) ဟာ အမွှာမွေး ဖြစ်ပါတယ်။ မြင်စိတ်ဟာလဲ ခန္ဓပဌ္ဌ်ိစ္စသမုပ္ပါဒ် ပါဘဲ။ ပစ္စုပ္ပန် ခန္ဓပဋိစ္စ သမုပ္ပါဒ် လိုက်ခါရှိသေး ငါလုပ်ထါ မဟုတ်မှန်းသိလို့ ငါပြုတ်ပါပြီ။

ကိုင်းဒါဖြင့်ဒီဟာတော့ ငါလုပ်ထာ မဟုတ်မှန်းသိရင် ဘယ်ဟာတော့ ငါလုပ်ထာ ဟုတ်ကြအုံးမှာလဲ။ဆရာဘုန်းကြီး က ခန္ဓပဋိစ္စ သမုပ္ပါဒ်ကို အစကစပြီး ကကြီးခကွေးက စသင် ပြန်သဖြင့် အဘိုးတန်ပါသည်။

ခြောက်အာရုံ ခြောက်ဒွါရက လုပ်ထာဖြစ်သဖြင့် ငါဘဲ လို့ကောဆိုလို့ရပမလား

မရပါဘုရား။

စိတ်ဝိညာဉ်ဆိုတဲ့ ခင်ဗျားတို့၏ ခန္ဓာပေါ်လာပြီမို့လား ခုမှပေါ်လာဒါလား ရှေးကပေါ်လာတာလား

ခုမှပေါ်လာတာပါဘုရား။

မြင်တယ်ဆိုရင်လဲ ပုဂ္ဂိုလ်သတ္တဝါပါသလား ခင်ဝာယ် ဆိုရင်လဲ ပုဂ္ဂိုလ်သတ္တဝါပါသလား နှစ်ခုစလုံးထဲမှာ မပါပါဘူး မြင်ခန္ဓာသေပြီးမှ ခင်ခန္ဓာလာတာပါ ပဋ္ဌိစ္စသမုပ္ပါဒ်ကို ကကြီး ခကွေးကရှုကြော့တဲ့မတဲ့ ဒါလေးကမြင်ခန္ဓာ ဒါလေးကခင်ခန္ဓာ အိမ်မှာလဲ ဒီမှာလဲပါတာဘဲ ကြည့်ပါလား ယခုစွဲလမ်းနေတဲ့ ခန္ဓာနဲ့အသက်ရှင်နေတယ်။ နှစ်ခန္ဓာ တန်းနေပါသလားလို့ အဝိဇ္ဇာမပါစေနဲ့။ အဝိဇ္ဇာမပါရင် လက်ခမောင်းသာ ခတ် ပါတော့ အပါယ်လွှတ်ပါပြီ။

မြင်ခန္ဓာကပြီးမှခင်ခန္ဓာလာတာပါ။ တခုခန္ဓာပျက်ပြီးမှ တခုခန္ဓာဖြစ်ထာပါ။ ဒီမြင်ခန္ဓာချုပ်ပြီးမှ ဟိုခင်ခန္ဓာ ဖြစ်ထာပါ။ (ဤနေရာတွင် ဆရာဘုန်းကြီးက ပုံသဏ္ဌာန်နှင့် ပြပါသည်။)

တရားနာဒကာဒကာမတို့တည် ဆွေးမျိုးမတော်ဘူးသည် ရှိမှာမဟုတ်သဖြင့် မေတ္တာရှေ့ထား၍ ဟောနေပါတယ်။

"ကိုယ်က မခင်ရင်ကြိုးပြီပါတယ် ကိုယ်ကခင်ရင်တော့ နွားဖြစ်ကြအုံးမှာပါဘဲ" ဒိဋ္ဌိဖြုတ်နည်းနိသျှည်းကိုနားလည်မှ နော် နားမလည်ရင်ကြိုးပြီမှာမဟုတ်ပါဘူး ခန္ဓာသည်အတန်းကြီး တွေ့ရသလား။

မတွေ့ရပါဘုရား။

တခုသာ တွေ့ရပါတယ်။ "တခုသာမြင်ရင် ဝိဇ္ဇာ ဉာဏ်တော်ဝင်၍ အတဲ့မြင်လို့ဟု မှတ်ကြပါ ဒကာဒကာမတို့" အဖြစ်ကသခါရ အပျက်ကပဋိစ္စသမုပါဒ် အချုပ်ကနိဗ္ဗာန်ပါ အတန်းကြီးမြင်နေရင် နိဗ္ဗာန်ကို မမြင်နိုင်ပါဘူး။ အတန်းကြီး ကို မမြင်ကြပါနဲ့တော့ အတန်းကြီးကို မြင်ကြသေးသလား၊

မမြင်တော့ပါဘုရား။

အတန်းကြီးကို မမြင်ရင်ဘာလဲ

နိဗ္ဗာန်ပါဘုရား။

မှတ်မိအောင်မှတ်ကြပါ ဒကာဒကာမတို့။ အင်မတန် အရေးကြီးတဲ့ စကားတွေပါနော်—

နံရင်လှဲ နံတယ် နံတော့ခင်တယ်၊ ခင်တော့ စွဲလမ်း စွဲလမ်းတော့အားထုပ်တယ် အားထုပ်တော့ရတယ်။ ရတော့ဒုက္ခ သစ္စာဖြစ်ရတယ်။

ဦးခင်မောင်ရေ အားထုတ်လို့ရတော့ ဘာပါလိမ့်
ဒုက္ခသစ္စာ ဖြစ်ရပါတယ်ဘုရား။

စားရင်လဲခင်တယ် ခင်တော့စွဲလမ်း စွဲလမ်းတော့ အားထုတ်တယ်။ အားထုတ်လို့ပေါ့ ဒကာဒကာမတို့အိမ်မှာ ဟင်းချက်လို့ လောက်နိုင်ရဲ့လား အော် — ခန္ဓပဋိစ္စသမုပ္ပါဒ်ကို သိဘို့ရာဟာ အင်မတန် အရေးကြီးပါကလား ခန္ဓပဋိစ္စ သမုပ္ပါဒ်ကို လွယ်လွယ်နဲ့ မရနိုင်ပါဘူး နှိုက်ယူမှ ရမယ်ဆိုတာ သဘောပေါက်ကြပလား။

ခင်တာကကောင်ပါလား မဟုတ်ပါ စွဲတာက ဥပါဒါန် ဥပါဒါန်ကြောင့် ကံကိုရအောင်အားထုတ်တယ်၊ ကံကိုရတော့ ကံကသင်္ခါရက္ခန္ဓာ ဘယ်ခန္ဓာက လုပ်ထားတုံး မြင်၊ခင်၊စွဲ၊အားထုတ်၊တဲ့ ခန္ဓာကပါ။ ဒီအထဲမယ် ငါလုပ်ထားများ ပါသလား ငါမပါပါဘူး ငါမပါမှန်းသိရင် ဒိဋ္ဌိပြုတ်ပါတယ် ဒိဋ္ဌိပြုတ်ရင် အဝိဇ္ဇာက ဝိဇ္ဇာဖြစ်၍ စူဠသောတာပန် ဖြစ်ပါတယ်၊ စူဠသောတာပန်ဆိုရင် အပါယ်လွတ်ပါပြီ ယခုတရားနာရင်းသေရင် နတ်ပြည်ကို ရောက်၍ နတ်သမီးရင်ခွင်ထဲမှာ မဟာသောတာပန်တည်ပါလိမ့်မယ်။

ခန္ဓပဋိစ္စ သမုပ္ပါဒ်ဟာ၊ အသိဉာဏ်ထဲမှ ပေါ်လာတယ်ဆိုတာ ရှင်းကြပလား။

ရှင်းပါပြီဘုရား။

ဒီလိုအသိဉာဏ်တွေ ပေါ်လာတဲ့အတွက် ဒကာဒကာမတို့မှာ အတိုးတန်ပါပြီ ဒီလို သိအောင် ကြံတာဟာ၊ သမ္မာသက်ပ္ပပါဘဲ။ ကဲအချိန်စေ့ပါပြီ၊

သာဓု—သာဓု—သာဓု။

( ၁၉၃၁–ခု၊ မတ်လ(၂၆)ရက်နေ့တွင် လေမုန်တိုင်း ကြရောက်သည့်အတွက် ဆရာဘုရားတရားမဟောနိုင်ပါ တရားနာ ပရိသတ်များ အချိန်အတော်ကြာ စောင့်ဆိုင်းနေသော်လည်း လေမုန်တိုင်း၏ဒါဏ်ကြောင့် လျှပ်စစ်ဓါတ်မီးလိုင်းများ ပျက်စီး ချို့ယွင်းချက်များကြောင့် မီးမရသဖြင့် တရား မဟောနိုင်ဖြစ် ကြောင်း ရိက္ခာတော်ရ ရဲမင်းကြီး ဦးခင်မောင်က ကြေငြာမှ တရားနာပရိတ်သတ်များ ပြန်သွားကြပါသည်။

**ဓမ္မသဘင်အစီအစဉ်**

၁၃၂၂-ခုတန်ကူးလဆန်း(၁၂)ရက်

(၂၇-၃-၆၁)နေ့ည ဟောတော်မူချက်။

**အရိယာမျက်လုံး တတ်ပေးပုံ။**

ယနေ့ည တရားနာ လာကြတဲ့ ဒကာဒကာမများ မှတ် သားကြရန်မှာ ဓမ္မပဒပါဠိတော်တွင် "**ခဏောဝေမာ ဥပစ္စဂါ**" လို့ ဟောတော်မူတဲ့အတိုင်း ဒီခဏလေးရတဲ့အချိန်ကို မလွန်ကြ ပါစေနဲ့လို့ ဆရာဘုန်းကြီးက သတိပေးနေပါတယ်။

အချိန်ဆိုတာအင်မတန် တန်ဘိုးရှိပါတယ် တယောက်အချိန်နဲ့ တယောက်အချိန် တိုက်ဆိုင်မှုရှိရန်လဲ ခဲယဉ်းပါတယ်။ ယခု ဘုန်းကြီးကတရားဟောနေပေမဲ့ဒကာဒကာမများကမအားမလပ် မကျန်းမမာဖြစ်နေရင် တရားမနာနိုင်ပါဘူး။ ဒကာဒကာမများက တရားနာလါနိုင်သော်လဲ ဆရာဘုန်းကြီးက မအားမလပ် မကျန်း မမာဖြစ်နေပါက တရားမဟောနိုင်ပါဘူး။

အရပ်ဒေသ မိုးလေဝသ တိုင်းရေးပြည်ရေးတွေက မငြိမ် မသက်ဖြစ်နေရင်လဲတရားတော်ကိုမဟော၊ မနာနိုင်ကြပါဘူး မနေ့ ကဘဲ လေမုန်တိုင်းကျရောက်သဖြင့်၊ ဘုန်းကြီးတို့ဒကာဒကာမတို့ မှာ တရားမဟော မနာနိုင်ခဲ့ရသဖြင့် များစွာ အကျိုးယုတ်ခဲ့ရ ပါတယ်။

ဒါ့ကြောင့်မို့ ဒီခဏလေး ရတဲ့အချိန်ကို မလွန်ကြပါစေ နဲ့လို့ ဆရာ ဘုန်းကြီးက သတိပေး ရပါတယ်၊ ဒီခဏလေးရတဲ့ အချိန်ကို အလွန်ခံကြရင်ဖြင့်၊ ငရဲရောက်မှာဘဲလို့ မှတ်လိုက် ကြပါ ဒီခဏလေးရတဲ့အချိန်ကို အလွန်ခံရင် ဘာဖြစ်ကြမလဲ

ငရဲရောက်မှာပါဘုရား။

ဒီခဏလေးရတဲ့ အချိန်ကို အလွန်ခံကြရင်ဖြင့် ဟိုဘက် အချိန်ရောက်ရင် ငရဲကြမှာ သေချာတယ်လို့ မှတ်လိုက်ကြပါ။ ဒကာဒကာမတို့။

သူတော်ကောင်းတရားကို နာရုံနဲ့လဲ မပြီးသေးပါဘူး၊ နာပြီးရင်လဲ မှတ်မိအောင်မှတ်ကြပါ သိမှတ်ပြီးရင်လဲ သိမှတ်တဲ့ အတိုင်း ကျင့်ကြံအားထုတ်ကြပါ၊ ကျင့်ကြံအားထုတ်မှလဲ ကိုယ့် ကိစ္စ ပြီးမှာပါနော် ...

" **သူတော်ဆည်းကပ် မြတ်တရားနာ လျှော်စွာကျင့် မဂ်ဖိုလ်ပွင့် ရလိမ့်ကော်သာ** " လို့မှတ်ကြပါ၊ တရားနာရုံ သိ မှတ်မိရုံလေးနဲ့ မဖြစ်သေး ပါဘူးနော် လျှော်စွာကျင့်မှ ကိစ္စ ပြီးမယ်လို့မှတ်ကြပါ။

ဦးခင်မောင်ရေ တရားနာတယ်ဆိုတာ ဘာပါလိမ့် မိမိကိုယ်ကိုယ် ကယ်တင်တာပါဘုရား

မိမိကိုယ်ကိုယ် ကယ်တင်တယ်ဆိုတော့ မိမိတို့ကဘာများ ဖြစ်နေလို့ပါလိမ့်။

မီးနှင့်ခန္ဓာကိုယ် တွဲနေလို့ပါဘုရား။

(လောဘမီး-ခန္ဓာကိုယ်ကလောင်စာ) မီးနဲ့တွဲနေတယ် ဆိုတော့ ဦးခင်မောင်ရေ မလောင်ဘူးလား လောင်မှာလား

လောင်မှာပါဘုရား။

လောင်မှာ ဆိုရင်၊ ဒီမီးတွေ မလောင်ရအောင်၊ ဆရာ ဘုန်းကြီးက လျှော်စွာကျင့်ဆိုတဲ့အတိုင်း၊ ဖြစ်ပျက်ကို အရှုခိုင်း တာပါ ဖြစ်ပျက်နဲ့ကိုက်ထာက မောင်ကိုရေ ဘာပါလိမ့်။

ခန္ဓာကိုယ်ပါဘုရား။

ခန္ဓာကိုယ်၏ဖြစ်ပျက်ကို မြင်အောင်ရှုကြပါ၊ ဒကာဒကမ တို့။ မာဂဏ္ဍီ ပုဏ္ဏားကြီးက " ဝါပည့်တော်အား အရိယာ မျက်လုံးကို တပ်ပေးပါဘုရားလို့ " ဘုရားသခင်ကို လျှောက် ထားသဖြင့် " ငါဒီအတိုင်း တပ်မပေး နိုင်ဘူးကွ၊ ရှေးဦးစွာ သူ့ဘော်ကောင်းများထံ ဆည်းကပ်၍ တရားနာပါ၊ သိအောင် မှတ်ပါ၊ သိမှတ်တဲ့ အတိုင်း လျှော်စွာ ကျင့်ကြံ အား ထုပ်ပါ ဒါမှသာသျှင်သင်လိုခြင်တဲ့ အရိယာမျက်လုံးကို ရရှိလိမ့် မယ်လို့ " ဘုရားသခင်က ဟောတော်မူပါတယ်၊ (မိုးအနည်း ငယ်ရွာသဖြင့် ဓမ္မာရုံအပြင်ဘက်မှ တရားနာ ဓမ္မမိတ်ဆွေများ အထဲဝင်ရန် ခေတ္တတရားပွဲနားထားပါသည်။ )

ကဲကဲတရား ဆက်ကြစို့၊ ခန္ဓာကိုယ်၏ ဖြစ်ပျက်ကိုမြင် အောင်ရှုကြပါ၊ ခန္ဓာကိုယ်၏ ဖြစ်ပျက်ကို မြင်မှသာလျှင် ခန္ဓာ ကိုယ်ကိုငြီးငွေ့တဲ့၊ နိဗ္ဗိန္ဒဉာဏ်ရမှာပါ၊ နိဗ္ဗိန္ဒဉာဏ် ရောက်မှ ခရီးပေါက်မယ်လို့ မှတ်ကြပါ။

ဒီဥာဏ်ကိုမရောက်မခြင်းကဟော့ ခရီးလမ်းစမမြင်သေးဘူးလို့မှတ်ကြပါ ဒကာဒကာမတို့

ခန္ဓဖြစ်ပျက်နဲ့ကိုက်အောင် ယနေ့ညအလုပ်လုပ်ပြမယ်၊ ခန္ဓဖြစ်စဉ်မသိရင် မနေ့က၊ လေမုန်တိုင်းကျသဖြင့်၊ ခဏလေးလွန်သွားတဲ့ အချိန်အတွက်၊ ဒကာဒကာမတို့မှာ တန်ဘိုးမဖြတ်နိုင်သော ဘဝ၏ဆုံးရှုံးမှု တရပ်ပါဘဲ။ ခန္ဓပဋိစ္စသမုပ္ပါဒ်နားမသည်ရင် ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ မကင်းသေးဘူးဆိုတာ၊ သေခြာကြပလား။

သေခြာပါတယ်ဘုရား။

ကောင်းပြီဒါဖြင့် ဒီဘက်ဒကာဒကမတို့၏ မိဘမျက်လုံးနဲ့ ဖြူနီကြောင်ကြားဆိုတဲ့ သားသမီးများ၏ အဆင်းရုပ်ကမျက်လုံးကို ရိုက်ချက်နာတါနဲ့ မြင်ရုပ်ပေါ်လါရတယ်၊ အဆင်းရုပ်နဲ့ မျက်လုံးတို့သည်၊ သူတို့သည်ကား ရိုက်ချက်နာ၍ တိုက်ချက်နာလို့သာ မြင်ရုပ်ပေါ်လာရကြောင်း၊ သဘောပေါက်ကြပါ။

အဆင်းကိုမြင်သော စက္ခုပသာဒရုပ်သည်၊ ရုပက္ခန္ဓာ မြင်တယ်လို့သိသော စက္ခုဝိညာဉ်စိတ်သည်၊ ဝိညာဏက္ခန္ဓာ၊ သားရယ်-သမီးရယ်၊ ချောတယ်-လှတယ်၊ အကြီး တန်တယ်း ဘာရယ်-ညာရယ်လို့ ခွဲခြား မှတ်သောသညာ (ပညာ စေတသိက်)သည် သညက္ခန္ဓာ၊အဆင်းအာရုံကို ခံစားသော ဝေဒနာ (ဝေဒနာစေတသိက်)သည်၊ ဝေဒနက္ခန္ဓာ အဆင်းအာရုံကို၊ စွဲလမ်း နှစ်သက်သောလောဘ ( လောဘစေတသိက် )သည်၊ သင်္ခါရက္ခန္ဓာဟု မှတ်ကြပါ။

( စာဖွဲ့ထားသည့် အတိုင်း ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟု မဟောဘဲသဘော ပေါက် သိလွယ်အောင်၊ ဖြစ်စဉ်အတိုင်း ဆရာ ဘုန်းကြီးက ဟောတော်မူပါသည်။ )

ဒကာဒကမတို့သုံးစွဲနေကြတဲ့ မင့်ငါမြင်တယ် ညီ့ငါမြင် တယ်ဆိုတာ ငါစွဲနေတာပါ ငါမြင်တာဟုတ်ကဲ့လား

မဟုတ်ပါဘုရား။

ငါမြင်တာမဟုတ်ပါဘူး မြင်တတ်တဲ့ခန္ဓာငါးပါးပါ၊မြင်တဲ့ စက္ခုပသာဒရုပ်, မြင်တယ်လို့သိတဲ့ စက္ခုဝိညာဉ်စိတ်, ခွဲခြား၍ မှတ်သောသညာ, အာရုံကိုခံစားသောဝေဒနာ,စွဲလမ်းနှစ်သက် သော လောဘ, တို့အထဲတွင် ငါပါသလား

မပါပါဘုရား၊

မပါပါဘူး ဒကာဒကာမတို့က၊ ငါထင်ပြီး ငါမြင်တယ် လို့ စွဲလမ်းနေလို့ပါ စင်စစ်တော့ မြင်တတ်တဲ့ခန္ဓာငါးပါးပါ ငါမြင်တယ်လို့ မမှတ်ကြပါနဲ့တော့ ဒကာဒကာမတို့။

မြင်ရုပ်လား ငါလား

မြင်ရုပ်ပါဘုရား။

မြင်စိတ်လား ငါလား

မြင်စိတ်ပါဘုရား။

သားရယ်-သမီးရယ် ဘာရယ်-ညာရယ်လို့ ခွဲခြား၍မှတ် ထာကကော သညာလား ငါလား

သညာပါဘုရား

အာရုံကိုခံစားတာကကော ဝေဒနာလား ငါလား

ဝေဒနာပါဘုရား။

ချစ်ခင်စွဲလမ်းတာကကော လောဘလား ငါလား
လောဘပါဘုရား။
ဒါဖြင့်ဒီအထဲမှာ ဘယ်နေရာတွင် ငါပါသေးတုံး
မပါပါဘုရား။

ဒီလိုငါမပါမှန်း သညာသိနဲ့ဘဲသိရင် ဒိဋ္ဌိပြုတ်ပါတယ်။ တကယ်အလုပ်စခမ်းနဲ့ ဝိပဿနာ ပညာစခမ်း ရောက်ရင် ဒိဋ္ဌိ စဉ်ပါပြီ၊ မင့်ငါမြင်တယ်၊ ညီ့ငါမြင်တယ်လို့၊ မပြောရဘူး မဟုတ်ပါဘူး ပြောရပါတယ်။ ဒကာဒကာမတို့၏ စိတ်ထဲမှာ ငါဟူသောစွဲလမ်းမှုကို မထားပါနဲ့ မြင်တတ်တဲ့ ခန္ဓာငါးပါး မို့ မြင်တာလို့မှတ်ကြပါ။

( ကျန်ရှိသည့် အာယတန ငါးပါးတို့ကိုလည်း ဤ အတိုင်းပင် ခန္ဓာငါးပါးဖွဲ့၍၊ ဤအတိုင်းပင် မှတ်ကြပါတော့ ဆရာဘုန်းကြီး ဟောတော်မူသည့်အတိုင်း အာယတန ခြောက် ပါးလုံးကို၊ ရေးသား ဖော်ပြနေရမည် ဆိုလျှင်၊ စာမျက်နှာ များပြား လာမည့်အပြင် ထပ်တလဲလဲဖတ်ရှုနေရသည့်အတွက် စာရှုဓမ္မမိတ်ဆွေများ ငြီးငွေ့မှာစိုးရိမ်သည်အတွက် မရေးတော့ ပါအချုပ်ကတော့အာယတနခြောက်ပါးလုံးတွင်ငါစွဲ-ငါထင်၍ ငါဟုမမြင်ဘို့ပါဘဲ ဓမ္မမိတ်ဆွေအပေါင်းတို့ )

ယခုခန္ဓာကိုယ်ကို အမေမွေးကတည်းက ခန္ဓာကိုယ်လို့ မအောင်းမေ့ကြပါနဲ့ ခန္ဓာငါးပါးဟာ ဖြစ်လိုက်ပျက်လိုက်နဲ့ အသစ်ပေါ်နေတာပါ၊အမေ့ဝမ်းထဲတုံးကယခုလိုအဆင်းရုပ်နဲ့ မြင်ရုပ်တွေ တိုက်မိကြရဲ့လား မတိုက်မိကြပါဘူး ခန္ဓာကိုယ် ကြီးဟာ အမြဲတန်းကည်နေတယ် ဆိုတဲ့အမြင်မှား အထင်မှား တွေကို ပယ်ဖျက်လိုက်ကြပါတော့ ဒကာဒကာမတို့။

အော်... ဒါဖြင့် ခန္ဓာကိုယ်ကြီးဟာ အမြဲတန်း ဖြစ်ပျက်နေပါကလားလို့ သိတာက ဝိဇ္ဇာ အဝိဇ္ဇာမရှိတော့တဲ့အတွက် ဦးခင်မောင်ရေ တဏှာ ဥပါဒါန် က တွေကော နောက်ထပ်လာပါအုံးမလား။

မလာတော့ပါဘုရား။

ဒီတရားတွေ နောက်ထပ်မလာရင် သံသရာတွင် မကျင်လည်ရတော့ဘူးဆိုတာကော မသေခြာဘူးလား

သေခြာပါတယ်ဘုရား။

ဒီလို ခန္ဓဖြစ်စဉ်တွေကို သိလိုက်ရတဲ့ အတွက်ကြောင့် ယနေ့ဖြင့် အတော်ကျေးဇူးများပါကလား ဒကာဒကာမတို့။ ဘာကြောင့် ဒုက္ခသစ္စာလို့ဆိုရပါလိမ့် မြင်တာလဲဒုက္ခ မြင်ပြီး ပျက်ထာလဲ ဒုက္ခဖြစ်သဖြင့် ဒုက္ခသစ္စာလို့မှတ်ကြပါ။ ခန္ဓပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်ကို သိကြလို့ အဘိုးတန်ပါပြီ ဦးခင်မောင်တို့၊ ဒကာဝတို့။

မွေးကာစကလေးများ သေသွားရင် "လူ့ဘဝလာပြီး လူ့အကြောင်းမသိဘဲနဲ့ သေရလေခြင်းလို့ " တချို့ကပြောကြသေးတယ် မိမိကတော့ အသက် (၅၀)ကျော်(၆၀) ရှိပြီး ကိုယ့်အကြောင်း ကိုယ့်အကျိုးကိုမသိဘဲနဲ့ နေခြင်းဆိုးနေ၍ သေခြင်းဆိုးနဲ့ ကိုယ်သေရမှာတော့မမြင်ကြဘူး ဦးခင်မေင်ရေ ဒါဟာ ဥပဒေနဲ့ကြည့်ရင် အရူးတမျိုးပိုတါဘဲလို့ဆိုရမှာဘဲနော် မဆိုရပေဘူးလား။

ဆိုရပါတယ်ဘုရား။

ကိုယ့်ကိုယ်ကို ရူးလို့ရူးမှန်းမသိ၊ ဒုက္ခပေါ်ဒုက္ခဆင့်၊ ဒီဘဝပေါ်နောက်ဘဝတွေ ဆင့်နေကြတဲ့အတွက် ဒီတရားတွေ

သိဘို၊ အော်..... တော်တော် အရေးကြီးပါကလား ဒကာ ဒကာမတို့။ မြင်တာကြားတာက၊ ခန္ဓငါးပါးပါ၊ ဒီခန္ဓာ ငါးပါးကိုပဲ၊ ဒိဋ္ဌိကငါဟုမြင်၍ ငါကောင်လို့ ထင်နေကြ သဖြင့် တသက်လုံးတွင် ဒုက္ခတွေဆင့်ခဲ့ရတယ်ဆိုတာ သဘော ပေါက်ကြပလား ရိပ်မိကြပလား။

အဝိဇ္ဇာက ဖုံးလွှမ်းထားတဲ့အတွက် ဒီဒုက္ခတွေကို သုခ လို့ထင်သဖြင့် လောဘ(တဏှာ)က လိုချင်တယ်၊ လိုချင်တော့ ဥပါဒါန်ကစွဲလမ်း စွဲလမ်းတော့ ဒီဒုက္ခတွေကိုသာ ရရပါလို၏ ဟု ကံတွေကိုပြု၍ ဆုတောင်းကြတယ်၊ ဆုတောင်းလို့ ဒီကံ တွေရတော့ သေသည့်အခြားမဲ့၌ အမယ်လေး... ဒကာဒကာမတို့ ရယ် အပါယ်ကို ရောက်ကြရပါလိမ့်မယ်။

( ဒါန၏အဟုန်ကြောင့် နတ်ပြည်ကိုရောက်ရပြီး နတ် ပြည်မှစုတေလျှင် အပါယ်မရောက်ပါဘူးလို့ မည်သူက တာဝန် ခံဝန့်ပါအံ့နည်း နတ်ပြည်မှ စုတေလျှင် သုံးဆဲ့ တဘုံတွင် ကျင်လည်၍ အပါယ်ရောက်ရဦးမှာ သေချာပါသည် )

ဒကာဒကာမတို့၊ နိဗ္ဗာန်မရောက်ထာဟာ ကုသိုလ်ကံ မကောင်းလို့ မဟုတ်ပါဘူး ပညာမျက်စိ (ဝိဇ္ဇာ) မတတ်ဘဲ အဝိဇ္ဇာမျက်စိနဲ့ကြည့်ကြတဲ့အတွက် ဒီဝဋ်တွေကို စွဲမက်နေလို့ နိဗ္ဗာန် မရောက်ထာပါ ဒီဝဋ်တွေကို စွဲမက်ပြီး အခွဲခက်လို့ မဂ်မလာရင် အမယ်လေး···· ဒကာဒကာမတို့ရယ် သုံးဆယ့် တဘုံတွင် ကျင်သည်ရအုံးမယ်လို့ မှတ်ကြပါ။

ခွေးဘဝကိုရောက်ပြီး ခွေးဝဲစားဖြစ်နေတဲ့ ခွေးကလေး ကလဲ သူ့ဝဲနာတွေကို ပါးစပ်ကလေးနဲ့ ကိုက်၍၊ အယား ဖြောက်ပြီး သူ့ဘဝသူပျော်နေတယ် ဒုတ်နဲ့မျှားရိုက်မယ်လို့ ရွယ်လိုက်ရင် လွတ်အောင်ပြေးရှာတယ်။ ဒါဘာ့ကြောင့်ပါလိမ့် ဘဝတဏှာကချော့လို့ ပျော်နေသဖြင့်၊ သေရမှာကြောက်တဲ့ အတွက် လွတ်အောင်ပြေးတာလို့ ဆိုရမှာပေါ့။

မနေ့ညနေက လေမုန်တိုင်းကျသဖြင့်၊ တဲကုတ်ကလေး ထဲမှာ ဖရိုဖရဲဖြစ်နေကြတဲ့ လူများကလဲ၊ သူ့ဘဝသူပျော်ကြ တယ်။ ပိုက်ဆံရှိသို့ကားစီးနိုင်တဲ့ လူများကလဲ ဦးခင်မောင် ဘယ်လိုပါလိမ့်။

ကိုယ့်ဘဝကို ပျော်ကြပါတယ်ဘုရား။

အသက်အရွယ်ကြီးရင့်လို့ အိုမင်းမစွမ်း ဖြစ်နေကြပြီး၊ တဲကုတ်ကလေးထဲမှာ နေကြတဲ့ အဘိုးကြီး အမယ်ကြီးများကို သေခြင်ကြပလားလို့မေးရင် သူ့အဆင်းအတက်နဲ့ ဆေးလိပ် ခွက် တောင်ဝှေးများ အဆင် ပြေနေသဖြင့် ' မသေခြင် သေးပါဘူးကွယ် သေစကား လာမမေးပါနဲ့လို့ ” ပြောပြီး သူ့ဘဝသူပျော်နေကြတယ် မပျော်ပေဘူးလား ဒကာဒကာမတို့

ပျော်ပါတယ်ဘုရား။

ဦးခင်မောင်ရေ အိမ်ကြီးပေါ်က အိမ်ကလေးဆင်းရမှာ မကြောက်ဘူးလား။

ကြောက်ပါတယ်ဘုရား။

ဘဝတဏှာက ချော့ထားသဖြင့် ရောက်လေရာဘဝမှာ ဒကာဒကာမတို့သည်ခွေးဝဲစားပျော်သလိုပျော်နေကြတယ်ဆိုတာ ရှိပ်မိကြပလား၊ သဘော ပေါက်ကြပလား၊ ဘဝတဏှာက၊

ချော့ထားတဲ့အတွက် ရောက်ရာဘဝမှာ ခွေးဝဲစားလို ပျော်ကြတယ်ဆိုတာ သံသယကင်းကြပလား။ သံသယမကင်းစရာ မရှိပါဘူး ဒကာဒကာမတို့။

ဒီလိုဘဝကို ရောက်ကြရပြီး ဒီလိုဟောပြောတဲ့ ဆရာတုန်းကြီးကို တွေ့ရပါလျက်၊ ဒီတချက် တိမ်းရင်ဖြစ် ဒကာဒကာမတို့ရေ— အကုန်လှဲကုန်ပြီလို့ မှတ်ကြပါ ဘာတဲ့လဲ

ဒီတချက်တိမ်းရင် အကုန်လှဲမှာပါတဲ့ ဘုရား။

ရှေးအခါက မိဖုရားကြီး တယောက်သည်၊ သေခါနီး အချိန်တွင်အယူလွဲသဖြင့် နောက်ချေးပိုးမ ဖြစ်ရတယ် မိဖုရားကြီး သေပြီးတဲ့နောက် ရှင်ဘုရင်ကြီးမှာ၊ မိဖုရားကြီးကို အင်မတန် ချစ်ခင်စုံမက် မြတ်နိုးလှတဲ့အတွက် အလောင်းကို မပုတ်မသိုးအောင် ပျားရေဖြင့်စိမ်၍ထားပြီး နေ့စဉ်နဲ့အမျှ အလောင်းကို ဖက်၍ ငိုကျွေးနေတာကို ဆရာရသေ့က၊ ဒကာဘုရင်အား သနားကျင်နာလှသဖြင့် နောက်ချေးပိုးမနှင့် နောက်ချေးပိုးထီးကိုခေါ်၍ ရှင်ဘုရင့်၏ ရှေ့တွင်ပင် "နောက်ဘဝက လင်ဖြစ်ခဲ့တဲ့ ရှင်ဘုရင်ကြီးကို မချစ်တော့ဘူးလားလို့" ဆရာရသေ့က နောက်ချေး ပိုးမအား မေးလိုက်ရာ၊ "မချစ်တော့ပါ ဘုရား အကယ်၍ နောက်ချေးပိုးထီးက သောက်ခြင်တယ်ဆိုရင် ဘုရင်ကြီး၏ လည်ချောင်းသွေးကိုဖေါက်ပြီး နောက်ချေးပိုးထီးကို တိုက်ခြင်သေးတယ်လို့" ပြောပါတယ်၊ နောက်ဘဝကလင်၏ လည်ချောင်းသွေးကို ယခုဘဝကလင်ကိုတောင် တိုက်ခြင်သေး တယ်တဲ့ အမယ်လေး.... ဒကာဒကာမတို့ရယ် ဘဝတကူးက တယ်ဆိုးပါလား -

( သည် မိဖုရားကြီးကို၊ မိန်းမယုတ်လို့မဆိုနိုင်ပါ ဘဝတဏှာ၏ဖြစ်စဉ်ပါ ယခုခေတ်ပုထုဇဉ်များမှာလည်း ကြက် ငှက် တိရစ္ဆာန်များကို သတ်ဖြတ်၍ မိမိတို့၏ သားသမီး သားမယား လင်ယောကျ်ားတို့ကို ကျွေးမွေးကြသည်မှာ၊ ၎င်းတိရစ္ဆာန်များနှင့် ဆွေမျိုးတော်ဘူးခဲ့ခြင်း မရှိဘူးလို့၊ မည်သူက ညင်းနိုင်ပါ အံ့နည်း)

မြင်းများ မွေးမွေးခြင်း မိခင်မြင်းမကြီးကို သုံးပတ် လောက်ပတ်ပြေးကြတယ်၊ ဒါဟာဘာ့ကြောင့်လဲ ဘဝတဏှာ က,ချော့လို့ ပျော်တာပေါ့ ဒီလိုဒုက္ခတွေကို မြင်ကြပါ ဒကာ ဒကာမတို့၊ မိမိတို့၏ဘဝဖြစ်ပျက်ထားကို မြင်မှ ဘဝတဏှာ၏ ချော့တာကို မကြိုက်မှာပါ။ ဖြစ်ပျက်ကိုမြင်မှ၊ ဒုက္ခသစ္စာကို မြင်၍ ဘဝကံတွေကို ထပ်မပြုကြမှာပါ ဖြစ်ပျက်ကို မြင်၍ ဒုက္ခသစ္စာထင်ပြီး ကံကိုမပြုရုံလေးနဲ့လဲ သောတာပန်မဟုတ် သေးပါဘူးနော် ဝိပဿနာကို ပွါးရအုံးမယ်လို့လဲ မှတ်ကြပါ အုံး ဒကာဒကာမတို့။

ဖြစ်ထားပျက်ထားဟာ တခုထဲရှိပါတယ်၊ ဖြစ်ထာလဲ ခန္ဓာငါးပါး ပျက်တာလဲခန္ဓာငါးပါးပါ တခုဖြစ်ရင်အကုန် ဖြစ်သည်၊ တခုပျက်ရင်လဲ အကုန်ပျက်သည် တခုချုပ်ရင်လဲ၊ အကုန်ချုပ်သည်၊ တပါးလဲရင်လဲ ကျန်တဲ့လေးပါးလဲ လဲတာပါ ဘဲ အရေးကြီးတဲ့ အချက်တွေဖြစ်သဖြင့် မှတ်မိအောင် မှတ် ကြပါ။

ဒကာဒကမဘို့ရေ ကြံစီဟဲ့စိတ်က အနာဂါတ်ကို ရောက် မယ်လို့မှတ်ကြပါ၊ သားလေ၊သမီးလေးဆီကို သွားလိုက်အုံးမယ် လို့ စိတ်ကကြံစီတော့ စိတ်သွားရာကိုယ်ပါလို့ လိုရာကိုရောက်ခဲ့

တယ်။ ဦးခင်မောင်ရေ တခါတလေများ သွားရေး သွီးရေး, တွေကိုတွေးမိလို့၊ အိပ်မပျော်တဲ့ညများ မရှိခဲ့ဘူးဘူးလား

ရှိခဲ့ပါတယ်ဘုရား။

သမုဒယသစ္စာသည် လောဘ (တဏှာ) ဖြစ်သဖြင့်၊ အိပ်ရင်းများသေရင် ဒီလူဘယ်ရောက်မလဲ ဒကာဝ

ငရဲရောက်မှာပါဘုရား။

ဒါဖြင့်ခင်ဗျားတို့ကအိပ်ရင်းနဲ့ အပါယ်ကို နှုတ်ဆက်နေကြတာပေါ့ ဘယ်ကနေနှုတ်ဆက်ကြတာလဲ

အိပ်ရာထဲကပါဘုရား။

ဘယ်ကိုနှုတ်ကြတာလဲ

အပါယ်ကိုပါဘုရား။

အမယ်လေး.... ဒကာဒကာမတို့ရယ်၊ အိပ်ရင်းတောင် အပါယ်ကို နှုတ်ဆက်တယ်ဆိုတော့ ဘယ်ဘုရား လက်ထက်မှာ ကျွတ်တန်း ဝင်ကြမှာတုံး ကိုင်း—ပြောကြစမ်းပါအုံးသေ— ဘယ်ဘုရားလက်ထက်မှာ ကျွတ်ကြမှာလဲ

မသိပါဘုရား။

အပါယ်ကိုတော့ အိပ်ရင်းနဲ့ နှုတ်ဆက်ကြတယ် ကိုယ်ကျွတ်တန်းဝင်မဲ့ဘုရားကိုတော့ မသိဘူးဆိုတော့ ဒကာဒကာမတို့၏ မသိလုံးကြီးကသွားလှချည်းလား မသိတာကအဝိဇ္ဇာ ဖြစ်သဖြင့် ဆရာဘုန်းကြီးဟောတဲ့အတိုင်း ဖြစ်ပျက်ကိုရှု၍ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်အောင် ပြင်လိုက်ရင် ယခုဂေါတမ မြတ်စွာဘုရားသခင်၏လက်ထက် ယခုပစ္စုပ္ပန်ဘဝမှာပင် ကျွတ်တန်းဝင်မယ် ဆိုတာ သေခြာပေါက်မသိရဘူးလား ဦးခင်မောင်

သိရပါတယ်ဘုရား။

သိ႕ရှင်ခင်ဗျားတို့၏ မသိလုံးကြီးကို ကြွားမနေကြပါနဲ့တော့ ဆရာဘုန်းကြီးခိုင်းတာကိုသာ လုပ်ကြပါ ဒကာဒကမတို့၊

အဝိဇ္ဇာနဲ့ သမုဒယသစ္စာကို၊ အညွန့်မပေါက်ကြစေနဲ့ အညွန့်ပေါက်ကြရင်ဖြင့် အပါယ်ရောက်ကြရပါလိမ့်မယ်၊ ဒကာဒကာမတို့။ ဘဲနဲ့ကြောင့်ဒီခန္ဓာကိုယ်ကြီးက ဖြစ်ပျက်ရဒါလဲ ဦးခင်မောင်

အနှစ်သာရ မရှိလို့ပါဘုရား။

စကားသာမျှားနေတာပါ ဒကာဒကမတို့၊ စဉ်စစ်တော့ ဖြစ်ပျက်ပါတဲ့ ခန္ဓာကိုယ်ကြီးကဘာလဲ

ဒုက္ခသစ္စာပါဘုရား။

အသုဘကကော

ဒုက္ခသစ္စာပါဘုရား။

ဒါဖြင့်ခန္ဓာကိုယ်နဲ့အသုဘ ဘာများထူးသေးသလဲ

မထူးပါဘုရား။

အသုဘနဲ့ မထူးမှန်းသိရင် ဒီခန္ဓာကိုယ်ကြီးကို ငါလို့၊ မထင်ကြပါနဲ့တော့ ဒကာဒကမတို့ သေတာက သမုဒယသစ္စာပါ။ ဖြစ်ပျက်တလုံးပိုင်ရင် အကုန်ပိုင်ပြီလို့ မှတ်ကြပါတော့

ရှေးအခါကဘုရင်တပါးသည် အိပ်ရာထဲက စေါင်းသံကို ကြားသဖြင့် စေါင်း၏သာယာသံကို စွဲလမ်းပြီး စေါင်းသမားကို ခေါ်၍စေါင်းထဲမှာ စေါင်းသံကိုအရှာခိုင်းပါတယ် ဘုရင်ဖြစ်ပြီး ပညာမရှိတဲ့အဘွက် စေါင်းကိုဆယ်စိပ်စိပ်၍ စေါင်းထဲမှာ အသံရှာခိုင်းတယ် ဆယ်စိပ်နဲ့အသံရှာမတွေ့သဖြင့် အစိတ်တရာ အစိပ်ခိုင်းပြီး အသံရှာခိုင်းတယ်၊ အစိပ်တရာထဲမှာလဲ အသံ မတွေ့ပြန်သဖြင့် အမှုန့်ထောင်းခိုင်းပြီး အသံရှာပြန်တယ် အ

မုန့်ထဲမှာလဲ အသံမတွေ့ပြန်သဖြင့် အမုန့်ကိုမီးရှို့၍ ပြာထဲမှာ အသံရှာခိုင်းပြန်တယ် ပြာထဲမှာ အသံရှာမတွေ့ပြန်သဖြင့် ရေမျှောရင်အသံဟာ ဟိုဘက်ကမ်းကို ကူးပြေးမှာဘဲလို့ ထင်ပြီး ပြာကိုရေအမျှောခိုင်းပြန်တယ်၊ အသံရှာတဲ့နည်းကတော့ ဆုံးပြီ ဒကာဒကာမတို့ရေ စောင်းသံကိုတော့ရှာလို့တွေ့ရဲ့လား

မတွေ့ပါဘုရား။

၂၄-၃-၆၁ ညဟောတော်မူသည့် သဠာယတန သံယုတ် ပါဠိတော် ဝီဏောပမသုတ် (စာမျက်နှာ-၁၁၇)မှအဆက်

မတွေ့ပါဘူး ဒကာဒကာမတို့၏ ခန္ဓာ ကိုယ်ထဲမှာလဲ သည်အတိုင်းပါဘဲနော်ဘယ်အထဲမှာမှငါမပါပါဘူး ခန္ဓာကိုယ်ထဲမှာ ငါမပါဘူးဆိုတာ သဘောပေါက်ကြပလား

ပေါက်ပါပြီဘုရား။

ယခုလိုသညာနဲ့ရှုလို့ဖြစ်ပျက်မြင်ရင် ပညာနဲ့ရှုတဲ့အခါမှာ လွယ်ကူစွာပင် ဖြစ်ပျက်မြင်၍ဒိဋ္ဌိစင်ပြီး၊ အဝိဇ္ဇာနဲ့တဏှာပြတ်သဖြင့်ဘဝကူးရပ်ကြပါလိမ့်မယ် ဒကာဒကာမတို့ ဦးခင်မောင်ရေ—ဘယ်ဘဝများ ရောက်ချင်သေးတုံး

မရောက်ချင်တော့ပါဘုရား။

ဘဝမကူးချင်ကြရင် ဖြစ်ပျက်ကိုသာမြင်အောင် ကြည့်ကြပါ ဒကာဒကာမတို့ ကဲ—ဒီတွင်တော်ပါအုံး

အချိန်စေ့ပါပြီ၊ သာဓု… သာဓု သာဓု၊

## ဓမ္မသဘင်အစီအစဉ်

၁၃၂၂-ခုတန်ဆောင်မုန်းလဆန်း(၁၃)ရက်
(၂၀-၃-၆၁)နေ့ည ဟောတော်မူချက်။

## မတင်းတိမ်ကောင်းသည့် တရားငါးပါးနှင့် ဆပါနေ့ဥပမသုတ်။

(ယနေ့ည ဟောတော်မူချက် ရှေ့ပိုင်းတွင် ၂၉-၃-၆၁ ခု၊ နေ့ညဟောတော်မူချက် ရှေ့ပိုင်းကိုပါ ပေါင်း၍ ရေးသားထားပါသည်။ ဒကာဒကာမများ မှတ်မိအောင်သာ ၂-ရက်ဆက် ဟောခြင်းဖြစ်ပါသည်။ အခ ိပ္ပါယ်မှာ အတူတူဖြစ်သဖြင့် ဆရာတော်ဘုရား၏ နောက်နေ့ဖြည့်စွက်ချက် စကားအသုံးအနှုန်းများကိုပါ ၍ ၂၀-၃-၆၁ ခု၊ နေ့ဟောတော်မူချက်တွင် ဖြည့်စွက်ရေးသားထားပါသည်။ )

တရားနာ ဒကာဒကာမတို့ကို ယနေ့ ဟောမှာကတော့ မတင်းတိမ်ကောင်းတဲ့ တရားငါးပါး အကြောင်းကို ဟောပါမယ် ဘာတဲ့လဲမောင်ကိုတို့ ဒကာဒကာမတို့၊

မတင်းတိမ်ကောင်းတဲ့ တရားငါးပါးအကြောင်းပါတဲ့ ဘုရား။

ရှေ့ပိုင်းတွင် ဓမ္မပဒပါဠိတော်မှ မတင်းတိမ်ကောင်းတဲ့ တရားငါးပါးဟောပြီး နောက်ပိုင်းတွင် သင်္ဂါယနာတင် သံယုတ်ပါဠိတော်မှ ဆပါနေ့ဥပမသုတ်ကို ဟောပါမယ်။

မြတ်စွာဘုရားသခင် လက်ထက်တော်က၊ ရဟန်းတွေ စုပြီး အလ္လာပသလ္လာပ စကားပြောနေကြသည်မှာ၊ တပါးသော ရဟန်းတပါးသည် “ တပည့်တော်သည်၊ သီလကို လုံခြုံစွာ စောင့်ထိမ်းနေသဖြင့်၊ ရဟန်းတရား ကို အားထုပ်မယ် ဆိုရင် လွယ်လွယ်ကူကူနဲ့ဘဲ၊ ရနိုင်ပါလိမ့်မယ်လို့ ” ပြော၍ အားရ တင်းတိမ်နေပါတယ်။

ဒုတိယ ရဟန်းတပါးကတော့ “ တပည့်တော်သည်၊ မြတ်စွာဘုရားသခင် ဟောါဘော်မူသည့် ပိဋကတ်သုံးပုံကို နှုတ်ငုံ ရပြီး ကျမ်းဂန်ဗဟုသုတတွေ ကျယ်ဝနေသဖြင့် သညာစခမ်းမှ ပညာစခမ်းကိုကူးပြီး ရဟန်းတရားကို အားထုပ်မယ်ဆိုရင် လွယ် ကူပါပြီဟု ” ပြော၍တင်းတိမ်နေတယ်။

တတိယရဟန်းတပါးက “ တပည့်တော်သည် သမာဓိ တရားများတည်ကြည်နေသဖြင့် သမာဓိကနေပြီး ဝိပဿနာ ဘက်ကူး၍ ရဟန်းတရားကိုအားထုပ်ချင် လွယ်ကူပါပြီဟု ပြော ပါတယ်၊

စတုတ္ထရဟန်းဖြစ်တဲ့ ရဟန်းတပါးကလဲ “တပည့်တော် သည်၊ တောကျောင်းဆိပ်ငြိမ်ရာတွင် ငါးပါး အာရုံကာမဂုဏ်ကို စွန့်ပယ်၍ နေနိုင်တဲ့အတွက်၊ နားကဘာအာရုံတွေမှ မကြားရ တော့သဖြင့် ရဟန်းတရားအားထုပ်မယ်ဆိုရင် ရနိုင်ပါပြီဟု” ပြောပါတယ်။

ပဉ္စမရဟန်းဖြစ်တဲ့ ရဟန်းတပါးကလဲ “ တပည့်တော် သည် သောဘာပန်၊သကဒါဂမ်အနာဂမ် တည်ပြီးဖြစ်သဖြင့်

ဘယ်အချိန်မဆို ရဟန်းတရားကိုအားထုပ်မယ်ဆိုရင် ခဏလေးနဲ့ဘဲ ရဟန်းတရား ပြီးစီးနိုင်ပါပြီဟု ” ရဟန်းငါးပါးတို့က အသီးသီးပြောဆိုနေကြစဉ် မြတ်စွာဘုရားသခင် ကြွလာတော်မူပြီး မင်းတို့ငါလာတဲ့အချိန် ဘာများ ပြောနေကြသလဲလို့ သိပြီးဖြစ်သော်လဲ အပြောအဆိုများကို ကြားလိုတော်မူသဖြင့် ဘုရားက မေးတော်မူပါတယ်။

ရဟန်း ငါးပါးကလဲ သူတို့တင်းတိမ် နေကြပုံများကို ပထမရဟန်းကစပြီး ပဥ္စမရဟန်းအထိ စောစောကပြောခဲ့ကြတဲ့အတိုင်း ဘုရားသခင်အား လျှောက်ထားကြပါတယ်။

မြတ်စွာဘုရားသခင်က “ မင်းတို့ငါးဦးစလုံး ဘယ်သူမျှ ရဟန်းတရားမပြီးသေးကြပါဘူး သီလ,ဗဟုသုတ,သမာဓိ, ဆိပ်ငြိမ်ရာ,တွင် နေနိုင်ယုံလေးနဲ့လဲ တင်းတိမ်၍မနေကြပါနဲ့, အနာဂမ်တည်ပြီးတဲ့မင်းကလဲ ရဟန္တာဖြစ်အောင် ဆက်လက်ကြိုးစားပါ အာသဝေါတရား လေးပါးလုံးကုန်မှ အေးတယ်ကွဲ့လို့ ” နောက်ဆုံးရဟန်းကိုလဲ ဆုံးမတော်မူပါတယ် ရဟန်းငါးပါးစလုံးကို ဘုရားက လိုသေးတယ်လို့ မဟောဘူးလား ဦးခင်မောင်။

ဟောပါတယ်ဘုရား။

ဤဝတ္ထုကို ထောက်ရှုသောအားဖြင့် ဒကာဒကာမတို့ကလဲ ရဟန်းငါးပါး တင်းတိမ်နေသလို တင်းတိမ်၍ မနေကြပါနဲ့ မိမိတို့ရောက်ရှိနေကြတဲ့ အဆင့်အတန်းကနေပြီးရှေ့ကို ဆက်လက်၍ကြိုးစားကြပါ အားထုပ်ကြပါ ဒကာဒကာမတို့။

ယခုဆိုရင် သကြ္ကန်ကျရက်ကိုနီးလာပါပြီ သကြ္ကန်တွင်းမှာ ဥပုသ်သီလလေး ဆောက်တည်ယုံမျှနဲ့ တင်းတိမ်၍မနေကြပါနဲ့ သီလစောင့်ထိန်းတယ်ဆိုတာ၊ ကာယကံ ဝစီကံဘဲလုံခြုံပါသေးတယ်။ ဝမ်းထဲကမနောကံကတော့ ထင်မိထင်ရာမြင်မိမြင်ရာတွေကို တွေးနေမှာကတော့ သေချာပါတယ် ကေါဝ တို့ ဦးခင်မောင်တို့ မတွေးကြဘူးလား

တွေးပါတယ်ဘုရား။

ဒါ့ကြောင့်ဆရာဘုန်းကြီးက သကြ္ကန်တွင်းဥပုသ်စောင့်ရုံလောက်နဲ့ တင်းတိမ်မနေကြပါနဲ့ဆိုတာ သဘော ပေါက်ကြပလား ကဲကဲကဲ...ဒီလင်္ကာလေးကို မှတ်မိအောင်မှတ်ကြပါ။

**" သီလဥ္စဝယ် လုံခြုံတယ်ဟု–တင်းတိမ်ရုံမျှ မနေရ စိတ်ချ၍လည်း မနေနှင့် "**

သကြ္ကန်တွင်းတွင် ဥပုသ်စောင့်ရင်းဆရာတော်များ ရေးသားထားကြတဲ့ ဝိပဿနာကမ္မဋ္ဌာန်း စာအုပ်များကို ဖတ်ရှုလေ့လာပြီးသီလယူရင်း ဆရာတော်များဟောကြားတဲ့ တရားတော်များကိုနာယူရသဖြင့် ငါ့တော့ဗဟုသုတအကြားအမြင်တွေ ပြည့်စုံပြီဆိုပြီး အားရတင်းတိမ်မနေကြပါနဲ့၊ ဒီလင်္ကာလေးကို လဲ မှတ်မိအောင်မှတ်ကြပါအုံး

**" ဗဟုသုတဝယ် ပြည့်စုံတယ်ဟု တင်းတိမ်ရုံမျှ မနေရ စိတ်ချ၍လည်း မနေနှင့် "**

ဆရာတော်များ ဟောကြားသည့် တရားတော်များကို နာယူရခြင်း, ရေးသားထားကြသည့် ဝိပဿနာစာအုပ်များကို ဖတ်ရှု, သေ့လာကြပြီး အလုပ်လုပ်ကြသဖြင့် အသင့်အတင့် လောက် သမာဓိတရားများ ရရှိရုံလေးနဲ့လဲ အားရတင်းတိမ် မနေကြပါနဲ့ ဆက်လက် ကြိုးစားကြပါ ဒီလင်္ကာလေးကိုလဲ မှတ်မိအောင်မှတ်ကြပါအုံး။

**" သမာဓိဝယ် တည်ကြည်တယ်ဟု—ဘင်းတိမ်ရုံမျှ မနေရ စိတ်ချ၍လည်း မနေနှင့် "**

မြို့မနီး ရွာမနီးတဲ့ တောကျောင်း တောင်ကျောင်း၊ ယောဂီကျောင်းကလေးများတွင် နေထိုင်ကြပြီး ဝိပဿနာ အလုပ်ကို ရသေ့စိတ်ဖြေသဘောမျိုးနဲ့ သင့်တင့်ရုံနှုလုံးသွင်း ပြီး နေနိုင်ရုံလေးနဲ့လဲ တင်းတိမ်၍မနေကြပါနှင့် " ဒီလောက် ဆိုရင် တော်လောက်ပါပြီ ငါတော့ဖြင့်အနေဖြောင့်၍ သေ လောက်ပါပြီ သေပျော်ပါပြီလို့ " အားရကျေနပ်၍ မနေကြ ပါနဲ့ ဒိဋ္ဌိလ်ဘေးယခုခေတ်တွင် မူ့ဝိလိုပေါက်နေကြဘယ်။

ဒါဟာကိုယ့်ငါးခြင် ကိုယ်ခြင်ပြီး နားထင် စိတ်ရောက် နေကြသဖြင့် အပါယ်မလွတ်သေးတဲ့အဘွက် လူ့ဘဝ၏ ဆုံးရှုံး မှုကြီးတချပ်ဘဲလို့မှတ်ကြပါ ဒကာဒကာမတို့၊ ဒီသင်္ကာလေး ကိုလဲမှတ်မိအောင် မှတ်ကြပါအုံး

**"ဆိပ်ငြိမ်ရာဝယ် နေနိုင်တယ်ဟု တင်းတိမ်ရုံမျှ မနေရ စိတ်ချ၍လည်း မနေနှင့် "**

ဝိပဿနာအလုပ်ကို အားထုပ်ကြတဲ့ ပုဂ္ဂိုလ်များသည်၊ အခိုက်အတန့်တွင် သမာဓိအားကောင်းကြပြီး အတော်အသင့် လောက် ခရီးပေါက်နေကြရင် တချို့ကမ္မဋ္ဌာန်းဆရာများကလဲ သောတာပန်တည်ပြီ သကဒါဂါမ်တည်ပြီ အနာဂါမ်တည်ပြီလို့၊ ထင်မြင်ချက်ပေးကြတယ်။ အချို့ကလဲ ဘယ်သူကမျှမပြော, မထင်ကြဘဲနဲ့ ကိုယ့်ကိုယ်ကို အထင်ကြီး နေတယ်ကြတယ်၊ တကယ်ပင် ဒီအဆင့်အတန်းတွေကို ရောက်နေစေကာမူ အလုပ် ကို ရပ်မထားကြပါနဲ့ ဘုရားသခင်ကရဟန်းငါးပါးကို ဆုံးမတဲ့ အတိုင်းဆက်လက်ကြိုးစားကြပါ။

" ကိလိဿ ပိဋ္ဌနာထော၊ ကိလိဿ ကိလေသာသည် ပိဋ္ဌနာထော၊ နှိပ်စက်တတ်၏ " နှိပ်စက်တတ်တဲ့ ကိုလေသာ ရန်သူကိုအလုံးစုံအောင်မြင်မှသါလျှင်၊ရဟန်းတရားပြီးမြောက် တယ်လို့ အနာဂါမ်တည်ပြီးသော ရဟန်းကိုဆုံးမသဖြင့် လမ်း ခုလပ်တွင် နားမနေကြပါနဲ့ ဒီလင်္ကာလေးကိုလဲ မှတ်မိအောင် မှတ်ကြပါအုံး။

" အနာဂါမ်ဝယ် တည်ပြီကွယ်ဟု တင်းတိမ်ရုံမျှ မနေရ

စိတ်ချ၍လည်း မနေနှင့် "

ဓမ္မပဒပါဠိတော်ကို ဟောနေတာပါ၊ ဒကာဒကာမတို့။ ဦးခင်မောင်ရေပါဠိတော်ဆိုကာ၊ဘုရားသခင်ကိုယ်တော်ကြီး၏ ပါးစပ်တော်မှ မိန့်ဟတော်မူချက်များအတိုင်း တိုက်ရိုက် ရေး သားထားတာပါ။

ပါဠိတော်ထဲမှာ အဋ္ဌကထာဆရာများနှင့် ဋီကာဆရာတို့၏အာဘော်များ လုံးဝမပါရှိပါဘူး ဒါ့ကြောင့် ပါဠိတော်များကို ဘယ်သူမျှ မငြင်းနိုင်တဲ့တရား မငြင်းဝန့်တဲ့တရားလို့ မှတ်ကြပါ။ ဘုရားသခင်၏စကားတော်များကို ဘုရားသခင်မရှိသော်လဲ ယခုလိုနာကြားရတဲ့အတွက် ဒကာဒကာမတို့မှာ-အော်— များစွာအကျိုးကျေးဇူး ရှိပါကလား။

ကျည်ကြီးငါးပုံရှိတဲ့အနက်က တပုံကိုဖယ်ပြီး ကျန်တဲ့ လေးပုံကိုထားရင် တော်ပမလား။

မတော်ပါဘုရား။

၂-ပုံကိုဖယ်ပြီး ၃-ပုံကိုထားရင်ကော တော်ပမလား

မတော်ပါဘုရား။

နောက်ဆုံး ၄-ပုံကိုပယ်ပြီး ၁-ပုံထဲဘဲ ထားပါပြီတဲ့ ဒီတပုံကို ဒကာဝတို့ မောင်ကိုဘိုးရေ ဘာလုပ်ကြ အုံးမှာတုံး ကျည်ကြီးတပုံရှိနေရင် ကြက်သရေရှိပါအုံးမလား။

မရှိပါဘုရား။

ဒါ့ကြောင့် အိမ်ကြက်သရေ မြို့ကြက်သရေ ရွာကြက်သရေ ရှိမှာမဟုတ်သဖြင့် ကျန်တဲ့ကျည်ကြီးတပုံကိုပါ ဦးခင်မောင်ရေ.... ရေဆေးပြစ်ရလိမ့်မယ်လို့မှတ်ပါ။

ဒါ့ကြောင့် ဘုရားသခင်၏၊ ဆုံးမတော် မူတဲ့အတိုင်း သီလသမာဓိရှိပြီး ဗဟုသုတတွေကြွယ်ဝ၍ အောက်မင်္ဂကလေးလောက်နဲ့လဲ တင်းတိမ်မနေကြပါနဲ့. ရဟန်းအဖြစ်၏ တဘာဝလုံးတွင် ၂၂၇-သွယ်သော ရဟန်းသိက္ခာပုဒ်များနဲ့ ပြည့်စုံအောင် နေခဲ့သော ဦးတိဿကြီးသည် သေခါနီးအချိန်တွင် သင်္ကန်းကိုစိတ်စောမိတဲ့အတွက် သန်းဖြစ်ရသည်ကို ထောက်ရှု

ခြင်း အားဖြင့် ငါပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါး၊ မျှ လောက်သော လူ့သီလလေးကို လုံခြုံရုံမျှလောက်နဲ့ အပါယ် မလွတ်သေးဘူးဆိုတာ ဦးခင်မောင်ရေ သိလောက်ပါပြီ။

လောကီစျန်ရတဲ့ ဘုရားအလောင်းတော် ဠာသိသိဂ္ဂ ရသေ့သည်၊ မာတုကာမနဲ့ တွေ့၍ စျန်လျှော ရပါတယ် လောကီစျန်ရ ရသေ့များ ငရဲရောက်တဲ့ ဝတ္ထုတွေကို ထုတ် မယ်ဆိုရင်လဲ မနဲပါဘူးနော် အပ္ပနာစျန်ရကြ၍ ဗြဟ္မာဖြစ်ကြ ရပြီး အာသဝေါတရားမကုန်သေးတဲ့အတွက် ကောင်းကင်က နေ၍ အပါယ်ကိုဇောက်ထိုးကျကြတဲ့ ဗြဟ္မာတွေဟာလဲ မနဲ ပါဘူး။

ဒီဝတ္ထုပုံသာဓကတွေကို ထောက်သောအားဖြင့် ဆက် လက်အားထုတ်ရမယ်ဆိုတဲ့ အဓိပ္ပါယ်မရောက်ဘူးလား ဦးခင် မောင်

ရောက်ပါတယ်ဘုရား။

ဆက်လက်၍အားမထုတ်ကြရင် လိုရာခရီး မရောက်သေး ဘူးဆိုတာ သိလောက်ပါပြီ သုံးဆယ့်နှစ်ကောဋ္ဌာသ, သမထ, ဝိပဿနာ့တွေ့ရှုလိုက်ရင် သမာဓိ တည်ကြည်နေရုံလေးနဲ့လဲ မတင်းတိမ်ပါနဲ့ဆိုတာ ဦးခင်မောင်ရေ– ရှင်းလောက်ပါပြီ

ဒကာဒကာမတို့သည် မန္တလေးကရန်ကုန်ကို သွားတဲ့ အခါ သာစည်၊ ပျဉ်းမနား၊ တောင်ငူ၊ ပဲခူးလောက်မှာ သောင်တင်နေသလို လက်မှတ်ခံမများရအောင် ယခုလိုသတိပေး ရတာပါ

လက်မှတ်ခံမှားရင် ဒီလက်မှတ်ဖြင့်ရှေ့ကို ဆက်လက် မသွားနိုင်ပါဘူး နောက်ကိုသာ ပြန်ရမည်။

ဒါ့ကြောင့် မတင်းတိမ်ကောင်းတဲ့နေရာတွင် တင်းတိမ်နေမှာစိုးသဖြင့် ဆရာဘုန်းကြီးကယခုလောက် ပြောရတာပါ ဒကာဒကာမတို့။

ကျွဲကြီး ငါးပုံရှိတဲ့အနက် လေးပုံကိုသာ ရေနှင့်ဆေးရသေးချင် မကောင်သင့်သေးဘူးဆိုတဲ့ အဋ္ဌကထာဆရာ၏ အာဘော်ကိုလဲပြောခဲ့ပါပြီ၊ မြတ်စွာဘုရားသခင်ကလဲ လမ်းခုလပ်ဘွင် သောင်တင်နေမှာ အင်မတန်စိုးရိမ်တော်မူပါတယ် မစိုးရိမ်ဘူးလား ဒကာဒကာမတို့။

စိုးရိမ်ပါတယ်ဘုရား။

မြတ်စွာဘုရားသခင်က စိုးရိမ်တော်မူလျှင်၊ တံကူးလသကြံန်ကျရင် သီလလေးလောက်နဲ့ မတင်းတိမ် ကြပါနဲ့၊ ဦးဇ ရင်တို့ မောင်းထွန်းလှိုင်တို့၊ အသက်အတိုင်းနေရမယ်ဆိုရင် အသက်ကြီးတဲ့သူများက သေမင်းထံခေါင်းစင်း၍၊ အပ်ရမည့်အချိန်မှာ မဝေးတော့တဲ့အတွက် အသက်ကြီးတဲ့ သူများက မြန်မြန်လုပ်ရမယ်ဆိုဒါ သဘောပေါက်ကြပါ ဒကာဒကမတို့၊ ဝိပဿနာအလုပ်ကိုတွင်တွင်ကျယ်ကျယ် မလုပ်သေးလို့ ရှိရင်ဖြင့် ငရဲရောက်မှာစိုးရိမ်လို့ ဆရာဘုန်းကြီးက ပြောရတာပါ ဒကာဒကာမဘို့။

တပည့်တော်—တပည့်တော်မတို့မှာ ဝိပဿနာအလုပ်ကိုတွင်တွင်ကျယ်ကျယ် မလုပ်နိုင်ကြသေးလဲ၊ သီလကိုတော့ဖြင့် မြဲအောင် ထိမ်းနိုင်ပါတယ်ဘုရားသို့ကော ပြောနိုင်ကြရဲ့လား မပြောနိုင်ပါဘူး ဒကာဒကမတို့၏ သဏ္ဍာန်မှာ၊ မုသားကတော့ အမြဲ ပြောလေ့ရှိကြတယ်၊ တိုက်ရိုက် မုသား မပြောတောင် ကိုယ့်အိမ်လာလည်ဘဲ့ဧည့်သည် အပျင်းပြေအောင်ဆိုပြီး၊ရီစရာ

မောစရာ ပိသုနဝါစါ ဖရုသဝါစါတော့ ပြောရသေးတယ်၊ ဒီလိုမှ မပြောရင်လဲ ညှော်သည့်ဖြစ်တဲ့သူက၊ ယခု အချိန်ကြမှ ဘာများဖြစ်နေလို့ ပါလိမ့်လို့ ထင်မှာစိုးသဖြင့် လူ့အလိုက် လူ့အကြိုက်, လိုက်လိုက်နေရတဲ့ အတွက် သီလပျက်ရတယ် မောင်ကိုရေ— မင်းတို့လောကွတ်က တယ်ဆိုးပါလား။

ဒါဘာဖြစ်လို့ ယခုလိုလောကွတ် ပြုရတာလဲ ဆိုတော့ အခင်ပျက် အမြင်ပျက် မိတ်ပျက်မှာ စိုးသဖြင့်၊ ကိလေသာ၊ လောဘကသီလကို အဖျက်ခိုင်းတာမို့လား— ဦးခင်မောင်တို့ ဒကာဝတို့

ဟုတ်ပါတယ်ဘုရား။

အော်— ဒါဖြင့်မေးကတည်းက ခင်ဗျားတို့၏ဝမ်းထဲမှာ ကိလေသာမစဉ်တွေ အောင်းခဲ့တယ်ဆိုတာ သဘောပေါက်ကြ ပလား၊ သူ့နေရာနဲ့သူ အကြောင်းနဲ့အကျိုး တိုက်ဆိုင်မှုရှိရင် ကိလေသာတွေ ထွက်လာဘယ်ဆိုတာ ဦးခင်မောင်ရေ ငြင်းနိုင် ပမလား

မငြင်းနိုင်ပါဘုရား။

ဒကာဒကာမတို့၏ဝမ်းထဲမှာ ကြောင်လက်သဲဖွက်သလို ကိလေသာတွေ ကိန်းအောင်းနေတယ်ဆိုတာ ရိပ်မိကြပလား၊ အနုသယ ကိလေသာတွေဟာဖြင့် မိမိတို့၏ဝမ်းထဲမှာ အပြည့် ရှိတယ်လို့မှတ်ကြပါ၊ ကိလေသာရှိဘာဟာ အနာပေါက်ထာနဲ့ တူတယ်လို့ဘုရားက ဟောတော်မူခဲ့သဖြင့် လူတကိုယ်လုံးမှာ အနာတွေပေါက်ပြီး ငန်းဘော့မန်းတွေ ထနေတယ်လို့မှတ်ကြပါ ဒကာ ဒကာမတို့။

မောင်ကိုရေလက်ပြရင် ဘာကိလေသာ ရှိတယ်လို့ဆိုရမလဲ မာနကိလေသာ ရှိတယ်လို့ဘဲဆိုကြပါစို့ဗျာ ခေါင်းငြိမ့်ရင်လဲ ခေါင်းထဲမှာ ကိလေသာရှိတယ်လို့ မသိရဘူးလား။

သိရပါတယ်ဘုရား။

မောင်ကိုရေ ဘိနပ်ကလေးများ ဆောင့်နင်းသွားရင် ဘိနပ်အောက်မှာ ဘာပါပါလိမ့်၊

ကိလေသာပါပါတယ်ဘုရား၊

ဒါဖြင့်လူတကိုယ်လုံး ကိလေသာတုံးဖြစ်နေတယ်ဆိုတါ သသောပေါက်ကြပလား ရိပ်မိကြပလား ဒကာဒကာမတို့၏ ကိုယ်ကို ချွေးသုတ်ထာနဲ့ မျက်နှာကိုသနပ်ခါးလိမ်းတဲ့နေရာမှာ ကော ဘာရှိပါလိမ့်

ကိလေသာရှိပါတယ်ဘုရား။

ဒါဖြင့် ကိလေသာတွေက လူတကိုယ်လုံးနဲ့ မျက်နှာကို ဖုံးအုပ်ထားတယ်ဆိုတာကော သေခြာကြပလား။

"ဆံကပင်အမွေးတချောင်း အကျွတ်မခံဘူးဟေ့နော်" လို့ တချို့ကပြောကြသေးတယ် ခင်ဗျားတို့မပြောကြဘူးလား

ပြောပါတယ်ဘုရား။

ဒါဖြင့် ဆံပင်တိုင်၊ အမွေးတိုင်းမှာ ကိလေသာတွေရှိတယ်ဆိုတော့ တယ်လဲ များပါလား ဒကာ ဒကာမတို့။ နဲနဲတော့ရှော့ကြပါအုံးရှော့လို့မရတော့ဘူးလား ဖြစ်ပါတယ် ဝိပဿနာအလုပ်ကို အားထုပ်ရင် ကိလေသာတွေ နည်းပါးကုန်ပါလိမ့်မယ်။

ဒကာဒကာမတို့၏ ကိုယ်တကိုယ်လုံးမှာ ကိလေသာ အနာတွေ ပေါက်နေတဲ့အတွက် အာရုံငါးပါးကို ခံစားနေကြခြင်းမှာ ဘိနပ် မပါဘဲ ဆူးခြုံထဲ တိုးနင်းနေကြတာနဲ့ မတူပေဘူးလား

တူပါတယ်ဘုရား။

တကိုယ်လုံး အနာတွေပေါက်နေတဲ့လူဟာ ဆူးခြုံထဲကို တိုးနေရင် ဘေးကဆူးတွေကအနာကိုချစ် အပေါ်က သစ်ရွက်တွေက အနာပေါ်ကျသဖြင့် ဦးခင်မောင်ရေ.... အနာပေါ် အနာပေါက်ပြန်ပြီလို့ မဆိုရပေဘူးလား။

ဆိုရပါတယ်ဘုရား။

ပွဲလမ်းသဘင်နဲ့ ရုပ်ရှင်ကြည့်တာကော မောင်ကိုဘို၊ ဒကာဝတို့ ဘာလုပ်ကြတာတုံး

အနာပေါ်အနာရောက်အောင် လုပ်ထားပါဘုရား။

ဈေးချိုသွားပြီး ညဈေးတန်း ရှောက်ယာ ကကော ဘာလုပ်ကြတာထုံး

အနာထအောင် လုပ်ထားပါဘုရား။

ဒါဖြင့်အနာပေါက်ပနေလို့ ဆုမတောင်းကြနဲ့ပေါ၊ ဆုတောင်းနေရင် အနာကမေတ္တာရှိပြီး၊ (သနားပြီး) ပေါက်ခြင်မှုပေါက်မှာပါ ဒီတော့ဆုမတောင်းဘဲနဲ့ အနာပေါက်ရအောင်၊ ဈေးချိုသာသွားကြတော့ ဒကာဒကာမတို့။ ဒါမှ သေခြာတယ်။

အာရုံငါးပါးထဲကိုတိုးဒါက အနာထခြင်လို့ဟု မှတ်ကြပါ ဟိုသားဆီ၊ ဟိုသမီးဆီ၊ ဟိုမြေးဆီ သွားလိုက်အုံးမယ် ဆိုပြီး သွားကြတော့ သားသမီး မြေးများ ချမ်းသာတာ မြင်တော့

ပြုံးကြတယ်၊ ဒါလဲအနာ ထတာပေါ့နော် ဆင်းရဲတာတွေတော့ " မင်းတို့ညီးတို့မြင်ရတာ ငါဖြင့် စိတ်မချမ်းသာပါဘူးလို့ " ပြောတာဟာ နဂိုအနာကို ဆူးတိုးမိသဖြင့် ဦးခင်မောင်ရေ အနာသေးက အနာကြီးဖြစ်တာမို့လား

ဟုတ်ပါတယ်ဘုရား။

ဦးခင်မောင် မနေ့ာ အာချုံကနေပြီး ငါဘယ်တော့ ထဲပေါက်ပမလဲလို့ တွေးတဲ့လူတွေ အများကြီး ရှိပါတယ် သူများကို မေးစရာမလိုပါဘူး ကိုယ့်ကိုယ်ကို မေးကြည့်ကြပါ၊ မောင်ကိုရေ... အဲဒါ မင်းတို့ဘာလုပ်ကြမလို့လဲ ဆူးတောကို တိုးကြမလို့မို့လား။

ဟုတ်ပါတယ်ဘုရား။

အော်.... ကိုယ့်ကိုယ်ကို မသိလုံး ကြီးထွားနေးတာ ပေါ်ကြပလား ဒကာဒကာမတို့။

အနာရှိတဲ့လူဟာ အညှော်ရှောင်ရမယ် သမာန်းမျက် တွေဆူးတွေရှိတဲ့နေရာကို ရှောင်ရမယ် မရှောင်ရင် သည်အနာ ပျောက်ပါအုံးမလား။

မပျောက်ပါဘုရား၊

မပျောက်ပါဘူး ဆူးရှိတဲ့နေရာကို လိုက်တိုးအုံးမယ် ဆိုပြီး မမျှတတာတွေယူနေကြတယ်။

ကိုင်းတာဖြင့် အနာရှိတဲ့ ပုဂ္ဂိုလ်တွေ ဆူးနဲ့အညှော် ရှောင်ကြပါလို့ ဆရာဘုန်းကြီးကဟောသော်လဲ ရှောင်ကြရဲ့လား၊

မရှောင်ပါဘုရား။

အော်.... ဒါဖြင့်ဒီလူတွေသာ တရားဟောရမယ်ဆိုရင် ဘယ်တော့ကျွတ်ကြမှာတုံး။

ဦးခင်မောင်တို့ ဒကာဝတို့ မောင်ကိုတို့ရေ ဆုံးထဲ မတိုးဘဲမနေနိုင်တာက ဘာဖြစ်လို့လဲ

အနာရှူးထလို့ပါ ဘုရား။

ဒါဖြင့် ဆုံးလောဘဆုံးဒေါသတွေကိုတိုးပြီး မသင့်တဲ့ အစါတွေ စါးအုံးမယ်ဘုရားလို့ ပြောရမရောက်ပေဘူးလား

ရောက်ပါတယ်ဘုရား။

ဆုံးကတိုးတာလား ကိုယ်ကတိုးတာလား

ကိုယ်ကတိုးတာပါဘုရား။

အော်.... ဖြစ်မှဖြစ်ရလေ အနာရှိတဲ့သူက အနာတွေ ဆက်ချာနေတယ်ဆိုတော့ အမယ်လေး— ဒကာဒကာမတို့ရယ် မိုက်လိုက်လေခြင်း။

ဒကာဝတို့မောင်ကိုဘို့ရေ သင်္ကြန်မတိုင်မီ ကိုယ့်ကိုယ်ကို မေးကြည့်ကြပါ၊ သင်္ကြန်တွင်း မင်းဘာနဲ့ သွားမှာတုံးလို့ အနာတွေနဲ့သွားမှာတော့ သေချာပါတယ်၊ ကိလေသါတဏှာက အနာ၊ အပြင်အာရုံက ဆုံး့သမား ဖြစ်သဖြင့် ဒီနေ့အိပ်ရာ ထ မိုးလင်း၍ နာရီနောက်ကြတယ်ဆိုပြီး တဏှာက အပြေး ခိုင်းတယ်၊ အနာရှိတဲ့ လူက၊ ဆုံးထဲအပြေးသွားတယ်ဆိုတော့ ဦးခင်မောင်ရေ ဒီလူသေမှသေပမလားလို့ ဒီလိုဘဲမေးရလိမ့် မယ် မမေးထိုက်ပေဘူးလား

မေးထိုက်ပါတယ်ဘုရား

ယခုလိုဘုရားသခင်၏ အဆုံးအမတော်များကို နာကြားရတဲ့အတွက် ဒကာဒကာမတို့မှာ ဘယ်လောက် အဘိုးတန်သလဲ၊ တန်ဘိုး မဖြတ်နိုင်ပါဘူး မိမိတို့ ခန္ဓာကိုယ်ထဲက ၁၅၀၀၊ ကိလေသာရှိတယ် ဒါ့ကြောင့် ကိလေသာထမဲ့နေရာ ကြွမဲ့နေရာကိုသွားချင် တော်ပမလား။

မတော်ပါဘုရား။

ဒီလမ်းသွားလို့ အကျိုးမရှိမန်းသိရင် မသွားကြပါနဲ့တော့ "တပည့်တော်တို့က ပုထုဇဉ်လူသားဖြစ်သဖြင့် မသွားဘဲ၊ မနေနိုင်ပါဘုရားလို့" ဘုရားသခင်ကို ဆင်ခြေလဲ့ရင် "မင်း ငရဲသားမို့ ငရဲသွားမှာလားလို့" မေးရုံဘဲ ရှိတော့တယ်၊ ဒီအပြင်တော့ ဆရာဘုန်းကြီးက ဟောစရာလိုမယ်မထင်တော့ပါဘူး ဒကာဒကာမတို့၊ ဆရာဘုန်းကြီးကိုလဲ အားနာကြပါအုံး ဘုရားသခင်နဲ့ဆရာဘုန်းကြီးကို ဆင်ခြေလဲပြီး သွားကြရင်ဖြင့် အော်.... သေခြင်းဆိုးသေခြင်တာက လုံးလုံးဘဲလို့ ဆိုရလိမ့်မယ် ဒကာဝတို့။

သံဝရ—အသံဝရ စောင့်ဆီးမှုမစောင့်ဆီးမှုကို ဝေဖန်ပြမယ်၊ လေးသချေ်နဲ့ကမ္ဘာတသိန်း ရှစ်သချေ်နဲ့ကမ္ဘာတသိန်း တဆယ့်ခြောက်သချေ်နဲ့ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့်တော်မူပြီးမှရရှိတော်မူတဲ့ သဗ္ဗညုတဉာဏ်တော်ဖြင့် ဟောတော်မူသော သဠာယတနသံယုတ်ပါဠိတော် ဆပါနေ့ာပမသုတ်ကို ဆက်ကြစို့ ( ဆ,၊ပါန,၊ဥပမာ,၊ လို့ ပုဒ်ဖြတ်ပါ။ ဆ—၆၊ ပါန-ပိုးကောင်-သတ္တဝါ၊ ဥပမာ-နှိုင်းယှဉ်ခြင်းတူပုံ ) ပိုးကောင်ခြောက်ကောင် ဥပမာသုတ်လို့မှတ်ကြပါ။

မြွေ၊ မိကျောင်း၊ ငှက်၊ အိမ်ခွေး၊ တောခွေး၊ မျောက်၊ ဒီသတ္တဝါခြောက်ကောင်ကိုဥပမာပြု၍ အာယတန ခြောက်ပါး (အတွင်းအာယတန၆ခြောက်ပါး)ကို ဟောတော်မူပါတယ်။

မျက်စိက မြွေ၊ နားကမိကျောင်း၊ နှာခေါင်းကငှက်၊ လျှာကအိမ်ခွေး၊ ကိုယ်ကတောခွေး၊ စိတ်ကမျောက်၊ ကဲဒကာ ဒကာမတို့၊ ဒီသတ္တဝါခြောက်ကောင်တို့သည်၊ ကုန်းသတ္တဝါ ရေသတ္တဝါ၊ ကောင်းကင် သတ္တဝါများ ဖြစ်ကြတဲ့အတွက် တဦးနဲ့တဦး အလိုခြင်းကိုက်၍ အကြိုက်ခြင်းတူကြရဲ့လား။

မတူပါဘုရား။

မြွေကလဲအချုပ်ထဲဝင်၍တွင်းအောင်းခြင်တယ်မိကျောင်း ကလဲ ရေထဲဆင်း၍ အေးဆေးတဲ့နေရာမှာ နေခြင်တယ်၊ ငှက် ကလဲ လေကောင်းလေသန့်ရှူခြင်လို့ ကောင်းကင်ပျံခြင်တယ် အိမ်ခွေးကလဲ အစါစါးခြင်လို့ မီးဖိုချောင်သွားတယ်၊ တော ခွေးကလဲတောခွေးတို့၏သဘာဝ သုဿန်ကလူသေကောင်တွေ ဖေါ်စါးပြီးအမြဲတန်းအိပ်နေခြင်တယ်၊ မျောက်ကလဲ သစ်ပင် ပေါ်အမြင့်တက်၍ အဝေးကိုကြည့်လေ့ရှိတယ် ကဲဦးခင်မောင် ရေ ပိုးကောင်ခြောက်ကောင်က အလိုခြင်းတူကြရဲ့လား၊

မတူပါဘုရား၊

ပိုးကောင်ထိန်းရတာ ဘယ်နှစ်ယောက်လဲ၊

တယောက်ထဲပါဘုရား။

ထိန်းရတာတယောက်ထဲဆိုတော့၊ ဒကာဒကာမတို့ရေ — ဒီသတ္တဝါ ခြောက်ကောင်တို့၏ အလိုကိုက်အောင် လိုက်နိုင် ကြပမလား၊

မလိုက်နိုင်ပါဘုရား။

မလိုက်နိုင်ကြပါဘူး၊ တကောင်က တွင်းထဲကိုဆွဲ တကောင်က ရေထဲကိုဆွဲနဲ့၊ တွင်းဘက်ကိုဆွဲတဲ့ အကောင်က၊ အားသန်ရင်လဲ မောင်ကိုရေ တွင်းပိလို့သေရလိမ့်မနော်၊ ရေထဲဆွဲတဲ့အကောင်က အားသန်ရင်လဲ ရေနစ်သေမှာ သေခြာတယ် သဘ္ဘဝါက နှစ်ကောင်ထဲရှိသေးတယ်ဒနော်၊ ခြောက်ကောင်လုံးများ ပြိုင်ဆွဲရင် ဦးခင်မောင်ရေ ဒီလူအသက်ရှင်နိုင်ပမလား။

သတ္တဝါခြောက်ကောင်ကဆွဲလို့ သေခြင်းဆိုးနဲ့မသေရင် ဒီလူကံကောင်းလို့ဘဲ ဆိုရလိမ့်မယ်၊ သတ္တဝါကဆွဲပုံ လူကထိန်းရပုံများကို မနက်ဖြန်ကြမှဟောပါမယ်။

အချိန်စေ့ပါပြီ                    သာဓု .. သာဓု — သာဓု၊

## ဓမ္မသဘင်အစီအစဉ်

၁၃၂၂-ခုဘာနှင်ကုန်း သွန်း(၁၄)ရက်
(၂၉-၃-၆၁)နေ့ည ဟောတော်မူချက်။

## ဆပါနေ့ ၅ ပမ သုတ်အဆက်။

မနေ့ညကဟောခဲ့သော မတင်းတိမ်ကောင်းတဲ့ တရား ငါးပါးကို ဒကာဒကာမများမှတ်မိအောင် ယနေ့ညရှေ့ပိုင်းတွင်၊ ဟောပါအုံးမယ်၊ ယခုလိုထပ်ခါထပ်ခါဟောရတာဟာ ဒကာ ဒကာမတို့သည်၊ မတင်းတိမ်ကောင်းဘဲနေရာတွင် တင်းတိမ်နေ မှာစိုးရိမ်တဲ့အတွက် ယခုလိုထပ်ခါထပ်ခါ ဟောရတာပါ ဒကာ ဒကာမတို့၊ ဒကာဒကာမတို့ကသာ မှတ်မိအောင်မှတ်ကြပါနော်၊ (၂၈-၃-၆၁-ခု နေ့ညဟောတော်မူချက် ရှေ့ပိုင်းပဲ့င် ပေါင်း၍ ရေးသားထားပါသည်။)

မနေ့ညကဟောခဲ့တဲ့ သဠာယတန သံယုတ်ပါဠိတော် ဆပါနေ့ပမသုတ်မှ ပိုးကောင်ခြောက်ကောင် အကြောင်းကို ဆက်ကြစို့။

အာယတန ခြောက်ပါးသည်၊ ( အတွင်းအာယတန ခြောက်ပါး ) ပုထုဇဉ်လူသားတို့အတွက် အဓိကအချက် ဖြစ် သဖြင့် ပိုးကောင်ခြောက်ကောင်နှင့် ဥပမာပြု၍ ဘုရားသခင်က ဟောတော်မူခဲ့သော အာယတနခြောက်ပါး၏ အကြောင်းကို သိရန် အင်မတန် အရေးကြီးတယ်လို့ မှတ်ကြပါ။ ဒကာ ဒကာမတို့။

အကြိုက်မတူစားကျက်မတူတဲ့ ပိုးကောင်ခြောက်ကောင်ကို လူတယောက်ထဲက ကြိုးခြောက်ချောင်းကိုကိုင်၍ ထိန်းရတာဟာမလွယ်ပါဘူး စါးကျက်တူကြတဲ့ မြင်း၊ နွား၊ သိုး၊ ဆိတ် အကောင်တရာ တထောင်ကို လူတယောက်ထဲထိန်းကျောင်းရတာကတော့ အကြောင်းမဟုတ်ပါဘူး လွယ်ပါတယ်။

ယခု ဒကာဒကာမတို့ ထိန်းကျောင်းရတဲ့ ပိုးကောင်ခြောက်ကောင်က၊ အလိုမတူအကြိုက်မမျှ စါးကျက်ခြင်းက တဋ္ဌာနစိဖြစ်ကြသဖြင့် ထိန်းကျောင်းရတဲ့ ဒကာဒကာမတို့မှာ ခါးပြတ်၍လဲသေလှုပြီ၊ ဒါလဲ ဒီပိုးကောင် ခြောက်ကောင်ကို ဆက်သက်ပြီး ထိန်းကျောင်းခြင်ကြသေးဒါဘဲ ပိုးကောင်ထိန်းရတဲ့ဒုက္ခတွေကိုမြင်ကြပါနော် မမြင်ကြရင် ခါးပြတ်၍လဲသေမှာ မသေခြာဘူးလား၊

သေခြာပါတယ်ဘုရား။

သေခြာတယ်ဆိုတာဟာ သံသရာတခွင်တွင် အနေကြာမယ်လို့မှတ်ကြပါ ဒကာဒကာမတို့။

မြေနဲ့တူတဲ့ဒကာဒကာမတို့၏မျက်စိက ဘာကြိုက်ပါသလဲ ပြောကြစမ်းပါအုံး

တွင်းနဲ့အရှုပ်ကြိုက်ပါတယ်ဘုရား။

မျက်စိသည် ကွင်းပြင်ကို ကြည့်ခြင်ရဲ့လား

မကြည့်ခြင်ပါဘုရား။

ပန်းချီကားကိုတောင် တကြောင်းထဲဆွဲထါးရင် မကြည့်ခြင်ပါဘူး ပန်းခက်ပန်းရွက်များဖြင့် ရှုပ်ရှုပ်ပွေပွေရေးဆွဲထားတာမှ ကြည့်ခြင်ကြပါတယ်၊ တောအုပ်မှိုင်လည်တွင် ရှုပ်ပွေလီ အပွင့်ဆန်းကြတဲ့ ပန်းများကိုမြင်ရရင်၊ အင်မတန် နှစ်သက်

သာယာပါတယ် ဒါဟာဘာ့ကြောင့်လဲဆိုရင် မြေ့တို့၏သဘာဝ အရှုပ်ကြိုက်၍ တွင်းနှိုက်ခြင်လို့ပါ၊ ဒါ့ကြောင့် မြွေဆဲ့ရာကို လိုက်ရင် ဒကာဒကာမဘို့ ဘယ်ကိုရောက်ကြမလဲ

အရှုပ်နှင့်တွင်းထဲကိုပါဘုရား။

မြွေရဲ့ အကြိုက်အရှုပ်နဲ့ တွင်းထဲကိုလိုက်ရင် ဒကာ ဒကာမတို့ရေ ဓောက်ထိုးမှောက်ခုံလဲ၍ သေရအုံးမှာပါဘဲ။

ရုပ်ရှင်ကြည့်ခြင်တယ်လို့ မြွေကပြောသဖြင့် မြွေ၏ အ ကြိုက်လိုက်ပြီး ငါးဖြာအာရုံ ကာမဂုဏ် အရှုပ်တွေထဲ တိုး၍ ရုပ်ရှင်ကြည့်ကြတယ် ရုပ်ရှင်ကြည့်၍ မြွေ၏အလိုဆန္ဒ ပြည့်ဝ ပြန်သော်လဲ ရုပ်ရှင်ရုံထဲတွင်မကောင်းတဲ့ အနံ့အသက်တွေကို ရှူရှိုက်မိသဖြင့် မူးမိုက်မိုက်ဖြစ်တယ်ဆိုပြီး ငှက်က လေကောင်း လေသန့်အရှူခိုင်းပြန်သဖြင့်၊ ဦးခင်မောင်ရေ လမ်းမရှောက်ရ ဘူးလား

ရှောက်ရပါတယ်ဘုရား။

တခါကလေ လေကောင်းလေသန့် များများရအောင် ဆိုပြီး ငှက်တို့၏သဘာဝ မိုးပေါ်ကိုမော့ပြီး လမ်းရှောက်ရပြန် တယ် ဒကာဝ ဒါဘယ်သူကခိုင်းတာလဲ

ငှက်နဲ့တူတဲ့နှာခေါင်းက ခိုင်းတာပါဘုရား။

ငှက်က မိုးပေါ်ကိုမော့၍ လမ်းအရှောက် ခိုင်းသဖြင့် တွင်းထဲ ဂျိုင့်ထဲကိုကျ၍ မှောက်လျှက်လဲခဲ့တာ မရှိခဲ့ဘူးဘူး လား ဦးခင်မောင်

ရှိခဲ့ပါတယ်ဘုရား

အဲဒါငှက်ကနှိပ်စက်လာပါ ဒကာဝတို့

မိကျောင်းနဲ့ တူတဲ့နားကလဲ၊ ပတ်ဝန်းကျင်၏ ဆူသံ ပူသံဘေ့ကို မကြားခြင်သဖြင့် ရေအောက်မှာ တွင်းယက်ပြီး အိပ်ခြင်တယ် တခါတလေ “ ငါနားပူသံတွေမကြားခြင်ဘူး၊ အေးအေးဆေးဆေးရှိတဲ့ နေရာကိုနေခြင်တယ် ” လို့ ဒကာ ဒကာမတို့ မငြီးဘူး့ဘူးလား

ငြီးဘူးပါတယ်ဘုရား။

အဲဒါမိကျောင်းကဆွဲတာပါ။

အိမ်ခွေးနဲ့တူတဲ့လျှာကလဲ မီးဖိုချောင်ဘက်ကိုဆွဲတယ်၊ ဒကာဒကာမတို့၏အိမ်မှာ ဟင်းချက်လို့လောက်နိုင်ရဲ့လား

မလောက်နိုင်ပါဘုရား။

အိမ်ခွေးကပြောပုံလဲကြိုက် စါးရေလဲကြိုက်သဖြင့် တကျာက၊ ကြိုးကိုင်ထားတဲ့အတွက် အမွေးဘဲ မီးလောင်လောင် ဆိုပြီး၊ ပြာပုံထဲမှာအိပ်ခြင်တယ်ဆိုတာကော သဘောပေါက်ကြပလား ရိပ်မိကြပလား အဲဒါအိမ်ခွေးကဆွဲတာပါ၊

တောခွေးနဲ့တူတဲ့ကိုယ်ကလဲ၊ တောခွေးတို့၏သဘာဝ သုဿန်ကလူသားတွေကိုဖေါစါးပြီး အမြဲအိပ်ခြင်နေတာပါဘဲ မအိပ်ခြင်ဘူးလား

အိပ်ခြင်ပါတယ်ဘုရား။

ရောက်ရာအရပ်တွင် အိပ်ခြင်ကြတဲ့အတွက် ဒကာဒကမ တို့ရေ တောထဲမျာ ကျောခင်းအိပ်ရတဲ့ အခါလဲ ရှိခဲ့တယ် မရှိခဲ့ဘူး့ဘူးလား

ရှိခဲ့ပါတယ်ဘုရား၊

တောခွေးက အမြဲအိပ်နေခြင်တာဘဲ အလုပ်လုပ်ရာက ပြန်လာရင် " အိပ်ရာထဲဝင်ပြီး အမောအပန်းလေး ဖြေလိုက်အုံးမယ်၊ ငါ့ကိုမနှိုးကြပါနဲ့လို့ " မှာတာဟာ ငါတောခွေး လုပ်လိုက်အုံးမယ်လို့ ပြောရာမရောက်ဘူးလား ဦးခင်မောင်၊

ရောက်ပါတယ်ဘုရား။

ခင်ဗျားလဲဒီလိုမပြောဘူးဘူးလား၊

ပြောဘူးပါတယ်ဘုရား။

ဒါဖြင့်ခင်ဗျား တောခွေး လုပ်ဘူးတာပေါ့ စုံလဲစုံပ ဦးခင်မောင်ရာ

ဒကာဒကာမတို့၏အိမ်မှာ ပက်လက်ကုလားထိုင် မရှိကြဘူးလား၊

ရှိပါတယ်ဘုရား။

အဲဒါ တောခွေး၏ အလုပ်တွေဟု မှတ်ကြပါ ဒကာ ဒကာမတို့။

ယခုတရားနာသာကြတဲ့ ဒကာဒကာမတို့သည် တရားနာ ရင်းထိုင်ရအောင်ဆိုပြီး တချို့ကအိပ်ရာခင်းနဲ့ ဖျာကလေးတွေ ယူလာကြတယ်၊ တချို့ကလဲမော်တော်ကားဖင်ထိုင်ခုံလေးတွေ ဖြုတ်ပြီးယူလာကြတယ်၊ဒါဟာဘယ်သူ၏အလုပ်ကိုလုပ်ကြတာလဲ

တောခွေး၏အလုပ်ပါဘုရား။

တရားပွဲတခုလုံးအပြင်ဘက်က ( ဓမ္မာရုံ၏အပြင်ဘက် မျက်ခင်းပေါ်ကလည်း တရားနာကြပါသည် ) ဒကာဒကာမ များပါ သေသေချာချာမှတ်ကြစမ်းပါ ခင်ဗျားတို့သေတော့ ကော ဒီနေရာကောင်းတွေ့ပါကြရဲ့လား

မပါပါဘုရား။

နေရာကောင်း မပါမှန်းသိရင်၊ တောခွေး၏ အလုပ်ကို စဉ်းစားကြပါနော်

ဝိပဿနာအလုပ်လုပ်ရင်၊ အိပ်ခြင်တာဟာ "**တောခွေးက အပါယ်လေးပါးဘက်ကို ဆွဲပြီလို့မှတ်ကြပါ**" အပါယ်လေးပါးဘက်ကို ဘယ်သူကဆွဲတာလဲ

တောခွေးကပါဘုရား။

တောခွေးကဆွဲမှန်းသိလို့ အပါယ်လေးပါး မရောက်ခြင်ရင် ဝိပဿနာအလုပ်ကို တွင်ကျယ်အောင်လုပ်ကြပါ ဒကာဒကာမတို့ တောခွေးကအပါယ်ကို ဆွဲတယ်ဆိုဒါ ရှင်းကြပလား သဘော ပေါက်ကြပလား ရိပ်မိကြပလား

တောခွေးက အိပ်ခြင်တယ်ဆိုလို့ တောခွေး၏ အလိုကို လိုက်၍အိပ်လိုက်ပြန်သော်လဲ ဒကာဝရေ ဆွဲပြန်ပြီမျောက်က (မနေဘဲ့ါရ) "မင်းဒီလိုအိပ်နေလို့မဖြစ်သေးဘူး၊ စီးပွါးရေး ကြီးပွါးရေးတွေကို ကြံစီပါလားလို့" မျောက်ကခိုင်းသဖြင့် အိပ်လို့လဲမရပါဘူးနော်

မျောက်ဟာ ကွင်းပြင်မှာလွှတ်ထားလို့ ရရဲ့လား မရပါဘူး မျောက်တို့၏သဘာဝ အနိမ့်မှာမနေဘဲ အမြင့်တက်ပြီး အဝေးကို ကြည့်လေ့ရှိသလို ဒကာဒကာမတို့၏ စိတ်သဏ္ဍာန် အသွင်မှာလဲ ရှေ့ရေးနောက်ရေးတွေကို အဝေးကြီး ကြည့်၍ ကြံစီတွေးတောနေခြင်တယ်၊

ဒကာဒကာမတို့၏ စိတ်ကူးယဉ် အကြံအစီများဟာ၊ အောက်ဘန်းစား အလုပ်များကို ကြံစီကြရဲ့လား။

မကြံစီပါဘုရား။

ဘယ်တော့မှမကြုံစီပါဘူး၊ မဖြစ်နိုင်လို့သာ နေရမယ်၊ ကြုံစီလိုက်မှဖြင့် အထက်တန်းတွေချည်းပါဘဲ၊ ဦးခင်မောင်တို့ ဒကာဝတို့ရေ အထက်တန်းတွေ မကြုံစီခဲ့ဘူးဘူးလား၊

ကြုံစီဘူးပါတယ်ဘုရား။

ဒါဟာမျောက်တို့၏သဘာဝပေါ့။

သာစည်၊ မိတ္ထီလာ၊ ရမည်းသင်း၊ တောင်ငူ၊ ပဲခူး၊ ရန်ကုန်မြို့များမှာ ကုန်ဈေးနှုံးတွေ ဘယ်လို နေပါလိမ့်လို့ အဝေးကိုလှမ်းမကြည့်ဘူးလား မောင်ကိုတို့

ကြည့်ပါတယ်ဘုရား။

ဒါဟာမျောက်လိုအမြင့်တက်၍ အဝေးကြည့်တာပါဘဲ တိုတိုပြောရရင် မျောက်ဆွဲရာကို လိုက်ထာပေါ့ကွာ၊ မနေ့ ပေါက်က အဝေးကို မျှော်တယ်ဆိုတော့ ဒကာဒကာမတို့မှာ မျောက်နဲ့ တူတဲ့စိတ်ရှိတယ်ဆိုကာ ပေါ်ကြပလား ရိပ်မိကြ ပလား။

သားလေးသမီးလေးတွေကို မမြင်ရတာကြာပါပြီ သူတို့ဆီ သွားလိုက်အုံးမယ်လို့ ပြောတာဟာ ဘယ်သူကဆွဲတာလဲ

မိကျောင်းကဆွဲတာပါဘုရား၊

မဟုတ်သေးဘူးလေ မိကျောင်းကနောက်မှဆွဲ ယခုဟာ က မြွေကဆွဲနေတာပါ သယ်သူကဆွဲတာလဲ၊

မြွေကဆွဲတာပါဘုရား။

သူတို့အသံ မကြားရတာ ကြာပါပြီ သူတို့အသံမကြား ရရင် မနေနိုင်ပါဘူး မစားနိုင် မအိပ်နိုင်ပါဘူးလို့ ပြောတာ က ဘယ်သူကဆွဲတာလဲ

မိကျောင်းကဆွဲတာပါဘုရား။

နေထိုင်လို့မှ ကောင်းကြရဲ့လားလို့ ပူတာ ကကော ဘယ်သူကဆွဲတာလဲ

မျှောက်ကဆွဲတာပါဘုရား။

အဝိဇ္ဇာက အထုံး တဏှာက ကြိုးဆိုတော့ ဒီကြိုး ခြောက်ချောင်းကို ကိုင်ထားတဲ့သူဟာ သားကောင် ခြောက်ကောင်၏ သွားရာဆွဲရာကို လိုက်နေရသဖြင့် ဦးခင်မောင်ရေ အားကြရဲ့လား

မအားပါဘုရား၊

မိမိနဲ့ သားကောင် ကြိုးနဲ့ ဆက်ထားထာကိုမသိတာက အဝိဇ္ဇာ အဝိဇ္ဇာကြောင့်ဒိဋ္ဌိဖြစ်ရတယ်၊ ဒါ့ကြောင့် အဝိဇ္ဇာနဲ့ ဒိဋ္ဌိကို အထုံးဟုမှတ်ကြပါ၊ သားကောင်တို့၏ဆွဲရာ၊ သွားရာ တွေကို တဏှာကလိုက်လိုခြင်သဖြင့် တဏှာသည်ကြိုးနဲ့တူတယ် ဆိုတာကော သဘောပေါက်ကြပလား။

ဒကာ ဒကာမတို့သည်၊ သံသရာခရီးသည် ဘဝတွင် ဒီကြိုးခြောက်ချောင်းကိုင်၍ သားကောင် ခြောက်ကောင်ကို ထိန်းခဲ့ရတယ်ဆိုတာ သဘောပေါက်ကြပလား ရိပ်မိကြပလား ဒကာဒကာမတို့၊ နေ့တိုင်းဘာလုပ်နေရတုံး

သားကောင်ခြောက်ကောင်ကိုထိန်းနေရပါတယ်ဘုရား၊

တခါတလေ ထမင်းစားရင်းနဲ့ ကလေးက ငိုသဖြင့် ထမင်းပွဲကိုပြစ်ပြီး ကလေးဆီပြေးရတယ် ဒါဘယ်သူကဆွဲတာ ပါလိမ့်

မိကျောင်းကဆွဲတာပါဘုရား၊

အဲဒါကြောင့် ပုထုဇဉ်တွေကိုနှိပ်စက်နေတဲ့ သားကောင် ခြောက်ကောင်ဆိုတာ ပေါ်ကြပလား ရိပ်မိကြပလား။

သားကောင်ခြောက်ကောင်နောက်ကို အမြဲလိုက်နေရတဲ့အတွက်၊ ဦးခင်မောင်ရေ အမောဆိုက်လို့သာ သေရမယ်၊ သားကောင် ခြောက်ကောင်ကတော့ အဆွဲရပ်ကြရဲ့လား၊

မရပ်ပါဘုရား။

မရပ်ပါဘူး ရုပ်ရှင်ကြည့်ခြင်တယ်ဆိုပြီး မြွေကအရှုပ်ထဲကို ဆွဲပြန်တယ်၊ ဟိုရောက်တော့ " မဖြစ်သေးပါဘူးလေ အိမ်ကိုစိတ်မချရပါဘူး၊ အိမ်ကိုလဲမပြောခဲ့ရသဖြင့် ငါ့အတွက်စိတ်ပူနေမှာစိုးတယ်" ဆိုပြီး မျောက်ကဆွဲပြန်သဖြင့်လက်မှတ်ကိုပြန်ရောင်းပြန်တယ်။

ဦးခင်မောင်ရေ့ လက်မှတ် ဝယ်ပြီးမှ ပြန်ရောင်းတယ်ဆိုတော့ ဒီလူရူးနေပြီထင်တယ်၊ တခါတလေများ သားကောင်နှစ်ကောင်က အားခြင်းတူနေသဖြင့် ဘယ်ဘက်ကို လိုက်ရမန်းမသိဘဲ ဒကာဒကာမတို့မှာ၊ လမ်းပေါ်တွင် ကားယားကြီးဖြစ်ခဲ့ရတဲ့အခါ မရှိခဲ့ဘူး့ ဘူးလား

ရှိခဲ့ပါတယ်ဘုရား။

အဲဒါ သားကောင်နှစ်ကောင်ကဆွဲဒါ အားခြင်းတူနေတယ်လို့ မှတ်ကြပါ။

တနေ့တနေ့တွင် သားကောင်ခြောက်ကောင်ကဆွဲသဖြင့်လိုက်ရဘာဟာ၊ ဦးခင်မောင်ရေ ... ရေတွက်နိုင်ရဲ့လား

မရေတွက်နိုင်ပါဘုရား။

သားကောင်ခြောက်ကောင်ကဆွဲသဖြင့်၊ ဒကာဒကမတို့မှာ၊ ဖြစ်ခြင်သလိုဖြစ်ခဲ့ရတယ်ဆိုတာ ဉာဏ်ရောက်ကြပလား၊ ဉာဏ်ရောက်လာအောင် ဆရာဘုန်းကြီးက ယခုလိုဟောါရတါပါ

ဖြစ်ခြင်သလို ဖြစ်ခဲ့ရတယ်ဆိုတာကို ဒကာဒကာမတို့က ဉာဏ် ရောက်ကြပါ ခင်ဗျားတို့ဟာ ခန္ဓာဝါဒီ ရသေ့လဲ မဟုတ်ပါ ဘူး၊ မဖြစ်ဘူးတဲ့ သတ္တဝါမရှိတာဟာ ဘာ့ကြောင့် ပါလိမ့် အော်.... ဆိုင်ရာဆိုင်ရာ အပါယ်သွား သေခြင်းဆိုးနဲ့ နေခြင်း ဆိုး တွေ့ကြောင့်ပါကလား။

ဒီသားကောင် ခြောက်ကောင်က ဆွဲသဖြင့်၊ အိမ်ရှိ ပါလျက်နဲ့ အိမ်မှာ မနေရ၊ ကောင်းကောင်းလဲ မစားရ ကောင်းကောင်းလဲမအိပ်ရ၊ ဒကာဒကာမတို့ရေ ကိုယ်ကျိုးတော့ နဲ့ကြပြီ။

တခုခုကိုလိုခြင်နှစ်သက်လာရင် သားကောင် ခြောက် ကောင်အနက် တခကောင်ကောင်က၊ ခေါင်းဆောင်ပြန်ပြီလို့ အကြမ်းအားဖြင့်မှတ်လိုက်ပါ၊ အသက်ကြီးမှလမ်းမှာ ဟတ်ထိုး မလဲခြင်ကြပါနဲ့တော့ ဒကာဒကာမတို့။

သားကောင်ခြောက်ကောင် မချုပ်သမျှ၊ ဦးခင်မောင် ရေ— အရှုံးဖြစ်ကြအုံးမှာပါဘဲ " ဒါကဆွေမျိုးသားခြင်း၊ ဒါကမကောင်းရာမကောင်းကြောင်း၊ ဒါတာရင်းနှီးသောမိတ်ဆွေ" ဆိုပြီး အိမ်မှာဘိတ်စာတွေ တနေ့ လေးငါး ခြောက်စောင် ရောက်နေတဲ့အတွက်၊ လှည့်ပြီးလိုက်လိုက်ရတာ ဦးခင်မောင် ရေ ကားမှအားသေးရဲ့လား။

ဒီခြောက်ကောင်ကို ဆေးမကုနိုင်ရင် ဒကာဒကာမတို့ ရေ.... အဖြစ်ဆိုးအုံးမှာပါဘဲ။

ဒကာဒကာမတို့၏အဖြစ်ဆိုးကို ဆရာဘုန်းကြီးက သနား ကျင်နာလှသဖြင့် အဖြစ်ဆိုးမှ ကယ်တင်တဲ့နည်းကို သေသေ ခြာခြာဟောတော့မယ်၊ မှတ်မိအောင်သာမှတ်ကြပါ။

အဝိဇ္ဇာနဲ့ တဏှာက ကြိုးဖြစ်ပြီး တန်းနေ ကြတယ်၊ အဝိဇ္ဇာနဲ့တဏှာကဘာလဲ

ကြိုးပါဘုရား။

အဝိဇ္ဇာကတဏှာကြိုးကို အထုံးကြီးထုံးပြီး၊ ဒီအထုံးကြီးကို ကိုင်ထားတဲ့သူများမှာ ကြိုးဆွဲရာကိုလိုက်ရတာပေါ့၊ မလိုက်လို့လဲမဖြစ်ပါဘူး၊ ကြိုးတွေကခြောက်ချောင်းတောင် ခါးမှာချီထားသဖြင့်၊ မလိုက်ရင်ခါးပြတ်သေမှာ သေခြာတယ်၊ ကြိုးခြောက်ချောင်းကို ကွင်းလုပ်ပြီး၊ ငုတ်ကြီးကြီးမှာ စွတ်ထားလိုက်ချင် သူတို့သွားရာ ဆွဲရာကိုမလိုက်ဘဲ နေနိုင်ပါတယ်၊ ဒါကြောင့် ကြိုးခြောက်ချောင်းကို ကွင်းလုပ်၍ငုတ်တွင်စွတ်ကြစို့ ဒကာဒကာမတို့ရေ....။

ငုတ်တည်းဟူသော၊ ကာယာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ ဒီသတိပဋ္ဌာန် တခုခုကိုရှုနေပါ၊ တခုခုကို စွဲနေရင် သားကောင်ခြောက်ကောင်က မဆွဲနိုင်တော့ပါဘူး၊ ဒကာဒကာမတို့။

တောင်ပို့ ခြောက်ပေါက် ရှိတဲ့အနက်၊ ငါးပေါက်ကို ပိတ်၍ တပေါက်ကစောင့်ဘမ်းရင် တောင်ပို့ထဲမှာ ရှိကြတဲ့၊ ပိုးကောင်အားလုံးကိုမိသလို အာယတနခြောက်ပါးကို မနော ဒွါရကနေပြီး စောင့်ဘမ်းရင် အာယတန ခြောက်ပါးစလုံးကို မိနိုင်ပါတယ်။

စိတ်တနေထဲကို ဝိပဿနာဉာဏ်ထဲ စိုက်ထားပါ၊ ငုတ်စိုက် မြဲဘို့ကလဲအရေးကြီးပါတယ်ငုတ်စိုက်မြဲတဲ့တရားကို အချိန်မရတော့၍ မနက်ဖြန်ကြမှဟောမယ်။ သာဓု....သာဓု....သာဓု။

## မဗွသဘင်အစီအစဉ်

၁၃၂၂-ခုတန်ဆောင်မုန်းလဆန်း(၁၅)ရက်
(၃၀-၁၀-၆၁)နေ့ည ဟောတော်မူချက်။

## တရားအားထုပ်သည့် ပုဂ္ဂိုလ်များ လိုက်နာရမည့် အချက်ငါးချက်

ယနေ့ဟောမဲ့တရားကတော့၊ တရားအားထုပ်တဲ့ပုဂ္ဂိုလ်တိုင်း လိုက်နာကျင့်သုံးရမဲ့၊ ပဒါနိယာမ တရား ငါးပါးကို ဟောပါမယ်၊ ဒီတရားကိုဒီနေရာမှာ မနှစ်ကလဲဟောပြီး ဖြစ်သဖြင့် တချို့ပုဂ္ဂိုလ်များလဲ နာဘူးကြပါလိမ့်မယ်။

လိုက်နာကျင့်သုံးရမဲ့ အချက်ငါးချက်ကတော့၊

၁။ " မြတ်စွာဘုရားသခင်၏ အပေါ်တွင်၊ ချွင်းချက်မရှိ ယုံကြည်မှုရှိရမယ်။ "

၂။ " မိမိကိုယ်ကို ကျန်းကျန်း မာမာ ဖြစ်အောင်၊ နေရမယ်။ "

၃။ " စိတ်ကိုဖြောင့်ဖြောင့်ထားပြီးအားထုပ်ရမယ် " ဆရာသမားများက မေးမြန်းတဲ့အခါတွင် ကိုယ်မြင်တာ၊ ကိုယ်သိတာကိုဘဲ အမှန်အတိုင်း ပြောရမယ်၊ လုပ်ကြံ၍ မပြောရဘူး။

၄။ " ရုပ်နာမ် မမြင်မြင်အောင် အားထုပ်၍ရှုပါ " ရုပ်နဲ့နာမ်နှစ်ပါးတွင် မိမိတို့ကြိုက်ရာ၊ သန်ရာကိုရှုနိုင်ပါတယ်၊ တွဲပြီးမရှုရပါ။

၅။ " ရုပ်နာမ်တို့၏ ဖြစ်ပျက်ကိုမြင်အောင်ရှုပါ။ "

ဒီအင်္ဂါငါးပါးအတိုင်း တရားအားထုတ်ရင်၊ မကြာခင် မဂ်ဆိုက်ပါလိမ့်မယ်၊ ဒီလင်္ကာလေးကို မှတ်မိအောင်၊ သုံးခေါက် ဆိုကြစမ်းပါ။

" ယုံကြည်ကျန်းမာ စိတ်ဖြောင့်စွာနှင့်၊
လွန်စွာအားထုတ် နာမ်နှင့်ရုပ်ကို၊
ဖြစ်ချုပ်ဉာဏ်မြင်—ဤငါးအင်၊
မှန်ပင်မဂ်ရကြောင်း။ "

ဒီလင်္ကာလေးကို မမေ့ကြပါစေနဲ့ ဒကာဒကာမတို့၊ မှတ်မိအောင် မှတ်ထားကြပါ၊ ဒီနေ့လပြည့်နေ့ဖြစ်သဖြင့် ဥပုသ်စောင့်ရင်း ဒီအင်္ဂါငါးချက်နှင့် ကိုက်ညီအောင် အားထုတ်ရင်၊ တရားတွေ့နိုင်ပါတယ်။

"လူဟာလူ့သံယောဇဉ်မစွန့်ဘဲနဲ့ မဂ်ဉာဏ်-ဖိုလ်ဉာဏ်ကို ရနိုင်ပါသလား " လို့၊ မြတ်စွာဘုရား သခင်အား ဝစ္ဆက မေးသဖြင့် "လူဟာလူ့သံယောဇဉ် မစွန့်ဘဲနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရနိုင်ပါ"ဟု ဝစ္ဆ၏အဖြေကို မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ ဟောတော်မူခဲ့ပါတယ်။

လူဟာလူ့သံယောဇဉ်မစွန့်ဘဲနဲ့ မဂ်ဖိုလ်ကို မရနိုင်လို့ ဘုရားသခင်က ဟောတော်မူသဖြင့်၊ ဒကာဒကာမတို့ကလဲ၊ သံယောဇဉ်တွေ မစွန့်နိုင်ကြတဲ့အတွက်ကြောင့်၊ ငါတို့တော့ ကိုယ်ကျိုးနဲရတော့မယ်လို့ထင်ပြီး၊ ဘုတ်ထိုင် ထိုင်၍မနေကြပါနဲ့ လူဟာလူ့သံယောဇဉ် မစွန့်တဲ့အချိန်၊ လူဟာလူ့သံယော ဇဉ် စွန့်တဲ့အချိန်ရယ်လို့ နှစ်ပိုင်းခွဲလိုက်ပါ၊ မိမိခန္ဓာကိုယ်ကြီး ကို၊ ရှုကြည့်လိုက်တဲ့အခါမှာ "ဖြစ်ပျက် ဖြစ်ပျက်" နဲ့မြင်နေတဲ့

အချိန်သည်၊ လူဟာ လူ့သံယောဇဉ် စွန့်တဲ့အချိန်ပါဘဲ ဘုရား ကလဲ ဒီအတိုင်းဟောတာပါ တောထွက်ရမည်၊ သံယောဇဉ်တွေ ကို စွန့်ပြစ်ရမယ်လို့ဟောတာ မဟုတ်ပါဘူး။

စိတ်ဆိုတဲ့ဝိညာဏက္ခန္ဓာနဲ့ မြင်ရုပ်ကမြင်သဖြင့်၊ ဒိဋ္ဌိ အုပ်ချုပ်တဲ့ ကံကပါလာတယ်၊ ဖြစ်ပျက်ကိုမြင်၍ လူဟာ လူ့သံယောဇဉ် စွန့်နေတဲ့အချိန်မှာဆိုရင်၊ ဒီက တွေ့ပေါ်မလာ တဲ့အတွက်ကြောင့် မဂ်ဖိုလ်ကိုရတာပါ။

အားထုပ်လို့ဖြစ်ပျက် မြင်တဲ့အချိန်ဟာ၊ သံယောဇဉ် စွန့်တဲ့အချိန်ဆိုဘာ ရှင်းကြပလား ဒကာဒကာမတို့။

ကချေသည်ယောကျ်ားတယောက်သည်၊ ဘုရားသခင်၏ တရားဟောတော်မူသံကို နားကြားရသဖြင့် အတောင်ခြောက် ဆယ်မြင့်တဲ့ ဝါးလုံးထိပ်ပေါ်တွင်ကရင်း ဖြစ်ပျက်မြင်၍ သံ ယောဇဉ်စွန့်တဲ့ အချိန်ဖြစ်သဖြင့်၊ အောက်မှပွဲကြည့်ပရိတ်သတ် များ မသိလိုက်ရဘဲ၊ လေးဖိုလ်- လေးမဂ်လုံးပြီး၍ ရဟန္တာ ဖြစ်တယ်လို့ အဋ္ဌကထာဆရာများက ထုပ်ပြကြတယ်။

ပဋိစ္စသမုပ္ပါဒ် တန်းနေရင် မရပါဘူး၊ ပဋိစ္စ သမုပ္ပါဒ် ပြတ်ရင်ရပါတယ်။

ယခုလိုဟောရတာဟာ ဒကာဒကာမများက၊ ကလေး လေးဘက်သွားနဲ့တူပြီး၊တွေ့ရာမြင်ရာတွေကို ကောက်မျိုနေကြ သဖြင့်၊ ဆွဲထုတ်တဲ့သဘောမျိုးနဲ့ ဟောရတာပါ၊ ဒကာဒကာမ တို့က ဘာနဲ့တူသလဲ

ကလေး လေးဘက်သွားကလေးနဲ့ တူပါတယ်ဘုရား။

ဒိဋ္ဌိအုပ်ချုပ်တဲ့ ဒိဋ္ဌိဥပါဒါန်ကံနဲ့ တဏှာ အုပ်ချုပ်တဲ့ တဏှာဥပါဒါန်ကံဟာ အတူတူဖြစ်သဖြင့်၊ ဒကာဒကာမတို့က ငါလဲထင်တယ်၊မျိုလဲမျိုတယ်ဆိုတော့ မကာယ်ရင်တော်ပမလား

မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စါးတယ်၊ ထိတယ်၊ သိတယ်၊ ဆိုတာတွေမှာ၊ ဒိဋ္ဌိ,ဥပါဒါန်,ကံနဲ့ တဏှာ,ဥပါဒါန်ကံ,တွေပါသဖြင့်၊ လေးဘက်သွား ကလေးလို တွေ့ရာမြင်ရာတွေကို ကောက်မျိုကြတယ်ဆိုတာ၊ သဘောပေါက်ကြပလား။

လေးဘက်သွား,ကလေးများ ဒုတ်ချောင်းတွေ မကျည်းစေ့တွေကို ကောက်မျိုတဲ့အခါမှာ၊ဒုက္ခရောက်ရချည်ရဲ့လို့ဆိုပြီး မအေဒိဘများက ပါးစပ်ထဲလက်ညှိုးနဲ့ထိုး၍ ဆွဲထုပ်ရသလို ယခုလဲခင်ဗျားတို့က ကြိုက်ကြိုက် မကြိုက်ကြိုက် ဆရာ ဘုန်းကြီးက ဆွဲထုပ်ရပါလိမ့်မယ်။ ကောက်မျိုထားတဲ့ မကျည်းစေ့နဲ့ ဒုတ်ချောင်းများကို လက်ညှိုးနဲ့ဆွဲထုပ်တဲ့အခါမှာ ကလေးများက ကြိုက်ကြရဲ့လား

မကြိုက်ပါဘုရား။

မကြိုက်ပါဘူး ဆွဲထုပ်ရမလား ဆိုပြီး ငိုတောင်ငိုကြသေးတယ်။

ဒါ့ကြောင့်ကြိုက်ကြိုက် မကြိုက်ကြိုက် ဆရာဘုန်းကြီးကလဲဆွဲထုပ်ရလိမ့်မယ်လို့ ဟောရတာပါ၊ ဦးခင်မောင် မတော်လို့များ ဒုတ်ချောင်းကြီးက ကန့်လန့်ကြီးဖြစ်နေရင်ဘဲ့နဲ့လုပ်ပ

ဒကာဒကာမများက ကလေး,လေးဘက်သွားနဲ့ တူတဲ့ အတွက်ကြောင့် တွေ့ရာ မြင်ရာတွေကို ဒိဋ္ဌိနဲ့ မျိုချလိုက်ရင် ဟိုဘက် ဥပါဒါန်,ကံ,ချောက်ထဲ ကျသွားမှာစိုးသဖြင့် ဟော ရတာပါ။

အလုပ်လုပ်ပါများရင် နိဗ္ဗိန္ဒဉာဏ် (ခန္ဓာကိုယ်ငြီးငွေ့တဲ့ဉာဏ်)ကို ရပါတယ်၊ နိဗ္ဗိန္ဒဉာဏ်ရလို့ ဆက်လုပ်ရင် မဂ်ဉာဏ်ကိုရပါတယ်။

သံယောဇဉ် စွန့်ဘို့ဆိုတဲ့စကားဟာ ကလေးမွေ့တာ ကလေးမွေးတာကို ပြောတာ မဟုတ်ပါဘူး ကလေးမွေ့၍ ကလေးနို့တိုက်ရင်း ဝမ်းထဲက ဖြစ်ပျက်ကိုမြင်ဘို့ ဟောတာပါ။

ဖြစ်ပျက်မြင်ဘို့ဟောတယ်ဆိုတာ သဘောပေါက်ကြပလား မနက်အားထုပ်ရင် ညနေရနိုင်ပါတယ်၊ ဘယ်အခါမဆို အားထုပ်တဲ့အချိန်မှာ ရနိုင်ပါတယ်။

သံယောဇဉ် စွန့်မစွန့်ဆိုတာဟာ အလုပ်ခွင်ကို ဝင်၊ မဝင်၊ ဆိုတာပါဘဲ၊ ဦးခင်မောင် ဒီအချက်ကို သိထားဘို့ အင်မတန်အရေးကြီးပါတယ်၊ အလုပ်မလုပ်ရင် မတော်ပါဘူးနော်၊

ဒကာဒကာမတို့က အလုပ်ကိုလုပ်မယ်ဆိုရင် တရားက တော့ အလိုလိုလိမ့်မှာပါ၊ တွန်းစရာ မလိုပါဘူး၊ တွန်းစရာ လိုသလား

မလိုပါဘူးရား။

ဒါပေမဲ့ခင်ဗျားတို့က မလိမ့်မှာစိုးသဖြင့် ဆရာဘုန်းကြီးက တွန်းရတာပါ။ တရားပွဲတခုလုံး အပြင်ဘက်က ဒကာဒကာမများပါ အားမယ်ကြပါနဲ့၊ဆရာဘုန်းကြီးက ဟောတဲ့အတိုင်းသာ အလုပ်လုပ်ကြပါ၊ မဂ်ဉာဏ်-ဖိုလ်ဉာဏ်ကို မကြာခင် ရကြပါလိမ့်မယ်၊ ဝဋ္ဋအကြောင်းကို ဆက်ကြအုံးစို့။

" လူဟာလူ့သံယောဇဉ်မစွန့်ဘဲနဲ့ သုဂတိဘုံကိုရောက်နိုင်ပါသလား " လို့ ဝစ္ဆက ဒုတိယအကြိမ် ထပ်မံလျှောက်ထားပါတယ်။

" လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ သုဂတိဘုံကို ရောက်နိုင်ပါတယ် " လို့ မြတ်စွာဘုရားသခင်က ဖြေတော်မူပါတယ်။

သုဂတိဘုံ (လူ-နတ်-ဗြဟ္မာ) သည်၊ ဒိဋ္ဌိနဲ့ အဝိဇ္ဇာ အုပ်ချုပ်တဲ့ တဏှာဥပါဒါန်တဲ့တွေ မကင်းတဲ့အတွက် အာသဝေါတရား လေးပါးတို့၏ နယ်ပါယ်ဖြစ်သဖြင့်၊ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ရနိုင်ပါတယ်။ သံယောဇဉ် မစွန့်ဘဲနဲ့ နတ်ဘုံကို ရောက်နိုင်တယ်ဆိုတာ ရှင်းကြပလား။ အင်မတန် အရေးကြီးတဲ့ စကားတွေကို ဟောနေပါသဖြင့် မှတ်မိအောင် မှတ်ကြပါ ဒကာဒကာမတို့ ဖြင့်ပျက်ဆိုတာဘာပါလိမ့်

သံယောဇဉ်စွန့်တဲ့ အလုပ်ပါဘုရား။

ဖြစ်ပျက်ကိုရှုပြီး သံယောဇဉ်မစွန့်ရင် နိဗ္ဗာန်မရောက်ဘူး ဆိုတာ သဘောပေါက်ကြပလား

သဘောပေါက်ပါပြီဘုရား။

သုဘာရဟန်းကြီးက မြတ်စွာဘုရားသခင်အား "ရဟန္တာ ဘယ်တော့ ဆိတ်သုံးပါသလဲဘုရား" လို့၊ မေးလျှောက်သဖြင့် " ငါဘုရားရဲ့ သာသနာငါးထောင် အတွင်းတွင်၊ မည်သည့် အချိန်မျှ ရဟန္တာမဆိတ်သုံးပါဘူး"လို့၊ ဘုရားသခင်က မဟာပရိနိဗ္ဗာနသုတ်တွင် ဟောတော်မူခဲ့ပါတယ်။

ယခုခေတ်မှာ ဘာဖြစ်လို့ ရဟန္တာ ငိတ်နေတာတုံးလို့ မေးကြရင် လုပ်မဲ့သူမရှိလို့၊ ဆိပ်နေတာလို့ ဖြေရမှာ ပါဘဲ၊ ဘာဖြစ်လို့ ဆိတ်နေတာလဲ

လုပ်မဲ့သူမရှိလို့ ဆိတ်နေတာပါဘုရား။

ယခုအားထုပ်ရင် ယခုရဟန္တာဖြစ်နိုင်ပါဘယ်၊ ဒကာ ဒကာမတို့။

(ဘိက္ခုနီမခေတ်သည်၊ အနှစ်တရာ၊ မိုးပျံမြေလျှိုးနိုင်သည့် ဈာန်ရပုဂ္ဂိုလ်ရဟန္တာခေတ်သည်၊ အနှစ်တထောင် အာသဝေါတရားလေးပါး ကုန်သော၊ ရိုးရိုးမြေလျှောက် ရဟန္တာခေတ်သည် သာသနာစကို နားပန်ထားသော နောက်ဆုံး သာသနာခေတ်တိုင်အောင်ရှိသည်၊ မည်သည့်အချိန်အခါမျှ ရဟန္တာမဆိတ်၊ သာသနာငါးထောင်အတွင်းတွင် အနည်းနှင့် အများရှိသည်ဟု၊ ဘုန်းတော်ကြီးများ၏ ဟောတော်မူချက်ကို၊ စါမူပြုစုသူ နာဘူးပါသည်)

မနေ့ညကအဆက်, ဆပါနောပမသုတ်ကို ဆက်ကြစို့ ပိုးကောင်က ဘယ်နှစ်ကောင်သဲ ပြောကြစမ်းပါအုံး။

ခြောက်ကောင်ပါဘုရား။

ပိုးကောင်ထိန်းတဲ့လူကကော ဘယ်နှစ်ယောက်လဲ၊

တယောက်ထဲပါဘုရား။

ပိုးကောင်ကခြောက်ကောင် ထိန်းရတဲ့လူကတယောက် ထဲဆိုတော့ ဦးဇင်းရင်ခေရ ပိုးကောင်ထိန်းလို့ အားကြရဲ့လား။

မအားပါဘုရား။

မအားလို့ကော ဒကာဒကာမတို့က၊ ပိုးကောင်ဆွဲရာကို မလိုက်ဘဲနေနိုင်ကြရဲ့လား။

မနေနိုင်ပါဘုရား။

ကိုယ်က မအားဘဲနဲ့ ပိုးကောင်ဆွဲရာကို လိုက်ရတယ်ဆိုတော့ အမယ်လေး— ဒကာဒကာမတို့ရယ်၊ ခက်လိုက်တဲ့ဖြစ်ခြင်း

ပိုးကောင်ခြောက်ကောင်ဆွဲရာကို မလိုက်ကြပါနဲ့တော့ ဒကာ ဒကာမတို့၊ ပိုးကောင်ဆွဲရာကို လိုက်ကြတဲ့ အတွက် သုံးဆဲ့တဘုံတွင် ကျင်လည်ခဲ့ရတဲ့ ဘဝတွေဟာဖြင့်၊ မရေတွက်နိုင်ပါဘူး။

ဦးခင်မောင်ရေ မျက်စိကြောင့်လဲ ငရဲရောက်ခဲ့ရတယ်၊ ။ပ။စိတ်ဝိညာဉ် (မနောဒွါရ) ကြောင့်လဲ ငရဲရောက်ခဲ့ရပါတယ် တိရစ္ဆာန်နဲ့ပြိတ္တာဘုံကို ရောက်ခဲ့ရတာဟာလဲ သူတို့ကြောင့်ပါဘဲ

အဝိဇ္ဇာက ဖုံးလွှမ်းထားတဲ့ အတွက်၊ ဖြစ်ပျက် သမ္ပသင်္ခါရတွေကို ငါကောင်လို့ထင်ပြီး၊ မျက်စိကလဲ မြင်တော့၊ လိုချင်တယ်၊ နားကလဲကြားတော့ သာယာတယ်၊ နှာခေါင်းကလဲ အနံ့ကိုနှစ်သက်တယ်၊ လျှာကလဲကောင်းတာကိုမှ စားချင်တယ်၊ ကိုယ်ကလဲ အတွေ့အထိကို သာယာတယ်၊ စိတ်ကလဲ ကြံစီတွေးတောလို့ လိုချင်တယ်။

သာယာ, နှစ်သက်, လိုချင်, စွဲလမ်းတော့ အားထုပ်တယ်၊ အားထုပ်တော့ ရရပြန်တယ်၊ အားထုပ်လို့ ဒီကံတွေရတော့ သုံးဆယ့်တဘုံကို ရောက်ရပြန်တယ်၊ သုံးဆယ့်တဘုံရောက်တော့ ကျင်လည်ရတာပေါ့ ဒကာဒကာမတို့။

ဒိဋ္ဌိအုပ်ချုပ်တဲ့ တဏှာဥပါဒါန်ကံ၊ အဝိဇ္ဇာအုပ်ချုပ်တဲ့ တဏှာဥပါဒါန် ကံတွေကြောင့် ဒီဘုံတွေ ရောက်ရတယ်လို့ မှတ်ကြပါ ဒကာဒကာမတို့။

သားကောင် ခြောက်ကောင်နဲ့တူတဲ့ ဒီဒွါရ ခြောက်ပေါက်ကို ဝိပဿနာဉာဏ်ဖြင့် ပိတ်ကြပါ။

ဒီခြောက်ပေါက်ကို မပိတ်ရင်ဖြင့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်တွေက တန်းနေတဲ့ အတွက် နိဗ္ဗာန်နဲ့ဝေးရပါလိမ့်မယ်။

ဦးခင်မောင်ရေ-ပဋိစ္စသမုပ္ပါဒ်တွေတန်းနေရင်၊ ဘာနဲ့ ဝေးရမလဲ၊နိဗ္ဗာန်နဲ့ဝေးရပါလိမ့်မယ်ဘုရား၊ နိဗ္ဗာန်နဲ့မဝေးကြ ရအောင်,သားကောင် ခြောက်ကောင်၏ ဆွဲရာကို၊မလိုက်ကြပါ နဲ့တော့ ဒကာဒကာမတို့။

ခင်ဗျားတို့၏အဖြစ်တွေကဖြင့်၊ သေခြင်းဆိုးမသေရုံဘဲ ကျန်ပါတော့တယ်။ " ကျုပ်ဖြင့်သေမျှားသေခြင်တယ်၊ ကျုပ် အိမ်, ကျုပ်လူကြီး ကျုပ်မရှိရင်မဖြစ်ဘူး " လို့ ငြီးလုံးထုတ် ကြတာဟာ ဘာလုပ်ကြတာလဲ ဒကာဒကာမတို့။

မျောက်ကဆွဲတာပါဘုရား။

အမယ်လေး.... ဒကာဒကာမဘို့ရယ်၊ မျောက်ကဆွဲလို့ ကိုယ့်ကိုယ်ကို သေကြောင်းကြံရသလား။

သားကောင် ခြောက်ကောင်က နှိပ်စက်တယ် ဆိုတာ ရိပ်မိကြပလား၊ ဒကာဒကာမတို့၊ နှိပ်စက်ထားကလဲဒုက္ခ၊ နှိပ်စက် အပ်ထားကလဲဒုက္ခပါဘဲ၊သားကောင်ခြောက်ကောင်သည် ကိန်း အောင်းရာပုဂ္ဂိုလ်ကို ရောက်ရာဘဝမှာ ကိုယ်ကျိုးနဲ့အောင် နှိပ် စက်တယ်ဆိုတာ ပေါ်ကြပလား။

သွားကောင် နှိပ်စက်ထာကို မြင်ရင်၊ သူတို့နောက်ကို မလိုက်ခြင်ကြပါနဲ့တော့၊ ကြိုးခြောက်ချောင်းကို ကွင်းလုပ်၍ သတိပဋ္ဌာန်တိုင်ကိုသာ စွတ်လိုက်ကြပါတော့ ဒကာဒကာမတို့။

ကြိုးခြောက်ချောင်းကို ကွင်းလုပ်၍ သတိပဋ္ဌာန်တိုင်ကို စွတ်လိုက်ရင်၊ သတိပဋ္ဌာန် တိုင်ခြေမှာ သွားကောင် ခြောက်ကောင်ဟာဖြင့် "ဖြစ်ပျက်" အဖြစ်နဲ့ လာဝတ်ပါလိမ့်မယ် ဒကာဒကာမတို့။

သံသရာတခွင်လုံးက၊ နှိပ်စက်လာကြတဲ့ သွားကောင် ခြောက်ကောင်သည်၊ ဒကာဒကာမတို့၏ ဥာဏ်တည်းဟူသော ခြေတောက် အောက်မှာ၊ အကုန်လာဝတ်တဲ့အတွက် ဒကာ ဒကာမတို့က ပေါ်ရာကိုသာဖြစ်ပျက်ရှုကြပါ။

မြင်စိတ်လာလဲဖြစ်ပျက်ရှုပါ။ ကြားစိတ်လာလဲ ဖြစ်ပျက် ရှုပါ၊ နံစိတ်လာလဲဖြစ်ပျက်ရှုပါ၊ စါးစိတ်လာလဲဖြစ်ပျက်ရှုပါ၊ အတွေ့အထိကို သာယာတဲ့စိတ်လာလဲ၊ ဖြစ်ပျက်ရှုပါ၊ ကြံစီ တွေးတောတဲ့စိတ်လာလဲ ဖြစ်ပျက်ရှုကြပါ၊ တောင်ပို့ ခြောက် ပေါက်အနက် တပေါက်ကပိတ်ဖမ်းရင် မိပါတယ်။

သွားကောင်ခြောက်ကောင်၏ ဆွဲရာကိုလိုက်ရင်၊ ဖြစ် ပျက် မတွေ့ရပါဘူး၊ မလိုက်ရင် ဖြစ်ပျက်မြင်ပါလိမ့်မယ်၊ သွား ကောင်ခြောက်ကောင်ကို ဘာလုပ်လို့ရသလဲ

ဖြစ်ပျက်ရှုလို့ ရပါတယ်ဘုရား။

မနောပေါက်တည်းဟူသော တံခါးလောဝတ်တဲ့အတွက် မနောနဲ့ရှုပါ၊ စိတ်ကိုဘာနဲ့ရှုရမလဲ

မနောနဲ့ပါဘုရား။

တစ်နာမ်ကို နှစ်နာမ်နဲ့ရှုဆိုတဲ့အတိုင်း တစ်စိတ်ကို နှစ်စိတ်နဲ့ရှုကြပေါ့။

ဖြစ်ပျက်ကိုမြင်အောင်ရှုကြပါ၊ ဖြစ်ပျက်ဆုံးရင် သောတာပန်တည်ပါလိမ့်မယ် ဒကာဒကာမတို့၊ ကိုင်းအချိန်စေ့ပါပြီ

သာဓု....သာဓု....သာဓု။

---

## မမွှသဘင်အစီအစဉ်

၁၃၂၂-ခုတန်ကူးလပြည့်ကျော်(၁)ရက်

(၃၁-၃-၆၁)နေ့ည ဟောတော်မူချက်။

## တရားနာနည်းနှင့်တရားအားထုတ်နည်း။

ယနေ့ညဟောမဲ့တရားကတော့၊ တရားနာတဲ့နေရာတွင်နည်းယူရမည့်တရားဖြစ်ပါတယ်၊ နည်းယူရမည့်တရားဖြစ်သဖြင့် ဒကာဒကာမများက သေသေချာချာမှတ်မိအောင်မှတ်ကြပါလို့ ဆရာဘုန်းကြီးက တရားမဟောခင် သတိပေးပါတယ်။

တရားဟောသူနှင့် တရားနာသူပါ ရဟန္တာ ဖြစ်ကြတဲ့ ဝဂ္ဂသိယုတ်ပါဠိတော်မှ၊ အနာဂမ် တည်ပြီးသော၊ ရဟန်းနဲ့ ရဟန်းကြီးခြောက်ဆယ်တို့ အကြောင်းကို ဟောပါမယ်။

အနာဂမ် တည်ပြီးသော တရားဟောတဲ့ ရဟန်းကလဲ ပညာဉာဏ်က ခန္ဓာကိုယ်ထဲရောက်ပြီး၊ တရားနာတဲ့ရဟန်းကြီး ခြောက်ဆယ်ကလဲ တရားနာတဲ့ဉာဏ်က၊ ခန္ဓာကိုယ်ထဲစိုက်ကြ သဖြင့် ဟောသူနဲ့နာသူပါ ခြောက်ဆယ့်တပါးလုံး ရဟန္တာ ဖြစ်ကြပါတယ်။

တရားနာရင်းဒကာဒကာမတို့၏ ခန္ဓာကိုယ်က၊ သူသိတာ သူပြောပါလိမ့်မယ်၊ သူပြောတာကို ဒကာဒကာမတို့ကကြည့်ရင် ဖြစ်ပျက်ကိုမြင်ပါလိမ့်မယ်၊ ဖြစ်ပျက်မြင်၍ ဖြစ်ပျက်ကိုမုန်းပြီး၊ ဖြစ်ပျက်ဆုံးရင် ဒကာဒကာမတို့၏လိုရာခရီး ပေါက်ပါလိမ့်မယ်၊ ဒကာဒကာမတို့။

ကိုယ့်ကိုယ်ကို ကယ်တင်နိုင်တဲ့နည်း၊ ဒီနည်းအပြင် ရှိသေးသလား

မရှိပါဘုရား၊

ဒီနည်းအပြင်မရှိမှန်းသိရင် ဘာညာနဲ့ မငြင်းကြပါနဲ့၊ ဒီနည်းကိုသာလုပ်ကြပါတော့လို့ ဆရာဘုန်းကြီးက တောင်းပန်ပါတယ်။

ကိုယ်ကြိုက်ထာ မကြိုက်ထာက လိုရင်းမဟုတ်ပါဘူး၊ ဘုရားဟောတာနဲ့ ဆရာဘုန်းကြီးပြောတာကိုသာ ဒကာဒကာမတို့က လုပ်ကြရလိမ့်မယ်လို့ မှတ်ကြပါ။

မိမိတို့၏ကိုယ်ပိုင် အသိဉာဏ်ပညာအသွင်မှာ၊ သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသ၊ ဆိုတဲ့ အမှတ်မှား၊ အသိမှား၊ အယူမှား၊ ဖြစ်ကြတဲ့အမှားကြီးသုံးချက်က ရှိနေကြသဖြင့်ငါကြိုက်ထာ မကြိုက်ထာကို အဓိကမထားကြပါနဲ့။

ဦးခင်မောင်ရေ.... ဘုရားဟောဒါနဲ့ ဆရာ ဘုန်းကြီးပြောတာကိုသာ ကိုက်ညီအောင် လုပ်ကြရလိမ့်မယ် ဆိုတာ သံသယကင်းလောက်ပါပြီ၊ သံသယမကင်းစရာ မရှိပါဘူးနော် မိမိတို့၏ အမှာ၊သုံးချက်နဲ့ပါ၊ ဘာနဲ့လဲ

" အမှားသုံးချက်နဲ့ပါဘုရား "

ဘာအမှားသုံးချက်လဲ၊

" အမှတ်မှား၊ အသိမှား၊ အယူမှားပါဘုရား "

ဒကာဒကာမတို့ရေ မှတ်မိအောင် မှတ်ကြပါ၊ အရေးကြီးတဲ့ အမှားသုံးချက်မို့ မှတ်မိအောင်ထပ်ခါထပ်ခါ ဟောရတာပါ။

ဒီဘုန်းကြီးက မဂ်လာမရှိတဲ့ အသုဘတွေ၊ ကြက်သရေမရှိတဲ့ စကားတွေ၊ နားမလည်နိုင်တဲ့တရားတွေကို ဟောနေတယ်လို့ မပြောကြပါနဲ့၊ ကိုယ့်အမှားသုံးချက်ကိုသာ ပြင်ကြပါ။

ကြိုက်သာမကြိုက်ထာက လိုရင်းမဟုတ်ပါဘူး၊ ကိုယ့်အမှားသုံးချက်ကရှိသဖြင့် ဒီတရားကမတော်ပါဘူး၊ ဒီတရားကတော့ ခက်ပါတယ်လို့ ဘုရားဟောတာနဲ့ ဆရာဘုန်းကြီးပြောတာကို 'အမှားမဆိုကြပါနဲ့၊ ကိုယ်မကြိုက်ထာ ကိုသာဖယ်ထားပါ။

ဒကာဒကာမတို့ကလူတော်တော်ဟုတ်ပါရဲ့၊ ဒါပေမဲ့ "**ပုထုဇ္ဇနော ဥမ္မတ္တကော**" လို့ ဘုရားဟောတဲ့အတိုင်း လူရူးတွေဖြစ်နေကြတဲ့အတွက် ဘုရားဟောတာနဲ့၊ ခန္ဓာကိုယ်ကပြောတာကိုဘဲ အတည်ပြုရလိမ့်မယ် ဘာ့ကြောင့်အတည်ပြုရပါလိမ့်

" တပည့်တော် တပည့်တော်မတို့က အရူးတွေ ဖြစ်နေလို့ပါဘုရား "

ဘုရားဟောတာနဲ့ ခန္ဓာကိုယ်ကပြောတာကိုသာ အတည်ပြုရင်၊ ဒကာဒကာမတို့၏ အမှားသုံးချက် ပျောက်ပါလိမ့်မယ်။

ဒီလောက်ဆိုရင်၊ ဘုရား ဟောဘာနဲ့ ဆရာ ဘုန်းကြီး ပြောတာကို အဘည့်ပြုရလိမ့်မယ်ဆိုဒါ နိုင်ခိုင်လုံလုံဖြစ်လောက်ပါပြီ အတည်ပြုရမယ်ဆိုဘာ မခိုင်လုံသေးဘူးသား ဦးခင်မော င်

" ခိုင်လုံပါပြီဘုရား "

ခိုင်လုံရင် ဘယ်ဘုန်းကြီး၊ ဘယ်ဆရာကဟောတာ မှားဘယ်၊ မှန်ဘယ်၊ လွယ်တယ်၊ ခက်တယ်နဲ့ ဒကာဝတို့ ကွယ်ရာကလဲ မပြောကြပါနဲ့၊ သည်းခြေရူးရောဂါရှိတဲ့သူဟာ၊အချိုတိုက်လဲခါးမှာပါဘဲ၊ အချဉ်တိုက်လဲ ခါးမှာပါဘဲ၊သည်းခြေရူးရောဂါဖြစ်သဖြင့် ဘယ်ဆေးကိုတိုက်တိုက် ခါးမှာချည်းပါဘဲ

ဆရာဘုန်းကြီးဟောတဲ့အတိုင်း ခန္ဓာ၏ကိုယ်ဖြစ်ပျက်ကို ရှာမတွေ့ရင် " ဟ ငါအရူးထပြီလို့ " အောင်းမေ့ရလိမ့်မယ်၊ ဘုန်းကြီးက စကားတတ်လို့ ချဲတုပ်ပြီးပြောတယ်လို့ ဦးခင်မောင်တို့က မထင်ကြပါနဲ့၊ အရူးဖြစ်လို့ အရူးလို့ ပြောရဒါပါ၊ ဦးခင်မောင်ရေ... ချဲထုပ်ပြီးပြောတာနဲ့ တူသပေါ့ဗျာ ဟုတ်တော့မဟုတ်ပါဘူး။

အရိယာပုတ် လေးပါးလုံး တရားအားထုပ်ရမည် ဖြစ်သော်လဲ ထိုင်ခြင်း အရိယာပုတ်နဲ့ များများ အားထုပ်ရင် မြန်မြန်စိတ်ငြိမ်မှု၊ သမာဓိ ရလွယ်တယ်လို့ ဆိုသောကြောင့် ဆိတ်ငြိမ်၍သင့်လျော်သော သပ္ပါယဖြစ်တဲ့ နေရာအရပ်၌ မိမိ ကြာကြာထိုင်နိုင်တဲ့ အရိယာပုတ်အတိုင်းထိုင်ပါ၊ ယောကျ်ားမှာ တင်ပလ္လင်ခွေ၍၊ မိန်းမမှာ ကြုံ့ကြုံ့ ထိုင်နိုင်ရင် သာ၍ကောင်းပါတယ်။

" ဥဇုံ ကာယံ ထပေတွာ " လို့ဆိုတဲ့အတိုင်း ထိုင်သောအခါ ခါးအထက်ကိုယ်ကိုဖြောင့်မတ်စွာထားပါ၊လက်ဝါးနှစ်ခု ရှေ့မှာပက်လက်ထပ်၍ လက်မခြင်းထိထားပါ၊ အားစိုက်ပြီးတောင့်၍မဟုတ်ပဲနဲ့၊ စိတ်ကိုတင်းမထားနဲ့ အသာကလေးအလိုက်သင့် စိတ်ကိုလျှော့၍ထိုင်ပါ၊ ကြ ကြာထိုင်နိုင်တောင်ခြေသလုံ ခြင်းထပ်ဘဲ၍မထားဘဲ မဟာပလ္လင်ခွေနည်း ခွေ၍၊ မျက်စိကို အသာကလေးထိရုံမှိတ်၍ထိုင်ပြီး ခန္ဓာကိုယ်၏ဖြစ်ပျက်ကိုစောင့်ကြည့်ပါ၊ဒီလိုစောင့်ကြည့်လို့မှ ဖြစ်ပျက်မမြင်သေးရင် " ပရိမုခံ သတိံ ဥပဋ္ဌပေတွာ " လို့ မဟာသတိပဋ္ဌာန်မှာ ဟောတော်မူတဲ့အတိုင်း အာရုံဘက်လှဲစောင့်ကြည့်နေပါ။

မြေမှန်ရင် တွင်းဝင်ဖြောင့်ပါလိမ့်မယ်၊ တိုက်မြေဆိုရင်တော့ တွင်းဝင်ဖြောင့်မှာမဟုတ်ပါဘူး၊ မြေမှာတိုက်မြေရယ် ရိုးရိုးမြေရယ်လို့ နှစ်မျိုးရှိပါတယ်။

ခန္ဓာကိုယ်ကမှန်တာကို၊ ထူးထူးချွန်ချွန်ပြောပါလိမ့်မယ်၊ သူပြောတာကိုသာ နားလည်အောင် နားထောင်ပါ၊ ဒါဟာ အလုပ်သင်နေတာပါ၊ ဂရုစိုက်ပြီးမှတ်ကြပါ၊ အသစ်ပေါ်လို့ ပျောက်ရင် အနိစ္စ၊

ဥပမာ— လက်မောင်းကလေးက ယားတာဟာ ခုမှယားတာလား၊ အရင်ကယားတာလား၊

ခုမှယားတာပါဘုရား။

ခုမှယားလို့ ခုပျောက်တာပါ၊ အဲဒါအနိစ္စ၊ ထိုင်နေရင်း စိတ်ကဟိုပြေးဒီပြေးနဲ့ ပြေးပြန်ပြီ၊ ဒကာငရေ အရင်ထဲကပြေးတာလား၊ ခုမှပြေးတာလား၊

ခုမှပြေးတာပါဘုရား။

နမှပြေးရင် ခန္ဓာပေါ်၍၊ ခန္ဓာပျက်ထာပါ၊ အဲဒါလဲ အနိစ္စ၊ (စိတ်သည် ဝိညာဏက္ခန္ဓာ) သေသေခြာခြာမှတ်ကြပါ ဒကာဒကာမတို့၊ ဖြစ်ပျက်မှတ်ပုံမှတ်နည်းကို ဟောနေပါတယ်။

မမျှော်လင့်တဲ့ နေရာက ပေါ်လာပြီး၊ ဒီနေရာမှာဘဲ ပျောက်တယ် (ပျက်တယ်)အဲဒါဘာလဲအနိစ္စ၊ မြင်သည်, ကြားသည်, နံသည်, စားသည်, ထိသည်, သိသည်,၊ ဒီနေရာမှာဘဲ ပျောက်သည်၊ အဲဒါလဲအနိစ္စဟုမှတ်ပါ။

ခန္ဓာကိုယ်ကပြောတါနဲ့ ဘုရားဟောတါမကိုက်သေးရင် ဉာဏ်မပါသေးလို့ဟု ဆုံးဖြတ်ချက်ချပါ။

"သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သဗ္ဗေဓမ္မာ အနတ္တာ။ သဗ္ဗေ ခပ်သိမ်းကုန်သော သင်္ခါရာ ဖြစ်ခြင်း,ပျက်ခြင်း, တရားတို့သည်၊ (ဝါ)ပြုပြင်စီမံ ရုပ်နာမ်ဟူသမျှတို့သည်၊ အနိစ္စာ အမြဲမရှိကြကုန်၊ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ ဓမ္မာ တရားတို့သည်၊ အနတ္တာ အလိုသို့မလိုက် အကြိုက်သို့မပါ၊ အစိုးမရကုန်သည်သာ ဖြစ်ကုန်၏" ယခုလိုဘုရားဟောတာနဲ့ ခန္ဓာကိုယ်ကပြော တာကို အမှန်ဘဲလို့ ဆုံးဖြတ်ချက်ချကြပါ။

ဒကာဒကာမတို့ရေ .. စိတ်ပုတီးစိတ်ရမဲ့တရား မဟုတ်ပါဘူး၊ အားထုပ်ရမဲ့တရားဖြစ်သဖြင့်၊ ကြိုးစား၍မှတ်မိအောင် မှတ်ကြပါ။

မမျှော်လင့်တဲ့နေရာကပေါ်လာပြီး၊ ဒီနေရာမှာဘဲပျက်ထာကို သမ္မာဒိဋ္ဌိနဲ့ မြင်အောင်ကြည့်မယ်ဆိုရင် မဂ္ဂင်ငါးပါးပါဘဲ

ဘုရားကလဲ အနိစ္စလို့ဟောတယ်၊ သူ့အမြင်နဲ့ဟောတာကို ထားလိုက်ပါအုံး၊ ကိုယ့်အမြင်နဲ့ မမြင်သေးရင်၊ စောင့်ကြည့်ရလိမ့်မယ်။

ဒကာဒကာမတို့က မျှော်လင့်တာလား၊ မမျှော်လင့်တာလား၊

မမျှော်လင့်တာပါဘုရား။

မမျှော်လင့်တဲ့နေရာကပေါ်လာပြီး၊ ဒီနေရာမှာဘဲ ပျက်သွားတယ်ဆိုတာ သဘောပေါက်ကြလား၊ ဒီလိုဖြစ်ပျက်ထာကို မြင်တာဟာ သမ္မာဒိဋ္ဌိပါဘဲ။

**" သမ္မာပဿတီတိ သမ္မာဒိဋ္ဌိ။ သမ္မာ-ကောင်းစွာ ပဿတိ—မြင်တတ်၏၊ ဣတိတသ္မာ—ထို့ကြောင့် သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌိမည်၏ "**

ဦးခင်မောင်ရေ ဆရာဘုန်းကြီး ဟောတဲ့အပြင် အလုပ်ကသဲ သင်ပါလိမ့်မယ်၊ ခင်ဗျားတို့ကသာ စောင့်ကြည့်ကြပါ၊ သကြြန်တွင်းသုံးရက်မယ် ဘယ်နှစ်ရက်က စောင့်ကြည့်ကြမလဲ အကြချက်လား၊ အကြုပ်ရက်လား၊ အတက်ရက်လား၊ သုံးရက်လုံးတော့ စောင့်ကြည့်မှာ မဟုတ်ပါဘူး၊ ခင်ဗျားတို့က ချော့ချေးကသိတ်များတယ်၊ ရှော့ချေးများတယ် မများဘူးဆိုတာတော့ ဆရာဘုန်းကြီးက မပြောလိုပါဘူးလေ ကိုယ့်အကြောင်းကို သိကြမှာပေါ့။

ဦးခင်မောင်ရေ - ဘယ်လောက်နဲ့ စောင့်မှာလဲ

မဂ္ဂင်ငါးပါးနဲ့ပါဘုရား၊

စောင့်တဲ့သဘောနဲ့ မကြည့်ကြပါနဲ့၊ ဘယ်ဟာပေါ်ပေါ်ပေါ်လာတာကိုသာကြည့်ပါ။

" ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ။ ဂစ္ဆန္တော ဝါ သွားတာကိုရင်း၊ ဂစ္ဆာမိတိ-သွားသည်ဟူ၍၊ ပဇာနာတိ-သိ၏" ဟု သတိပဋ္ဌာန်ပါဠိတော်တွင် ဟောတော်မူတဲ့အတိုင်း၊ ဘာမဆို ဖြစ်ပေါ်လာတာကိုသာကြည့်ပါ၊ ဖြစ်ပြီးတာကိုလဲ လိုက်မကြည့်ပါနဲ့၊ မဖြစ်သေးတာကိုလဲ မျှော်မကြည့်ပါနဲ့၊ ဖြစ်ဆဲပစ္စုပ္ပန်ကိုသာမြင်အောင်ကြည့်ပါ။ ဖြစ်ပေါ်လာတာကိုသာကြည့်ပါဆိုတဲ့ အဓိပ္ပါယ်ရှင်းလောက်ပါပြီ ဦးခင်မောင်

သကြြန်တွင်းမှာ ဆရာဘုန်းကြီးပြောတဲ့အတိုင်းတိုင်၍၊ စေါင့်ကြည့်ရင် ခန္ဓာကိုယ်ကြီးကပြောပါလိမ့်မယ်၊ ရှေးဦးစွာပြောမှာ ကတော့၊ ဆရာ ဘုန်းကြီးက တရား အားထုပ်ရန် မှာလိုက်တယ်ဆိုတဲ့ အသိဉာဏ်စိတ်ပါဘဲ၊

**ဒီအသိဉာဏ်စိတ်ပေါ်လာတာကို သိအောင်မှတ်လိုက်တဲ့ နောက်စိတ်ဟာ မဂ္ဂပါဘဲ။** (ဝိပဿနာမဂ်) ဆရာဘုန်းကြီးက တရားအားထုပ်ရန် မှာလိုက်တယ်လို့၊ လာပြောတဲ့စိတ်ကလဲ အနိစ္စ၊ အားထုပ်ခြင်တယ်လို့ ပေါ်လာတဲ့ စိတ်ကလဲ အနိစ္စ၊ ရှေ့စိတ်ကိုနောက်စိတ်ကမြင်အောင်ကြည့်မှတ်ဘို့ပါဘဲ၊ ရှေ့စိတ်ဖြစ်ပေါ်လာတာကို နောက်စိတ်က မှတ်သိလိုက်ရင် မဂ္ဂပါဘဲ၊ ( ဝိပဿနာမဂ် )

တစိတ်ချုပ်ပြီးမှ တစိတ်ဖြစ်ထာပါ၊ တာကိုသိအောင် မှတ်နိုင်ရင် ခရီးပေါက်ပါတယ်၊ ပဌမတခါသိပြီးရင် နောက်မှာ လွယ်ပါတယ်၊ ပဌမအချက်မှာ ရှာမရမှာစိုးသဖြင့် ဆရာ ဘုန်းကြီးက မှာလိုက်ထာပါ၊ တစိတ်ချုပ်ပြီးမှ တစိတ် ဖြစ်တယ် ဆိုတာ ဦးခင်မောင်ရေ.... ရှင်းလောက်ပါပြီ။

ခန္ဓာကိုယ်ကပြောတာကို ဆုံးဖြတ်ချက်ချရင် သမ္မာဒိဋ္ဌိပါဘဲ၊ အဲဒါဝိပဿနာမဂ်ရပြီလို့ သိပါ၊ ကိုင်း.... ဒါဖြင့် မရှိတာကအနိစ္စ၊ မရှိဘူးလို့သိတာကမဂ္ဂ ၁ သေတာက သမုဒယ၊ ရမှာက နိရောဓ၊ တရားကတော့တန်းနေပါတယ် ဦးခင်မောင်ရေ ၊ တန်းနေတယ်ဆိုတာရှင်းကြပလား၊ လုပ်တော့ မဂ္ဂင်ဘယ်နှစ်ပါးသဲ

၂-ငါးပါးနဲ့ပါဘုရား။

ရတော့ကော ဘယ်နှစ်ပါးနဲ့လဲ

ရှစ်ပါးနဲ့ပါဘုရား။

ဒီတရားတွေကို ရအောင်ယူရလိမ့်မယ်လို့ မှတ်ကြပါ၊ ငါတို့က ရအောင်မယူရင် ဆင်းရဲနဲ့အမွဲဘဲ ကျန်ရစ်မယ်လို့ မှတ်ကြပါ၊ ဒီတရားတွေကိုသာ ရအောင်မယူရင် ဘာကျန်ရစ်မလဲ၊

ဆင်းရဲနဲ့အမွဲပါဘုရား။

ရအောင်မယူရင် ဆင်းရဲနဲ့အမွဲကျန်သဖြင့် ငရဲရောက်ရမယ်ဆိုဒါသေခြာပါတယ်၊ သဒ္ဓါ၊ သီလ၊ သုတ၊ စါဂ၊ ပညာ၊ ဟိရိ၊ ဩတ္တပ္ပ၊ ဆိုတဲ့ ဒီသူတော်ကောင်းတရား ခုနှစ်ပါးမပါရင် သေရင်ငရဲရောက်မှာဘဲလို့ မှတ်ကြပါ ဒကာဒကာမတို့၊ ခန္ဓာကိုယ်က ပြောတာကိုနားမထောင်ကြလို့ ခက်နေတာပါ၊ နားထောင်ရင်မခက်ပါဘူး၊ ဒါ့ကြောင့်.... မဂ္ဂင်နားနဲ့ နားထောင်ကြပါ။

အမှန်မြင်တဲ့မဂ္ဂင်နဲ့လိုက်ရင် ဒိဋ္ဌိနှင့်တဏှာပါယ်ပါတယ်၊ ဒိဋ္ဌိနဲ့တဏှာမလာရင် အပါယ်လွတ်ပါပြီ၊ ဒါဖြင့်ဘာလုပ်ရမလဲ့ စောင့်ကြည့်ရလိမ့်မယ်၊

စောင့်ကြည့်ရင် **ရှေးရှေးက ဘုရားအဟောနဲ့၊ ခန္ဓာကိုယ်ကအပြောနဲ့ ဥာဏ်ကအမြင်နဲ့ ကိုက်ညီပါလိမ့်မယ်။**

ခုမှဘဲ ဒကာဒကာမတို့ ဗုဒ္ဓဘာသာဖြစ်ပါတယ်၊ အရင်ကတော့ ဗုဒ္ဓဘာသာနာမည်ခံပြီး၊ ဗုဒ္ဓဖါသာတွေပါ။

—— ○ ——

၁-**သောတာကသမုဒယ**၊ ဆိုသောစကားသည်၊ လူသောတာကို ဟောသည်မဟုတ်ပါ၊ ဖြစ်ပျက်ကိုမြင်၍ ရုပ်နာမ်နှစ်ပါးလုံးချုပ်ဆုံးသွားတာကို ဆိုလိုပါသည်၊ ဖြစ်ပျက်ကိုမြင်သော်လည်း သမုဒယသစ္စါကိုမပါယ်လျှင် ရုပ်နာမ်မချုပ်ဆုံးပါ၊ ထို့ကြောင့် သောတာကသမုဒယဟုမှတ်ပါ၊ သမုဒယသစ္စါကို ပါယ်သည်နှင့် တပြိုင်နက် ရုပ်နာမ်နှစ်ပါးလုံးချုပ်သည်၊ ရုပ်နာမ်ချုပ်သည်နှင့် ဘပြိုင်နက်မဂ်ရပါသည်၊ ထို့ကြောင့် ရမှာက **နိရောဓ**ဟု ဆရာတော်ဘုရားက ဟောခြင်းဖြစ်ပါသည်။

၂-ငါးပါးနဲ့ပါဘုရား၊ ဟူသောစကားအရ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ ရှင်းမဂ္ဂင်ငါးပါးဖြင့် အားထုပ်ရပါသည်၊ သမ္မာဝါစါ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ရှင်းမဂ္ဂင်သုံးပါးမှာ၊ မဂ္ဂရမှ ရပါမည်။

"သဗ္ဗေသင်္ခါရာ အနိစ္စာ ယဒါပညာယပဿတိ။ သဗ္ဗေ ခပ်သိမ်းကုန်သော၊ သင်္ခါရာ ဖြစ်ခြင်း,ပျက်ခြင်း တရားတို့သည်၊ အနိစ္စာ အမြဲမရှိ၊ ယဒါ အကျဉ်အခါ၌ (ဝါ) ခန္ဓာကိုယ်က ဖြစ်ခြင်းပျက်ခြင်းတရားတို့သည်၊ အမြဲမရှိလို့ ပြသည့်အခါ၌၊ ပဿတိ ရှုပါ၊ (ဝါ) သမ္မာဒိဋ္ဌိဖြင့် မြင်အောင်ကြည့်ပါလို့" နေတ္တိပါဠိတော်မှာ ဟောတော်မူပါတယ်၊ ခန္ဓာကိုယ်၏ ဖြစ်ပျက်ကို မဂ္ဂင်ဖြင့်ကြည့်ရင် မြင်ပါတယ်။

သစ္စာလေးပါးသည်၊ သိအပ်တဲ့တရား မဂ္ဂင်ရှစ်ပါးသည်၊ သိတတ်တဲ့တရားဟု မှတ်ကြပါ။

ဒီလိုခန္ဓာက ပြတဲ့အခါမှာ မမြင်သေးလို့ရှိရင် အာနာပါန (ထွက်လေ့ဝင်လေ့ကို မှတ်နေပါ) ကိုလုပ်နေရပါမယ် သမာဓိဖမ်းနေတယ်ပေါ့ဗျာ····။

ထွက်လေ ဝင်လေကို အလိုလိုနေတုံး အခါအတိုင်း မှန်မှန်ရှူရှိုက်၍ မိမိစိတ်ကိုနှာသီးဖျား၌ ထွက်လေ ဝင်လေ တိုးထိ၍ သွားသောနေရာမှာသာ မြဲမြဲထားပါ၊ ထွက်၊ဝင်လေသွားရာ နောက်ကိုမလိုက်နဲ့ စိတ်က ဘာမျှမကြံမတွေးနဲ့၊ အရင်ကြားဘူးနားဝရှိဘာတွေကို ခေတ္တအားကုန်ချထားပါ၊ နှာသီးဖျား၌ ထွက်လေ–ဝင်လေဘိုးထိ၊ တိုးထိနေသော ထိမှု အစဉ်အတန်းကို ထင်ရှားစွာသိ၍၊သိ၍၊နေအောင်သာ သတိကပ်၍အထပ်ထပ်(သိ၊သိ၊သိ)ဟု မလွှတ်အောင်မှတ်ပါ နှုတ်နှင့် မရွတ်ဆိုနဲ့ စိတ်နှင့်သာမှတ်ရမယ်။

ထိမှုမထင်ရှားရင် ခပ်ပြင်းပြင်းရှူရှိုက်ပေးပါ မောရင် ပြင်၍ ဖြေးဖြေးရှူရှိုက်ပေးပါ၊ ဖြေးဖြေးရှူရှိုက် ဖန်များရင်လဲ အိပ်ခြင်၍လာတတ်သည် ပြင်၍မြန်မြန်ရှူရှိုက် ပေးပါ ရှူရှိုက်ဖန် များလာရင်၊ မုဆိုးစိုင်သင် ဆိုသကဲ့သို့ မိမိအလုပ်ကမိမိကိုယ်ကို သင်၍ပြသပါလိမ့်မယ်။

ဩဇာင်းအားကြီးရင် သိမှုအမှတ်ကိုမလွှတ်စေဘဲ နေရာ ပြင်၍ မှတ်မြဲတိုင်းမှတ်ပါ အခါတရံထွက်လေဝင်လေ နူးညံ့ အားကြီး၍ ထွက်သက်၊ဝင်သက်၊မရှိသလိုလို ငိုက်မည်းတွေဝေ သလိုလို အိပ်ပျော်သွားသလိုလို မေ့သွားသလိုလို ဖြစ်သွား တတ်သည်။

စင်စစ်အမှန်မှာ သိမှတ်နေသော စိတ်,သဘိနို၍ သွားလွှန်းသောကြောင့်ဟု ဝိသုဒ္ဓိမဂ်ကျမ်းက ဆိုထားပါသည်။

ဤဉ္ဇှူမှတ်စအခါ၊ ယူအပ်သောထွက်လေ,ဝင်လေ ထိမှုအာရုံသည်၊ (ပရိကမ္မ နိမိတ်)ဟုခေါ်သည်။

ခန္ဓာကိုယ်က ပြုပြင်ပြီးသော်လဲ ဉာဏ်ကမမြင်သေးရင်၊ အာနာပါနကိုဘဲ ဆက်လုပ်နေပါ၊ သမာဓိရင့်လာရင် မြင်ပါလိမ့်မယ်၊ မမြင်လို့အားမလျှော့ပါနဲ့ သမာဓိ မရင့်ကျက်သေးလို့ပါ၊ သမာဓိရင့်ကျက်လာရင် "ဖြတ်ခနဲ"မြင်ပါလိမ့်မယ်၊ ဒီနေ့ဘော့ဒီစကားနှစ်လုံးနဲ့ဘဲ တရားပွဲတခုလုံးသေပျော်ပါပြီ။

ဒီသောက်ဆိုရင် ဖြစ်ပျက်မြင်မှုသေခြာပြီလို့ ထင်ါးလိုက်ပါတော့၊ ဦးခင်မောင်ရေ ... ဖြစ်ပျက်ကိုငြီးငွေ့လာရင် တော်ပါပြီ၊ ဖြစ်ပျက်ကိုမြင်ဘာများလာရင် ခင်ဗျားတို့က ငြီးငွေ့လာသိမ့်မယ်၊ အဲဒါပဌမအဆင့်မှ ဒုတိယအဆင့်သို့ရောက်ဘယ်လို့ မှတ်ကြပါ။

---

မှတ်ချက်။ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရား၏ တရားတော်များကို နာကြားပြီးသည့်နောက် စာမူပြုစုသူမှာ၊ ကြီးစွာသော သတိသံဝေဂတရားများ ရလာသည့်အတွက် မန္တလေးမြို့ ဘောင်ပြင်၊ ဗောဓိရိပ်သာသို့ သွားရောက် အားထုပ်ခဲ့သော " မဟာဗောဓိဝိပဿနာရိပ်သာ " မှ " ကမ္မဋ္ဌာန်းထိုင်ပုံနှင့် ကမ္မဋ္ဌာန်းအားထုပ်ပုံ " များကို ဖတ်ရှုပြီးစီးခဲ့သော ဟောစဉ်များတွင် အနည်းငယ်မျှစီ ဖြည့်စွက်ရေးသားထားပါသည်။

ဒကာဒကာမတို့က ဘယ်အချိန်ထိအောင် ဖြစ်ပျက်ကို ရှုရမှာလဲ၊ ဘယ်အချိန်ကြမှ သောတာပန်တည်မှာလဲ လို့၊ မေးကြရင်၊ ဒီခန္ဓာကိုယ်ကြီး၏ ဖြစ်ပျက်ကိုမြင်၍ ငြီးငွေ့လာပြီး ခန္ဓာကိုယ်ကြီးကို မလိုချင်တဲ့အချိန်မှာ သောတာပန်တည်သည်ဟု မှတ်ကြပါ။

ယခုဖြစ်ပျက်ကိုမြင်၍ ယခုငြီးငွေ့ပြီး ယခုမလိုချင်ရင်၊ ယခုသောတာပန်ပါဘဲ၊ (သောတာပန်တည်ပါသည်)"ဝိရာဂေါ မဂ္ဂေါ"။ ဝိရာဂေါ မလိုချင်ရင် (ဝါ)မခင်ရင်၊ မဂ္ဂေါ မဂ်ပါဘဲ၊ (ဝါ)သောတာပတ္တိမဂ်" လောကုတ္တရာမဂ်က ဘယ်တော့ လာပမလဲလို့ စောင့်မနေကြပါနဲ့၊ ဆက်သာလုပ်နေပါ သမာဓိ ရင့်ကျက်လာငေ် "ဖြတ်ခနဲ" လာပါလိမ့်မယ်၊ မြင်ပါလိမ့်မယ်။

ကဲကဲကဲ.... ရဟန်းကြီး ခြောက်ဆယ် အကြောင်းကို ဆက်ကြစို့၊ ကောသမ္ဗီပြည်တွင်၊ ရဟန်းကြီး ခြောက်ဆယ် သီတင်းသုံးနေပါတယ်၊ ကောသမ္ဗီပြည်နဲ့ တဂါဝုတ်လောက် ဝေးတဲ့နေရာတွင် အနာဂမ်တည်ပြီးသော၊ ရှင်ခေမက ဆိုတဲ့ ရဟန်းတပါးကလဲ သီတင်းသုံးနေပါတယ်၊ သူသီတင်းသုံးတဲ့ နေရာက ဇီးပင်တွေဝိုင်းနေသဖြင့် ဇီးတောကျောင်းလို့ ခေါ် ပါတယ်၊ (ခေါ်ကြပါစို့)

တနေ့တွင် ရှင်ခေမက၊နေ့မကောင်းကြောင်း ကောသမ္ဗီ ပြည်မှ ရဟန်းခြောက်ဆယ်ကကြားသဖြင့်၊ ရောဂါအခြေအနေ ကို သိရအောင် လူမမာမေးအဖြစ် ရဟန်းကြီးခြောက်ဆယ်ထဲက ရှင်ဒါသက၊ဆိုတဲ့ ရဟန်းတပါးကို " အရှင်ဘုရားရဲ့ရောဂါက၊ ရှေ့တက်သလား နောက်ဆုတ်သလားလို့" မေးချည်ကွာဆိုပြီး လူမမာမေးအဖြစ် လွှတ်လိုက်ပါတယ်။

ရဟန်းကြီးခြောက်ဆယ်၏ နာမည်များကို ပါဠိတော်တွင် ဖော်ပြထားခြင်းမရှိပါ၊ ရှင်ခေမက က သူ့ဝေဒနာဟာ " ရှေ့လဲမဟက်ပါဘူး၊ နောက်လဲမဆုပ်ပါဘူး၊ ဝေဒနာက တန်းနေတယ်၊ မသက်သာဘူးကွာ " လို့ ပြောလိုက်သဖြင့်၊ ရှင်ဒါသက ကလဲ ရဟန်းကြီး ခြောက်ဆယ်ကို၊ ရှင်ခေမက ပြောတဲ့အတိုင်း ပြန်ပြောလိုက်ပါတယ်။

"မသက်သာလို့ရှိရင် ဘယ်ကနာတာလဲ၊ ခန္ဓာငါးပါးကို ငါ့ဉစ္စာလို့များ သိမ်းပိုက်ထားတာလား၊ ပြန်မေးအုံးကွာ " လို့ လွှတ်လိုက်ပြန်သဖြင့်၊ ရှင်ဒါသက က သွားရောက် လျှောက်ထားရာ " အမှန်အတိုင်းပြောရရင် ခန္ဓာငါးပါးတော့ ရှိပါတယ်၊ ငါ့ဉစ္စာလို့တော့ မသိမ်းပိုက်ပါဘူးကွာ " လို့ ရှင်ခေမက ပြောလိုက်ရာ၊ ရှင်ဒါသကကလဲ ရဟန်းကြီးခြောက်ဆယ်အား ပြန်လည်ပြောလိုက်ပါတယ်၊ " ခန္ဓာငါးပါးကို ငါ့ဉစ္စာလို့ မသိမ်းပိုက်ရင်၊ ရဟန္တာလားလို့ ပြန်မေးအုံးကွာ" လို့ လွှတ်ပြန်ပါတယ်။

ဦးခင်မောင်ရွေ - ဘယ်နှစ်ခေါက်ရှိပြီလဲ၊

သုံးခေါက်ရှိပါပြီဘုရား ။

ဒါကိုလဲမှတ်ရလိမ့်မယ်၊ သွားမေးတဲ့ရဟန်းနဲ့ ရဟန်းကြီးခြောက်ဆယ်တို့ကလဲ ဉာဏ်ကခန္ဓာကိုယ်လှည့်ပါတယ် ဖြေတဲ့ဝေဒနာရှင်ရဟန်းကလဲ အလုပ်လုပ်ရင်း ခန္ဓာလှည့်ပြီး ဖြေတာပါ။

တရားနာတဲ့ ဒကာ ဒကာမတို့ကလဲ ကုသိုလ်ရရုံလေး တရားမနာပါနဲ့၊ ခန္ဓာကိုဉာဏ်လှည့်၍ တရားနာပါ၊ ကုသိုလ်ဆိုတာဟာ အချိန်မရွေးရနိုင်ပါတယ်။

" ရဟန္တာတော့ မဟုတ်ပါဘူးဘုရား၊ ခန္ဓာငါးပါးကိုလဲ ငါလို့မစွဲပါဘူး၊ ဒါပေမဲ့ အပေါင်းအစုကြီးပေါ်မှာ ငါလုံလို ငါဥစ္စာလိုလိုတော့ ထင်သေးတယ်လို့ " ဝေဒနာရှင်ရဟန်းက ဖြေလိုက်ပါတယ်။

ဒိဋ္ဌိတော့ပြုတ်ပါပြီ၊ မာနငါနဲ့ တဏှာငါကျန်သေးတယ် ဆိုတဲ့အဓိပ္ပါယ်ကိုဖြေတာပါ၊ ( အနာဂမ်တို့၏ စိတ်နေသဘောတရားကို ဤအတိုင်းသိနိုင်ပါသည် )

ယခုလိုရှင်ဒါသကကိုလွှတ်၍ လူမမာမေးခိုင်းရခြင်းမှာ ရှင်ခေမက နေသောကျောင်းသည်၊ လေးတိုင်စင်ကျောင်းကလေး ဖြစ်သဖြင့်၊ ရဟန်းကြီး ခြောက်ဆယ်လုံး သွားမေးရင်၊ နေရာထိုင်ခင်းမရှိ၍ ကျောင်းကျင်းတာက တကြောင်း ရှင်ခေမကမှာ သူမမာဖြစ်သဖြင့် ရဟန်းကြီးခြောက်ဆယ်ထံ ကြွမလာနိုင်တာကတကြောင်း ဒါ့ကြောင့်ရှင်ဒါသကကို တရားမေးလွှတ်ရခြင်း ဖြစ်ပါတယ်။

"ငါလိုလိုထင်ဒါပြုတ်ဘို့ မြင်အောင် ကြည့်ပါရှုပါလို့လဲ ပြောခဲ့ဘုရား၊ ငါလိုလိုထင်ဒါက ရုပ်ကို ငါလိုလို ထင်ဒါလား၊ ရုပ်မှတပါးကို ငါလိုလို ထင်ဒါလား၊ နာမ်ကို ထင်ဒါလား၊ နာမ်မှတပါးကိုထင်ဒါလား၊ ဝေဒနာကိုထင်ဒါလား၊ ဝေဒနာမှ တပါးကို ထင်ဒါလား၊ သညာကိုထင်ဒါလား၊ သညာမှတပါးကို ထင်ဒါလား၊ သင်္ခါရကို ထင်ဒါလား၊ သင်္ခါရမှ တပါးကို ထင်ဒါလား၊ ခန္ဓာငါးပါးလုံးစေ့အောင်မေးခဲ့ဘုရားလို့ " ရှင်ဒါသကကို ရဟန်းကြီးခြောက်ဆယ်က၊ စတုတ္ထအကြိမ် ထပ်မံလွှတ်လိုက်ပြန်ပါတယ်။

“ အရှင်ဘုရား ငါလိုလိုထင်ဒါက၊ ရုပ်ကိုငါလိုလို ထင်ဒါလား၊ ရုပ်မှတပါးကို ငါလိုလိုထင်ဒါလား၊ ။ပ။ သင်္ခါရကို ထင်ဒါလား၊ သင်္ခါရမှတပါးကို ထင်ဒါလားလို့ ” ရှင်ဒါသက က လျှောက်ထားလိုက်ရာ “ မဖြစ်ပါဘူးကွာ တောင်ဝှေးသာ ငါ့ကိုပေးပါတော့၊ ငါကိုယ်တိုင်လိုက်ပြောတော့မယ်၊ ဟော တော့မယ်လို့ ” ရှင်ခေမကက ဖြေလိုက်ပါတယ်။

ရှင်ခေမကက၊ ရဟန်းကြီးခြောက်ဆယ် ဟောပုံကို၊ သေသေချာချာနာရအောင် မနက်ဖြန်ကြမှဟောကြစို့၊ နာရမိခဲ့ပါပြီ။

သာဓု — သာဓု — သာဓု။

## စမ္မသဘင်အစီအစဉ်

၁၃၂၃ ခု နတ္တော်လပြည့်
(၂၂-၁၂-၆၁) နေ့ည ဟောတော်မူချက်။

## အဝိဇ္ဇာနှင့်သင်္ခါရ၏ဒါကတ်ချက်

(ညနေ ၆/၃၀၊ အချိန်မှ၊ တရားပွဲရှိကြောင်းသိရသဖြင့် မှီသမျှဟောစဉ်ကိုသာ ရေးသားလိုက်ရပါသည်)

ခန္ဓာကိုယ်ကို အရိယာမျက်လုံးနဲ့ကြည့်တော့၊ ဒုက္ခသစ္စါဖြစ်တယ်လို့သိရတယ်၊ အမှန်ရှိတာကို အမှန်သိက မဂ္ဂသစ္စာ၊ အမှန်ရှိတာကို အမှန်မသိတာက ဒုက္ခသစ္စာဖြစ်ရတယ်၊ အမှန်သိက မဂ္ဂသစ္စာ၊ အမှန်မသိက ဒုက္ခသစ္စာ၊ မှတ်မိအောင် မှတ်ကြပါ၊ ဒကာဒကာမတို့။

ဒကာဒကာမတို့က၊ ကြေးဖလားကြီးကိုဝယ်ပြီး အိမ်မှာ ချောင်ထိုးထားတော့၊ ကြေးညှိတွေက တက်နေတာပေါ့၊ ဒီကြေးညှိတွေကို တော်ရုံတန်ရုံပွတ်တိုက်ရုံနဲ့ ပြောင်ပမလား.... မပြောင်ပါဘူး၊ အော်— ပွတ်နိုင်မှပြောင်မယ်ဆိုဒါ သဘောပေါက်ကြပလား ဒီခန္ဓာကိုယ်ရဲ့ ဒုက္ခသစ္စာအညစ်အကြေးတွေကို၊ ကမ္မသကတာသမ္မာဒိဋ္ဌိဉာဏ်လောက်နဲ့ ဆေးလို့တော့ မရနိုင်ပါဘူးနော် ဝိပဿနာ ဉာဏ်နဲ့ဆေးမှ ပြောင်မယ်လို့ မှတ်ကြပါ။ ဘာနဲ့ဆေးမှ ပြောင်မှာလဲ ဒကာဒကာမတို့။

ဝိပဿနာဉာဏ်နဲ့ဆေးမှ ပြောင်မှာပါဘုရား။

ဒီဒုက္ခသစ္စာတွေဟာ၊ အမိဝမ်းဂေါင်းထဲမှစပြီး ပါလာတယ်လို့ မှတ်ကြပါ၊ ဒကာဒကာမတို့အထဲမယ် မိုးပေါ်ကျတော့ ပါမှ ဲ့မဟုတ်ပါဘူး၊

မပါပါဘုရား။

အမိဝမ်းဂေါင်းထဲ ရောက်တဲ့အချိန်ကစ၍၊ ဒုက္ခနဲ့ နေခဲ့ရတယ်၊ အော်.... ဒုက္ခ ဘယ်ကာလဖြင့်ပါလိမ့် ဒကာဒကာမတို့၊

ဝစ္စုပ္ပန်ကာလ ဖြစ်ပါတယ်ဘုရား။

အော်.... ဒီဒုက္ခသစ္စာဟာ၊ သိကြား, ဗြဟ္မာ, ဘုရား, လာပေးလို့ရပါလား၊ မသိလို့ရပါလား၊

မသိလို့ရပါပါဘုရား။

မသိလို့ရရင် အဝိဇ္ဇာနဲ့သခ်ါရ၏ ဒါဏ်ချက်မိဒါလား ထာဝရဘုရားက ပေးဒါလား။

အဝိဇ္ဇာနဲ့သခ်ါရ၏ ဒါဏ် ချက်မိဒါပါဘုရား။

အင်မတန်ရခဲတဲ့လူ့ဘဝကို တို့ရကြတယ်ဆိုပြီး ဒကာဒကာမတို့က ပြုံးကြဒါဟာ၊ အဝိဇ္ဇာနဲ့သခ်ါရ၏ ဒါဏ်ချက်မိဒါကို မသိကြလို့ ပြုံးကြဒါပေါ့....။

"မနုဿတ္တဘာဝေါ ဒုလ္လဘော၊ လူ၏အဖြစ်ဟာ အင်မတန် ရခဲတယ်" ဗြဟ္မာပြည်ကအပ်ဘစင်း၊ လူ့ပြည်က အပ်တစင်း ထားချရင်၊ အပ်သွားခြင်းသာ ထိဘွယ်ရာရှိတယ်၊ လူ့အဖြစ်ကို မရနိုင်ဘူးလို့၊ ဘုရားသခင်ကဟောတာဟာ ပုဂ္ဂိုလ်အရ၊ နေယျတ္ထဓမ္မအားဖြင့်ဆောင်ပြီး ဟောတော်မူတာပါ။ ဘုရားသခင်၏အလိုတော်ကြ နိတတ္ထဓမ္မအားဖြင့် ဟောရလို့ရှိရင် လူ့ဘဝရောက်ရဒါဟာ မိုက်ဖြစ်သင့်ဒါပါသဲ၊

ဒါနပြုတာဟာလဲ နိဗ္ဗာန်ကိုရောက်နိုင်ပါတယ်၊ နိဗ္ဗာန်ရောက်မဲ့ ဒါနမျိုးကိုတော့၊ ခင်ဗျားတို့က မပြုကြဘူး၊ လူ့ဘဝ လူ့ချမ်းသာ၊ နတ်ဘဝ နတ်ချမ်းသာတွေကို ရ,ရပါလို၏ဟု လမ်းခုလပ်က ဆုတွေကိုသာတောင်းပြီး ဒါနပြုကြတယ်။

ဒီဘဝ ဒီချမ်းသာတွေကို လိုခြင်တယ်လို့ မိုက်ထာက သမုဒယသစ္စာ၊ ဒီဘဝဒီချမ်းသာတွေကို ရတာက ဒုက္ခသစ္စာ၊ မိုက်ထာကဘာလဲ

သမုဒယသစ္စာပါဘုရား။

ရတာကဘာလဲ

ဒုက္ခသစ္စာပါဘုရား၊

ကိုယ့်ကိုယ်ကို မိုက်ဖြစ်သင့်တယ်ဆိုဒါ သဘောပေါက်ကြပလား ဒကာဒကာမတို၊

ပေါက်ပါပြီဘုရား။

ဘုရားရှေ့မှာ ပန်းဆီမီးများလှူပြီး လူ, နတ်, ဗြဟ္မာချမ်းသာတွေကို ရ,ရပါလို၏လို့များ နောက်ထပ် ခင်ခြင်ကြဦးသလား၊

မခင်ခြင်တော့ပါဘုရား။

မခင်ဘူးသာဆိုတယ် "ငါ့မထိနဲ့ ငါကသူများနဲ့ တူတာ မဟုတ်ဘူး" ဆိုတာဟာ ခင်တာသလား၊ မခင်တာလား၊

ခင်တာပါဘုရား။

သူ့ရှေ့မှာ ဘိနပ်ကလေးများ ဆောင့်နင်း လိုက်ရင် ကြိုက်သလား မကြိုက်ဘူးလား။

မကြိုက်ပါဘုရား။

အဲဒါဟာ ခင်တာလား၊ မခင်တာလား။

ခင်တာပါဘုရား။

ဒီဘဝတွေကို နောက်ထပ်မခင်ဘို့ အရေးကြီးပါတယ် ဒကာဒကာမတို့၊ ဒီဒုက္ခတွေဟာ နောက်ထပ်မိုက်လို့ရတာလား နဂိုကရတာလား၊

နောက်ထပ်မိုက်လို့ ရဒါပါဘုရား။

ဒါ့ကြောင့် .... မိုက်ပြစ်သင့်တယ်လို့ ဆရာဘုန်းကြီးက ပြောတယ်မှတ်ကြပါ ဒကာဒကာမတို့။

လွန်လေပြီးသော အတိတ်ကာလက၊ အဝိဇ္ဇာနဲ့ သင်္ခါရ ကြောင့် ယခုပစ္စုပ္ပန်ဘဝမှာ ဒုက္ခသစ္စာတည်းဟူသော နာမ် ရုပ်ကိုရရတယ်။

ဒုက္ခသစ္စာတည်းဟူသော ယခုပစ္စုပ္ပာန် ဘဝကနေပြီး၊ နောက်ဘဝတွေကို လိုခြင်နေရင်၊ ဒီဒုက္ခသစ္စာ တည်းဟူသော နာမ်ရုပ်တွေကိုဖြင့်၊ နောက်ဘဝဘွေမှာ ပြန်ရ,ရအုန်းမှာပါဘဲ ဒကာဒကာမတို့

ဦးခင်မောင်ရေ— ဒီအတိုင်းသာဆိုရင်၊ တို့ဒကာဒကာမ တွေ သံသရာဒေယာဉ်ကြောမှာ၊ မျှောလို့ဆုံးနိုင်ပမလား၊

မဆုံးနိုင်ပါဘုရား၊

သံသရာရှည်တယ်ဆိုဒါဟာ ရှည်ဘာမဟုတ်ပါဘူး၊ အဝိုင်း လို လှည့်နေတာပါ၊ သမုဒယသစ္စာပြီးရင် ဒုက္ခသစ္စာ၊ ဒုက္ခ သစ္စာပြီးရင် သမုဒယသစ္စာ၊ ဒီသစ္စာနှစ်ခုမှာချည်း အပြန်ပြန် အလှန်လှန်လှည့်နေတာပါ၊ ဒကာဒကာမတို့။

ဒကာဒကာမတို့မှာ၊ ဒီသစ္စာနှစ်ပါးဖြင့်သာ လှည့်နေကြရသဖြင့်၊ သံသရာရှည်တယ်ဆိုတာဟာ၊ ရှည်တာမဟုတ်ဘဲ အဝိုင်းလုံလည့်နေတယ်ဆိုတာ သဘောပေါက်ကြပလား၊

ပေါက်ပါပြီဘုရား။

ဦးခင်မောင်ရေ.... သံသရာဟာ အဝိုင်းလိုလှည့်တယ်ဆိုတော့၊ ကိုယ့်ကိုယ်ကို ဆီဆုံနွားဖြစ်နေတယ် ဆိုဒါကော ရိပ်မိပလား။

ရိပ်မိပါပြီဘုရား။

ဒကာဒကာမတို့ဟာ မိုက်ကြောင်းကိုသာ ကြိုးစားကြသဖြင့် မိုက်ကျိုးသင့်နေကြတာပေါ့—

ဒုက္ခ ရောက်ကြောင်းနှင့် ဒုက္ခရောက်ကျိုး တွေကိုသာ ပိုက်ထားကြသဖြင့်၊ ဒကာဒကာမတို့ဟာ စုံလုံးကန်း လမ်းသွားနေတာနဲ့ တူနေကြတယ်။

အဝိဇ္ဇာနဲ့တဏှာဝန်ရိုးကလှည့်သဖြင့် ဒကာဒကာမတို့မှာ ငိုပွဲ့ဒသေပွဲ့တွေကိုသာ ခင်းကြရတယ်။

(၁) အတိတ်ဘဝက သမုဒယသစ္စာ၊ အဝိဇ္ဇာတဏှာ တည်းဟူသော မကောင်းသောမျိုးစေ့ကြောင့် (၂) ယခုပစ္စုပ္ပန်ဘဝမှာ နာမ်ရုပ်တည်းဟူသော မကောင်းသော ဒုက္ခသစ္စာအပင်ကို ပေါက်ရတယ်၊ ယခုပစ္စုပ္ပန်ဘဝ ဒုက္ခသစ္စာတည်းဟူသော မကောင်းသောအပင်က (၃) သမုဒယသစ္စာ အဝိဇ္ဇာတဏှာတည်းဟူသော မကောင်းသောအသီးကို သီးပြန်သဖြင့်နောက်ဘဝတွင် နာမ်ရုပ်တည်းဟူသော၊ မကောင်းသော ဒုက္ခသစ္စာအပင်ကို ပေါက်ရလိမ့်မယ်။

ဦးခင်မောင်ရေ— အဲဒါဟာ ပဋိစ္စသမုပ္ပါဒ်တွင် အစပ်သုံးပါးလို့မှတ်ပါ။

ဒိဒုက္ခသစ္စာတွေ နောက်ထပ်မဖြစ်ရအောင် အဝိဇ္ဇာက ဝိဇ္ဇာဖြစ်၍၊ တဏှာက အလောဘဖြစ်အောင် လုပ်ရလိမ့်မယ်။

ဦးခင်မောင်ရေ အချုပ်ကတော့၊ နှစ်ကနေပြီး သုံးထဲကို မကူးဘို့အရေးကြီးပါတယ်၊ (ဆရာတော်ဘုရားက စက်ဝိုင်းသဏ္ဌာန်ပြ၍ ဟောပါသည်) နှစ်ထဲမှာဘဲ မဂ္ဂသစ္စာနဲ့နိရောဓသစ္စာရှိပါတယ်။

နိဗ္ဗာန်နဲ့မဝေးပါဘူး အနီးလေးပါ၊ ဒကာဒကာမတို့တနီးအောင်မလုပ်တတ်ကြလို့ နိဗ္ဗာန်ဟာ အဝေးကြီးမှာရှိတယ်၊ ယခုဘဝတွင် နိဗ္ဗာန်ကိုမရောက်နိုင်ပါဘူး၊ စသည်ဖြင့် အထင်မှား အမြင်မှားဖြစ်နေကြတာပါ၊

ဦးခင်မောင်ရေ— နိဗ္ဗာန်ဟာဝေးသလား၊

မဝေးပါဘုရား။

နိဗ္ဗာန်ဟာ မဝေးပါဘူး၊ အနီးကလေးပါ၊ နိဗ္ဗာန်နဲ့နီးအောင်လုပ်နည်းကတော့ ဝိပဿနာအလုပ်ကို အားထုပ်ရုံပါဘဲ၊ ဝိပဿနာအလုပ်ကို အားထုပ်လို့ မိမိ၏ ခန္ဓာကိုယ်မှာ၊ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မြင်၍ ဖြစ်ပျက်ကိုမုံးပြီး ဖြစ်ပျက်ဆုံးရင်၊ နိဗ္ဗာန်ကိုရပါတယ်။

မိမိခန္ဓာကိုယ်၏ ဖြစ်ပျက်အဆုံးမှာ၊ နိဗ္ဗာန်ရှိသည်ဟု မှတ်ကြပါ ဒကာဒကာမတို့။ ကဲ— အချိန်စေ့ပါပြီ

သာဓု—သာဓု—သာဓု။

# နိဂုံးချုပ်။

၁၃၂၂–ခုနှစ်၊ တန်ကူးလွှာပ်(၂)ရက် (၁-၄-၆၁) နေ့တွင်၊ ဆရာတော်ဘုရား အသံနာတော်မူသဖြင့်၊ ငါးပါးသီလ ပေးပြီး ရှေ့ပိုင်းအနည်းငယ်မျှကိုသာ ဟောတော်မူ၍ တရားပွဲကို ရပ်နားလိုက်ရသည့်အတွက် တန်းကူးလွှာပ်(၁)ရက် (၃၁-၃-၆၁)နေ့ဟောစဉ်မှ ဝေဒနာရှင် ရဟန်း၏၊ ဟောကြားပုံကို မနာရသဖြင့်၊ စာရေးသူနှင့်တကွ ဓမ္မအဆွေတော်များမှာ၊ အတိုင်းမဖြတ်နိုင်သော၊ ဆုံးရှုံးမှုကြီးနှင့်ဓမ္မသဘင်ကို၊ ရပ်နားခဲ့ရပါသည်။

တန်ကူးလွှန်း(၁၂)ရက် (၂၇-၃-၆၁) နေ့ည ဟောတော်မူသော၊ ဆရာတော်ဘုရား၏ ဟောစဉ်နှင့်တထပ်တည်းကျရောက်သည့်အတွက် သဘိသံဝေဂတရားများ ရကြပြီး....

> " သွက္ခာတော ဘဂဝတာဓမ္မော
> သန္ဒိဋ္ဌိကော အကာလိကော
> ဧဟိပဿိကော ဩပနေယျိကော
> ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟီတိ "

" မြတ်စွာဘုရားသခင် ဟောတော်မူအပ်သော၊ သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်, တည်းဟူသော၊ မဂ်လေးပါးကို အချိန်မရွေးရနိုင်သည် (အကာလိကော)၊ မယုံကြည်လျှင်၊ လာပါ,ရှုပါ, ကျင့်ကြံအားထုတ်ပါ, (ဧဟိပဿိကော)၊ကိုယ်တိုင်တွေ့မြင်သိရှိရမည်(သန္ဒိဋ္ဌိကော)" ဟူသောတရားတော်၏ ဂုဏ်တော်များနှင့်အညီ....

မင်္ဂလာ ဖိုလ် နိဗ္ဗာန်, သုံးတန်သောချမ်းသာကို၊ လျှင်မြန်စွာ ခံစားနိုင်ကြစေရန်၊ သို့လော သို့လော၊ တွေးတောကြံဆ၊ ယုံမှား သံသယဖြင့်၊ ဓမ္မအဆွေတော်များ၏၊ ထို့တခဏမျှသော အချိန်ကလေးကို၊ လက်လွှတ်မခံကြဘဲ၊ ဘတ်ရှူပြီးစီးခဲ့သောအနန္တဂုဏ်ဝင်၊ ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရား၏ ဟောစဉ်နှင့် ကျင့်စဉ်များအတိုင်း၊ မဆိုင်းမတွ၊ ပြင်းထန်သော (ဇွဲ)ဝိရိယတို့ဖြင့်၊ ဝိပဿနာအလုပ်ကို၊ အားထုပ်ကြပါရန်၊ ကျွန်တော်၏ ဟဒယအသဲနှစ်လုံးထဲမှ၊ လှိုက်လှိုက်လှဲလှဲတိုက်တွန်းခြင်း၊ မနသိကာရဖြင့်၊ ဤဝိပဿနာတရားမှတ်စုကို၊ ကမ္ပတ်ဖုံးကာ၊ အဆုံးသတ်လိုက်ရပါသတည်း....။ ။

မောင်အေးမောင်

ရဲကြပ်ကြီး၊

ခရိုင်စုံထောက်(သတင်း)ဌာန၊

ခရိုင်ရဲဝန်ရုံး၊ မန္တလေးမြို့။

# အမှားအမှန် ပြင်ဆင်ချက်။

| အမှား | အမှန် | စာမျက်နှာ | ကြောင်းရေ |
|---|---|---|---|
| ဆုံးမြွတ်ချက် | ဆုံးဖြတ်ချက် | ၂ | ၁၀ |
| လယ်တွင်းထဲမှာ | လယ်ကွင်းထဲမှာ | ၃ | ၇ |
| မဒေပါက်ဘူဆိုပါ | မပေါက်ဘူးဆိုဒါ | ၄ | ၁ |
| " ဒုက္ခသမုဓရော ဓေါ " | " ဒုက္ခသမုဒယော: ဓေါ " | ၅ | ၁၇ |
| ရှာကြေ့ရအောင် | ရှာကြရအောင် | ၇ | ၁၅ |
| ဝိပရိနာမလက္ခဏာ | ဝိပရိဏာမလက္ခဏာ | ၉ | ၂၁ |
| အစေတက ကဿဖ | အစေလက ကဿဖ | ၁၁ | ၂-၁၃-၁၆ ၁၉ |
| ပာဿသဒိဋ္ဌိ | သဿတဒိဋ္ဌိ | ၁၂ | ၁၇ |
| လင်းတ | ဋ္ဌင်းတ | ၁၆ | ၂၁ |
| ဝိညာဉ် သဋ္ဌာယတန | ဝိညာဉ်နာမ်ရုပ် သဋ္ဌာယတန | ၁၇ | ၁၁ |
| အဿဒ္ဒိုမြင်း | အဿမုဝ်ရှိမြင်း | ၁၉ | ၆ |
| အရေးမရေးကြီးရင် | အရေးမကြီးရင် | ၂၁ | ၁၁ |
| (၄) ဝဋ်ကို မသာ ယာယာပါ | (၄) ဝဋ်ကို မသာ ယာပါ | ၂၄ | ၉ |
| အနဉ္ဇာဘိသင်္ခါရ | အာနဉ္ဇာဘိသင်္ခါရ | ၂၈ | ၂၃ |
| ပိဋ္ဌနဋ္ဌော | ပိဋ္ဌနဋ္ဌော | ၃၀ | ၁၈ |
| ပြုံးပြုံးတုံးထုံး | ပြုံးတုံးတုံး | ၃၈ | ၁၃ |
| ဝိညာဉ် သဋ္ဌာယတန | ဝိညာဉ်နာမ်ရုပ် သဋ္ဌာယတန | ၄၂ | ၄ |
| ရူပေက္ခန္ဓာ | ရူပက္ခန္ဓာ | ၄၂ | ၁၀ |

| အမှား | အမှန် | စာမျက်နှာ | ကြောင်းရေ |
| --- | --- | --- | --- |
| လိုက်ဆိုခြင်တယ် | ဆိုလိုက်ခြင်တယ် | ၆၃ | ၂၂ |
| ဆရာဘုန်းကြီး မှာ | ဆရာဘုန်းကြီး မှာ | | |
| ဘဲ နာမည်လဲပျက် | လဲ နာမည်ပျက် | ၇၁ | ၁၃ |
| မှတ်မိရအောင်သါ | မှတ်မိအောင်သာ | ၇၅ | ၁၄ |
| မကျဘူးလား | မကျရဘူးလား | ၈၄ | ၂၂ |
| အပါယ်ကင်တဲ့ | အပါယ် ကယ်တင် | | |
| နည်းကို | တဲ့နည်းကို | ၈၆ | ၂၀ |
| သ်တာကအဝိဇ္ဇာ | သိတာကဝိဇ္ဇာ | ၁၃၆ | ၂ |
| ဝိဇ္ဇာမရှိ | အဝိဇ္ဇာမရှိ | | |
| လမာဓိ | သမာဓိ | ၁၅၀ | ၁၁ |
| ဒီပုဂ္ဂိုလ်တွေ | ဒီလိုပုဂ္ဂိုလ်တွေ | ၁၅၂ | ၁၅ |
| ကိလိဿ ပိဋ္ဌ | ကိလိဿ ပိဋ္ဌ | ၁၅၃ | ၁၀-၁၁ |
| နာထော | နဋ္ဌော | | |
| ခန္ဓာပေါ ၌ | ခန္ဓာပေါ်၌ | ၁၉၁ | ၁ |
| သမုဒယသဒ္ဓါ | သမုဒယသစ္စာ | ၁၉၅ | ၈-၉ |
| ခန္ဓာ၏ကိုယ် | ခန္ဓာကိုယ်၏ | ၁၈၉ | ၁၀ |
| အရိယာပုဒ် | ဣရိယာပုဒ် | ၁၈၉ | ၁၅-၁၆-၁၉ |
| တိုင်နိုင်တောင် | ထိုင်နိုင်အောင် | ၁၉၀ | ၅ |
| ဘယ်နှစ်ရက်က | ဘယ်ရက်က | ၁၉၂ | ၁၂ |
| အရင်ကြားဘူး | အရင်ကကြားဘူး | ၁၉၆ | ၁၁ |